
www.burmeseclassic.com

# မယ်နိုင်

# ခရီးသည်



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ စက်တင်ဘာလ၊ ၂၀၁၄၊

ထုတ်ဝေသူ - ဦးအေးလွင်(ဝ၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖြန့်ချေး - ၁၄၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃
မယ်နိုင်
ခရီးသည်/ မယ်နိုင်။ - ရန်ကုန်
ရွှေဥစာပေ၊ ၂၀၁၄။
၂၂၄ - စာ၊ ၁၂.၃ x ၁၈ စင်တီ။
(၁) ခရီးသည်

# မယ်နိုင်

# ခရီးသည်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com





မိုးသားတွေ မည်းမှောင်လာတယ်
မကြာခင် တိမ်ငိုတော့မယ်
သည်အသံကို မင်းကြားနိုင်တယ်
မြေကြီးတွေ ကွဲအက်လာတယ်
ဝန်းကျင်တစ်ခုလုံး အကျည်းတန်တော့မယ်
သည်အသံကို မင်းကြားနိုင်တယ်
လေငြိမ်ကို ဆန်ပြီး လေနီတွေမြှင့်လာတယ်
ငှက်ကလေးတွေ စိတ်ဆိုးတော့မယ်
သည်အသံကို မင်းကြားနိုင်တယ်
ပြာပုမှိုးတွေ ပြုတ်ကျလာတယ်
လောကအလှလောင်မြိုက်တော့မယ်
သည်အသံကို မင်းကြားနိုင်တယ်
နီးကပ်လွန်းတဲ့ ရှိုက်သံကို
မကြားနိုင်တာ ဘာကြောင့်လဲ
ငါတို့
နှလုံးသားချင်း ဝေးသွားကြပြီလား ...



ရွှေဥဒေသာ

www.burmeseclassic.com

www.burmeseclassic.com

တောင်တန်းပြာကြီးများသည် ပင်လယ်လှိုင်းလုံးကြီးများသဖွယ် အနိမ့်အမြင့်မညီ လှုပစွာဖြင့် အပြာရောင်မှိုးသားဘောင်းကင်အောက်၌ သူ့ထက်ငါ အပြိုင် မြောက်မှတောင်သို့ သွယ်တန်းနေကြသည်။ ထို တောင်တန်းကြီးများထဲတွင် အလွန်နက်ရှိုင်းသော လျှိုမြောင်များ၊ ချောက်ကမ်းပါးများ၊ စိမ့်စမ်းများ တသွင်သွင်စီးဆင်းနေသော ချောင်းငယ်များ၊ အဖိုးတန် ကျွန်းသစ်များ၊ ရှားပါးသစ်ခွများ၊ သားရဲတိရစ္ဆာန်မျိုးစုံ တို့က သဘာဝကျကျ ကျင်လည်ကျက်စားကြကုန်သည်။

ဒါ့အပြင် မြေအောက်၌ တွင်းထွက်သယံဇာတများလည်း ပေါများသည်။ ရှေးယခင်ကတည်းက ဒေသခံများ တင်နိုင်တစ်ပိုင် တူးဖော် ရှာဖွေခဲ့ကြသည်။ သို့သော် ယခုလို တိုးတက်သောခေတ်ကြီးတွင် မူလ ဒေသခံများက နေရာဖယ်ပေးရပြီး ငွေရှင်ကြေးရှင်များကသာ ကြီးစိုး သွားကြပြန်သည်။ ဒေသခံ ဆင်းရဲသားများ၏အလုပ်သည် နေ့စားလုပ်သား အလုပ်သမားများသာဖြစ်ကြသည်။

ယခင်က လူသွားသာရုံ လှည်းဘီးရာမျှသာရှိသော လမ်းသည် ယခုဆိုလျှင် ဆက်ဖိုးဆိုသော စက်စွမ်းအားကြောင့် ပါဂျယ်ရိုးကားပင် ဖြောင့်ဖြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူမောင်းနှင်နိုင်ပြီဖြစ်သည်။ သို့သော် မိုးအခါ တောင်ကျချောင်းရေ ကြီးစိုးလာချိန်မှာတော့ ဒေသခံများက မင်းမှုကြပြန်သည်။

ရေအိုင်ကြီးဖြစ်သောကြောင့် မိုးအခါတွင် လမ်း၌ ရေခမ်းတယ် ဟူ၍မရှိ။ ထိုအခါ ဆင်များ၊ နွားလှည်းများနှင့် လှေငယ်များသာ ထိုလမ်းကို ကြီးစိုးတော့၏။

နာရဏီသည် လှေငယ်လေးပေါ်တွင် အခန့်သားလိုက်ပါလာသည်။ လှေငယ်အတွင်း၌ နာရဏီရောအပါ စုစုပေါင်း ရှစ်ယောက်ဖြစ်သည်။

အမျိုးသမီးသုံးယောက်၊ အမျိုးသားငါးယောက်ဖြစ်၏။ လှေသမားသည် လေလေးချွန်ကာ လှေငယ်ကို အေးဆေးသက်တောင့်သက်သာ လှော်ခတ်နေသည်။

"ဝေါ ... ဝေါ"

ခပ်လှမ်းလှမ်းမှ လေပြင်းတိုက်သံ ကြားရသည်။

နာရဏီအပါအဝင် လှေပေါ်ရှိ လူအားလုံး သိလိုက်ရတာက မကြာခင် မိုးရွာလေတော့မည်။ မနက်က ပြင်းစပ်စပ်ပူနေသောနေကို မသက်သာ၍ မိုးကာအကျီနှင့် ခမောက်ယူလာသည်။ နာရဏီအတွက်တော့ စိတ်ပူစရာမလိုပေ။

"မြန်မြန်လှော်ပါဗျို့ ... လေရောမိုးရောချတော့မယ်"

ခရီးသည်အချို့က အော်နေသော်လည်း လှေထိုးသားသည် ခပ်အေးအေးသာ လေချွန်နေသည်။

ကြည်လင်နေသောမိုးသားပြင်သည် ရုတ်တရက်မည်းမှောင်သွား





၏။ စနေထောင့်မှ တိမ်စိုင်ကြီးများက အလိပ်လိုက်တက်လာသည်။ နေမင်းသည် ထိုတိမ်မည်းကြီးများကြား ပျောက်လိုက်ပေါ်လိုက်နှင့် ပြေးလွှားနေရှာသည်။ သူ့ခမျာ အလင်းပေးချင်ရှာမပေ့။ သို့သော် အင်အားကြီးသော မိုးနတ်မင်းသည် အပေါင်းအသင်းရောင်းရင်းကြီးကို ရှေ့ပြေးတမန်အဖြစ် လွှတ်လိုက်ပြန်သည်။

"ဝေါ ... ဝေါ"

အသံသည် နီးတာထက်နီးလာပြီဖြစ်သည်။

ကျွန်းပင်အိုကြီးများကြား တိုးဝှေ့နေသော လေကြမ်းကြီးဖြစ်၏။ ထိုလေကြမ်းကြီးကြောင့် သစ်ရွက်အိုများသည် အစီအစဉ်မကျ လွင့်ပါးနေကုန်သည်။ မကြာခင် မိုးသည်းထန်စွာရွာလေတော့မည်။ မိုးအကုန်ဆောင်းအကူး သီတင်းကျွတ်ရာသီမို့ မိုးစက်အမှုန်ဇာများများသည် ခပ်ကြမ်းကြမ်း နှုတ်ဆက်တော့မည်ထင်ပါရဲ့။ လေတိုက်နှုန်းကများလာသည်။ လေအရှိန်ကြောင့် ရေပြင်တွင် လှိုင်းကြက်ခွပ်များဖန်လာသည်။ လှေငယ်သည် လိုရာခရီးကိုမရောက်နိုင်အောင် လှေဦးက ဝေ့ဝဲလာသည်။ နာရဏီဖြာသွား၏။ သို့သော် လှေသမားကိုလှမ်းကြည့်တော့ ခပ်အေးအေးပင် ပုံမှန်လှော်ခတ်နေသည်။ လှေသမားအဖို့ ထိုအတွေ့အကြုံမျိုးက ရိုးနေပြီထင်ပါရဲ့။

"လှေဆရာ ... မြန်မြန်လှော်ပါ"

စိတ်မရှည်သော အ မျိုးသားတစ်ဦးက ထပ်မံ၍ နှိုးဆော်ပြန်သည်။ စိတ်မရှည်၍ လက်အားစိုက်ရအောင်ဆိုလည်း မဟုတ်တတ်ပြန်ပါ။ ရေထဲ၌ နှစ်ချို့ မျှောကြီးများက လှေသွားရာလမ်းကြောင်းတစ်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သတကြီး ပြေးလိုက်နေကြကုန်သည်။

နာရဏတို့အုပ်စု ထိုလှေကိုငှားရခြင်းမှာ ရေထဲမဆင်းရဲ၍မဟုတ် ငမျှားအန္တရာယ်ကြောင့်သာဖြစ်သည်။

ရေက နစ်လှသည်တော့မဟုတ်ပါ။ အလွန်ဆုံးရှိ ပခုံးလောက် ပေါ့။ တစ်ဖောင်ကျော်သွားတော့လည်း အရေးလား။ ခွေးဖော့လေးပင် ပလုံ ပလုံဖော့သွားဦးတော့ တစ်ဖက်ကမ်းသို့ရောက်သွားပေလိမ့်မည်။ ရေအိုင်ကလည်း ကျယ်လှတယ်မဟုတ်။ လေးဖာလုံမျှသာရှိသည်။ ဖြောင့်ဖြူးသောရေပြင်မို့ တစ်ဖက်ကမ်းနှင့် တစ်ဖက်ကမ်း လှမ်းမြင်နေရ၏။

ရေစပ်ဆုံးပါက နောက်ထပ်တစ်မိုင်ခန့် လမ်းလျှောက်လျှင် ညောင်ပင်ကဆိုသော ခေတ္တနားနေစခန်းသို့ ရောက်ပေလိမ့်မည်။ ထိုနေရာတွင် နားနေဆောင်များရှိသဖြင့် မိုးလုံလေလုံပြီး နားခို၍ရနိုင်သည်။ ထမင်းဆိုင်များလည်းရှိ၍ စားရေးသောက်ရေးလည်း အဆင်ပြေမည်။ သို့သော် ထိုလေအဟုန်နဲ့ ညောင်ပင်ကမှ ရောက်နိုင်ပါဦးမလား။

"ဝေါ ... ဝေါ"

လေသံကြီးသည် နီးသည်ထက် ပိုနီးလာသည်။ မိုးတော်တော်ကြီးမည့်ပုံပေါ်သည်။ ကောင်းကင်တစ်ပြင်လုံး မည်းမှောင်နေ၏။ ခပ်လှမ်းလှမ်းမှ လေသံရော၊ မိုးသံပါ ကြားနေရ။ သို့သော် ဤအိုက်အတွင်းနဲ့ လေသည် အထူးငြိမ်ချက်သားကောင်းနေသည်။

"ဝေါ ..."

မိုးရောလေပါ ရုတ်တရက်ရောက်ရှိလာခဲ့သည်။



ရေဝပ်နေသော ကိုင်းပင်များပင် အဖျားညွတ်သွားကြသည်။

"ဒီလှေသမား မြန်မြန်လှော်ပေးလို့ ဘာဖြစ်မှာမို့လဲ။ ခုတော့ တစ်ကိုယ်လုံးရွဲပြီ။ နေကလည်း မနက်ကတော့ တပ်နေကုန်ပဲ ပူတော့မှာလိုနဲ့"

ခပ်ဝဝ အမျိုးသမီးသည် အလိုမကျစွာနှင့် ဗျစ်တောက်ဗျစ်တောက်လုပ်နေသည်။

"ဝေါ ... ဝေါ"

"အမယ်လေး ကယ်ကြပါဦး"

လေသည် ခပ်ပြင်းပြင်းဝှေ့လိုက်သောအခါ လှေဦးသည် ဦးတည်ချက်လွဲသွားပြီး သစ်ကိုင်ကို ဝင်ဆောင့်၏။ လှေမှောက်သွား၍တော့ မဖြစ်ပါ။ သွေးဝတ်နေသော မျှော့များ တစ်ကိုယ်လုံး အုံခဲသွားပေလိမ့်မည်။

"အမယ်လေး ကယ်ကြပါဦး"

လှေသည် လူးလွန့်၍လာသည်။ လှေသမားသည် ဝါးလုံးဖြင့် ထောက်၍ ထောင့်ထားရသည်။ နာရဏ မနေသာတော့ပေ။ ငွေပေးစီးသူက စီးတာပဲဖြစ်သည်။ အရေးကြုံတော့ ကူညီရပေလိမ့်မည်။

ထိုလှေထိုးသားထံမှ လှော်တက်ကိုဆွဲယူကာ ဖြစ်ချင်ရာဖြစ် လှော်ခတ်လိုက်သည်။

"မြန်မြန်လုပ်ပါ ကောင်လေး။ အားရှိအားကုန်လှော်ပစ်လိုက်စမ်း

အသက်လေးဆယ်ကျော်ခန့် အမျိုးသမီးကြီးက ထပ်မံ အားပေး

www.burmeseclassic.com

www.burmeseclassic.com



လာပြန်သည်။ နာရဏီသည် အားထည့်ကာလှော်သည်။ ကမ်းသို့ရောက်လုရောက်ခင်အချိန်တွင် လေသည် ငြိမ်ကျသွားပြန်သည်။ သို့သော် မိုးကတော့ တဝေါဝေါချတော့၏။

ရေပါသောမိုးမို့ လှေဝမ်းထဲ ရေဝင်လာသည်။ ထို့ကြောင့် လှေစီးနေသော အမျိုးသားတစ်ဦးက ခမောက်ချွတ်ကာ ကော်ပက်ပြန်သည်။

"ရောက်တော့မယ်။ မြန်မြန်လှော်ပါဟဲ့ ..."

"မြန်မြန်လုပ်ပါ"

"မြန်မြန်လှော်ပါ"

မိန်းမသံများ ဆူညံသွားသည်။ နာရဏီသည် အားစိုက်ကာလှော်ပြန်သည်။ ရာသီဥတုကလည်း မျက်လှည့်ပြသလို၊ ကျီစယ်နေသလိုပင် ကမ်းပေါ် လှေဦးထိုးလိုက်သောအခါ မိုးစဲသွားသည်။

သို့သော် တစ်ကိုယ်လုံးရွှဲစိုနေကြပြီမို့ လှေသမား၏ တဲအိမ်ထဲ ခဏဝင်ကာ နားခိုသည်။

လှေသမားကို သိပ်မကျေနပ်လှသော်လည်း တစ်ယောက် ငါးရာပေးရပြန်သည်။

"ဖိုးသားရယ် မင်းသာ အစကတည်းကလှော်ခဲ့ရင် ငါတို့ ခုလိုရေစိုမှာမဟုတ်ဘူး"

အမျိုးသမီးများက လှေသမွန်ခမပေးချင်ပုံမျိုးနှင့် ရွဲ့စောင်းပြောသည်။ သို့သော် သဘောကောင်းသော လှေသမားသည် ရေနွေးကြမ်းနှင့် ထန်းလျက်ခဲဖြင့် ဧည့်ခံလိုက်သောအခါ အချမ်းပြေပြီး ကျေနပ်ရ





ပြန်သည်။

လှေသမားသည် လေတောချွန်တတ်ပေမယ့် စကားတော့ နည်းပုံရသည်။ မိုးရေထဲမှာပင် လှေငယ်ကို သစ်ငုတ်တိုတွင်ချည်နေသည်။ ထိုင်ပါ၊ နားပါဟု တစ်ခွန်းမဆိုပေ။

"ကဲ ... ကဲ ... မိုးစဲတုန်း ခရီးဆက်ကြရအောင်"

ကိုယ့်အထုပ် ကိုယ်ပိုးပြီး တဲအိမ်ထဲမှ ထွက်လာကြပြန်သည်။ လှေသမားကလည်း ဂရုမစိုက်တော့သလို နာရဏီတို့အဖွဲ့လည်း လှေသမားကို နှုတ်မဆက်ကြပေ။

ဒါက ရိုင်းလှယ်ဟု မဟုတ်ပေ၊ ထိုဒေသက ထိုအတိုင်းဖြစ်၏။ ဟန်ဆောင်ရယ်၊ ဟန်ဆောင်ပြုံး၊ ဟန်ဆောင်ပြောများ မရှိကြ။ စေတနာရှိ၍ ထန်းလျက်၊ ရေနွေးချပေးသည်။ စားပါဟု တစ်လုံးမပြောချေ။ ယုံကြည်၍စားသောက်ကြသည်။ ကျေးဇူးတင်ပါတယ်ဟု တစ်လုံးမဆို။ ထိုအချင်းအရာများသည် ဂဒူးကဏန်းလက်ကျန်များသာဖြစ်ကြကုန်၏။

ကုန်းမြေကိုဖြတ်လိုက် ရေအိုင်အငယ်လေးများကိုဖြတ်လိုက်နှင့် ကုန်းထိပ်မှ ညောင်ပင်ကဆိုသော ရပ်နားစခန်းလေးကို လှမ်းမြင်နေရပြန်သည်။ သို့သော် ကုန်းဆင်းရှိ ပေလေးဆယ်ခန့် ရေအိုက်ကိုဖြတ်ဖို့တော့ ရင်လေးရသည်။

"ကဲ ... မျှော့ကြောက်တဲ့လူ ရှေ့ဆုံးကဖြတ်ပါ"

အမျိုးသမီးများသာဖြစ်၏။ လုံချည်ကိုစလွယ်သိုင်းကာ သုတ်ချေတင်အောင်ပြေးကြတော့သည်။ သို့သော် နွံမြေဖြစ်သောကြောင့် အလဲလဲ အကွဲကွဲနှင့် မျှော့များပင် ခေါင်းမူးသွားပြီထင်ပါရဲ့၊ ထို အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်လုံးကို မတွယ်ကြတော့ပေ။ လမ်းပေါ်ရောက်သည်နှင့် တစ်ပြိုင်နက် သူ့ခြေသလုံးကို ငုံ့ကြည့်သည်။ ခြေမျက်စိတွင် မျှော့တစ်ကောင်ကပ်နေသည်။ လက်နှင့်ဆွဲဖြုတ်သည်။ မရပေ။ ထို့ကြောင့် လက်ထဲ တံတွေးကို ဖိန်ခနဲထွေးထည့်ပြီး မျှော့အပေါ် ထိုတံတွေးနှင့် ရိုက်ကာ ဖတ်ခနဲခွာလိုက်ရ၏။

သူ့ခြေမျက်စိ သွေးစို့သွားသည်။ သို့သော် နာကျင်မှုတော့ အလျဉ်းမရှိ။ ယားလိုလိုတော့ခံစားရသည်။ မျှော့နာမဟုတ်ဘဲ မျှော့ယား တွယ်ခဲ့သည်ထင်ပါရဲ့။

"ကဲ ... ကဲ ... နားကြဦး ... နားကြဦး"

ငါးဆိုင်ခန့်ရှိသော ဆိုင်တန်းလေးမှာ သူတို့ဝင်သွားသည်နှင့် တစ်ပြိုင်နက် လှုပ်ရှလှုပ်ရှဖြစ်လာသည်။ သူတို့တစ်ဖွဲ့လုံးသည် အလယ်ဆိုင်တွင် နားကြသည်။

"ဘာဟင်းတွေရှိလဲ"

"အိုးသာဖွင့်ကြည့်လိုက်တော့"

ဖော်ရွေသော ဆက်ဆံရေးဖြစ်သည်။ သို့သော် ထိုဆက်ဆံရေးကို နာရဏီတို့အဖွဲ့လည်း ခံစားမနေဘဲ အိုးကိုဖွင့်ကြည့်ကြပြန်သည်။ ကောင်းလိုက်တဲ့ဟင်း။ ငါးဘတ်ကို ကျွဲကောသီးနှင့် ဆီမပါ၊ အရောင်မပါချက်ထားသည်။ ကျွဲကောသီးအနံ့ကိုသင်း၍ဖြစ်သည်။ နောက်ဟင်းတစ်ခွက် မျှစ်ကို အလုံးလိုက်ပင် ဆန်လှော်ခတ်ပြီး ပင်စိမ်းနှင့် ဟင်းရည်ချက်သည်။ ပြီးနောက် ဂုံမင်းအုသုပ်၊ ငှက်ပျောဖူးထောင်း။ အနံ့ရရုံနှင့် ဗိုက်ဆာလာသည်။

●——မျှော်သော——●



"စုစုပေါင်း ခုနစ်ပွဲပြင်ဟော့"

အမျိုးသမီးကြီးကပြောပြန်သည်။ ဆိုင်ရှင်အမျိုးသမီးကလည်း ခပ်သွက်သွက်ပင် ဒန်ပန်းကန်ပြားထဲ ချင်းသုံးဆန်ထမင်းကို ဖရိုဖရဲပြင်ပေးသည်။

"အိပ်စရာနေရာရောရှိရဲ့လား"

"မကျေနပ်ရင် ရုံပိတ်သွင်းလို့တောင်ရသေးတယ်"

နေရာအကျယ်ကြီးရှိကြောင်းကို ကြွားဝါပြောလိုက်သည်။

"ဘယ်သွားကြမှာလဲ"

"ဆယင်ဖင်းကို"

"ဩော် ... ဒါဆိုရင်တော့ ဒီမှာ လူနှစ်ယောက်တောင်တင်နေတာ၊ တောလမ်းမို့ မသွားဝံ့ဘူးလုပ်နေတယ်။ လူကြုံခေါ်သွားပေးပါလား"

"မဖြစ်ဘူး။ ငါတို့အဖွဲ့က ခုနစ်ယောက်။ သူတို့နှစ်ယောက်နဲ့ပေါင်းရင် ကိုးယောက်ဖြစ်သွားမယ်။ တောထဲကို ကိုးယောက်လွှတ်တာ ငါတို့ကို ကျားစာများကျွေးနေမရော့သလား"

ထိုဒေသသည် အယူသည်း၏။ လူကိုးယောက် ခရီးမသွားလိုကြပေ။ ကိုးယောက်သွားပါက သွားလမ်းသာရှိပြီး ပြန်လမ်းမရှိဟု ယုံကြည်ကြသည်။ ယုံကြည်လျှင်လည်း ယုံကြည်လောက်ပေသည်။ ဖြစ်ခဲ့ကြတာ ည်းသလား။ ရေနစ်ပြီးသေသူ သေ။ သစ်ပင်လဲပြီး ပိသေသူ သေ။ သရဲခြောက်ခံရပြီး လန့်သေသူသေနှင့် ကိုးဂဏန်းက အဆိုးချည်းများခဲ့ပြီ။

●——မျှော်သော——●

www.burmeseclassic.com



"အို ... မင်းကလည်း ဒီခေတ်မှာ ဒါတွေမရှိတော့ပါဘူး။ မင်းက ဒါကိုယုံတယ်ဆိုလည်း မောင်ကျောက်ခဲကို ထည့်လိုက်ပါ့မယ်"

မောင်ကျောက်ခဲဆိုသည်မှာ ကျောက်ခဲတစ်လုံးဖြစ်သည်။ ကိုးယောက်ဖြစ်နေပါက ကျောက်ခဲတစ်လုံးကို လူအရာသွင်းပြီး မောင်ကျောက်ခဲရေ လိုက်ခဲ့ဟုပြောကာ ခဲတစ်လုံး ကျောပိုးအိတ်ထဲ ထည့်ပိုးသွားရသည်။

"အို ... ငါတော့ မပိုးနိုင်ပါဘူး။ ကောင်လေးတွေ မေးကြည့်ပေါ့။ ပိုးမယ်ဆို ခေါ်သွားပေးမယ်။ ခရီးက ဒီနဲ့ဒီ နီးသလား။ ကြာကြာလျှောက်ရရင် ဖိနပ်တောင် သယ်ချင်တော့တာမဟုတ်ဘူး"

ထိုအမျိုးသမီးသည် ခပ်စွာစွာပြောသောအခါ နားနေတန်းလျားထဲ အိပ်နေသူနှစ်ယောက်သည် မျက်နှာငယ်လေး ဖြစ်သွားကြသည်။ ထိုနှစ်ယောက်သည် ကျန်းမာပုံလည်းမရချေ။ နေမကောင်းပျောက်စပုံနှင့် ငေးမှိုင်နေသည်။

နာရဏီစိတ်ထဲ သနားမိသည်။ နာရဏီသည် ခွန်အားဗလတောင့်၏။ သူ့အတွက် ကျောက်ခဲတစ်လုံးပိုပိုးသွားရလည်း ပြဿနာတော့မရှိပေ။

"လိုက်ချင်ရင်တော့ လိုက်ခဲ့ပေါ့ဗျာ။ ဒါပေမဲ့ အမီလိုက်နိုင်မှ ဖြစ်မယ်နော်"

"ကျေးဇူးတင်ပါတယ်ဗျာ၊ တကယ်ပါ"

ထိုသို့ပြောလိုက်သောအခါ နာရဏီသိလိုက်ပါပြီ။ ထိုလူများသည် ဒေသခံများမဖြစ်နိုင်ပါ။ အောက်ပြည်အောက်ရွာမှလာသော





ဧည့်သည်များသာဖြစ်ပေလိမ့်မည်။

"ကဲ ... ကဲ ... မိုးလည်းသည်းတော့ ဒီညတော့ ဒီမှာပဲ နားမယ်။ မနက်မှ ခရီးဆက်ကြတာပေါ့"

အမျိုးသမီးက ဦးဆောင်သူအသွင်နှင့်ပြောသည်။ ငါးဘတ်ဟင်းကို ပြောင်အောင်စားပြီးသောအခါ ဗိုက်တင်းသွားသည်။

"မပုတို့ စက်လှေမထွက်ဘူးလား"

"စပ်ကူးမတ်ကူးအချိန်ပဲ။ ရေကြောင်းကျပ်ပြီလေ။ ငါ့ယောက်ျားတောင် တောလိုက်ဝင်သွားပြီ"

ထိုအခါမှ ခေါင်းဆောင်သူအမျိုးသမီးနှင့် ဆိုင်ရှင်တို့ သိကျွမ်းကြမှန်း နာရဏီ ရိပ်မိလိုက်သည်။

"ဒီနှစ် မိုးနှောင်းစောတယ်နော်"

"အင်း ... အကြာခင် ဘက်ဖိုးတွေဝင်လာတော့မယ်။ ဒီနှစ်ကားလမ်းပေါက်တာ စောလိမ့်မယ်"

"တောသားလေးဘာလေး မရှိဘူးလား"

"ကျပ်တင်ခြောက်လား"

"အင်း"

"ဂျီသားတော့ရှိတယ်။ သတ်မရတာ ကြာပြီ"

"ငါ့ကို နည်းနည်းရောင်းလိုက်ပါလား"

"မရောင်းချင်ဘူး။ ငါတို့စားစရာပြတ်သွားမယ်။ ငါ့ယောက်ျားတောကောင်ရခဲ့ရင်တော့ ရောင်းပေးမယ်။ သူ ဒီညတော့ ပြန်လာမှာပါ"

နာရဏီသည် ဗိုက်ပြည့်ပြည့်နှင့် လှဲအိပ်လိုက်သည်။ အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



များတော့ မောသော်ငြား စကားဝိုင်းဖွဲ့နေကြသည်။ မိုင်နှစ်ဆယ်ကျော် လမ်းလျှောက်ခဲ့ရသည်မို့ နာရဏီသည် မောပန်းနေသည်။ ဗိုက်တင်းတင်းနှင့် ထမင်းဆိပ်လည်းတက်စပြုလာသည်။ ရေစိုအဝတ်ပင် မလဲဘဲ ကြမ်းပြင်ပေါ် အိပ်ပျော်သွားသည်။ နာရဏီနိုးလာသောအခါ နေသည် နီကျင်ကျင်ပူနေပြန်သည်။

"ဗုဒ္ဓဟူးဆိုတော့ ဒီအတိုင်းဘဲ ဟိုတလောက စနေမိုးစွေလိုက်တာများ ဝတ်စရာမရှိတော့လို့ အိပ်ရာခင်းခြုံနေရတယ်"

ဟာသပြောခြင်းမဟုတ်ပေ။ နရဏီကိုယ်တိုင်ကလည်း ထိုသို့ခြုံခဲ့ရဖူးသည်။ နာရဏီတို့အဖွဲ့ထဲမှ အမျိုးသမီးသုံးဦးသည် သနပ်ခါးအဖွေးသားနှင့် မီးဖိုထဲ အလုပ်ရှုပ်နေသည်။

"ဟော့ ... ဖိုးသား။ အားမွေးထားဟော့။ ရေသွားချိုးလေလန်းသွားတာပေါ့"

ထိုအမျိုးသမီးများနှင့် နာရဏီမသိချေ။ နာရဏီသည် ကချင်ပြည်နယ်၊ ဟိုပင်မြို့ဇာတိဖြစ်၏။ ဟိုပင်မှ အင်းတော်ကြီးဒေသ ဟဲပန်လမ်းခွဲထိ ကားလမ်းကြုံစီးပြီးလာခဲ့သည်။

ဟဲပန်မှ ဘယ်ဇင်းသို့ ကားလမ်းမပေါက်သေးရာ လမ်းလျှောက်ပြီးလာရပေမည်။ သို့သော် ဤသို့တောလမ်းခရီးကို တစ်ဦးတစ်ယောက်တည်း လမ်းလျှောက်သွားဖို့ဆိုတာ မလွယ်ပေ။ တစ်ညအိပ် နှစ်ရက်လျှောက်ရမည့်ခရီးရှည်ကြီးဖြစ်သည်။ လူဆိုး၊ သူခိုးအန္တရာယ်ရှိသည့်ပြင် ဆင်စခန်းမှ ဆင်များ ထကြွသောင်းကျန်းနေသည်ဟုလည်း သတင်းရသည်။ ပြီးနောက် တောခြောက်မှာလည်း စိုးရိမ်ရသည်။



ထို့ကြောင့် လူအုပ်တောင့်မှုဖြစ်ပေလိမ့်မည်။ အကြောင်းကြောင်းကြောင့်ပင် တိုက်ဆိုင်စွာ ထိုအမျိုးသမီးသုံးယောက်နှင့်ချိတ်မိပြီး ဒီမျိုးသားတစ်ယောက် ခုနှစ်ယောက်။ လမိုင်းဇာပ်သဖြင့် တစ်စုတစ်စည်း ခရီးထွက်လာခဲ့ကြသည်။ ခွင်းစီစုမိကာ စုစုပေါင်း ခုနစ်ယောက်။ လမိုင်းဇာပ်သဖြင့် တစ်စုတစ်စည်း ခရီးထွက်လာခဲ့ကြသည်။

အမျိုးသမီးကြီးတွေဆိုသော်ငြားလည်း အထင်သေးဖွယ် မရှိချေ။ ခြေလှမ်းသွက်ပြီး ယောကျ်ားသားများထက်ပင် အပင်ပန်းခံနိုင်လွန်းသည်။ နှုတ်ကြမ်းသော်ငြား သဘောမနောကောင်းပုံရသည်။ မျက်နှာတွင် ကောက်ကျစ်မှု အလျဉ်းမရှိ ဖြူစင်နေသည်။

"ဖိုးသား ... မင်းက တစ်ချိန်လုံး ကုပ်ချောင်းချောင်းနဲ့နေမကောင်းဘူးလား"

ထိုဒေသတွင် လူငယ်ယောကျ်ားလေးများကို ဖိုးသား၊ အဲစောင် အစရှိသဖြင့်ခေါ်ပြီး မိန်းမငယ်လေးများကို အစီမ၊ ဖဲမီးဟု အစရှိသဖြင့် အဖျားဆွတ်ခေါ်ကြသည်။

"ကောင်းပါတယ်"

နာရဏီသည် ခပ်ပြတ်ပြတ်သာဖြေသည်။ ဒီမှန်ဆိုလျှင် နာရဏီသည် ထိုသို့သာ ခပ်အေးအေးနေတတ်သူဖြစ်သည်။ လူတွေနဲ့ သိပ်ရောနှောခြင်းမရှိ။ ရောလာရင်လည်း မကြိုက်ပေ။ စကားပြောပျင်းသည်။

နာရဏီသည် ကျောပိုးအိတ်ကို ထိပ်စမှစုကိုင်ကာ ရေဆိပ်သို့ဆင်းလာခဲ့သည်။ မြင့်သောညောင်ပင်က ချောင်းရေသည် ရေကျသွားပုံပေါ်သည်။ ကမ်းနဖူးပေါ် နွံများ လောလောလတ်လတ်တင်ကျန်နေ၏။

www.burmeseclassic.com



စက်လှေများသည်လည်း စက်မဖြုတ်သေးဘဲ ရှိနေသေးသည်။

ရေကျသွား၍ တင်သည့်ရေသည် နောက်ကျိမနေဘဲ ကြည်လင်စပြုနေပြီဖြစ်သည်။

"အစ်ကိုကို အားကိုးပါတယ်ဗျာ။ ကျွန်တော်တို့ညီအစ်ကိုကို ဘယ်ဇင်းရောက်တဲ့ထိခေါ်သွားပေးပါ"

ရေချိုးရန် ဒန်ခွက်ဖြင့် ရေကိုခပ်လိုက်ချိန်မှာပင် ခပ်ပိန်ပိန်လူနှစ်ယောက်က ပေါ်လာသည်။ ထိုလူများလည်း ရေချိုးမည်ထင်သည်။ အကျီအပေါ်ပိုင်းချွတ်ထားသည်။ ထိုလူနှစ်ယောက် နာရဏီလက်ထဲမှ ဒန်ရေခွက်ကိုကြည့်နေသည်။ ဘာမှမပြောသော်လည်း နာရဏီသဘောပေါက်သွားသည်။ ထို့ကြောင့်ပင် ရေခွက်ကို သစ်ငုတ်တိုပေါ်တင်ပြီး ပလုံခနဲမြည်အောင် ရေထဲသို့ ဒိုင်ဗင်ထိုးချလိုက်သည်။

သန့်မြန့်စရာမလို ပန်းဆန်းရုံချိုးသည့်ရေမို့ ရှားပါးသောဆပ်ပြာကို ရှာမနေတော့ဘဲ ရေထဲမှတက်လာလာချင်း အကျီဝတ်သည်။ မဝတ်လို့လည်းမရပေ။ ဖြုတ်အန္တရာယ်ကြောက်ရသည်။ ဖြုတ်များသည် သရဲများနှင့်တူသည်။ အကောင်မမြင်ရဘဲ နာသည့်ဝေဒနာသာ ခံစားရသည်။ တောကြီးဖြုတ်မို့ အဆိပ်ပြင်းသည်။ အကိုက်ခံရပါက သွေးဆိုးလျှင် ကိုယ်ပေါ် အပိန့်ကြီးဖြစ်နေပြီး အနာပင်ဖြစ်တတ်သေးသည်။

"ရေတိမ်လား အစ်ကို"

"ဆင်းကြည့်လိုက်လေ"

ဘယ်လောက်နက်တယ်ဆိုတာ သေသေချာချာမသိသောကြောင့် ပြောလိုက်ခြင်းဖြစ်သည်။ သို့သော် လူနှစ်ယောက်အနက် နားကပ်တစ်





ခန့်ထားသူသည် မျက်နှာရှုံ့သွားသည်။ မတတ်နိုင်ပေ။ နာရဏီသည် ထိုသို့သာပြောတတ်သည်။

"အစ်ကိုက ဘယ်သွားမှာလဲ"

"ဘယ်ဇင်း"

"ဘယ်ဇင်းရွာတင်လား"

"မဟုတ်ဘူး မော်ထဲ အလုပ်လုပ်သွားဦးမှာ"

"ဪ ... ဟုတ်လား။ ကျွန်တော်တို့လည်း ရွှေတွင်းကိုသွားမှာ"

ထိုလူက စကားပြောနေဆဲဖြစ်သော်လည်း မသိဖူးသူမို့ နာရဏီသည် စကားဆက်ပြောစရာအကြောင်း မရှိတော့ချေ။ ထို့ကြောင့်ပင် အကျီဝတ်အပြီးတွင် အိတ်ကိုဆွဲပြီး တက်လာခဲ့သည်။

"ဖိုးသား ... လာစားဟေ့"

ထမင်းစားနေသော အမျိုးသမီးသုံးဦးက သူ့ကိုမြင်မြင်ချင်းခေါ်သည်။ စေတနာရှိသောထမင်းမို့ ဟန်လုပ်ငြင်းရကောင်းမှန်းမသိသော နာရဏီသည် လက်မဆေးဘဲ ဝင်ဆွဲတော့သည်။

"ဟိုလူသုံးယောက်ရော"

"သူတို့က အရက်သောက်မယ်တဲ့။ ဟိုဘက်ဆိုင်မှာ သောက်ချင်ချင်တော့ အဲဒီကိုသွား"

"ကျွန်တော် မသောက်တော့ဘူး"

"ကောင်းတယ်၊ မသောက်တော့ အသက်ရှည်တာပေါ့။ အရက်သမားဆို ငါ့ယောက်ျားတစ်ယောက်နဲ့တင် စိတ်နာလှပြီ။ နေစမ်းပါဦး။ မင်းက ဘယ်ဇင်းဘာသွားလုပ်မှာလဲ"

www.burmeseclassic.com



"မျှောသွားလုပ်မလို့။ လုပ်သားမဟုတ်ရင်တောင် ခေါက်စားတော့ ထမ်းရမှာပဲ"

"ဟေ ... သင့်လိုက်တာ။ ငါတို့ကလည်း မျှော်မှီးလေးရတယ် ဆိုလို့ စားဖို့မသွားလုပ်မလို့"

"ဩော် ... ပေါ်လိုက်တွေပြီးပြီလား"

"အရင်လုပ်တဲ့ ပေါ်လိုက်ဆီပဲ။ ရွှေအောင်လို့ သူဌေးဖြစ်နေပြီလေ။ ဘက်ဖိုးတောင်ဝယ်ထားပြီဆိုပဲ။ လုပ်သားတွေလိုမှာပဲ။ မင်းသွားစရာမရှိရင် လိုက်ခဲ့လေ"

နာရဏီပျော်သွားသည်။ မဟုတ်တောင်မှ ဟိုရောက်ရင် ဘယ်က ဘယ်လိုစပြီး အလုပ်ရှာရမလဲဆိုတာ ခေါင်းခဲနေသည်။ သူငယ်ချင်းဝင်းဇော်က အဆင်ပြေနေတယ်ဟုပြောသံကြားသော်လည်း ဘယ်နားရှာလို့ ရှာရမှန်းမသိပေ။

ရွာမှဈေးရောင်းလာသူများကိုပဲ မေးမြန်းစုံစမ်းရမှာပဲဟု တွေးမိထားသည်။ ယခုလို အလုပ်ရလိမ့်မည် မတွေးခဲ့။ သို့သော် လုပ်အားစိုက်ရမည့်လူမို့ လုပ်ခကိုသိချင်သည်။ အိမ်မှထွက်လာသော အဓိက အကြောင်းအရင်းကလည်း ငွေရဖို့ပဲမဟုတ်လား။

"ဒါနဲ့ ... မင်းလုပ်နိုင်ရဲ့လား။ လုပ်နိုင်မယ့်ပုံတော့ပေါက်ပါတယ်"

"ဟာဗျာ ... အထင်အမြင်သေးလှပါလား။ ကျွန်တော်က လုပ်ခကိုပဲစိတ်ဝင်စားတာဗျ။ ဘယ်လောက်ပေးလဲ။ ငွေပေးရော မှန်ရဲ့လား။ အချို့ မျှောပိုင်တွေက ရွှေမကျရင် မသိချင်ယောင်ဆောင်ကြတာ





ဆိုဗျ"

"ငါတို့ပေါ်လိုက်က စိတ်ထားမှန်ပါတယ်။ ရွှေမကျဘောင် ရှိတာပေါင်နှံရောင်းချပြီးပေမယ့်လူမျိုးပါ။ ဆီကြွေး၊ ဆီကြွေးသာမဆပ်ဘဲ နေလိုနေမယ် လုပ်အားခတော့ ပေးတယ်"

"ကြိုက်တယ်။ ဒီလိုလူမျိုးဆိုလို့တော့ ချေးထွက်သွားပါစေ လုပ်တယ်ဗျာ။ ဘယ်လောက်ပေးလဲ"

"နေ့စား နှစ်ထောင်ပေးတယ်"

"အစုစားရော"

"အစုစားက အစုစားလိုရမှာပေါ့ကွ"

"လိုက်မယ်ဗျာ"

လုပ်ငန်းသဘောသည် ထမင်းတစ်ဝိုင်းမှ ၂ပင်ပြီးဆုံးသွားသည်။

"ဟော့ ... ဖိုးသား။ တို့စားချင်ရင် ဝိုင်းစားနော်။ ဟင်းက ဒါနောက်ဆုံးပဲ။ နောက်ကျတဲ့လူတော့ ပိန်းအချည်ရည်နဲ့ ငါးပိထောင်းပဲကျန်မယ်။ ခြံနောက်က ကြက်မကြီးလည်း ဥသေးတာမဟုတ်ဘူး။

ဆိုင်ရှင်အဒေါ်ကြီးကခေါ်သည်တွင် ရေဆိပ်မှတက်လာသူ လူပိန်နှစ်ယောက်သည် လှုပ်လီလှုပ်လဲ့လျှောက်လာပြန်သည်။ ပြီးနောက် အိပ်ကပ်ထဲမှ ထောင်တန်အကြီးငါးရွက် ထုတ်ပေးသည်။

"ကျွန်တော်တို့ကို ကြက်သားစွပ်ပြုတ်လုပ်ပေးပါ"

"အေး ... ရပါတယ်"

ပြောပြောဆိုဆိုပင် ဆိုင်ရှင်အဒေါ်ကြီးသည် ဆိုင်တဲလေး နောက်ဘက်သို့ဝင်သွားပြီး ထင်းချောင်းတစ်ချောင်းဆွဲကာ ကြက်ဖါလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ကို ပစ်ထည့်လိုက်သည်။ ကြက်ဖလေးခမျာ အွတ်ခနဲ အသက်ထွက်သွားတော့၏။

"တွေ့ ... တွတ် ... တွေ့ ... တွတ်"

မဥတတ်သော ကြက်မကြီးသည် ကြောက်အားလန့်အားအော်ကာ ထုပ်တန်းပေးခုန်တက်သွားသည်။ နာရဏီပြုံးလိုက်၏။ မျက်နှာရှုံ့မဲ့နေသော ထိုနှစ်ယောက်ကို နာရဏီကြည့်သည်။

"ဒီလောက် လတ်ဆတ်တဲ့အသားမျိုး မြို့မှာရနိုင်မှာမဟုတ်ဘူး"

နာရဏီ့စကားကြောင့် နားတစ်ဖက်ဖောက်ထားသော လူပိန်သည် ပြုံးလာသည်။ ထိုတခဏ၌ နာရဏီနှင့် ထိုနှစ်ယောက် ရင်းနှီးသွားသလို ခံစားရသည်။

"ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ"

"နာရဏီ"

"နာမည်က တစ်မျိုးပဲနော်။ တိုင်းရင်းသားထင်တယ်"

"ဒါက ကချင်ပြည်နယ်လေ။ တိုင်းရင်း၊ မရင်းတော့ ငါမသိဘူး။ ငါတို့ဘက်တော့ ဒီလိုနေကြတာပဲ။ ငါ့အမေက ရှမ်းနီ၊ ငါ့အဖေက ကဒူးကဏန်း။ အဲတော့ ငါလည်း ရှမ်းကဒူးဖြစ်မှာပေါ့ကွာ။ ဘာဆိုင်လဲကွ။ နာရဏီဆိုတာ ရွှေတစ်မျိုးကိုပြောချင်တာ။ ငါတော့ ဒီလိုပဲသိထားတယ်။ ဒါနဲ့ မင်းတို့က ..."

"ကျွန်တော်တို့က မန္တလေးကလာတာပါ။ ဟုမ္မလင်းကနေ မော်တော်နဲ့ ဥရုချောင်းရိုးအတိုင်းဆန်တက်ခဲ့ရင် ဒီဒုက္ခ မခံစားရဘူးပေါ့။ ဒါပေမဲ့ ကျွန်တော့်ညီက မြစ်ကြီးနားရောက်ဖူးချင်တယ်ဆိုလို့။ ခုတော့





လမ်းခရီးပြဿနာတွေမှရေးရင် စာအုပ်တစ်အုပ်စာ လုံးချင်းထုတ်လို့ရတယ်"

နာရဏီပြုံးသည်။ ထိုလူတွေက ပညာတတ်ဖြစ်မည်ဟု ခန့်မှန်းမိသည်။ ထိုလူတွေဆိုသော်ငြား နာရဏီနှင့် အသက်တူတူလောက် ဖြစ်နိုင်သည်။

"ကျွန်တော့်နာမည်က ဗညားတဲ့။ သူက ကျွန်တော့်ညီ သူရ။ နေရာဒေသစိမ်း၊ အအစားအသောက်စိမ်းနဲ့ ဒုက္ခရောက်နေတယ်။ ဒီက ဆန်ကို ကျွန်တော်တို့မစားနိုင်ဘူး။ ကောက်ညှင်းစားနေရသလိုပဲ"

ထိုအခါမှ နာရဏီ သဘောပေါက်လာသည်။ ဒါကြောင့် အားမရှိပုံဖြစ်နေတာကိုး။ ဒါမှမဟုတ် မြို့သားတွေက ပိန်တွေချည်းတည်းများလား။ မြို့သားလို့သာဆိုတယ် အသားမည်းလိုက်ပုံများ ရှာက ပလွေမှုတ်သော မဲလုံးကတောင် အရှုံးပေးရမည်ထင်ပါရဲ့။ သို့သော် စတိုင်ကတော့ အကောင်းသား။ လက်ပတ်ကြိုးနဲ့ ဘွတ်ဖိနပ်နဲ့။ ကျောပိုးအိတ်ကလည်း သူလိုကိုယ်လို ဝန်နီအိတ်ကြီးမဟုတ်ဘဲ ဇီဒီယိုထဲမြင်နေကျ မင်းသားပိုးတဲ့အိတ်မျိုးဖြစ်သည်။

"လာတော့ ဆိုင်ကယ်ကယ်ရီနဲ့။ ဟိုး ... ရေအိုင်စပ်ထိ လိုက်လာတာ။ ပြီးတော့ လှေစီး။ လှေဆိပ်နဲ့ ဒီကိုလာရတဲ့ခရီးနဲ့တင် သူက သေချင်စော်နံနေပြီ။ ဆင်စီးဖို့ ဆင်စောင့်နေတာ နှစ်ရက်ရှိပြီ။ ကုန်ချသွားတာ ဆင်ကပြန်မလာသေးဘူး"

ဟုတ်ပေသားပဲ။ ခုလိုမိုးအချိန် ကားလမ်းမပေါက်သောအခါ ကုန်များကို ရေကြောင်းမှတင်ကြသည်။ သို့သော် ခုလို စပ်ကူးမတ်ကူး



www.burmeseclassic.com

www.burmeseclassic.com



ရာသီတွင် ရေကြောင်းလည်း ကျပ်၏။ နွားလှည်းကလည်း ဝိတ်ကို မျှတင်ရသည်။ ဆင်ကမူ အားမနာပါးမနာ စိတ်ကြိုက်တင်ဆောင်နိုင်သည်။ ဆင်တန်ဖိုးကြီးသလို စရိတ်ကလည်းကြီးသည်။ လှေနဲ့တင်စရိတ်တက် နွားလှည်းနှင့်တင်စရိတ်ကပိုကြီးသည်။ နွားလှည်းထက် ဆင်က ပိုဈေးကြီးသည်။ ထို့ကြောင့် ဆင်သမားသည် ကုန်စည်ရဖို့မလွယ်ချေ။ မရလည်း အရေးလား။ သစ်ပေါသောအရပ်ဒေသမို့ အချိန်ပြည့် အလုပ်ရှိသည်။ ကုန်စည်တင်ဆောင်တယ်ဆိုတာ ဆင်ဦးစီးတို့၏ အပိုဝင်ငွေဖြစ်သည်။ ဘိန်းဖိုးလေး မြိုးမြိုးမြက်မြက်ရလိုရငြား ဖြစ်၏။

"စောင့်လက်စတော့ စောင့်တာကောင်းပါတယ်။ မင်းတို့ပုံကြည့်ရတာ သိပ်အားမရဘူး။ ခရီးကဝေးတယ်။ ကျွတ်တို့ ဒက်တို့ မျှော်တို့ပေါတယ်"

"ဒက်ဆိုတာ ဘာလဲ"

"ကျွတ်လိုသတ္တဝါပဲ။ ဒါပေမဲ့ သူက သစ်ပင်ပေါ်က ပြုတ်ကျတာ။ သွေးစုတ်ဖုတ်ကောင်တွေပေါ့ဗျာ"

"ခင်ဗျားခြေထောက်က မဲမဲအလုံးက မှဲ့လားဗျ။ တော်တော်ကြီးတယ်နော်"

ရုတ်တရက် သူရကဆိုသောအခါ သူ့တစ်ကိုယ်လုံး တွန့်ခနဲဖြစ်သွားသည်။ သူ ငုံ့ကြည့်လိုက်သောအခါ ခြေမျက်စိအောက်၌ သွေးလုံးနေသော ကျွတ်တစ်ကောင်ဖြစ်သည်။ ဘယ်ကတည်းက တွယ်ထားမှန်းမသိ။ တံတွေးကို ဖိန်ခနဲထွေးပြီး ထိုသတ္တဝါကိုခွာသည်။

"စွပ်ပြုတ်ရပြီ"





ဘယ်လိုအရသာမှန်းမသိသော စွပ်ပြုတ်ကို ဘယ်လိုသောက်ကြမှန်း မသိပေ။ သူကတော့ အိပ်ရေးဝမှ အားရှိမည်မို့ တစ်ထည်တည်းသော စောင်းကို တင်းနောင်အောင် ခေါင်းမြီးခြုံပြီး ကွေးနေအောင် အိပ်ပစ်လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသည် ခပ်စိမ့်စိမ့်ရွာနေသည်။ မိုးအရှိန်ကြောင့် လမ်းသည်လည်း ချော်တိချော်တော်နှင့် ခြေကုပ်ရခက်နေသည်။ ထို့ကြောင့် ဂျပန်ဖိနပ်ကို ချွတ်ပြီး ကြိုးနှင့်သိုင်းကာလွယ်ပြီး ခြေဗလာနှင့်လျှောက်သည်။ ညောင်ပင်က စခန်းမှ တိန်းစပ်စခန်းသို့ လွယ်ကူ၍ရောက်လာသော်လည်း ခြေဖဝါးတွေ ကျိန်းနေပြီဖြစ်သည်။ အရေးထဲ ကျောက်ခဲတစ်လုံးကို ပိုးခဲ့ရသောကြောင့် ကျောပိုးအိတ်ကိုပင် လွှင့်ပစ်ချင်လောက်အောင် ပင်ပန်းနေသည်။

"ဟွန်း ... ပါဟီးကွင်းကိုကျော်ရင်တော့ ဘယ်ဇင်းရောက်ပါပြီ"

"ဘယ်နှနာရီလောက် လျှောက်ရဦးမှာလဲ"

"သုံးနာရီလောက်ပေါ့"

ဗညားရဲ့အမေးကို သူ ရမ်းသမ်းကာဖြေသည်။ ဗညားတို့လို မြို့သားမပြောနှင့် တောသားဖြစ်သောသူပင် ခြေထောက်တွေကိုသယ်ရမှာ ငြီးငွေ့လာသည်။ သို့သော် မတွေ့တော့တဲ့ လက်ကျန်ခရီးကို အားတင်းရပြန်သည်။ လမ်းခရီး၌ တောပန်းလေးများကို သဘာဝအတိုင်းတွေ့ရသည်။ ခပ်လှမ်းလှမ်းမှ ကြိုးကြာမောင်နှံကိုလည်း တွေ့ရသည်။

"ဘာငှက်ကြီးလဲ"

"ကြိုးကြာပါကွာ"





"အကြီးကြီးပဲနော်"

သူရသည် တောကိုမရောက်ဖူးဘူးထင်ရဲ့။ တောကို အထူးအဆန်းသဖွယ်ဖြစ်နေသည်။ ဗညားတော့ တောနှင့်အနေနီးစပ်သည်ဟုထင်ရသည်။ နာရဏီတို့အုပ်စုသည် ရှုံ့အိုင်တွေကိုဖြတ်ရသည်။ ကျောက်သားမာများကိုဖြတ်ရသည်။ ရေအိုင်အချို့တွင် တုံးခုခင်းထားသောကြောင့် တုံးများပေါ်ဖြတ်လျှောက်ရသည်။ ကိုင်းတွေထူပြောသောကွင်းပြင်ကျယ်ကြီးမို့ နေဒဏ်၊ လေဒဏ်၊ မိုးဒဏ်အတွက် အကာအကွယ်မရှိချေ။ အချို့နေရာများတွင် မြွေလမ်းကြောင်းရာကြီးကိုတွေ့ရသည်။ ထိုမြွေနှင့်သာ နာရဏီတို့ကြုံပါက အရိုးနှင့်အသား အစရှာရတော့မည်မထင်။ မြွေညှို့တာနဲ့တင် မြွေပါးစပ်ထဲဝင်ရမည်။ အခြေအနေ၊ ဒူးတွေလည်း ချောင်နေသည်။ တောကောက်ကြီးကြီးမားမားနှင့် မတွေ့စေဖို့သာ ဆုတောင်းနေရတော့၏။ ပြေးတက်စရာသစ်ပင်လည်း ရှာမရပေ။

"ဓွေရာသီတုန်းက မီးရှို့ထားပုံရတယ်နော်။ သစ်ပင်အချို့က မည်းတူးနေတယ်"

ဗညားသည် အမေးအမြန်းထူသည်ဟုထင်သည်။ မောပန်းသောကြောင့် စကားကိုချွေတာသည့် နာရဏီ မဖြေလို့မရတော့ပါ။ ဖြေဖို့ကြံခိုက်တွင် သူရက ဆက်ပြောသည်။

"အဲဒီလို အသိဉာဏ်ကင်းမဲ့တော့ တောပြုန်းတာပေါ့။ ကမ္ဘာစနစ်လည်းပျက်တယ်။ ကြည့်ပါဦး မိုး ဒီလောက်ရွာနေတာတောင် အပင်က ရှင်သင့်သလောက် မရှင်သန်တော့ဘူး"

"မရှို့လို့ ရမလားဗျ။ ဒီနေရာက ငါတို့လိုဆင်းရဲသားတွေ



www.burmeseclassic.com

www.burmeseclassic.com



လက်လုပ်မှ ပါးစပ်လှုပ်ရတဲ့နေရာ။ နွေရာသီ ကားလမ်း လှိုင်လှိုင်ပေါက်ရင် နေ့မှန်းမသိ၊ ညမှန်းမသိ ဆိုင်ကယ်နဲ့၊ စက်ဘီးနဲ့၊ ကားနဲ့ ကုန်သည်ကြရတာ၊ တောကောင်အန္တရာယ်ကြောက်ရတယ်။ ဘယ်သူကရော အလကား အချိန်ကုန်ခံပြီး ရှိချင်မလဲ။ ဘာဂေဟမှမသိဘူး။ မလုပ်ရင်တော်မယ်၊ ဒါပဲသိတယ်"

နာရဏီသည် စိတ်ပေါက်ပေါက်နှင့် ပြောချပြီး ခပ်ငေါ့ငေါ့ ရှေ့တက်လာခဲ့သည်။ ရာသီဥတုသည် ကြည်လင်နေရာမှ မည်းမှောင်စ ပြုလာသည်။ မကြာခင် မိုးရွာတော့မည့်အရိပ်အခြေ။

"ကျွတ် ... ပြဿနာပဲ။ မိုးက ဒီအချိန်ဆို ပုံမှန်ဖြစ်နေပြီ"

ဗညားက ညည်းတွားပြန်သည်။ ပြီးနောက် ကျောပိုးအိတ်ထဲမှ မိုးကာအင်္ကျီရှည်ကြီးများကိုထုတ်ကာ ညီအစ်ကိုနှစ်ယောက် တစ်ယောက် တစ်ထည်ဝတ်သည်။ နာရဏီ လှမ်းကြည့်သည်။ မိမိအင်္ကျီ မိမိရှက်မိသည်။ မိမိအင်္ကျီက မိုးကာကိုဖောက်၍ချုပ်ထားသောအင်္ကျီ။ သူတို့ ဝတ်တာက ဗီဒီယိုထဲ မင်းသားတွေဝတ်သောအင်္ကျီ။ရာသီဥတုသည် မှောင်နေရာမှ မိုက်လာ၏။

"ဟင် ... ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ"

အမျိုးသမီးသုံးယောက်အသံညံလာသည်။ နေ့မှညသို့ ချက်ချင်း ကူးပြောင်းလာပုံကြီးကြောင့် နာရဏီရင်ထဲလည်း ထိတ်ခနဲဖြစ်သွားသည်။ လူကိုးယောက် ခရီးထွက်လာလို့ တောခြောက်တာများလား။

"ဝုန်း ... ဝေါ ..."

ပတ်ဝန်းကျင်သည် မှောက်မိုက်သွားသည်နှင့်တစ်ပြိုင်နက်





ခပ်လှမ်းလှမ်းမှ တောနင်းသံကို ကြားရသည်။ ဆင်အုပ်ကြီးလာနေသလို ခံစားရ၏။

"ဒါကြောင့် ကိုးယောက်မလာချင်တာ။ ခုတော့ တလောကလုံး မှောင်သွားပြီ"

"စိတ်မပူပါနဲ့ အန်တီ၊ ခဏပါ။ ဒါက နေကြတ်တာပါ။ ဒီနေ့ နေကြတ်မယ်လို့ ကြေညာထားတယ်"

ဗညားပြောသော်လည်း ကြောက်စိတ်တော့မ မပြယ်ချေ။ သူတို့ အဖွဲ့ မကြာခင် အန္တရာယ်နှင့်ကြုံတော့မည်ကို သတိထားလိုက်မိသည်။ တစ်ယောက်ကိုတစ်ယောက် မမြင်ရချေ။ နာရဏီ အိပ်ထဲမှ အိတ်ဆောင် ဓာတ်မီးကိုလည်း ရှတ်တရက်နှိုက်မရ။

"အူဝဲ ... အူဝဲ ... ဝဲ ... ဝဲ"

"ဟင်"

နာရဏီ ကျောထဲစိမ့်သွားသည်။ အသံကို နားစွင့်မိသည်။ သို့သော် ထိုအသံသည် ဘယ်ကလာမှန်းမသိ။ အမျိုးသမီးသုံးယောက်ထံမှ လည်း အသက်ရှူသံပင်မကြားရချေ။ သို့သော် တစ်ယောက်နှင့် တစ်ယောက် ထိကပ်နေကြသည်။

"ဝေါင်း"

နာရဏီ တုန်သွားသည်။ အနှစ်နှစ်ဆယ်နီးပါးနေခဲ့သော ဒေသခံ ဆိုသော်လည်း ကျားဟိန်းသံကိုမူ တစ်သက်နှင့်တစ်ကိုယ် မကြားခဲ့ဖူးပါ။

"မပြေးကြနဲ့နော်။ နေရာမှာပဲစုနေကြ။ ဒါ တကယ့်ကျား မဖြစ်နိုင်ဘူး"



www.burmeseclassic.com

အမျိုးသားသုံးယောက်ထဲမှတစ်ယောက်ဖြစ်နိုင်သည်။ ထိုလူသတိပေး၍သာ မဟုတ်ရင် တစ်ဖွဲ့လုံး ခြေဦးတည့်ရာ ထွက်ပြေးကြပေလိမ့်မည်။ တကယ့်ကျားသာဆို အဲဒီလိုထွက်ပြေးလို့ရော လွတ်မှာလား။ လွတ်တယ်ထားဦး မကျွမ်းကျင်သော ထိုတောထဲ သေဖို့တစ်လမ်းသာ ရှိမည်။ တောကလည်း ကြမ်းသည်။ ဘယ်လိမ်နွယ်များ ထူပြောစွာ နွယ်တက်နေသည်။ နွယ်ရှင်တွေလည်းရှိသည်ဟု ကြားဖူးသည်။ ဘယ်လိမ်နွယ်ရှင်ကိုသာ ခွနင်းမိလို့တော့ ဒီတစ်သက် တောထဲကထွက်နိုင်တော့မည် မဟုတ်။

တကယ့်ကျားမဟုတ်ဘဲ တောခြောက်တာဆိုလျှင်တော့ သူတို့အုပ်စုကို ခွဲဂစ်ဖို့ရည်ရွယ်ခြင်းဖြစ်ပေလိမ့်မည်။ တော်ပါသေးရဲ့ သူတို့အုပ်စုထဲ သတိရှိသူပါလာလို့။

မိုးသည် တစ်ပေါက်ချင်းကျနေရာမှ တဝေါဝေါသွန်းဖြိုးလာသည်။

"အွတ် ... အွတ် ... အွတ်"

နှစ်ချို့ဖားကြီးများလည်း အစာရှာနေသလောက် ဆူညံ၍လာသည်။ ထိုဖားအော်သံသည် မိုးမျှော်ဖားမဟုတ်ဘဲ ကြောက်စရာအသံကြီး ဖြစ်နေသည်။ စိတ်ချောက်ချားနေ၍ပဲလားမသိ။ မိုးရေစက်များပင် ကြောက်စရာကောင်းနေတော့သည်။

"ဟဲ့ မင်းဟာက ဟုတ်ဦးမလား။ ခြေသံတွေနီးလာသလိုပဲ နော်"

ခပ်စွာစွာအမျိုးသမီးကြီးက မရဲတရဲအော်ပြန်သည်။ ထိုအသံ





သည် မိုးရေနှင့် လုံးနေသော်လည်း နီးကပ်သောကြောင့် ပီပီသသ ကြားနေရသည်။

"ဝေါ ... ဝေါ"

မိုးသည် မျက်စိမဖွင့် မျက်နှာမဖွင့်ရွာလာသည်။ တောင်ခြောက်ဘဲ့အထဲမှာ မိုးတော့မပါလောက်မှန်း သိသော်လည်း စုထားသော အကြောက်တရားများ စုပြုံလာသည်။ နေ့ခင်းကြောင်တောင် အလင်းရောင်ပျောက်တာလည်း ဒါ ပထမဆုံးကြုံဖူးခြင်းဖြစ်သည်။ နာရဏီစိတ်ထဲ ယုံရခက်၊ မယုံရခက်ဖြစ်နေသည်။ တောင်ခြောက်မှန်း စိတ်ကသိသည်။ ခုလောက်ထိ ကြမ်းနေမှတော့ သေဖို့အပြင် အခြားမရှိတော့ပေ။

ပတ်ဝန်းကျင်တစ်ခုလုံးလည်း မှောင်မည်းနေသည်။ ဘေးမှာရှိသောသူကိုပင် သဲသဲကွဲကွဲမမြင်ရချေ။

"ဘုရားသာ အာရုံပြုထားနေသေတော့။ သရဏဂုံတည်ကြတော့ဟော့"

အမျိုးသမီးကြီးအသံ ထွက်ပေါ်လာပြန်သည်။ မိုးရေသည် ခြေမျက်စိထိ စိုရွှဲသွားသည်။ ခြေဖဝါးအောက်မှာလည်း ယားကျိယားကျိနှင့် တီကောင်ထိုးနေသည်ထင်ရဲ့။

"ဂလိန်း ... ဂျိမ်း ..."

လျှပ်ရောင်၏နောက်တွင် အသံနက်ကြီး ပါလာပြန်သည်။ နာရဏီသည် မိုးခြိမ်းသံကိုမကြိုက်သော်ငြား ယခုတော့ သဘောကျချင်ချင်ဖြစ်လာသည်။ လျှပ်ရောင်ကြောင့် လူအုပ်ကိုတွေ့နေရသည်။

"အူဝဲ ... အူဝဲ"

ကလေးငိုသံသည် နားနှင့်နီးနေသည်ဟုထင်သည်။ မွေးကင်းစ ကလေးအသံဖြစ်သည်။ ဒီလို ပါဟီးကွင်းကိုင်း ကွင်းပြင်ထဲတွင် မည်သူမှ တော့ မိုးရွာကြီးထဲ ကလေးမမွေးလောက်ပေ။

နာရဏီ မျက်လုံးကို ပိတ်ထားမိသည်။ အဒေါ်ကြီးပြောသလိုပင် ဘုရားကိုသာ အာရုံပြုထားမိ၏။ ဘုရားတန်ခိုး၊ တရားတန်ခိုးကြောင့်လား မသိပေ။ ပတ်ဝန်းကျင်သို့ အလင်းရောင်းတိုးဝင်လာပြန်သည်။

နာရဏီ မျက်လုံးဖွင့်လိုက်သောအခါ တစ်ယောက်ကိုတစ်ယောက် တင်းကျပ်အောင်ပွေ့ဖက်ထားသော မြို့သားညီအစ်ကိုနှစ်ယောက်ကို တွေ့ သည်။ နာရဏီစိတ်ထဲ တစ်မျိုးဖြစ်သွားသည်။ ရွာဦးကျန်ခဲ့သော အစ်ကိုဖြစ်သူကို သတိရမိသည်။ စပါးမအောင်သောကြောင့် ညီလေး မင်း မော်ထဲသွားတော့ကွာ။ ငါ တစ်ယောက်တည်း စပါးသိမ်းလိုက်မယ် ဟု ပြောခဲ့သည်။ မှတ်မှတ်ရရတွေးကြည့်လျှင် နာရဏီတို့ညီအစ်ကိုသည် တစ်ခါမျှ တစ်ယောက်ကိုတစ်ယောက် မပွေ့ဖက်ဖူးချေ။ အရက်မူးလျှင်ပင် ပခုံးထမ်းမသယ်ဖူးပေ။ မှောက်နေလျှင် မှောက်နေသူကို မှောက်နေသော နေရာ၌ မှတ်လောက်သားလောက်အောင် ပစ်ထားတတ်သည်။

"အေး ... ဘုရားဟန်ခိုးကြောင့်ပဲ။ မှတ်ပါပြီ၊ မှတ်ပါပြီ နောက် ဘယ်တော့မှ ဒီလမ်းကို လူကိုးယောက်နဲ့ မလာရဲတော့ပါဘူး"

အဒေါ်ကြီးက မကျေမနပ်ဆိုပြန်သည်။ ထိုအခါ ညီအစ်ကို နှစ်ယောက်မှာ မျက်နှာငယ်လေးနှင့် ခေါင်းငုံ့နေရှာသည်။ ဒီလိုကျပြန် တော့လည်း ယောက်ျားချင်း သနားမိသလိုလိုရှိသား။

အလင်းရောင်ရောက်လာသည်နှင့်တစ်ပြိုင်နက် ကြားခဲ့ရသော



ဘုရားဟိန်းသံ၊ ကလေးငိုသံ၊ ဆင်နင်းသံတို့မှာ ကြွက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်သည်။ မိုးလုံးကြီးများတော့ အင်အားကြီးစွာကျရောက်ဆဲပင်။

"ဒီပုံအတိုင်းဆို ရှေ့ဆက်ဖို့မှ ဖြစ်နိုင်မလား။ သံဖြူဇရပ်မှာ ရေကျော်နိုင်တယ်နော်"

"မဆက်လို့ ဘယ်လိုလုပ်ရမလဲ။ တိန်းစပ်ကို နောက်ပြန်လှည့် ခင်လည်း ခရီးတစ်ဝက်ကျိုးနေပြီ။ တိန်းစပ်ကိုလှည့်တယ်ထားဦး ရေတွင်း မှာ ရေမကျော်နေဘူးလို့ ပြောနိုင်သလား"

လမ်းကျွမ်းပုံရသောအမျိုးသားနှင့် ခပ်စွာစွာအမျိုးသမီးတို့ အပြန်အလှန်ပြောနေခြင်းဖြစ်သည်။ နာရဏီတော့ ငြိမ်သက်နေသည်။ လမ်းကို ခြေလျှင် ဒါပထမဆုံးလျှောက်ဖူးခြင်းဖြစ်သည်။ ခါတိုင်း သာဖူးပေမဲ့ ကားလမ်းပေါက်ချိန် ကားနှင့်လာခဲ့ခြင်းသာဖြစ်သည်။ ကားကို အခန့်သားစီးခဲ့သောကြောင့် လမ်းခရီးသည် ဤမျှရှည်မှန်း၊ ကြမ်းမှန်း မရိပ်မိခဲ့ပေ။ ကားနဲ့သွားလာတုန်းက ဤနေရာတွေကို ဘယ်လို ကျော်လို့ကျော်ခဲ့မှန်းမသိခဲ့။

ခါတိုင်းတော့ လယ်သိမ်းပြီးချိန်မှ အစ်ကိုနှင့်နှစ်ယောက်တက်လာ ပြီး ရာသီစာလေးလုပ်ကာ မိုးဦးမကျခင်ပြန်ဆင်းသွားသည်။ ဒီလို လုပ်တာ တစ်နှစ်၊ နှစ်နှစ်မကတော့။ ခုဆို ခေါက်စားထမ်းလို့ရတဲ့ ငွေနဲ့ အိမ်ကလေးပင် သွပ်မိုးပြီးနေပြီဖြစ်သည်။ ယခုတော့ ယ်မအောင်တော့ အစ်ကိုက နွေရာသီ ယာဆက်စိုက်ရပေလိမ့်မည်။ မှလည်း မိုးတွင်းစာ စရိတ်ဖူလုံပေမည်။ ဆောင်းတွင်းတော့ ခြံထွက် ငံ့များနှင့် ဆီဖိုး၊ ဆားဖိုးရသော်လည်း မိုးအခါတော့ ရေဝပ်၍

www.burmeseclassic.com



ခြံထွက်သီးနှံသည် မီးဖိုချောင်စာသာရုံမျှထွက်သည်၊ ဒီကြားထဲ ပျိုးနှုတ်ခ
ကောက်စိုက်ခတို့က ရှပ်သေးသည်။ လယ်စရိတ်ကလည်း လွယ်လှတယ်
ဟုမရှိ။ ထို့ကြောင့် မိုးတွင်းစာကို ပုရွက်ဆိတ်များလိုပင် ဆောင်းတွင်း၌
တစ်နိုင်တစ်ပိုင်စုဆောင်းကြရသည်။

"ကဲ ... ကဲ ... ငြင်းခုန်နေလို့လည်း ပြီးမှာမဟုတ်ဘူး။ ရှေ့
ဆက်ကြမယ်။ ရေကျော်လည်း ဖောင်ဖွဲ့ပြီးကူးမယ်။ မရလို့လည်း မပူနဲ့
ရေကျတဲ့အထိ တဲထိုးစောင့်ကြတာပေါ့"

"ဘာစားကြမလဲ"

"ဝါးရုံပေါတာပဲ မျှစ်ချိုးစားကြရုံပေါ့"

"သံဖြူဇရပ်တော့ မလုပ်ပါနဲ့ဗျာ။ အဲ့ဒီနေရာက ဒီနေရာထက်
မက ကြမ်းတယ်ဗျ။ ကားသမားတွေပြောတာ။ နားရွက်ခင်းအိပ်တဲ့လူ
တစ်ယောက်ရှိတယ်တဲ့"

"ဘယ်တတ်နိုင်မလဲ။ သဗ္ဗေသတ္တာ ကာမသကာပေါ့"

နာရဏီနှင့် ထိုညီအစ်ကိုနှစ်ယောက်တော့ နောက်လိုက်
နားဆင်သူသက်သက်သာဖြစ်သည်။

တစ်ဖွဲ့လုံး ရှေ့ဆက်ကြပြန်သည်။ မိုးရေစီးလိုက်သောအခ
စေးပျစ်သော ရွှံ့မြေသည်လည်း ပွက်မပေါက်တော့၍ နင်းလို့တော့
ကောင်းသွားသည်။ ခြေချောင်းတွေနှင့်ကုပ်ထားဖို့ မလိုတော့။

တောခြောက်သံကြားဖူး၍ နောက်ကျောတော့မလုံချင်ပါ၊
မျက်လုံးက မသိမသာ ကျီးကန်းတောင်းမှောက်ကြည့်နေဖြစ်သေးသည်၊
ထိုညီအစ်ကိုနှစ်ယောက်လည်း ကြောက်သည်ထင်ရဲ့ တစ်ချိန်လုံး



နောက်ဆုံးနေခဲ့ရာမှ ရှေ့တက်လာသည်၊ နာရဏီသည် သူ့ရဲကောင်း
သုပ်ကာ နောက်ဆုံး၌နေပေးလိုက်သည်။ သို့သော် မိမိကျောကုံးကို
ဘယ်အချိန် ကုတ်ဆွဲလိုက်မလဲဆိုပြီး အသည်းကတော့ ခပ်ကျိန်းကျိန်း။
သို့သော် ဘာသံမျှမကြားရတော့ချေ။

သံဖြူဇရပ်ရောက်လာသောအခါ ထင်သည့်အတိုင်းပင် တောင်ကျ
ချောင်းရေက ဒုက္ခပေးပါပြီ။ သံဖြူဇရပ်ဆိုသော်ငြား ဘာ အဆောက်
အဦးမှ မရှိချေ။ သစ်ပင်လေး လေးငါးပင်တန်းထားသောနေရာဖြစ်သည်။
ရေတွင်းတစ်လုံးတော့ရှိ၏။ အရင်ကတော့ ဇရပ်တစ်လုံးရှိခဲ့ပုံရသည်။
သို့သော် ထိုဇရပ်ကလည်း ခိုင်ခိုင်မာမာဟုတ်ပုံမရချေ။ လက်ကျန်
ညှိတိုပျဉ်စပင် မတွေ့ရ။ သို့သော် ကံကောင်းချင်ပြန်တော့ ဝါးဖောင်
တစ်စင်းကိုတွေ့သည်။ သူတို့လိုပဲ ခရီးသွားအချို့ လုပ်ထားခဲ့သည်ထင်ရဲ့။

"အခန့်သင့်လိုက်တာ ဆွဲကြဟေ့"

အမျိုးသားကြီးကဆိုသည်နှင့်တစ်ပြိုင်နက် ယောကျ်ားသားများ
အားလုံးသည် ကိုင်းကြားထဲမှဝါးဖောင်ကို ခဲရာခဲဆစ်ဆွဲကြသည်။
သွားဆာနေသော မျှော့အန္တရာယ်ကိုလည်း ရှောင်ကြရသေးရာ အလုပ်က
တွင်ချေ။

သို့သော် လုံ့လနှင့် ဉာဏအစွမ်းကြောင့် ဝါးဖောင်ပါလာ၏။
ယောကျ်ားလေးယောက်၏အစွမ်းအစဖြစ်သည်။ မြို့သားညီအစ်ကိုတော့
ပါချေ။

"တစ်ဖွဲ့လုံးတော့ မနိုင်ဘူး။ တစ်ဝက်စီခွဲတက်မှပဲ"

အမျိုးသားကြီးကဆိုသောအခါ အမျိုးသမီးသုံးယောက်

www.burmeseclassic.com

www.burmeseclassic.com

အလုအယက်တက်ကြသည်။ ဖောင်ပြန်စုန်မည့်ယောက်ျားနှင့် ပေါင်းငါးယောက် လိုက်ပါသွားသည်။ နောက်တစ်သုတ်၌ နာရဏီအပါအဝင် မြို့သားညီအစ်ကိုရော ပေါင်းငါးယောက်တက်ကြပြန်သည်။

ရေလယ်ရောက်သောအခါ ပြဿနာ စပေါ်တော့သည်။ ဘယ်ကတည်းကလုပ်ထားမှန်းမသိသော ဝါးဖောင်သည် ဖြစ်သလို တစ်ခါသုံးလုပ်ထားသောကြောင့် နှီးကြိုးများဆွေးနေသည်။ ရေလယ်သို့ ရောက်မှ ကိုင်းများနှင့်ညိသည်။ အခြေအနေသိပ်မဟန်တော့မှန်း ဖောင်ပေါ်မှလူများ သဘောပေါက်ကုန်သည်။

"မျှော့ကြောက်နေလို့ မထူးတော့ဘူး။ ခုန်သာချဗျို့"

ပြောပြောဆိုဆိုပင် ခုန်ချကြရာ၌ ဖောင်ပေါ်တွင် မြို့သား ညီအစ်ကိုသာကျန်ရစ်ခဲ့သည်။ နာရဏီတို့အုပ်စု ကမ်းပေါ်ရောက်သည်ထိ ထိုညီအစ်ကိုသည် ကြက်သေသေကာ ကျန်ရစ်ဆဲဖြစ်သည်။

"ဟေ့ ... ဗညား၊ သူရ ... လာလေ ... ခရီးဆက်မယ်"

"ကျွန်တော်တို့ ရေမကူးတတ်ဘူး"

"အကြောက်အကန်တော့ကူးခဲ့ဗျာ။ အဲ့ဒီဖောင် မခိုင်တော့ဘူး"

စကားပင်ပြော၍မဆုံးလိုက်ချေ ဝါးလုံးစည်းသည် နှစ်ခြမ်းကွဲ ပြီး တစ်လုံးစီဖြစ်သွားသည်။ နာရဏီမနေနိုင်တော့ပါချေ။ ကျောပိုးအိတ် ကလေး ပစ်ချပြီး ရေထဲ ဒိုင်ဗင်ထိုးသည်။ ဗညား၏မျက်နှာကို လက်သီး တစ်လုံးကျွေးပြီး ဆယ်လာခဲ့သည်။ သူရကိုကယ်ဖို့ ထပ်ကြိုးစားလိုက်သည် တွင် သူရကို မမြင်ရတော့ချေ။ တစ်ဖွဲ့လုံး ပြာသွားသည်။

"ညီလေး ... ညီလေး"



ဗညား၏အသံတွင် ဆို့နစ်ခြင်း၊ ကြေကွဲခြင်းတို့ကို အတိုင်းသား မြင်နေရသည်။

"နာရဏီ ငါ့ညီလေးကိုကယ်ပါဦး။ အစ်ကိုတို့ရယ် ကျွန်တော့် ညီလေးကို ကယ်ပါဦး။ ညီလေး ... သူရ"

"ကဲ ... လုပ်ကြပါဟဲ့။ ဘာလုပ်နေကြတာလဲ"

ခပ်စွာစွာအမျိုးသမီးသည် ဆူဆူညံညံအော်ပြန်သည်။ မည်သူမှ မနေနိုင်တော့ချေ။ ယောက်ျားလေးယောက်လုံး ရေထဲဆင်းကာ အလုအယက်ငုပ်ကြပြန်သည်။ ကံကောင်းချင်သောအခါ နာရဏီ၏ မှန်းချက် မှန်သွားပြီး သူရ၏အကျီစကို ဆွဲမိသွားသည်။

"ဟေ့ ... တွေ့ပြီ ဆွဲလာပြီ"

နာရဏီသည် သူရအား ပွေ့ချီကာ ကုန်းပေါ်သို့တင်ပေးသည်။

"ညီလေး ... ညီလေး ... သူရ"

ဗညား၏အသံသည် ဆို့နစ်နေသည်။ နာရဏ ရင်ထဲမကောင်းပေ။ သေများသွားပြီလား။ ဒီမှာသေလို့ကတော့ ဒီမှာပဲမြှုပ်ထားခဲ့ရပေလိမ့် မည်။ မသေပါစေနဲ့။ သူသာ ငါ့အစ်ကိုဆို ငါ သူ့ကို ဒီနေရာကြီးမှာ မြှုပ်ထားခဲ့နိုင်မှာမဟုတ်ဘူး။ မသေပါစေနဲ့"

နာရဏီ၏ဆုတောင်း ပြည့်သွားခဲ့သည်။ ဗညားသည် ပါးစပ်ထဲ လေမှုတ်လိုက်၊ ရင်ဘတ်ကို လက်နှစ်ဖက်စုံဖိလိုက်နှင့် ကိုရီးယားကားထဲမှ အတိုင်း ကြိုးစားရာ သူရ သတိရလာသည်။ ညီအစ်ကို နှစ်ယောက် ပွေ့ဖက်လိုက်တော့မှ ဝိုင်းကြည့်နေသူများမှာ ဟင်ခနဲ ချနိုင် တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီလေး"

"ကိုကြီး"

ယောက်ျားကြီးတန်မဲ့ ငိုနေသော်ငြား အပြစ်မတင်ရက်တော့ပေ။ ခုလို အသက်ရှင်ပေးတာကိုပဲ ကျေးဇူးတင်မိသည်။

"ကျေးဇူးတင်ပါတယ် နာရဏီရယ်။ ငါတို့ညီအစ်ကိုမှာ မင်းပေးတဲ့ အသက်ပဲ ရှိပါတော့တယ်၊ ကျေးဇူးပါ"

ညီအစ်ကိုနှစ်ယောက်လုံး သူ့ကို ရှိခိုးလုမတတ် ဒူးထောက်နေသောအခါ သဘောနှင့်ရင်ဆိုင်ခဲ့ရမှုက အရည်ပျော်ကျပြီး ပီတိဖြစ်လာခဲ့ရသည်။ အဲ့ဒီလိုမပြောပါနဲ့ဟု ပြောချင်သော်လည်း ပါးစပ်ကမထွက်ချေ။ အမှန်ဆိုလျှင် ထိုနှစ်ယောက် ခယဝပ်တွားမှုကို နာရဏီ မခံယူဝံ့ချေ။ သူတို့တွေက မြို့သားတွေဖြစ်ပြီး ငွေကြေးပြည့်စုံသူများဖြစ်မည်။ ပြီးနောက် ရှေးဦးသူနာပြုစုနည်းကို တတ်ထားသည်။ ဘာပဲဖြစ်ဖြစ် နာရဏီထက် ကြီးမြတ်သူဖြစ်သည်။ သို့သော် သူတို့က နာရဏီကို အသက်သခင် ကျေးဇူးရှင်တဲ့လေ။





ဖယောင်းတိုင်လေးများသည် သီတင်းကျွတ်မီးထွန်းပွဲတော်ပမာ တန်းစီပြီး လင်းထိန်နေသည်။ အချိန်အားဖြင့် မနက်နှစ်နာရီဖြစ်သည်။ ဆောင်းနှင်းတို့ ရစ်သိုင်းနေသောကြောင့် လရောင်သည်လည်း ခပ်မှုန်မှုန်သာ ကျရောက်နေသည်။

"ဂျလုံး ... ဂျလပ် ... ဂျလုံး ... ဂျလပ်"

စက်ဘီးနှစ်စီးနင်းသံဖြစ်သည်။ ချိန်ဖုံးအဆီခည်းနေ၍ထင်သည် ချိန်းကြိုးနှင့် ချိန်းဖုံးထိသံများ ဆူညံနေသည်။

"မင်းရဲ့စက်ဘီးကိုပြင်လိုက်ဦး အဖျူလွှာ။ မင်းရဲ့စက်ဘီးနဲ့သာ သူခိုးလုပ်စားလို့တော့ ထောင်ထဲ ဘယ်နှကြိမ်ဝင်ထွက်နေရပြီလဲ မသိဘူး။ သော့ခတ်ခဲ့"

ဒေါ်လေးနှောင်းသည် ပြောပြောဆိုဆိုပင် စက်ဘီးဒေါက်ထောက်ကာ ဖယောင်းတိုင်တန်းထဲဝင်သွားသည်။ မိုးလင်း ဈေးတန်းကြီးဖြစ်သည်။ ထိုဈေးသည် မိုးလင်းသောအခါ ဈေးဖြစ်ခဲ့ပါတယ်ဟု ဘုရားစူးကျိန်ပြောရပေလိမ့်မည်။ နှင်းမှုန်များကြားဌ်ဆိုသော်လည်း အသံတို့က တိတ်ဆိတ်ခြင်းမရှိဘဲ ကြွက်စီကြွက်စီ ဆူညံနေသည်။

"ဟဲ့ ... မိထွေး ငါ့ကို မုန့်ညှင်းငါးထုံးနော်၊ ရှီးပြားနော်။



www.burmeseclassic.com

www.burmeseclassic.com



အခြားဟာ ကြားညှပ်ထားလို့တော့ ငါနဲ့တွေ့မယ်"

မမဲတူသည် ထုံးစံအတိုင်း အသံချိုပြီး အာဏာပြနေသည်။ ဈေးဝယ်တယ်ဆိုသော်ငြား မီးပုံဘေးမှာနေ၍ ဈေးသည်များလိုသာ အော်ဟစ်ကာထိုင်ရာမထ ဈေးဝယ်တတ်သည်။ မမဲတူဆိုပါက ဈေးသည်များလည်းကြောက်ရသည်။ မဟုတ်တာမလုပ်ဝံ့ပေ။ ပါးစပ်ကလည်း ကြမ်းသလောက် လက်ကလည်းရဲလှတာကိုး။ ဈေးဝယ်အချင်းချင်းပင် မမဲတူပစ္စည်းဆို လုယူဝယ်ဖို့ဝေးဝေးရှောင်လေ့ရှိကြသည်။ မမဲတူနှင့် ဖက်ပြိုင်ဖြစ်ချင်ကြပေ။ မမဲတူသည် တစ်ဈေးလုံး၏ အော့ကြောလန် ဖြစ်သည်။ သို့သော် အဖြူလွှာ့အမြင်မှာတော့ မမဲတူသည် စိတ်ကြမ်း ကိုယ်ကြမ်းပေမယ့် နှလုံးလှသူဟုမြင်ပါသည်။ အိမ်ထောင်မရှိဖူးသူ အပျိုကြီးဖြစ်သည့်အပြင် အသက်ရှစ်ဆယ်ကျော် သူငယ်ပြန်နေသော အမေအိုကြီးကို မငြိုမငြင်လုပ်ကျွေးရှာသူဖြစ်သည်။ မိခင်အတွက်ဆိုပါက ပေါ်ဦးပေါ်ဖျား အသီးအနှံများကို ကပ်စေးမနည်းဘဲ ဝယ်ကျွေးတတ်တာ မမဲတူ၏အကျင့်ဖြစ်သည်။

"ဟဲ့ ... အဖြူလွှာ မိုးကာခင်းပြီးရင်လာခဲ့။ ဒီကို အမှိုက်ပုံဘေးမှ ကုပ်မနေနဲ့"

လင်းနေသောမီးဖိုဘေးတွင်ထိုင်ပြီး အမှောင်ထဲမှ အဖြူလွှာကို မြင်နေသည့် ဒေါ်မဲတူ၏အမြင်အာရုံကို ချီးကျူးချင်ပါသည်။

"ကြည့်ပြီးလည်းခင်းဦး မနေ့က ငါ ချေးပုံပေါ် မိုးကာခင်းမိလို့ တစ်ထည်ပစ်လိုက်ရပြီ"

ပါးစပ်ကလည်း အငြိမ်မနေချေ။ တွေ့ကရာကို အမြင်မသင့်လျှင်





ပြောနေကျဖြစ်၏။ ဒါ အပျိုကြီးများရဲ့ဉာဉ်တဲ့လား။ သို့သော် မမဲတူ၏ အကျင့်ကို အဖြူလွှာတော့ အပြစ်တစ်ခုဟု မမြင်ဘဲ လက်နှိပ်ဓာတ်မီးဖြင့် ဟိုဟိုဒီဒီထိုးကြည့်မိသည်။ သတိဆိုတာ ပိုတယ်မရှိပါ။ အကယ်၍ ချေးပုံရှိနေလျှင် ရှောင်ရှား၍ရသည်ပေါ့။ ချေးပုံပေါ် မိုးကာခင်းမိထားလို့တော့ ဒေါ်လေးနှောင်းဆူဆဲတာနှင့်ပင် နားအုံပွင့်သွားလေမလားမသိ။ ဖက်ရွက်ညှိုးများ၊ ဟင်းရွက်ပုတ်များ တောင်ပုံရာပုံဖြစ်နေသော အမှိုက်ပုံကြီးလည်း အနီးနားရှိနေသေးရာ ခွေးချေးအန္တရာယ်ကိုလည်း စိုးရိမ်ရသည်။ ခွေးချေးက အမှိုက်နှင့်ရောနေလျှင် မသိသာသောကြောင့် ဓာတ်မီးရောင်ကိုအားပြုပြီး သေသေချာချာကြည့်ရသည်။ သို့သော် မတွေ့ချေ။ မနက်စောစောစီးစီး ချေးကျုံးဖို့ကံကတော့ ပါမလာဘူး ထင်ပါရဲ့။

အပြာရောင်မိုးကာကြီးကို လွှားခန့်ခင်း၏။ ပြီးနောက် မိုးကာပေါ်ထိုင်သည်။ မြေကြီးက အေးစက်နေသောကြောင့် တင်ပါးတစ်ခြမ်း အေးလာသည်။ အင်္ကျီအိတ်ကပ်ထဲမှ ဖယောင်းတိုင်ခြောက်တိုင်ထုပ်ကို နှိုက်ယူပြီး တစ်တိုင်ကိုဆွဲထုတ်သည်။ ပြီးနောက် မီးခြစ်နှင့်ညှိပြီး ထွန်းညှိသည်။ ဖယောင်းတိုင်၏ အပူရှိဆိုသော်ငြား နွေးသွားသလို ခံစားရသည်။

"အဖြူလွှာ ... အဖြူလွှာ့"

"ရှင် ... ဒေါ်လေး"

"ဒီမှာ ပစ္စည်းလာသယ်"

အိပ်ကောင်းတုန်းအချိန်ကြီး ဆိုသော်ငြား မီးခွက်ဈေးသည်



www.burmeseclassic.com

www.burmeseclassic.com



အော်တစ်သံများနှင့် ဆူညံ၍နေသည်။ ဈေးဝယ်ကောင်းသော ဒေါ်လေးနှောင်းနောက် လိုက်ပြီး ပစ္စည်းများသယ်ရသည်မှာ အဖြူလွှာ့တာဝန်ဖြစ်သည်။ အဖြူလွှာသည် ပေါ့ပါးသူပီပီ အသံနှင့်အတူ တစ်ဆက်တည်းထပြီး ပြေးသည်။ ဒေါ်လေးနှောင်းသည် အသံအရင်လာသည်ကို မကြိုက်ပေ။ အသံနှင့်လူ တစ်ပြိုင်နက်ရောက်လာတာတောင် စိတ်တိုင်းမကျလျှင် အော်ဆူတတ်သေး၏။

"ဒီသခွားသီးတွေကို မိုးကာပေါ် စီစီရီရီပုံထား။ ပြီးရင် ခြင်းကြားဒီကိုပြန်လာပို့"

"ဟုတ်"

ဒေါ်လေးနှောင်းကလည်း မြန်သည်။ ဟုတ်ဆိုသောအသံကိုပင်ပြီးအောင်နားမထောင်သေးဘဲ လစ်ခနဲပျောက်သွားသည်။ သခွားသီးဆယ်ပိဿာခြင်းကို မနိုင် အီးအဲသယ်ပြီး မိုးကာပေါ် စီရရီချကာ ခြင်းသွားပို့သည်တွင် ဘူးသီးငါးလုံးက စောင့်ကြိုနေပြန်သည်။

"မနှောင်းပို့ထားတာ သယ်သွားတဲ့"

မျက်နှာမစိမ်းသော သခွားသီးသည်ကဆိုသဖြင့် ဘူးသီးငါးလုံးကို သယ်ရပြန်သည်။ ရှည်ပြီးလုံးသောကြောင့် တစ်ကြိမ်တည်း ငါးလုံးမနိုင်၍ နှစ်ခါခွဲသယ်ရသည်။

ဒီနေ့တော့ အဖြူလွှာစောမည့်နေ့ဖြစ်သည်။ မော်ထဲမှာရှိသော ကြီးကြီးက မနေ့က ကုန်မှာစာထဲတွင် ဘူးသီးအလုံးနှစ်ဆယ်ဟု မှာခဲ့သည်။ ထို့ကြောင့် ဘူးသီးအလုံးနှစ်ဆယ်ပြည့်အောင် ဒေါ်လေးနှောင်းက ဝယ်လိမ့်မည်။ လောဘကြီးသော လေးနှောင်းက အလုံးနှစ်ဆယ်ကျော်



ဝယ်ရင် ဝယ်နိုင်သေးသည်။ မြံ့ထွက်သီးနှံများကို ဆီဖိုး၊ ဆားဖိုးတစ်နိုင်တစ်ပိုင်စိုက်ပျိုးသောလူများဆီမှဝယ်သောကြောင့် အဖြူလွှာက ပင်ပင်ပန်းပန်း ဟိုတစ်ပုံ၊ ဒီတစ်ခြင်း သယ်နေရသည်။ အလိုင်းကြီးစိုက်ပျိုးသောလူများဆီမှဝယ်လျှင် ခုလို တိုလီမုတ်စသယ်ဖို့မလိုပေ။ ကုန်ပြင်ထုပ်ပိုးသောနေရာသို့အရောက် နွားလှည်းဖြင့်ပို့ပေးကြသည်။

"ဒီနေ့တော့ မိုးလင်းတော့မယ်။ ဘာမှမရသေးဘူး။ နန့်ရင်းဈေးသည်တွေလာရင် ညောင်ချဉ်ခြင်းရှာစမ်း။ ညောင်ချဉ်ပေါ်ပြီဆိုလား"

ပေါ်ဦးပေါ်ဖျားကို လုဝယ်တာက ဈေးဝယ်များ၏ထုံးစံဖြစ်သည်။ ပေါ်ဦးပေါ်ဖျားဝယ်နိုင်မှ မော်ထဲပြန်ရောင်းလျှင် မျက်နှာပန်းလှသည်ဟု အယူရှိကြသည်။

"မျိုးညွန့်တို့လာရင် နွေပဲသီး ပြည်နှစ်ဆယ်ချိန်ယူထား။ ပိုးပုပ်ပါလာရင် မယူနဲ့နော်။ ပန်းမုံလာက အပွင့်ငါးဆယ်။ ဂေါ်ဖီထုပ်ကသုံးဆယ်၊ တစ်အိတ်စာဆိုရပြီ"

"ဟုတ်ကဲ့"

ဒေါ်လေးနှောင်းက ဝယ်ခြမ်းလာသော ကုန်စိမ်းများကို မိုးကာပေါ် စီရရီပုံရင်း ပါးစပ်မှလည်း ကရားရေလွှတ်သလို ပြောနေပြန်သည်။ အဖြူလွှာ လိုက်မှတ်သည်။ လွဲလျှင် အထုခံ၊ အအော်ခံရမည် မဟုတ်ပါလား။ အဖြူလွှာကလည်း အပျိုပေါက်ကလေးမို့ အများကြား အအော်ခံရမည်ကို ရှက်သည်။

"အဲ့ဒီမှာ ငါသွားနေတုန်း ကွေးကောက်ပြီး အိပ်မနေနဲ့။ စက်သီးသူများဆွဲသွားမယ်"

www.burmeseclassic.com



လေးနှောင်းက ပြောပြောဆိုဆိုပင် ခြင်းကြီးဆွဲ၍ ထွက်သွားပြန်သည်။

မိုးလင်းတော့မယ် ဘာမှမရသေးဘူး ဆိုသော်ငြားလည်း မိုးကာပြာပေါ်တွင် ဟင်းရွက်များ. စုံလင်၍နေသည်။ ခရမ်းသီး၊ ငရုပ်သီး၊ နံနံပင်၊ စမွှန်၊ မုန်ညှင်းဖူး၊ ကိုက်လံ၊ ကြက်သွန်ဖူး၊ ငွေးတောက်၊ ချဉ်ပေါင်၊ ဘူးသီး၊ မြင်းခွာ၊ ဆင်ခရမ်းချဉ်သီး။ အို ... စုံလို့ပါပဲ။ ဒါတောင် ဒေါ်လေးနှောင်းက ဘာဝယ်ဦးမှာတဲ့လဲ။ မိုးလင်းရင် ကိုမျိုးညွှန့်လာပို့ဦးမယ့် နွေပဲသီး၊ ပန်းမုံလာ၊ ဂေါ်ဖီထုပ်နဲ့ဆိုပါက ဂျပ်ဖာသုံးဖာစာမျှရှိသွားပေလိမ့်မည်။ ဒီကြားထဲ ဆီးသီးဆယ့်ငါးပြည်က လာပို့ပေဦးမည်။

လေးနှောင်က လောဘကြီးနေသော်ငြား အဖြူလွှာကတော့ အေးရာအေးကြောင်းပင်။ ပါလာသော စောင်တစ်ထည်ကိုဆွဲယူကာ ဟင်းရွက်ပုံကြား လှဲချလိုက်သည်။ မြေကြီးပေါ်အိပ်ရင်း မိုးအလင်းကို စောင့်ရပေလိမ့်မည်။ ငှက်ပျောဖက်လိပ်ကြီးပေါ် ခေါင်းအုံးရင်း ကောင်းကင်ကြီးကို မော့ကြည့်မိသည်။

လမင်းသည် ကြယ်များကြား ဖြတ်သန်းသွားလာနေသည်။ အချိန်သည် အလွန်ဆုံးရှိလှ လေးနာရီပေါ့။ ဒီအချိန်ဆို သူဌေးများ အိပ်လို့ကောင်းဆဲ။ အိပ်မှက်မက်လို့ကောင်းဆဲ ဖြစ်ပေလိမ့်မည်။ အဖြူလွှာသည် နွေးသောစောင်ခြုံထဲတွင် ခြေဆန့်ပြီးအိပ်ပစ်လိုက်ချင်သည်။ အိပ်ရာထဲခွေပြီး နေထွက်အလာကို ကြည့်လိုက်ချင်သည်။ အများသူငါလို ခြင်းလှလှလေးလက်ဆွဲပြီး ပိုက်ဆံအိတ်လေး ချိုင်းကြားညှပ်ကာ ဈေးဝယ်လာချင်သည်။ ဖိနပ်လှလှလေးကို ကျော့ကျော့လေးစီးချင်သည်။





အဖြူလွှာကြည့်နေဆဲမှာပင် ကောင်းကင်မှကြယ်များ ကြွေလာသည်။

"မင်းလိုင်းအောင်အိပ်ပါရစေ"

ဘယ်အချိန် ကြယ်ကြွေကြွေ ဒီတစ်မျိုးတည်းကိုသာ အဖြူလွှာ ဆုတောင်းမိသည်။ အေးချမ်းသော ဆောင်းမနက်ခင်းတွင် အများသူငါတို့ အိပ်ကောင်းနေချိန်၌ ထပြီး အလုပ်လုပ်ရသည်ကို မုန်းတီးမိ၏။ ဘယ်ဘဝကများ ဆုတောင်းမှားခဲ့လို့ မိုးလင်းအောင်မအိပ်ရသလဲဟုပင် သံသရာကို အပြစ်တင်ချင်မိသည်။ ဘဝ ဘဝများက တွန်နေသောကြက်သည်ပင်းကို ထည်စ်ခဲ့လေသလားဟု အတွေးတွေက သို့လော ... သို့လော ...။ စမတ်ကျသောဘဝ၌ ခန့်ခန့်ထည်ဆည်နေလိုသည်မှာ အဖြူလွှာ၏အိပ်မက်ဖြစ်သည်။

"အဖြူလွှာ ... အိပ်ပျော်နေသလား"

မမဲတူ၏အသံဖြစ်သည်။ နာမည်ကလည်း မဲတူ။ လူကလည်း နာမည်နှင့်လိုက်ဖက်ညီ၏။ အသံကလည်း ဖြာရှရှနှင့် အသံလုံးကြီးသည်။ အမှတ်တမဲ့ကြားလျှင် ယောက်ျားတစ်ယောက်ဟု ထင်မှတ်နိုင်သည်။

"အင်း ... အိပ်တော့မလို့"

"မီးဖိုဘေးခွေအိပ်ပါလား။ ချမ်းကချမ်း၊ အမိုကနံ့ကန်နဲ့ နှင့်မို့ အိပ်နိုင်တယ်"

"သြော် ... ပစ္စည်းစောင့်ရင်းအိပ်တာလေ မမဲတူရဲ့ စက်ဘီးက သော့သိပ်ကောင်းတာမဟုတ်ဘူး"

"အေ်နေ သူခိုးကြားသွားမှ မင်းဘီးလေး မသွားဦးမယ်"

မမဲတူသည် ပြောပြောဆိုဆိုပင် ခြင်းလေးဆွဲ၍ ထွက်သွားပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အဖြူလွှာ သဘောပေါက်မိသည်။ မမဲတူ ကုန်ဆန်းလိုက်ပါတော့
ညေ။ ကြောခင် ဒေါ်လေးနှောင်းနှင့် မမဲတူတို့ ညောင်ချဉ်လုသံတွေ
ကြားရပေတော့မည်။ ဈေးသည် စက်ဘီးမလဲရုံတမယ် လုကြတော့မည်။

နန့်ရင်းဘက်မှဈေးသည်များသည် အိမ်နောက်ဖေးထွက် ပစ္စည်း
များကို ခူးဆွတ်ကာ စက်ဘီးကယ်ရီယာခုံပေါ် ကြိုးဖြင့်တုပ်ပြီး လာ
ရောင်းချလေ့အကျင့်ရှိကြသည်။ ခြံဝင်းကြီးတွေကျယ်တာနှင့်အညီ နှစ်ရှည်
စားပင်သီးပင်များ၊ ကာလတို စားပင်သီးပင်များ စိုက်ကြ၊ ပျိုးကြသည်
လက်ဆိပ်လည်းရှိကြလေသည်။ တော်သူလုပ်စားကြ၍ပဲလားမသိ
စိုက်ပျိုးသမျှဖြစ်ထွန်းသည်။ မြေအောက်သီးနှံဆိုလည်း မြေအောက်အလိုက်
ဥကြသည်။ မြေပေါ်သီးနှံဆိုလည်း မြေပေါ်လိုက် သန်ကြသည်။ အပင်များ
၏ ဘုရင်များလားဟုပင် အံ့သြမိသည်။ ဆူးပုတ်ပေါ်ချိန်များဆိုလျှင်
နန့်ရင်းရွာထဲကိုမဝင်လိုက်နဲ့ အိမ်တိုင်း ဆူးပုတ်ခူးနေလျက်သားဖြစ်၏
သူတို့ရွာက ဆူးပုတ်၊ ပဲညွှန့် ညွှန့်နိုင်လွန်းပေသည်။ ဂရုလည်းစိုက်ကြ
သည်ကိုး။ အရွက်ခြွေချိန်တန် ခြွေပေးပြီး ရေလောင်းချိန်တန် ရေ
မြေဩဇာချချိန်တန် မြေဩဇာချသည်။

အဖြူလွှာတို့များ လက်ဆိပ်သတ်ပုံမပြောနှင့် ပန်းအိုးထဲက
အလှစိုက်ပန်းပင် သေအောင်စိုက်တတ်သည်။ ထို့ကြောင့် အဖြူလွှာ
အတွက်တော့ နန့်ရင်းသူများက စံပြမယ်များဖြစ်နေတော့၏။ အလုပ်တွေ
လည်း တော်ကြသည်ကိုး။ မိုးတွင်းဆို ကောက်စိုက်၊ ဆောင်းရာသီ
စပါးရိတ်၊ နွေရာသီဆို အခင်းစိုက်နဲ့ သူတို့ရဲအချိန်စာရင်းတွေမှာ
အလုပ်တွေက ပြည့်လို့ရယ်ပါ။ လက်တွေကလည်း တတ်နိုင်လွန်းကြ





သည်။ ဆူးပုတ်ပင်မှ ဆူး၊ ကင်ပွန်းချဉ်ပင်ကဆူး၊ ဆီးပင်မှဆူးတို့မှာ
အသားထဲမတိုးတော့ဘူးထင်ရသည်။ အဖြူလွှာကတော့ အသုံးမကျလိုက်
တာ လွန်ရော။ လယ်ကန်သင်းရိုးပေါ်ကိုပင် ဖိနပ်မပါဘဲ မလျှောက်ဝံ့
ချေ။ ထိကရုန်းဆူး စူးလိုက်လျှင် ခြေထောက်မထောက်နိုင်တော့ပေ။
မျိုးရိုးက တောင်သူဖြစ်သော်ငြား လုပ်ငုပ်လက်ရင်း တောင်သူအလုပ်ကို
လုပ်စားရဘဲ မြို့ခြားရွာခြား၊ မှော်ကြိုမှော်ကြား လှည့်ကာ ရပ်ဝေး၊
အိမ်ဝေး ဈေးရောင်းစားရတော့သည်။ ဘယ်တတ်နိုင်မလဲ။ ကျောပူမှ
ခံနိုင်တာ။ အိမ်လွမ်းသည့်ဒဏ်တော့ ခံပေဦးပေါ့။

သို့သော် ကံမျက်စိမှောက်ချင်တော့ အဖြူလွှာက ဈေးရောင်း
တော့ တတ်ရှာသည်။ ပညာရေးကလည်း မဆိုးလှတာမို့ အလုပ်မလုပ်နိုင်
သည်ကို အိမ်က အပြစ်မပြောတော့ပေ။ ပွင့်လင်းရာသီဆို ကြီးကြီးနှင့်
အတူ ဈေးရောင်းသွားပြီး မိုးရာသီတော့ ပြန်လာကာ အဝေးသင်ဖြေရ
သည်။ ခုဆိုလျှင် မြန်မာစာဒုတိယနှစ်ပင် ဖြေပြီးဖြစ်သည်။ ဒါကို
မှော်ထဲမှ ဈေးရောင်းသည့် ကြီးကြီး အပျိုကြီးက ကြွားမဆုံးနိုင်ပေ။
ကြွားရလောက်အောင်လည်း အဖြူလွှာက ပညာရေးဘွဲ့ပေါက်လှသည်။
အမျိုးအဆွေတွေထဲ ဆယ်တန်းကို နှစ်ချင်းပေါက်အောင်တာ အဖြူလွှာက
အမဆုံးလူဖြစ်၏။

အဒေါ်တွေ မုန့်ဖိုးပေးသမျှ တစ်နှစ်ပတ်လုံးစုဆောင်းပြီး
အဝေးသင်တစ်လတာတွင် စိတ်ရှိလက်ရှိဖြုန်းတီးတော့သည်။ ဘယ်
တတ်နိုင်မလဲ။ လုပ်တဲ့အခါလည်း လုပ်ခဲ့ပြီးပြီပဲ။ ကျောင်းတက်ရတုန်း
တစ်လလေးပဲ လူလိုသူလိုနေရတာ။ ဘယ်သူ ဘာပြောပြော ဂရုမစိုက်

www.burmeseclassic.com



ပေ။ မြစ်ကြီးနားမြို့ကို ကိုယ့်မြို့လို့မှတ်ပြီး မြို့သူများလို ဝတ်စားပြင်ဆင်ပြီး သူ့ဌေးသုံး သုံးသည်။ ထို့ကြောင့် သူငယ်ချင်းများက သိပ်မကြည်ချင်ကြ။ မနာလိုချင်ကြပေ။ ထို့ကြောင့် မြို့သူ သူငယ်ချင်းများကို ရှေးပေါင်းပြီး စိတ်ကူးထဲကဘဝနှင့် တစ်ထပ်တည်းကျနေသည်။ နောက်ဆုံးရလဒ်ကတော့ ...

"လူနေချိုကြား၊ စိတ်နေဝတီများရောက်နေပြီး ဘယ်နေ့ပြုတ်ကျပြီးသေမလဲမသိဘူး။ စောင့်ကြည့်ရသေးတာပေါ့"

"ကဲလိုက်တာဟယ်။ ဗိုက်တစ်လုံးနဲ့ပြန်ရမှာ မြင်ယောင်သေး"

"သူ့ကိုယ်သူ ဘာကောင်မှတ်နေသလဲမသိဘူး။ မိဘမရှိ၊ အခေ တွေအားကိုးနေရတာများ သူ့အပေါင်းအသင်းတွေ သိကြည့်ပါလား အရှက်ကို ဟက်တက်ကွဲကုန်ဦးမယ်"

အဖြူလွှာ့နောက်ကွယ်တွင် ပြောသမျှကို အချို့တစ်ဝ အဖြူလွှာ ပြန်ကြားရသည်။ ပြောသူများက ငယ်သူငယ်ချင်းများ စိတ်မကောင်းဖြစ်နေသော်လည်း ပြောချင်ရာပြောကြပါစေဟု လျစ်လ ထားပြီး ပျော်သလိုနေပစ်လိုက်သည်။

ထို့ကြောင့်လားမသိ အသက်ကြီးလာလေ အဖြူလွှာ့အတွ သူငယ်ချင်းရှားလေဖြစ်လာသည်။ သို့သော် ဘာမှုသလဲ၊ ခုလို ဒေါ်လေ နောက် ဈေးဝယ်လိုက်ပြန်တော့လည်း ဈေးသည်များနှင့်ခင်ရပြန်တာ မဟုတ်လား။ သို့သော် ရွယ်တူတန်းတူများမဟုတ်၍ ရံဖန်ရံခါ အထီးကျ ရတာချည်းဖြစ်၏။

အဖြူလွှာသည် စိတ်နေမြင့်သူမို့ ဒီလို အမိုက်ပုံကြား ခေါင်းထဲ





ပြီး မဆိပ်လိုပါ။ ရှင်းရှင်းဆိုရလျှင် ခုလို နိမ့်ကျသောဘဝကို ရှက်သည်။ အဒေါ်များရင်ခွင်ကြား လုံခြုံသော်လည်း သူငယ်ချင်းများလို မန္တလေးမြို့ကြီး၌ ဒေးတက်ချင်သည်။ ခုတော့ သူငယ်ချင်းများ ကျောင်းပြန်လာပါက တစ်နေ့တစ်ခြား လှသွေးကြွခဲ့သည်ကို ငေးရသည်။ အပြောအဆို မြို့ဆန်သွားပုံကို အားကျခဲ့ရသည်။ ကောင်းသောအဝတ်အစားများနှင့် ခေတ်မီသောအလှပြင်ပစ္စည်းများကို လိုချင်ခဲ့ရသည်။ အဖြူလွှာဘဝက အများကိုအားကျဖို့ချည်း ဖြစ်လာတာလား။ ငယ်ငယ်ကတည်းက ပေါင်းသော ရပ်ကွက်ခြားအတန်းဖော်များသည် စီးပွားရေးအခြေအနေကြသည်မို့ မြို့၌ ကျောင်းတက်ကာ မပူမပင်နေနိုင်သည်။ အဖြူလွှာ တို့ ရပ်ကွက်ထဲတွင် အဖြူလွှာနှင့်ရွယ်တူ၊ အတန်းတူမရှိဘူးတော့ မဟုတ်ပါ ရှိသည်။ သို့သော် ပန်မသင့်သောကြောင့် မပေါင်းဖြစ်ခြင်းဖြစ်၏။ သူတို့နှင့်အဖြူလွှာက သဘောထားခြင်းမတိုက်ဆိုင်ပေ။ မှန်တာဆိုလျှင် အဖြူလွှာတို့ရပ်ကွက်နေလူများသည် လက်လုပ်လက်စားများသာဖြစ်၏။ ပိုလျှံလျှံရှိသောအိမ်ရယ်လို့ လက်ချိုးရေတွက်၍ရနိုင်ပေသည်။

ထို့ကြောင့် ရပ်ကွက်ထဲမှ ကျောင်းသားများ ဆယ်တန်းအောင်ပါက အဝေးသင်တန်းသွားရသည်ချည်းသာဖြစ်သည်။ အမှတ်ကောင်း၏ ကောင်း၏ဆိုတာ မဆိုင်ရေးချမဆိုင်ပင်။

"ကျောင်းထားတော့လည်း ဘာထူးလဲ။ မရှိမဲ့ ရှိမဲ့ ခြစ်ခြုတ်ထား ကျောင်းပြီးတော့ ယောက်ျားယူ၊ မိန်းမယူ အိမ်က မောရုံပဲရှိတယ်"

"ကျောင်းနေတော့လည်း ဘာလုပ်ဖို့လဲ။ ကျောင်းပြီးတော့ ယောက်ျားလေးဆို လယ်လုပ်၊ ကျောက်တွင်းသွား၊ မိန်းကလေးဆို စပါး



www.burmeseclassic.com

www.burmeseclassic.com



ရိုတ်၊ ကောက်စိုက်။ ဒါမှမလုပ်ချင်ရင် ကျောင်းဆရာမလုပ်။ ရတဲ့လခ နှစ်ပဲခြောက်ပြားနဲ့ ဈေးရောင်းစားတာကမှ နားနားနေနေ နေရသေး။ ဈေးရောင်းမှတော့ ဘာဘွဲ့မှရဖို့မလိုဘူး။ အလကား ငွေကုန်လူပန်း"

လူကြီးတွေသုံးနေကျ လက်သုံးစကားဖြစ်သည်။ မှန်သင့် သလောက်လည်း မှန်ခဲ့သည်မို့ အဖြူလွှာတို့လူငယ်တွေမှာ ခွန်းတုံ့မပြန် နိုင်ခဲ့ပေ။

မောင်စိန်ဝင်း (ပုတီးကုန်း) တို့ နွမ်ဂျာသိုင်းတို့၏ တက္ကသိုလ်ကြီ ကို ရောက်ဖူးချင်ခဲ့သည်။ အိပ်မက်မက်ခဲ့သည်။ ထို့ကြောင့်လည်း စာကို ကျက်ခဲ့သည်။ သို့သော် တကယ်တမ်း တက္ကသိုလ်ဆိုတာ ငွေမရှိရင် နေလို့မကောင်းပါလားဆိုတဲ့ တက္ကသိုလ်ဘဝကို ကိုယ်တိုင်ကြုံခဲ့ရသည်၊ သို့သော် ဒါက မြစ်ကြီးနားအဝေးသင်မှာမို့လားဟု သံသယရှိခဲ့သည်၊

မန္တလေးရတနာပုံမှသူငယ်ချင်းများ ပြန်လာသောအခါ တက္ကသိုလ် အကြောင်းကို ကြားရသောအခါ ဝတ္ထုထဲမှပုံရိပ်ကို ခံစားရသည်။

အဖြူလွှာ မျက်ရည်ကျခဲ့ရသည်။ ငါ လူဖြစ်ရှုံးလိုက်တာဟု ဝမ်းနည်းမိသည်။ သို့သော် ဘဝပဲ ကျရာနေရာမှာ သင့်သလိုနေရမည်ဟု အားတင်းရပြန်သည်။ သို့သော် ထိုအားတင်းမှုတွေထဲ သိမ်ငယ်မှုတွေ နစ်မြောနေတယ်ဆိုတာ အဖြူလွှာကိုယ်၌က အသိဆုံးဖြစ်သည်၊ ထို့ကြောင့်ခင်လှပါချည်ရဲ့ဆိုသော သူငယ်ချင်းများနှင့်ပင် မတွေ့တော့ ဤမိုးမလင်းဈေးတန်း၌သာ ဘဝကို မြှုပ်နှံမိသည်။

မိဘတွေမရှိတော့ပါလားဆိုသော ပျော့ကွက်။ ငါက ဆင်းရဲလှပါတယ်ဆိုသော ပျော့ကွက်ကို တစ်လတာဖြစ်ခွင့်ရသော



ဘက္ကသိုလ်ကျောင်းသူဘဝ၌ မေ့ထားခဲ့သော်လည်း အတင်းပြောခံရသည့် နေ့မှ မလွတ်ကင်းပေ။

ငါ ချမ်းသာရင် ဒီအသံတွေတိတ်သွားမယ်ဆိုတဲ့စိတ်က အဖြူလွှာ့ရင်ထဲ ကိန်းဝပ်နေသည်။ ထို့ကြောင့် အဖြူလွှာ ချမ်းသာချင် သည်။ မော်ထဲသွားရမယ်ဆိုလျှင် ကျွမ်းလိမ့်အောင်ပျော်သည်။ မော်ထဲ သွားလျှင် ဈေးရောင်းရသည်ဆိုတာ သိသော်လည်း သူဌေးပေါသော အရပ်ဒေသဖြစ်၍ မျှော်လင့်ချက်ရှိသည်။ အခန့်မသင့်ပါက သူဌေး အတော် ဖြစ်ကောင်းဖြစ်နိုင်ပေမည်။

"ဟိုကောင်မလေး၊ ထ အိပ်မနေနဲ့။ ရေခဲသွားဝယ်"

အမှန်က အဖြူလွှာ အိပ်ပျော်မနေပါ။ ကောင်းကင်ကြီးကို ကြည့်ပြီး စိတ်ကူးယဉ်နေခြင်းသာဖြစ်သည်။

"ကျော်လျှားရှည်ကြီးနဲ့ အမြဲတမ်းအိပ်လျက်ကြီးပဲ။ ငါ့ထက်ပဲ့မက တော ... ပိုက်ဆံ၊ ထောင့်ငါးရာဖိုးဝယ်လာခဲ့"

ဒေါ်လေးနှောင်းလက်ထဲမှ ငွေထောင့်ငါးကို အဖြူလွှာ လှမ်းယူ လိုက်သည်။ ပြီးနောက် ကြိမ်ခြင်းကြီးကိုဆွဲပြီး ထွက်လာခဲ့သည်။

"အဖြူလွှာ ရေခဲသွားဝယ်မလို့လား"

"အင်း"

"ငါ့ဖို့ရော ငါးရာဖိုးလေးဝယ်ခဲ့ပေးပါ"

မမဲတူက ထုံးစံအတိုင်းမှာပြန်သည်။ အမှန်ပြောရလျှင် မမဲတူ ...က်ရေခဲကို အဖြူလွှာ ဝယ်မပေးချင်ပါ။ အလကားနေရင်း ဒေါ်လေး ...ဆဲခံရသောကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘုံကျွန်လား။ သူများခိုင်းတာလုပ်စရာလား။ မင်းကို သူက ဘယ်နှပြားပေးထားလို့လဲ။ စောက်ကြောမတည့်ဘူး"

ဒေါ်လေးနှောင်းနှင့် မမဲတူက တည့်လှတယ်မဟုတ်ပေ။ အလိုင်းကြီးဈေးဝယ်သူများထဲတွင် မမဲတူနှင့် ဒေါ်လေးနှောင်းက အပြိုင် အဆိုင်ဖြစ်ပေသည်။ ဒေါ်လေးနှင့်မတည့်ဘူးဆိုသော်ငြား မမဲတူက သဘောမဆိုးလှသူမို့ အဖြူလွှာခင်သည်။ အပန်းလည်းမကြီးသည်မို့ မငြင်းနိုင်ဘဲ ရေခဲငါးရာဖိုး ဝယ်ပေးဖြစ်သည်။ တစ်ပိဿာအိပ်ကပ်နှင့် လုံအောင်ထုပ်ပိုးနိုင်သော ရေခဲတုံးငယ်လေးဖြစ်သည်။ ငါးရာဖိုး သုံးတုံး ဖြစ်၏။ ရေခဲသုံးတုံးကို မမဲတူနေရာတွင်ထားခဲ့ပြီး အမှိုက်ပုံဘေးမှ မိုးကာ ပေါ်ထိုင်ပြီး ရေခဲကိုးတုံးထုပ်ဖို့ပြင်ရတော့သည်။ ရေခဲထုပ်သည်ကလည်း လွယ်လှတယ်တော့မဟုတ်ချေ။ မလုပ်တတ်လျှင် ရှုံးလေမပေါ့။ ဝယ်ထားသမျှ ကုန်စိမ်းတွေအကုန်လုံးကို ရေခဲရိုက်ပြီး တင်ပို့တာကိုး။ ကုန်စိမ်းဆိုတော့ အသားငါးလိုလည်း မဟုတ်ပေ။ ရေနှင့်ထိလျှင် ပုပ်နိုင် သည်။ သုံးနာရီပင် ကောင်းကောင်းခံလိမ့်မည်မဟုတ်။ ခုတော့ ခရီးက နီးလှတယ်မဟုတ်။ အနည်းဆုံး ရှစ်နာရီ ခရီးကြာသည်။ ရံဖန်ရံခါ လမ်း၌ ကားပျက်ပါက နှစ်ဆယ့်လေးနာရီခန့်ကြာနိုင်သည်။ ဒဏ်ခံနိုင် ရန် ရေခဲနှင့်တင်ပို့ရသည်။ ထို့ကြောင့် အလျား ငါးလက်မ၊ အနံ နှစ်လက်မခွဲနှင့် ထသုံးလက်မခန့်ရှိသော ရေခဲတုံးကို ပိဿာအိတ်သုံး အိတ် သုံးကာ ရေလုံအောင်ထုပ်ပိုးရသည်။

"ကဲ ... အဖြူလွှာရေ ငါတော့ ညောင်ချဉ်ရအောင်လိုက်ဦး မယ်။ အသီးဖာ အရင်ပြင်ထားနှင့် အပေါ်ဆုံးက ချဉ်ပေါင်အုပ်နော်"



ဒေါ်လေးနှောင်းက ဝယ်ထားသမျှပစ္စည်းကို မိုးကာပုံ ထပ်ပုံကာ ထွက်သွားပြန်သည်။ အဖြူလွှာက အထုပ်လိုက်ရှိသော ဂျပ်ဖာထုပ်ကို ဖြည်သည်။ ပြီးနောက် ဂျိုကာမုန့်ကြွပ်၊ ဂျပ်ဖာခွံကိုဆွဲယုတ်ပြီး ဖာပုံစံ ထွင်းသည်။ ပြီးနောက် ထောင့်နှစ်ရာဖိုးဝယ်ထားသော ငှက်ပျောရွက်နှင့် ဖာအတွင်း အခွေလိုက်ကာသည်။ မကာ၍မရပါ။ ငှက်ပျောရွက်က အေးသည်။ ပြင်ပ တိုက်ရိုက်မပူနှင့် လေဒဏ်အတွက် အတွင်းမှအရာ များကို ကောင်းစွာကာရံပေး၏။

"အဖြူလွှာရေ ... ဖက်ဖိုးထောင့်နှစ်ရာ"

ငှက်ပျောရွက်သည် မမိုးဝေက ရောက်လာပြန်သည်။ မမိုးဝေ သည် ငှက်ပျောရွက်ခုတ်ရောင်းသူပီပီ အကျီကာ ငှက်ပျောစေးဒဏ်ချက် ထွက်တယ်ဟူ၍မရှိပါ။ လက်သည်းများလည်း အသားဖြူခဲ့သည် ထင်ပါရဲ့ တော့ တောတိုးစားရလွန်းလို့ မျက်နှာပေါ် တင်းတိပ်အမည်းသားနှင့် မြန်း၍ နေလောင်ကုန်ပါပြီ။

"မရှိဘူး၊ လေးနှောင်း ဈေးထဲမှာရှိတယ် ပင်လွှားလိုက်"

မနက်ငါးနာရီခွဲပြီမို့ မိုးလင်းဈေးတံခါးကြီးပွင့်သွားသည်။ ထိုအခါ မိုးလင်းဈေးတွင် ရောင်းမကုန်သောပစ္စည်းများသည် နံနက် ဈေးဝင်း ကြီးထဲသို့ အော်တိုရောက်ကုန်သည်။ မိုးလင်းဈေးတန်းကြီးတွင် ဖက်ရွက် တ်များ၊ မီးဖိုအကြွင်းအကျန်များနှင့် လွှမ်းစရာပင်ကောင်းနေတော့၏။

"မမိုးဝေ"

"အေး ... ပြော"

လှည့်ထွက်လုလု ခြေလှမ်းများ နောက်ဆုတ်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖက်တွေက တော်တော်စုတ်တယ်။ အပိုင်းအပြတ်လေးတွေ။ မရှည်တော့ ဒီမှာ ခွေခေါက်ရခက်ပြီ"

"သည်းခံလိုက်ပါ အဖြူလွှာရယ်။ ခုတလော တောင်လေကလာတော့ လေက နည်းနည်းပြင်းတယ်။ ဖက်တွေစုတ်ကုန်တယ်။ နောက်နေ့ သေသေချာချာလုပ်ပေးပါ့မယ်"

အဖြူလွှာကျေနပ်ရပြန်သည်။ လေးနှောင်းနှင့် တိုင်ချင်စိတ်ပင် ကြက်ပျောက်ငှက်ပျောက်။ မျက်နှာငယ်လေးနှင့် ပြောနေရှာသော မမိုးဝေကို သနားမိသည်။ သူ့ခမျာ ကလေးသုံးယောက်ကို ရှာဖွေကျွေးနေရသော မုဆိုးမဖြစ်သည်။ ငယ်ကတော့ ဂုဏ်မောက်သူဟု ကြားဖူးသည်။ သို့သော် တောတိုးစားတဲ့ ငနိုင်နှင့်ညားပြီးကတည်းက ဆင်းရဲသွားရှာသည်။ ငနိုင်ကလည်း လွန်ခဲ့တဲ့နှစ်ကမှ ငှက်ဖျားပိုး ဦးနှောက်ထဲဝင်ပြီး ဆုံးသွားသည်။ ကလေးအကြီးလေးက သူငယ်တန်း၊ အလတ်လေးက သုံးနှစ်၊ အငယ်ဆုံးလေးက လသားအရွယ်လေး ကျန်ခဲ့သည်။ ဘာမှမလုပ်တတ်သောကြောင့် ငနိုင်လုပ်သလိုပင် သွေးနုသားနု တောတိုးစားရရှာသည်။ အနောက်တောင်သည် မမိုးဝေ၏ယာခင်း ဖြစ်မှန်းမသိ ဖြစ်သွားတော့၏။

"ပြင်ပြီလားဟေ့ ... ငါတော့ ညောင်ချဉ်မရလို့ လိုက်ရတုန်းပဲ"

မမဲတူက ပြောပြောဆိုဆိုနှင့် ညောင်ချဉ်တစ်ပုံး သူ့မိုးကာပေါ်ပုံကာ ဈေးထဲဝင်သွားပြန်သည်။ အဖြူလွှာရင်ထဲ သက်ပြင်းရှိုက်မိ၏။ ဒါကြောင့် လေးနှောင်းနှင့်မတည့်ကြတာဟု တွေးမိသည်။

ငှက်ပျောရွက်ခင်းပြီးချိန်တွင် အောက်ဆုံး၌ ဝယ်ထားသော





သခွားသီးထည့်သည်။ သခွားသီးသည် အနည်းဆုံး နှစ်ရက်အထားခံသော ခွည်းမို့ ကြားထဲ ရေခဲညှပ်စရာမလိုပေ။ အပေါ်၌ မန်ကျည်းသီးတွဲကို ဘင်သည်။ ပြီးနောက် ဘာကျန်သေးသလဲ ချောင်းကြည့်ရပြန်သည်။

"အဖြူလွှာရေ ... ဘယ်နှပွင့်လဲဟေ့"

မျှော်နေသော ကိုမျိုးညွန့်က ထော်လာဂျီနှင့်ရောက်လာသည်။ ထော်လာဂျီနောက်တွဲတွင် ပန်းမုံလာနှင့် နွေပဲသီးအိတ်ကို တွေ့ရသည်။

"အပွင့်ငါးဆယ်"

"သိပ်။ ရှယ်ထည့်လာတယ်"

ရှယ် ဟုတ်၊ မဟုတ် မသိသော်လည်း ရှယ်ဆိုသော အာလုပ်ထားသည် ကိုမျိုးညွန့်၏ လက်စွဲတော်ဖြစ်သည်။

"နွေပဲသီး ပြည်နှစ်ဆယ်အရင်ချပါ။ ဒီမှာ အသီးဖာပြင်နေတာ တစ်ခါတည်းထည့်မယ်"

"အေး ... အေး ... လောတာဟယ် မင်းကလည်း"

စကားပြော နွဲ့နှောင်းသော်လည်း ခြောက်တော့မခြောက်ပေ။

ဂေါ်ဖီက သုံးဆယ်တစ်အိတ်စာ"

"ဂေါ်ဖီလုံးက နောက်မှာလာမယ်။ နည်းနည်းနောက်ကျမယ်။ နားဆိုတော့ စက်လိုမမြန်နိုင်ဘူးလေ"

အဲ့ဒါ မင်းပြောမှလားဟု ဘုတောချင်သော်လည်း အသက်ကြီးသူမို့ သည်းခံလိုက်သည်။

"ဒေါ်လေးနှောင်း ဈေးထဲဝင်သွားတယ်။ ရချင်ရင် ဈေးထဲလိုက်သွား"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို အော်လှတ်ခဲ့မှာပေါ့ဟဲ့။ ရပါတယ် အလုပ်ပြီးမှပဲ အေးအေးဆေးဆေး လာကောက်တော့မယ်။ ဟိုက မမဲတူရဲ့နေရာ မဟုတ်လား။ သွားချလိုက်ဦးမယ်။ မင်းတို့ဆီချပြီး သူ့ဆီမချပေးရင် ငါ အအော်ခံနေရမယ်"

မမဲတူကိုကြောက်သူများထဲတွင် ကိုမျိုးညွန့်က ထိပ်ဆုံးမှပါသည်။

"ဘာလဲ မင်းက ငါ့ဆီအရင်မချဘဲ ဟိုကိုအရင်သွားချတာ နှာဘူးထချင်လို့လား"

ခုနစ်သံချီသော မမဲတူ၏အသံကို အဖြူလွှာသည် ရှက်သည်။ ထို့ကြောင့် မမဲတူနှင့်တုပြီး ရန်မဖြစ်လိုပေ။ ချဉ်ပေါင်ကို ရေခဲသုံးတုံး အုပ်ကာ ပြင်ပြီး ဖာဖုံးပိတ်၊ ကြိုးတုပ်ပြီးချိန်ထိ လေးနှောင်းက ရောက်မလာနိုင်ပေ။ ထို့ကြောင့် ပန်းမုံလာ အပွင့်ငါးဆယ်ကို ဂျိုကာဖာနှင့် ဆက်ပြင်ပြန်သည်။ ပန်းမုံလာကလည်း အပွင့်ကို သူ့အရွက်နှင့်သူအုပ်ပြီး တင်ပို့ပါက အကြမ်းခံသည်မို့ ရေခဲထည့်စရာမလိုပေ။ ရေခဲရိုက်တင်ပို့ပါက ပန်းမုံလာ ပုပ်သွားနိုင်သည်။

ပန်းမုံလဖာကို ပလပ်စတစ်ကြိုးနှင့် ခိုင်မြဲအောင် ကြက်ခြေခတ် ချည်တုပ်သည်။ ထိုအခါမှ လေးနှောင်းက ပြာပြာသလဲ ညောင်ချဉ်ခြင်းဆွဲပြီးရောက်လာသည်။

"ဟိုမိန်းမလေ ငါ ခေါက်ဆွဲသွားစားနေတုန်း ငါမှာထားတဲ့ ညောင်ချဉ်ခြင်းကို အတင်းဆွဲယူသွားတယ်။ သူ့ငွေးဖြစ်မယ့်အတိုင်းပဲ။ အကျင့်ကိုမှ ယုတ်လွန်းတယ်။ ကဲ ... သွား ... ဆာရင် ခေါက်ဆွဲ





သွားစား"

ဆာတာပေါ့။ မနက်တစ်နာရီတည်းက သွားလာနေရတာ။ မဆာရှိပါ့မလား။ သို့သော် သွားစားနေပါက နာရီဝက်မျှကြာမည်။ ကားက ကုန်လာတင်တဲ့အချိန် အလုပ်မပြီးသေးပါက မိမိပဲ အအော်ခံရမည်ကိုသိသည်။ ထို့ကြောင့် မစားလိုတော့ပေ။

"လေးနှောင်းလက်ထဲက ခေါ်ပုတ်ထုပ်မဟုတ်လား"

"အေး"

ခေါက်ဆွဲကြိုက်မှန်းသိသော်လည်း ခေါက်ဆွဲသွားစားပါက အချိန်ကုန်မည်ကို လေးနှောင်းတွက်ပေလိမ့်မည်။ ခေါ်ပုတ်ပဲ အလုပ် လုပ်ရင်းစားဟုပြောလျှင် ရက်စက်ရာကျမည်ကို တွေးမိလိမ့်မည်။ ထို့ကြောင့် ဒေါ်လေးနှောင်းသည် ရက်စက်ရာမကျလေအောင် အဖြူလွှာကပဲ အလိုက်တသိဖြင့် ...

"ရပါတယ် ခေါ်ပုတ်ပဲ ဆီထိုဖူးနဲ့ တို့စားတော့မယ်"

"အေး ... မင်း ခေါက်ဆွဲသွားမစားချင်မှာစိုးလို့ ငါလည်း ခေါ်ပုတ်ဝယ်လာတာ။ ဒါပေမဲ့လည်း စားချင် သွားစားပါလေ"

ရင်ထဲ ခံရခက်သည်။ သူကျတော့ ကြက်ပေါင်းနှင့်တစ်ပွဲငါးရာတန်ခေါက်ဆွဲစားခဲ့မှာ ကျေနပ်ဖြစ်သည်။ အဖြူလွှာသည် မုန့်ထဲ၌ ခေါက်ဆွဲတစ်မျိုးတည်းကိုသာ စွဲမြဲကြိုက်သူဖြစ်၏။ ဒါကို တစ်ဆွေလုံး တစ်မျိုးလုံးသိသည်။

"ရပါတယ် အလုပ်ထက် ဘယ်အရာမှ အရေးမကြီးပါဘူး"

မှန်တာပြောရရင် အမိုက်ပုံနှံ့ကလည်း သေးတဲ့အနံ့မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပုတ်မီးကင်ကို ပူပူကို ဆီထိုဖူးနှင့်တို့စားနေရသော်လည်း မျက်ရည်က စို့ချင်လာသည်။ ကျောင်းနေဘက်သူငယ်ချင်းတွေ တွေ့မသွားပါစေနဲ့ဟုသာ ရင်ထဲ ကြိတ်ဆုတောင်းနေမိတော့သည်။

ဒေါ်လေးနှောင်းကတော့ အရွက်စိမ်းဖာကိုသာ ရေခဲအထပ်ထပ် အုပ်ပြီး ပြင်ဆင်နေသည်။ စားပြီးသောအခါ ဘူးသီးတွင် နာမည်ရေးပြီး ကြွပ်ကြွပ်အိတ်နှင့်စွပ်သည်။ နာမည်မရေးလို့ မရပါ။ ကုန်ကားတစ်စီးပေါ်တွင် တင်သည့်လူက အစုံဖြစ်သည်။ ကိုယ့်ပစ္စည်း၊ သူ့ပစ္စည်း မှားနိုင်သည်။

"ပြီးပြီလားဟေ့"

ကားစပါယ်ယာ ပုချေး၏အသံဖြစ်သည်။ ပုချေးသည် အဖြူလွှာနှင့် ကျောင်းနေဖက်ဖြစ်၏။ နာမည်ရင်းသည် မင်းမြတ်နိုင်ဖြစ်၏။ စာမေးပွဲသုံးခါကျသည်။ ကားပိုင်မိသားစုဖြစ်၍ မအောင်သောစာမေးပွဲကို ဆက်မဖြေတော့ဘဲ လမ်းကျွမ်းကျင်အောင် မိဘများက စပယ်ယာ ထည့်ထားခြင်းဖြစ်သည်။ သို့သော် အုံနာစပယ်ယာမို့ လူရှိန်သည်။

"ပြီးပြီ ... လာတိုက်တော့"

"အဖြူလွှာ မင်းရဲ့ကြီးကြီးက ငါတို့ကားနဲ့လိုက်ခဲ့ဖို့ မှာခဲ့တယ်။ ငါမေ့နေလို့ မပြောရသေးတာ။ ဈေးရောင်းမနိုင်ဘူးတဲ့"

ရင်ထဲ လှိုက်ခနဲပျော်သွားသည်။ လေးနှောင်းကို ဆတ်ခနဲ မော့ကြည့်၏။ မျက်နှာရိပ်ကာ အိမ်ပြန်ပြီး အဝတ်အစားသွားထည့်ဟု အမိန့်ပေးရသည်။

မိသားစုထဲတွင် ကြီးကြီးနွေက အာဏာရှိ၏။ ကြီးကြီးနွေစကား





ကိုဆို မည်သူမှ မပယ်ရှားဝံ့ချေ။ ကြီးကြီးနွေကြောင့်ပဲ အဖြူလွှာက မပူမပင်နေရခြင်းဖြစ်၏။ ဆက်ကော့လတ်ကော့နိုင်သော အဖြူလွှာကို အဖွားက တည့်လှသည်တော့မဟုတ်။ အဖွားနှင့် ဒေါ်လေးနွေယောက်ျား ဦးမောင်မောင်ကလည်း တစ်ကိုထဲးတည်းသားမို့ အိမ်၌ အဖြူလွှာ အနေခက်သည်။ ပြီးတော့ လိုက်ရမှာကလည်း ပုချေး၏ကားနှင့်ဖြစ်သည်။ ပုချေးက ဆယ်တန်းတုန်းက အဖြူလွှာ့ကို ရည်စားစကား ပြောဖူးသည်။ ကျောင်း၌ နာမည်ရသော အဖြူလွှာက ပုချေးကို ရှုမစိုက်ခဲ့ပေ။ သို့သော် ယခုချိန်မှာတော့ ပုချေး၏မိသားစု အခြေအနေကို သိပြီးပြီမို့ ပုချေးကို အဖြူလွှာ လက်မခံနိုင်စရာအကြောင်းမရှိတော့ပေ။ သားနှစ်ယောက်ပဲရှိသော မိသားစုဖြစ်သည်။ နှစ်ထပ်တိုက်ပိုင်သည်။ ဆယ်ဘီးကားနှစ်စီးပိုင်သည်။ ပြီးနောက် ဖောဝေးကားသုံးစီးပိုင်သည်။ ပုချေး၏အစ်ကိုက စာတော်သူမို့ ဆေးကျောင်းတက်နေသည်။ ကျောင်းပြီးလို့ ဆရာဝန်ဖြစ်ပါက မြို့ပေါ်၌နေမည်။ ထိုပစ္စည်းများအားလုံး ပုချေးအပိုင်သာဖြစ်ပေလိမ့်မည်။ ထို့ကြောင့်ပဲ ဤကားလောကထဲ ပုချေးကို သူ့မိဘများက ဆွဲသွင်းထားပုံရသည်။

"လိုက်မှာမဟုတ်လား။ ခေါင်းခန်းထဲထိုင်လိုက်လေ။ ကားခ ယူပါဘူးကွာ။ သူငယ်ချင်းတွေပဲ"

"လိုက်သွားလေ။ မင်းမရှိလည်း မင်းအစား ငါ့ယောက်ျား ကူမှာပါ"

ထလို့တောင် ခုန်ချင်လာသည်။ အဖြူလွှာ ပျော်နေသည်ထက် ပုချေးက ပိုပျော်သွားပုံရသည်။ ဒါကို အဖြူလွှာရိပ်မိ၏။ အဖြူလွှာ့ကို

www.burmeseclassic.com



ပုချေးက ခုချိန်ထိ ကြိုက်နေသေးမှန်း အဖြူလွှာရင်ထဲကသိသည်။ သို့သော် ပုချေးသည် ရည်းစားစကားမပြောချေ။ အငြင်းခံရမှာ ကြောက်လို့လား။ အရွယ်မရောက်သေးဘူးလို့ ခံစားနေရတာလား။ ဒါမှမဟုတ် မပြောချင်တော့တာလား။ ငယ်သေးတယ်လို့တော့ ခံစားနေရပုံမပေါ်ချေ။

“ပုချေးတို့များ ရောက်လာရင် အဖြူလွှာနားကကို မခွာတော့ဘူး”

ထုံးစံအတိုင်း မမဲတူသည် စိတ်ထဲရှိသည့်အကြောင်းအရာကို အောင့်အီးမနေနိုင်ချေ။ ကုန်ထည့်နေရင်းပင် မအားမလပ် လှမ်းခနဲ့ရသေးသည်။

“ကျွန်တော်တို့က သူငယ်ချင်းတွေလေ။ သိလာတာ ဆယ်နှစ်ကျော်ပြီ။ အဲ့ဒါ မမဲတူနဲ့လာပြောရမှာလည်း မမဲတူနဲ့ ကျွန်တော်နဲ့ သိတာ ခြောက်လတောင်မပြည့်သေးဘူး”

“အေးပါ ... အေးပါ ... နောက်တော့မှ မင်္ဂလာဖိတ်စာ မပို့ခဲ့နဲ့”

“ပို့လည်း လာခဲ့ပေါ့။ ပုချေးနဲ့ အဖြူလွှာကို ဘာမှသဘောမတွေ့နိုင်စရာအကြောင်းမရှိဘူး”

ဒေါ်လေးနှောင်းက ထပ်ခနဲ့လိုက်တယ်ဆိုသော်လည်း အဖြူလွှာမှာ အိုးမလုံ အုံပွင့်ဖြစ်သွားရသည်။ ပုချေးကလည်း မျက်နှာတွေ နီရဲလို့ အဖြူလွှာ့ကိုပင် မကြည့်ဝံ့တော့။

“အမယ်လေး ပုချေးရယ်။ အိုးကမပူ စလောင်းကပူနေပြန်ပြီ။ ငါက မိန်းကလေးပါဟဲ့”





“အဟဲ ... လေးနှောင်းကလည်း”

“အမယ်လေး ... မင်းအသံကြီးပိတ်ထားစမ်းပါ။ မိနှောင်းပြောတာကို ရင်ထဲက ကြိတ်သဘောကျနေတယ်မဟုတ်လား”

“ဟာ ... ဗျာ ... မမဲတူကြီးကလည်း”

“အဲ့ ... လေးနှောင်း ကျွန်မ အဝတ်အစားတွေ သွားထည့်လိုက်ဦးမယ်”

မတတ်နိုင်ပါ။ အဖြူလွှာ ရှက်လွန်း၍ မနေဝံ့တော့ပေ။ ထို့ကြောင့် စက်ဘီးကို ရှက်ရမ်းရမ်းပြီး ဆွဲထုတ်သည်။ ဖြစ်ချင်တော့ ဘဂျုံးဂျုံးမြည်ခဲ့သော ချိန်းဖုံးတွင် ကြိုးကမရှိတော့ပေ။

“ချိန်းကြိုးကျသွားပြီ”

အဖြူလွှာ့အသံ ညောင်နာနာဖြစ်သည်။ ရှက်လည်းရှက်သည်။ ဘာပဲဖြစ်ဖြစ် မိမိအပေါ် မရိုးမသားဖြစ်နေသော ယောက်ျားတစ်ယောက်ရှေ့တွင် ဘာကိုမှ အမှားအယွင်းမဖြစ်ချင်ပါ။ မိမိရဲ့မိသားစုအခြေအနေကို ပုချေးက သိနှင့်နေမှန်းသိသော်လည်း မပြည့်စုံမှုကိုတော့ ရှက်သည်။ ဘာဖြစ်လို့လဲဆိုတော့ ပုချေးသည် ပြည့်စုံသူဖြစ်မှန်း သိလိုက်ရလို့ဖြစ်၏။

“ပေး ငါလုပ်ပေးမယ်။ မင်းလက်တွေ ချိန်းဆီပေကုန်မယ်”

တကယ်တမ်းတော့ ပုချေး၏လက်ချောင်းများသည် လှသည်။ အိမ်၌ ဘာအလုပ်မှမလုပ်ရမှန်း သိသာသည်။ ယာဉ်နောက်လိုက်ဆိုသော်ငြား လုပ်ငန်းသဘောတရားနားလည်ရုံသာ ထည့်ထားသဖြင့် ပုချေးက အငြိမ်းစား ကားစပယ်ယာဖြစ်သည်။ ဒရိုင်ဘာကပင် ပုချေးအလိုကိုလိုက်နေရသည်။ သို့သော် ပုချေးက အောက်ခြေလွတ်နေသော



www.burmeseclassic.com

www.burmeseclassic.com



သူဌေးသားမဟုတ်ချေ။ ဒါကြောင့်လည်း လေးနှောင်းက အဖြူလွှာ့ကို ပုချေးနှင့် လွှတ်ထားသည်ထင်ပါရဲ့။ အဖြူလွှာ့ဘဝကို ကောင်းစားစေချင် ၍လား။ ငါလက်က ကျွတ်ပြွတ်လားတော့မသိ။

"ငါ့ကို အရမ်းမရှက်ပါနဲ့ အဖြူလွှာ။ မင်း အနေခက်နေမယ် ငါက ဘာမှမဟုတ်ပါဘူး ရပါတယ်"

ချိန်းကြိုးတပ်နေရင်း နစ်ကိုယ်ကြားပြောလာသော ပုချေးကို အဖြူလွှာ စိုက်ကြည့်မိသည်။ ပုချေးသည် အဖြူလွှာ့ကို မော့မကြည့်ဘဲ ပြောနေသည်။

"အဲ့ဒီလို စတာတို မင်းမကြိုက်ဘူးဆိုရင် ငါ မမဲတွကို တိုးတိုး ပြောထားပါ့မယ်"

"ပိုဆိုးကုန်မှာပေါ့"

"ငါ ဝေးဝေးမှာနေပေးရမလား"

"နင့်သဘောပါ"

"ငါ့သဘောဆိုရင်တော့ မင်းအနားမှာပဲနေချင်တယ်။ ဒါပေမဲ့ မင်းမကြိုက်ရင်တော့"

အ,လိုက်တာ ပုချေးရယ်။ အ,လိုက်တာဟုသာ ရင်ထဲ မချိတင်ကဲဖြစ်မိသည်။

"ငါမကြိုက်ရင် မလာတော့ဘူးလား"

"လေးနှောင်းကတော့ ပြောနေတယ်။ ရွှံတာလား၊ အဲတည်လား လို့တော့ ငါ ဝေခွဲမတတ်ဘူး။ ဒါပေမဲ့ မင်းက တက္ကသိုလ်ကျောင်းသူ ဆိုတော့"





"အဲ့ဒီ တက္ကသိုလ်ကျောင်းက ဘာလုပ်ရမလဲ။ ငွေမရှိရင် ကျောင်းဆိုတာလည်း အိပ်မက်ထဲမှာပဲရှိတယ်။ ကဲ ... ချိန်းဖုံးတပ်လို့ ပြီးရင် ငါသွားမယ်။ ပတ်ဝန်းကျင်က ငါ့ကို ပြောချင်ချင်ရယ်"

"ငါ့ကြောင့်လား"

သေလိုက် ပုချေး။ အဲ့ဒီမှာ လဲသေလိုက်။ အဲ့ဒီစိုးရိမ်စိတ် တွေနဲ့ နင် ငါ့နား ဘယ်တော့မှရောက်မှာမဟုတ်ဘူး။ သေလိုက်။ ငါလည်း ယုန်တိုး မတိုးရင် ပိုက်ရွှေ့ပေးမယ့်အမျိုးအစား မဟုတ်ဘူး။ နင် အဲ့ဒီမှာသေလိုက်တော့ဟုသာ မြောင်းထဲမစီးချင်နေသော ရေထုံ ရေငြိမ်ကို စိတ်ထဲ အပြစ်တင်ပြောဆိုမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေထဲ ခြေထောက်ချလိုက်တာနဲ့ ထုံခနဲ အေးသွားရသေ
လည်း ထိုအအေးဒဏ်နှင့် နာရဏီသည် ကျင့်သားရနေပါပြီ။ နေ့ဆို
ဆင်းလျှင် ရင္ဘေနည်းပြီး ပင်ပန်း၏။ ညဆိုင်းဆင်းပါက မစားရတာကြာ
ဖြစ်သော လက်ဖက်သုပ်လည်း စိတ်ကြိုက်ဝါးရသေးသည်။ ပင်ပင်ပန်းပ
ဖြုတ်ဟယ်၊ တပ်ဟယ်လုပ်နေစရာလည်း မလိုပေ။ ပန်ကာကြိုးလေး
ဂရုစိုက်ကိုင်ပြီးမှသာ အသာငြိမ်နေရသည်။ ကြိုးကို အလျော့အတ
လုပ်ပြီး အခြေအနေကို ကြည့်ရုံသာဖြစ်၏။

ဆောင်းလေအေးမို့ တစ်ချက်တစ်ချက် ငေ့လိုက်လျှင် တုန်
ကျင်သွားသည်။ ည ခုနစ်နာရီမှ ရှစ်နာရီခန့်မှစ၍ ဆင်းနေသောကြော
မျက်စိတွေမှေးကျဉ်းစပြုလာသည်။ အချိန်အားဖြင့် ည ဆယ့်နှစ်နာရီတိ
ဖြစ်သည်။

ငိုက်ချင်သော်လည်း မငိုက်မြည်းနိုင်ချေ။ ငိုက်လိုက်ပါ
အခန့်မသင့်လျှင် အသက်ပါသွားနိုင်သည်။ ရွှေတွင်းမို့ ကျင်းပြို
မဆန်းသော်လည်း သေရမှာကိုတော့ ကြောက်သည်။ ကြောက်သ
ဆိုတာထက် ဘဝကို ရေစုန်မျှော အရှုံးမပေးလိုပေ။ ဆင်းရဲမှု
ကြား ရုန်းကန်နေခဲ့ရ၍ ဘဝတွင် ငွေကို အများနည်းတူ မသုံးဖူးသ





မ်ကျသောအိပ်ရာထဲတွင်လည်း မအိပ်ဖူးသေးချေ။ အမေကလည်း
အများသူငါလို ရွှေဆွဲကြိုး ငါးမူးသားလေးပင် မဆွဲဖူးချေ။ သားနှစ်ယောက်
ကြီးမွေးထားပါလျက်နှင့် အိမ်ခေါင်ပင် မိုးလုံအောင်မကာခဲ့ရ။ အများအိမ်
လို သွပ်မိုးဖို့ဆို ဝေးရော။ ပွင့်လင်းရာသီ၌ တောထဲသက်ကယ်ရိတ်ကာ
တစ်နှစ်ပတ်လုံး ကုန်းရုန်းပစ်တဲ့ သက်ကယ်ပျစ်လေးများနှင့်သာ မိုးနိုင်
သည်။ သက်ကယ်ကို တောထဲမှ အိမ်သို့အရောက် သူနှင့် အစ်ကိုက
ထမ်းသယ်ကြသော်လည်း သက်ကယ်ပျစ်သည့် ကိစ္စက လွယ်တယ်ရယ်
တော့ မဟုတ်ပေ။ သူနှင့်အစ်ကိုက ယောကျ်ားသားများမို့ သက်ကယ်
ပျစ်နိုင်ကြချေ။ မိန်းကလေးအလုပ်ပါဟု သတ်မှတ်ထား၍လည်းပါသည်။

အမေက ချွေးမလိုချင်ပြီထင်ပါသည်။ အစ်ကို့ကို အစ်ကို့
သည်စားနှင့် ယူတော့မှာလားဟု မကြာခဏမေးသည်။ နှစ်မျိုးယူဆနိုင်
သည်။ မင်္ဂလာစရိတ်မရှိလို့လား။ ချွေးမလိုချင်လို့လား။ နာရဏီတို့မြို့
သည် မိန်းမယူရင်လည်း လွယ်လှတယ်ဟုတော့ မဟုတ်ချေ။ ဓလေ့
ထုံးတမ်းအညီ ဆောင်ရွက်ကြရသည်။ ယောကျ်ားလေးက မိန်းကလေး
မိဘကို ချွေးမတောင်းရသည်။ မိန်းကလေးက ကွမ်းဖိုး (သို့မဟုတ်)
ငြိမ်ခန့်ခဲ့လျှင် နှစ်ဦးနှစ်ဖက်အဆင်ပြေအောင် ညှိနှိုင်းကြရသည်။
ည်း၍လည်းမဖြစ်ပေ။ ကိုယ့်သမီး၏တန်ဖိုးဖြစ်နေသည်။

မအေးနှင်းဝေတို့မိသားစုသည် လယ်ဆယ်ဧကနှင့် နိုင်းနွား
ည်းပိုင်သည်။ ဆန်စက်ပိုင်သည်။ နည်းတဲ့ပိုင်ဆိုင်မှု မဟုတ်၍ ကွမ်းဖိုး
ကလည်း နည်းမည်မဟုတ်ပေ။ သို့သော် အစ်ကိုအတွက်တော့
ဆင်ပြေသွားနိုင်သည်။ မအေးနှင်းဝေက တစ်ဦးတည်းသောသမီး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါလား။ အစ်ကိုလည်း မင်္ဂလာဆောင်ပေးပြီးရော အစ်ကို့ကို သားမက်တက်သာထည့်လျှင် သူ့မှာတော့ ဘက်ပဲ့သွားသောနွားတစ်ကောင် လို ကုန်းရုန်းရတော့မည်။ ရှိတာလေး ရောင်းချပေါင်နှံပြီး မင်္ဂလာစရိတ် သုံးလျှင် သူ့အတွက် ခက်ခဲသွားချေမည်။ အစ်ကိုလည်း ဒါကိုတွေးသည် ထင်ပါရဲ့ အိမ်ထောင်ပြုဖို့ ပါးစပ်မဟချေ။

"ကဲ ... နာရဏီ တက်တော့လေ။ ငါ ကိုင်ထားမယ်"

"ဟာ ... မင်း နေမကောင်းဘူး မဟုတ်လား နားပါ"

"ရပါတယ်ကွာ။ ရဲဘော်ရဲဘက်တွေပဲ။ နဖူးချွေးတာလောက်ကိုသာ စာဖွဲ့နေရင် ငါတို့ဖင် ကောက်ရိုးထုံးဆို့ထားရမယ်"

"မနေ့က မိုးရွာထားတယ်။ မြေကြီးတွေပျော့နေတယ်နော် ဂရုစိုက်ဦး"

ပန်ကာကြိုးကို ဖြေလျှော့ပေးပြီး ကျင်းထဲမှ အပေါ်တက်ဖို့ပြ သည်။

"မင်းအိမ်ကို ပိုက်ဆံပို့ဖြစ်သေးလား"

"မယ်လိဂ်ကာ ချွတ်ခြုံကျအောင်ညည်းနေမှတော့ ဘယ်လိုလု ထုတ်စုံမှာလဲ"

"အရိပ်အချေသိပ်ကြည့်မနေနဲ့။ အဲ့ဒါ သူတို့အကျင့်တွေပဲ ခိုင်းတဲ့အခါ ခိုင်းပြီး ငွေပေးဖို့ကျတော့ တွန့်ဆုတ်နေပြီ။ ကြမ္မာဆိုးနဲ့ တွေ့ဦးမှာ။ လုပ်အားခ မတရားဦးချင်တဲ့လူတွေ"

ရဲဘော်က မကျေမနပ်ပြောသည်တွင် နာရဏီ ငိုင်ကျသွား သည်။ အိမ်နှင့် အဆက်အသွယ်ပြတ်နေသည်မှာ နှစ်လကြာသွား





ဖြစ်သည်။ ဤ မျောသို့ရောက်လာသည်မှာလည်း နှစ်လရှိပြီဖြစ်သည်။ ဤမျောသည် စက်မျော၊ သူဌေးမျောဖြစ်ပါလျက်နှင့် လုပ်ခကို ပုံမှန် ရှင်းချင်ကြပါ။

သဘောကောင်းသည်ဟုဆိုသော ပေါ်လိန်းသည် မုံရွာတွင် ဘွားရေးအခြေချရန် ဆင်းသွားသည်ဟု သိရသည်။ ကျင်းကို မယ်လိန် သာ ဦးစီးဦးဆောင်ပြုနေသည်။ စားလိုက်ရတဲ့ ချဉ်ပေါင်ရေကျဲ။ မှ ချဉ်ပေါင်ချဉ်စပ်ချက်ကလေးကိုသာ တမ်းတမိပါရဲ့။ အမေ့လက်ရာ ကောင်ကင်လေးနှင့် ပန်းဥငရုပ်သီးထောင်းလေးသာဆိုလျှင် နို့ဆီ လုံးချက်ကုန်အောင် စားပစ်ချင်သည်။ သို့သော် ယခုတော့ ချဉ်ပေါင် လေးကို ကိုက်မိလိုက်လျှင်ပင် အဖတ်ရဲ့အရသာကို လျှာထဲ တွေ့သွား သည်။

တစ်လုံး တစ်ရာ့နှစ်ဆယ်တန် ကြက်ဥကို နှစ်ခြမ်းခွဲစားရလွန်း၍ သည်း လူက လုံးချင်နေပါပြီ။ ရုံဖန်ရံခါ အမဲနှပ်ကလေး အိပ်မက် မိပါရဲ့။ သို့သော် အမဲပန်းကန်က လှမ်းဆွဲလိုက်တိုင်း မှောက်ကျကုန် သည်။ မယ်လိန်းကြီး သဘောကောင်းချက်တော့ အမဲနှပ်ကို အိပ်မက်ထဲ စားခွင့်မပြုချေ။

ရာသီစာဖြစ်သော ပန်းမုံလာကို ပြုတ်သလိုကြော်ပြီး ကျွေးနေ သည်မှာ မျက်နှာလည်း ပန်းပွင့်တွေ ပွင့်ကုန်ပြီဖြစ်သည်။ ဒီကို ထည့်တယ် သည့် ကြော်ပေးသဖြင့် အရသာက လျှာဖျားမဝင်ချေ။ ရုံဖန်ရံခါ သည့် ပလာတူခြောက်ကြော်လေးကိုသာ လွမ်းနေမိသည်။

တစ်ပတ်ကိုတစ်ကြိမ်ကျွေးသော ကုလားပဲကြော်ဖံဟင်းရည်များ

www.burmeseclassic.com



ဆို ထမင်းကို ခူးမလောက်ပေ။ မောမောနှင့် အားပါးတရ စားကြသောကြောင့် ဆန်ကုန်များတယ်ဟု မယ်လိန်ကညည်းပြန်သည်။

သို့သော် လည်ပင်းမှ မယ်လိန်၏ဆွဲကြိုးသည် တစ်ဖြည်းဖြည်းကြီးလာတာကိုတော့ သတိပြုမိသည်။ ဘက်ဖိုးဆိုလည်း တစ်စီးမှ နှစ်စီးတိုးရုံမက အငှားပါလိုက်နေပြီဖြစ်သည်။ သို့သော် အဆင်မပြေဘူးဟန်ဆောင်ညည်းမြဲပင်ဖြစ်သည်။

အမိုက်ကန်မျှောသည့်နေ့များဆိုလျှင် ခရမ်းသီးနှစ်ချက်နှင့် ဘူးသီးဆီပြန်ရေပြန်လေး ချက်ကျွေးတတ်သည်။ ချိုလည်းချိုသည်။ စားဖို့မကတော့ ပုဇွန်ခြောက်နှင့်ချက်ထားတာဟုဆိုသော်လည်း ပုဇွန်ကောင်ကို ရေငုပ်ရှာရမလားပင်။ ငါးပိရည်ကျိုလေး ငရုပ်သီးနိုင်းချင်းနှင့် စားရသောအခါ အမေ့ကိုလွမ်းမိပါရဲ့။ အမေက ရန်ကုန်ငါးပိရည်ဆိုရင် နှစ်ရာဖိုး၊ သုံးရာဖိုးမျှ ဈေးပေးပြီး ဝယ်စားတတ်သူဖြစ်သည်။

"ဒုက္ခရောက်အောင်ကိုလုပ်ဦးမယ်"

ရဲဘော်သည် စိတ်ထားကောင်းသော်လည်း အပြောကြမ်းသူဖြစ်သည်။ ရဲဘော်သည် မယ်လိန်အပေါ် အပြုံးရှိ၏။ တစ်ခါက မယ်လိန်သောက်သော စူပါကော်ဖီမစ်တစ်ထုပ်ကို မယ်လိန်ကို အသိမပေးဘဲယူသောက်ဖူးသည်။ တန်အောင်အပြောခံခဲ့ရသည်။ ထိုနေ့မှစ၍ မယ်လိန်အပေါ် ရဲဘော် အမြင်မကြည်တော့ချေ။

"မင်းနဲ့ ငါ ရွှေခိုးကြမလား"

"ဟာ ... မလုပ်ပါနဲ့ကွာ။ ချမ်းသာမယ့်ကိစ္စလည်း မဟုတ်ဘူး။ ရွှေနှစ်ကျပ်သားနဲ့ ငါတို့ တိုက်တည်နိုင်မလား။ တည်နိုင်တယ်ထားဦး





လိပ်ပြာသန့်မလား"

"မင်းကောင်တွေရှိနေလို့ ဒီလိုမယ်လိန်မျိုးရှိနေတာပဲ။ ငါ့ကိုတော့ လာစမ်းလို့မရဘူး။ ငါ ရွှေခိုးထားတယ်"

"ဟမ်"

"ငါက ကျင်းခေါင်းပဲလေ။ ငါ့ကိုမှ ကောင်းကောင်းမဆက်ဆံချင်တာ ခံပေါ့။ မျှောအကြောင်းလည်း ဘာမှနားလည်မဟုတ်ဘူး။ တစ်ရက်ကို ရွှေနှစ်ဆယ်ခိုး သူဘာသိဦးမှာလဲ။ လက်ပံပင်ခြေရင်းမှာ သွားဖွက်ထားတာ။ ငါ့အမေ နေမကောင်းဘူးလေ။ ပြီးတော့ ငါ့ညီမလေးကို တက္ကသိုလ်ပို့ရဦးမယ်။ ငါ အဲ့ဒီလိုမလုပ်လို့မရဘူး။ မင်းကို ငါယုံကြည်လို့ပြောပြတာနော်။ ငါ ဒီမျှောကထွက်သွားတော့မှာ။ ခုဆိုလေးကျပ်သားလောက်ရလောက်ပြီ။ ငါတို့ရွာမှာ ငါ့အမေအတွက် အိမ်ဆိုင်လေးဖွင့်ပေးပြီး ထားမယ်။ အဲ့ဒါဆိုရင်တော့ ငါ့အမေအတွက် ပူစရာမလိုတော့ဘူး"

သူ ရဲဘော်ကို ငေးကြည့်နေမိသည်။ အံ့လည်း အံ့ဩမိသည်။ ရဲဘော်စိတ်ထဲ မိသားစုက အဲ့ဒီလောက်ထိရှိနေမှန်း သူထင်မထားတာအမှန်ပါ။ ရဲဘော်သည် အရက်လည်းကြိုက်သည်၊ သောက်စားပြီး ပျော်ပါးသလိုနေတတ်သူဖြစ်သည်။

"ငါ သူတို့ဆီမှာ လုပ်လာတာ နှစ်နှစ်ရှိနေပြီ။ ဘာမှအပိုမရခဲ့ဘူး သစ္စာရှိလည်း အလကားပဲ။ ပေါ်လိန်ကပေးလိုက်ပါလို့ ပြောပေမယ့် ငွေက မယ်လိန်လက်ထဲမှာပဲရှိတယ်။ ထွက်ပေါက်မရှိရင် ထိုးဖောက်တာပဲပဲ။ လူဆိုတဲ့အမျိုးက ချောင်ပိတ်နေလို့မှမရတာ"



www.burmeseclassic.com

www.burmeseclassic.com



လူ့စိတ်ဆိုတာမျိုးကို သူကိုယ်၌ကလည်း အံ့ဩမိသည်။ ရဲဘော်ကို ရွှေနိုးနေလိမ့်မယ်ဟု သူ လုံးဝမထင်ထားခဲ့ချေ။ ခုတော့ လေးကျပ်သား တောင် ရပြီဆိုပါလား။ နှစ်ဆယ့်လေးသိန်းကျော်ရပြီပေါ့။ သူ အံ့ဩ သည်။ သူ့ဘဝတွင် ဘယ်ငွေကို ဘယ်တုန်းကမှ မကိုင်ဖူးခဲ့ချေ။

ရွှေမျှောသာလုပ်နေရသော်လည်း ရွှေတစ်ပိဿာကိုမှ မမြင်ဖူး သေးချေ။ ညနေတိုင်း မယ်လိန် ရွှေလာသိမ်းလျှင် ကြွပ်ကြွပ်အိတ်လေးနှင့် ထုပ်ယူသွားတတ်သည်။ ဒါကလည်း အထုပ်သေးသေးသာဖြစ်သည်၊ အလွန်ဆုံးရှိ ငါးကျပ်သားပေါ့။

ဆီဖိုးရှင်းရမယ်၊ အခွန်ဆောင်ရမယ်၊ ရိက္ခာဖိုး၊ မှုံ့အိုးကွဲသွား ပြန်ပြီ။ လိုက်ပျော့ဖိုး၊ လည်ချောင်းပိုက်ဖိုး၊ သံပိုက်ဖိုးသွားပေးရမယ်ဟု ပေးစရာချည်း ရေရွှတ်သွားသဖြင့် ရွှေမျှောလုပ်သားများမှာ လုပ်ခပင် မထုတ်ဝံ့တော့ချေ။

"သွားတော့လေ၊ နားတော့။ ငါတော့ တစ်ရေးအိပ်လိုက်ဦးမယ်"

နာရဏီ လှည့်ထွက်သွားသည်။ ရဲဘော်ကို မအိပ်စေချင်ပါ။ သို့သော် အန္တရာယ်သည် မအိပ်ပါနဲ့ဟုလည်း မပြောနိုင်ချေ။ ရဲဘော် သည် မိမိထက် အတွေ့အကြုံများသူတစ်ဦးဖြစ်သည်။ အသက်အရွယ် မကွာသော်လည်း ရွှေမျှောကို မိမိထက်ကျွမ်းကျင်သည်။ အထာပိုသိ သည်။ ထို့ကြောင့် ကျင်းခေါင်းဖြစ်နေခြင်းဖြစ်သည်။ ထိုသူမျိုးကို သူလိုလူက ဆရာမလုပ်ဝံ့ချေ။ သို့သော် စိတ်ထဲလေးနေသည်။ ရဲဘော်ကို စိတ်မချချင်ပေ။

အာရုံထဲ၌ ရွှေလေးကျပ်သားကလည်း ကြီးစိုးနေပြန်သည်။





ရဲဘော်တောင်ရပြီ ငါဘာလုပ်ရမလဲဆိုသော မေးခွန်းတွေက သို့လော သို့လောဖြစ်နေသည်၊ ဘယ်သောအခါမျှ မပေါ်ခဲ့ဖူးသော လောဘက နှလုံးသားထဲရောက်လာသည်။ အိမ်အောက်၌ သက်ကယ်ပျစ်နေသော အမေ့ကို မြင်ယောင်မိသည်။ အမေ့ပါးပြင်တွင် ရှုပ်မတောင်စစ်စစ်က ဘယ်တုန်းကမှ မကပ်နိုင်ပါ။ မင်္ဂလာပွဲလေး၊ ဘုရားပွဲလေး သွားစရာ ရှိသည်ပင် ဆပ်ပြာတုံးခန့် သနပ်ခါးခဲကို ကျောက်ပြင်တစ်ခြမ်းပွဲပေါ် ဖြစ်သလိုဆွဲလိမ်းပြီး တောက်ပြောင်သောအကျီကို ကောက်စွပ်ကာ သွားရသည်။ တောက်ပြောင်သောအကျီဆိုလို့ အမေ့ထံ တစ်ထည်ရှိသည်။ ဒေါ်ဒါဝတ်ဟု အများသူငါ နောက်ပြောင်မှာစိုးရိမ်မိသည်။ သို့သော် အမေ့ရဲ့အဝတ်အစားကို မည်သူမျှ သတိထားကြမည့်ပုံ မပေါ်ချေ။

လီနင်ဇာ အဝါဖောက်ကလေးကို ပိတောက်ခြောက်ရောင် ကြိုးကြိုးချိတ်နှင့်တွဲဝတ်သည်။ ဝတ်စုံသည် သက်တမ်းကြာခဲ့ပြီမို့ ဒီတိုင်း အောက်နေသည်။ သူတို့ညီအစ်ကိုကို ရှင်ပြုတဲ့အခါနက ဝတ်ခဲ့သော အထည်ဟု သိရသည်။ အမေသည် ဝိတ်ထိန်းစရာမလောက်အောင် အဆီပိုမရှိချေ။ ပိန်သောခန္ဓာမှာ အရိုးပေါ်အရည်တင်မျှဖြစ်သည်။ ချက်တွင်းများသည် ညှိမဲနေသည်။ အမေ့ထံတွင် စဉ်းစားစရာများသည် သင်ပါရဲ့။ မကြာခဏဆိုသလို အဖေ့အကြောင်းပြောတတ်သည်။ ထမင်းပွဲ တွင် ဟင်းကောင်းတစ်ခွက်ပါပါက ...

"ဒါ မင်းအဖေဆို ထမင်းသုံးပန်းကန်ခူးလောက် ကုန်မယ်"

ဟု တမ်းတမ်းတတပြောတတ်သည်။ ထိုအချိန်တိုင်း အမေနှင့် မျက်နှာချင်းမဆုံမိအောင် သတိပြုခဲ့သော်လည်း မျက်ခမ်းစပ်၌



www.burmeseclassic.com

www.burmeseclassic.com



တင်ကျန်နေမည့် အမေ့မျက်ရည်စများကို စိတ်ထဲက မြင်ယောင်မိသည်။

"အင်း ... သူများသားသမီးတွေမှာ ကျောင်းတွေတက်၊ ဘွဲ့တွေရလိုက်ကြတာ။ မင်းတို့ ကံဆိုးတာပါ။ ငါလိုအမေနဲ့ဆုံရတာ ငါ့သားနှစ်ယောက်လုံး ကံမကောင်းကြဘူး"

"အမေကို ဘယ်သူက ဘွဲ့နှင်းသဘင်အကြောင်း ပြောလာပြန်ပြီလဲ"

အစ်ကို့စကားက တစ်ခွန်းပိတ်ဖြစ်သည်။ အမေသည် သူတို့ငယ်ငယ်တုန်းက မကြာခဏပြောဖူး၏။

"ငါလည်း ငါ့သားတွေဘွဲ့ယူလို့ကတော့ ဆွဲကြိုးကြီးလက်ညှိုးလောက် ဇတ်လပ်ဇတ်လပ်ဆွဲပြီး ဘွဲ့နှင်းသဘင်သွားတက်မစ်ဦးမှာ။ သို့သော် ထိုမျှော်လင့်ချက် စိတ်ကူးများသည် အဖေ၏ သေဆုံးခြင်းနှင့်အတူ မျှောလွင့်ခဲ့ရသည်။

"ဟစ်စည်ကြီးထုလိုက်ရင် အသည်းတွေကိုချမ်းသွားတာပဲတဲ့။ ပညာတတ်ကြီးဆိုတော့လည်း စကားပြောကောင်းတော့မှာပေါ့။ ပါမောက္ခချုပ်ကြီးမိန့်ခွန်းပြောတာ မအေးမေမှာ မျက်ရည်မထိန်းနိုင်ခဲ့ဘူးတဲ့။ ဒုက္ခခံပြီး ကျောင်းထားခဲ့သမျှ အဲဒီဘွဲ့နှင်းသဘင်ရောက်မှ တန်သွားတော့တယ်တဲ့"

အမေ့စကားများကို ခုထိကြားယောင်နေဆဲဖြစ်သည်။ အမေနေရောကောင်းရဲ့လား။ ခုနေ အမေအိပ်ပျော်နေပြီလား။ ဒါမှမဟုတ် အိပ်ရာထဲ လူးလိမ့်ပြီး သူ့ကိုသတိရနေသလား။

"ဝုန်း"



ကျင်းနှုတ်ခမ်းဧပါသို့မရောက်သေးခင်တွင် နောက်နားဆီ ...သံနက်ကြီးကို ကြားလိုက်ရသည်။ လည်ပြန်ကာမလှည့်ကြည့်လိုက်သေး ...ခင်တွင် သူ့ခန္ဓာကိုယ်ကြီး မြောက်တက်သွားသည်။ မှန်သည် ရေထု၏ ...ွန်းအားကြောင့် ခြေထောက်ကိုသုံးစရာမလိုဘဲ ကျင်းနှုတ်ခမ်းပေါ်သို့ ...ရောက်ရှိသွားသည်။ သတိရှိသောသူက ရေစီးနှင့်ထပ်ပြီးမျောပါမသွားရန် ...သစ်မြစ်တစ်ခုကို မိမိရရ ဆွဲကိုင်ထားလိုက်သည်။ ရင်တွေ တထိတ်ထိတ် ...ုန်နေသည်။ အန္တရာယ်တစ်ခုခုဖြစ်နေပြီကို နောက်လှည့်မကြည့်ဘဲ ...န့်မှန်းမိသည်။ လက်ချောင်းတွေ ဒူးတွေလည်း ချောင်နေသည်။ ...ထုတ်ထုတ်မြည်နေသော စက်သံသည် ခပ်ရေးရေးသာကြားရတော့ ...သည်။

လေထဲသို့တွဲလောင်းဖြစ်နေသောကြောင့် အပေါ်သို့ တွယ်တက် ...သည်။ ကျင်းနှုတ်ခမ်းမြေသားကို နင်းမိသော်လည်း ခြေထောက်ကွေက ...ုန်ယင်နေဆဲဖြစ်သည်။

"ဟင်"

သူဘာလုပ်ရမလဲ။ သူဘာလုပ်ရမလဲ။

ထိုင်ရမလို ထရမလိုနှင့် မဟုရာည အမှောင်ထုကိုသာ ဟိုဟိုဒီဒီ ...ကြည့်နေမိတော့သည်။ ဘုရား ... ဘုရားဟု နှုတ်ဖျားက တချင်နေသော် ...ည်း ဆင်းတုတော်အဆူဆူများက အာရုံထဲ ဘယ်ပျောက်နေမှန်းမသိချေ။

ဖရိုဖရဲပြိုကျနေသော မြေသားများကိုသာ မှင်တက်စွာကြည့်နေမိ ...သည်။ မှုတိုင်မှလွဲ၍ ကျန်စက်ပစ္စည်းများ မြေကြီးအောက်ရောက်နေပြီ ...ဖြစ်သည်။

www.burmeseclassic.com



"ရဲဘော် ... ရဲဘော်"

နှုတ်မှ ကယောင်ချောက်ချား မြည်တမ်းမိသည်။ ရဲဘော်လည်း မြေကြီးအောက်ရောက်နေပြီဆိုတာ သိနေသော်လည်း ရဲဘောကိုကယ်ဖို့ သတ္တိ သူ့ထဲတွင် မရှိချေ။ မြေအနေအထားကိုပြန်ကြည့်သည်။ ကံမကောင်းရင် ဆက်ပြိုနိုင်သည်။ ပြီးနောက် လူတစ်ရပ်စာမျှ ဖုံးထားသော မြေကြီးများကို သူတစ်ယောက်တည်း ဖယ်ရှားဖို့ဆိုတာ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ချေ။ သူ ချက်ချင်းအတွေးရသွားသည်။ ထို့ကြောင့် တဲအိမ်ကို အပြေးပြန်သည်။ အသက်ရှူသံတွေ မမှန်သော်လည်း မမောနိုင်အားပါ။

"ဝုန်း ... ဝုတ် ... ဝုတ်"

တဲစောင့်ခွေးသုံးကောင်၏အသံသည် ဆူညံ၍နေလေသည်။ သာမန်အားဖြင့် ခွေးများသည် အနံ့ယဉ်သည်။ လူရင်းများကို ခုလို စည်းမဲ့ကမ်းမဲ့ ဟောင်လေ့မရှိချေ။

"မယ်လိန် ... မယ်လိန်"

"ဘယ်သူလဲဟေ့"

"နာရဏီပါ။ ကျင်း ... ကျင်း ... ကျင်းပြိုလို့ ရဲဘော်ကို ပိထားပြီ"

သူ့စကားဆုံးဆုံးချင်း တဲထဲ မီးများလင်းထိန်သွားသည်။ ခွေးဟောင်သံကြောင့် နိုးနှင့်ပြီးဖြစ်သည်ထင်ပါရဲ့။ မျောသားများ စုပြုံလာကြသည်။

"ဘာလုပ်နေကြတာလဲ။ မီးတွေပိတ်၊ ဘက်ဖိုးသမားကိုသွားနှိုး"

သူသိလိုက်သည်။ ညကြီးသန်းခေါင် မီးတွေထိန်လင်းနေပါက



ခပ်လှမ်းလှမ်းမှတဲများက သတိပြုမိလျှင် ကျင်းပြိုသောသတင်းသည် ပျံ့နှံ့သွားနိုင်ဖွယ်ရှိသည်။ ငွေရှင်၊ ကြေးရှင် ပီသပါပေသည်။ မယ်လိန်သည် ထိုအရာမျိုး၌ အထူးသတိရှိသူဖြစ်၏။ ကျင်းပြိုပြီဆိုပါက မြေကုတ် ဘက်ဖိုးပါရပေလိမ့်မည်။ ခေါင်းဆောင်လည်း ပီသပါပေသည်။

ကြယ်ရောင်အချို့သာ မီးမှိတ်တုတ် မှိတ်တုတ်လင်းနေသော်လည်း ကမ္ဘာမြေပြင်တော့ မှောင်မိုက်နေသည်။ ထိုအမှောင်ကြီးထဲတွင် နာရဏီအပါအဝင် စုစုပေါင်း မျောသားဆယ်ဦးတို့ ပြေးလွှားနေကြသည်။ ဘက်ဖိုးအလာကို မစောင့်နိုင်တော့ဘဲ တစ်နိုင်တစ်ပိုင် ဖော်ထုတ်ကြသည်။

"ကယ်ကြပါဦးကွာ၊ ငါ့ကိုကယ်ပါဦး"

အသံကိုကြားရစပြုလာသည်။ နာရဏီရင်ထဲ ဝမ်းသာလုံးဆို့သွားသည်။ မျက်ရည်ပေါက်များပင် စီးကျလာသည်။ မသေသေးပါလား ဆိုသည့် မျှော်လင့်ချက်ကြောင့် ဖော်ထုတ်သူများမှာ ပို၍ လက်မြန်လာကြသည်။

"မသေသေးဘူးကွ။ လုပ် ... မြန်မြန်"

အေးချမ်းသော ဆောင်းညဖြစ်သော်လည်း ဇောချွေးများပျံနေကြသည်။ မြေကြီးတွေယက်၍ပြီးချိန်မှ ဘက်ဖိုးက ရောက်လာသည်။ ဘက်ဖိုးသည် မြေများဆက်မပြိုကျအောင် ထိန်းညှိနေသည်။

မြေကြီးများယက်၍ပြီးသွားပြန်တော့ ရှုံ့ချည်ကိစ္စက ဒုတိယ ပြဿနာဖြစ်သည်။ ရဲဘောကိုကယ်ချင်ကြသော်လည်း ရှုံ့ရည်ထဲတော့ မည်သူမျှမငုပ်ချင်ကြပေ။

"ကယ်ကြပါဦးကွာ"

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်၏အသံသည် ထပ်မံထွက်ပေါ်လာပြန်သည်။ နာရဏီတို့ ဆယ်ယောက်လောက်သည် တစ်ယောက်ကိုတစ်ယောက်ကြည့်သည်။ မည်သူမှ မသေချာကြပေ။ ရဲဘော်က ဘာအကြောင်းကြောင့် ရေအောက်မှထွက်မလာနိုင်သလဲဆိုတာ မသိကြပါ။

"ရေကို ခပ်ထုတ်ရအောင်"

"ငုပ်တဲ့လူလည်း ငုပ်မှဖြစ်မယ်"

"ငါငုပ်မယ်ကွာ။ စက်တွေရပ်ထားလိုက်"

နာရဏီသည် ပြတ်ပြတ်သားသားပင်ပြောဆိုပြီး ရေထဲငုပ်သည်။ ရွှံ့ရေများမို့ မျက်လုံးဖွင့်မရသော်လည်း ရဲဘော်ကို စမ်းမိနေသည်။ ရဲဘော်၏လက်များ လှုပ်နေသည်။ နာရဏီ အသက်ရှူကျပ်လာသောကြောင့် ကမ်းပေါ်ပြန်တက်သည်။ ကမ်းပေါ်တွင် ရေပုံးနှင့်စောင့်နေသူက နာရဏီကိုယ်ပေါ် ရေတစ်ပုံးလောင်းတော့မှ နာရဏီ မျက်လုံးဖွင့်နိုင်သည်။

"ပန်ကာကြိုးနဲ့ ကိုယ်ကိုရစ်မိထားပုံရတယ်။ ရေတွေခပ်ထုတ်မှ ဖြစ်မယ်"

နာရဏီ၏စကားကြောင့် ရေတွေခပ်ထုတ်ကြပြန်သည်။ နာရဏီ ထင်သည့်အတိုင်းပင် မကြာခင် ရဲဘော် ခေါင်းလေးပေါ်လာသည်။

"ပေါ်လာပြီ ... ပေါ်လာပြီ"

"ရဲဘော် ... ရဲဘော် ... မင်းရသလား"

သတိလစ်ချင်နေပြီဖြစ်သော ရဲဘော်က မျက်လုံးကိုဖွင့်ကြည့်သည်။ ရွှံ့ရည်များ မျက်လုံးထဲစီးကျနေသည့်ကြားမှ နာရဏီကို ကြည့်နေ





သည်။

"ငါ့ကိုကယ်ပါကွာ။ ငါ့လက်တွေနာနေတယ်။ ငါ့ခြေထောက်တွေရော၊ ကယ်ပါကွာ"

"အားတင်းထားနော် ... ငါတို့ရတော့မယ်"

"ငါ အသက်ရှူလို့မရတော့ဘူး"

ဘယ်ရမလဲ ရွှံ့အိုင်ထဲနစ်နေတာကိုး။ နာရဏီစိတ်ထဲ ရဲဘော်ကို သနားမိသည်။ သနားစိတ်က ဒေါသအဖြစ် ကူးပြောင်းလာသည်။

"ဘာလုပ်နေကြတာလဲ မြန်မြန်ခတ်လေ"

ရဲဘော် အသက်ရှူလို့ရစေရန် မေးစေ့ကိုကိုင်ပြီး ကောင်းကင်ပေါ် မော့ထားပေသည်။

"မရဘူး နာရဏီ။ သူ့အပေါ် ချိန်းဘလောက်ရော၊ မှိုအိုးပါ ပိနေတယ်"

"အဲ့ဒါဆို ဘက်ဖိုးခေါ်ပြီး မြန်မြန်ဆွဲရမှာပေါ့ကွ။ ဟေ့ ... ဘက်ဖိုး"

လှုပ်ရှားသံများသည် ပျာယာခတ်ပြီး ဆူညံနေသည်။ ရဦးမှာပါ။ အသက်ရှင်ဦးမှာပါဟု အားတင်းထားရသော်လည်း တဖြည်းဖြည်းနှင့် အခြေအနေကို နာရဏီ သဘောပေါက်လာသည်။

"ငါ့ကို ကယ်ပါကွာ။ ငါ့ကို ..."

ရဲဘော်သည် နာရဏီကို အားကိုးတကြီးကြည့်နေရှာသည်။ ရဲဘော်ကို အားပေးချင်သော်လည်း နှုတ်များက ဘာပြော၍ ပြောရမှန်းပင် မသိချေ။ မျက်လုံးထဲစီးဝင်နေသော ရွှံ့ရည်များကိုသာ သုတ်ပေးနေမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ငါ ... ကို ..."

နာရဏီ မျက်ရည်ကျလာသည်။ ရဲဘော်၏မျက်နှာကို မမြင်ဝံ့တော့ချေ။ ရဲဘော်၏ပါးစပ်မှ သွေးများထွက်လာသည်။ နှာခေါင်းမှ သွေးများလျှံကျလာသည်။

"ငါ ... ငါ ..."

ရဲဘော်သည် စကားပြောချင်နေပုံရသည်။ သို့သော် အင်အားတို့ရှိပုံမပေါ်ချေ။ အားမလျှော့လိုက်ပါနဲ့ ရဲဘော်။ အားတင်းထားပါ။ မကြာခင် မင်းကို ငါတို့ကယ်နိုင်မှာပါ။ အားတင်းထားပါ။ အားမလျှော့ပစ်လိုက်ပါနဲ့။ ရင်ထဲမှ စကားလုံးများစွာ အစီအရီထွက်ကျနေသော်လည်း နှုတ်ဖျားတွင် ဆွံ့အနေသည်။ မင်းအမေနဲ့ မင်းညီမရှိနေသေးတယ် အားတင်းထားပါဟု ပြောပြန်လျှင်လည်း ရဲဘော်ထံ စွဲလန်းစိတ်ဝင်သွားမှာစိုးသည်။ မင်းရဲ့ရွှေလေးကျပ်သားရှိနေတာပဲ အားမလျှော့ပါနဲ့ဟုလည်း မပြောနိုင်ချေ။ အားရှိအားကုန် ဆွဲထုတ်လိုက်ပြန်လျှင်လည်း ပန်ကာကြိုးက ခါးကို တုတ်ထားသလို ရစ်ထား၍ ကိုယ်တစ်ပိုင်းပြတ်သွားနိုင်သည်။ နာရဏီရင်ထဲမချိချေ။ ထွက်သွားခွင့်မပြုချင်ပါ။ သို့သော် ...

"ရဲဘော် ... ရဲဘော်"

ခေါင်းငိုက်စိုက်ကျသွားသော ရဲဘော်၏ခေါင်းကို ကိုင်လှုပ်နေမိသည်။ ရဲဘော်သည် အေးချမ်းသောဆောင်းညကိုရော၊ မှိတ်တုတ်လက်နေသော ကြယ်စုကိုရော၊ ဆူညံနေသော ဘက်ဖိုးသံကိုပါ စွန့်ခွာ၍သွားခဲ့





…ပြီ။

"ရဲဘော် ... ရယ်..."

တီးတိုးညည်းလိုက်တဲ့ နာရဏီရဲ့အသံကို ရဲဘော်ကြားသွားပါ…လေစ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဟုတ်လား"

ကြားလိုက်ရသောသတင်းကြောင့် အဖြူလွှာ အံ့အားသင့်သွား သည်။ မနုစ်က အဖြူလွှာ မော်ထဲဈေးရောင်းလာသေးသည်။ ထိုအချိန်က မနှင်းတင်သည် ဈေးဝယ်တာကို ဆောင့်ကြွားကြွားနှင့် သိန်းအုပ်သုံးတတ် သည်။ ဆွဲကြိုးကြီး ခုနစ်ကျပ်သားလောက်ကို လည်ပင်းပြတ်လုမတတ် ဆွဲသည်။ ခုတော့ ကြည့်ပါဦး စုတ်ပြတ်သွားလိုက်တာ။

"ဟုတ်တယ် ... ပျာခဲ့ကဲ့သလဲတော့မသိဘူး ကျင်းပြို ကတည်းက တစ်ခုပြီးတစ်ခုဖြစ်နေတာ။ ကျင်းပြိုတာ ဆယ့်ငါးရက် မပြည့်သေးဘူး ဘက်ဖိုးက အဖမ်းခံရပြန်ပြီ။ မိုရွာမှာရှိတဲ့ သူ့သားကလည်း လူသတ်မှုဖြစ်လို့ဆိုပြီး အချုပ်ခန်းထဲမှာဆိုပဲ။ ဘယ်လိုလုပ် ပြင်နိုင်ခဲ့ တော့မလဲ"

ကြီးကြီးနွေ့ရဲ့စကားကို တအံ့တသြ နားထောင်နေမိသည်။ ကြည့်စမ်း လူကြမ္မာများ ဘယ်လောက်မြန်လိုက်သလဲ။ ဆိုးချင်မိလာ တောင်ပေါ်ကလိမ့်ဆင်းလိုက်သလို ဒလိမ့်ခေါက်ကွေး။

"ညောင်ပင်ကြီးလဲ့ပြီး ရွှေကြောစမ်းတယ်ပြောတာပဲ"

"ကျင်းပြိုတာက လူသေသွားသေးလား"





"တစ်ယောက်သေတယ်တဲ့။ အသက်လျှော်ကြေး သိန်းနှစ်ဆယ် ပေးတယ်ပြောထာပဲ။ သရဲခြောက်လိုက်တာတဲ့။ အခု သူတို့တဲမှာ မျောသားတွေမရှိကုန်တော့ဘူး။ စားဖို့မတွေတောင် ထွက်တော့မယ် ပြောတာပဲ။ အိပ်ကောင်းခြင်းမအိပ်ရဘူးတဲ့"

အကြောအချဉ်များ စိမ့်လာသည်။ နဂိုကတည်းက သရဲ ကြောက်သူမို့ သရဲဆိုသောအသံ ကြားပါက အလိုလိုနေရင်း မျက်လုံး ကျယ်လာပြီးသားဖြစ်သည်။

"သေသွားတာက ကျွန်မတို့နဲ့သိတဲ့တစ်ယောက်လား ကြီးနွေ"

"အင်း ... ဟုတ်တယ် ရဲတော်တဲ့"

"ဘုရား ... ဘုရား"

ပန်းစည်းကိုပင် လွှတ်ချလိုက်မိသည်။ မျက်လုံးထဲ ကွမ်းတမြုံ့မြုံ့ နှင့် လူတစ်ယောက်ကို မြင်ယောင်မိသည်။ မနှင်းတင်နှင့် အဖြူလွှာ တို့သည် ခင်သည်။ မနှင်းတင်သည် ဝယ်လက်ကြီးသူဖြစ်၏။ မျောကြီး ကို ပိုင်ဆိုင်သောကြောင့် စားအိုးကြီးသည်။ ဘူးသီးသုံးလုံးဆိုတာ တစ်နပ် တည်း ကုန်သည်။ မနှင်းတင်း ဈေးလာဝယ်ပါက ဆန်အိတ်ခွံများ ယူလာတတ်ပြီး အပေါက်အလမ်းတည့်လျှင် သုံးအိတ်စာမျှ ရိက္ခာ ဝယ်တတ်သည်။ သုံးအိတ်ဆိုပါက အနည်းဆုံး လေးသောင်းဖိုး ရောင်းရ သည်။ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ပန်းမုံလာ၊ ဘုရားပန်း၊ ဘူးသီး၊ ဂေါ်ဖီထုပ်၊ ငါးပုတ်၊ ချဉ်ပေါင်၊ ငရုပ်သီး၊ ကြက်ဥ၊ မုန်ညှင်း အစရှိသဖြင့် စုံစီအောင် ဝယ်သွားတတ်သည်။

မနှင်းတင်သည် ဈေးဝယ်လျှင် အသီးအရွက်ကို လက်ပြင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ကြည့်သူမဟုတ်ချေ။ ဟိုဟာထည့်၊ ဒီဟာထည့်၊ ဘယ်လောက်ထား အစရှိသဖြင့် ဈေးဆစ်ပြီး ဘောက်ချာရေး၊ ငွေရှင်းရုံသာလုပ်၏။ တစ်ခါတစ်ခါ ဈေးဝယ်ထွက်ပါက နောက်လိုက်များ တစ်သီကြီး ပါလာတတ်တာလည်း မနှင်းတင်၏ကုသိုလ်ထူးဖြစ်သည်။ စားဖို့မ၊ ဒါမှမဟုတ် ပစ္စည်းမ,ကူရန် မျောသားများ၏ ပြောပြချက်အရ သူတို့ မယ်လိန်သည် ကပ်ဈေးနည်းကြောင်း သိရသည်။ အဖြူလွှာတော့ မထင်ပေ။ မနှင်းတင်လောက်ဝယ်ခြမ်းကျွေးမွေးမယ့် မယ်လိန်မျိုး အဖြူလွှာ မတွေ့ဖူးချေ။ အချို့များဆိုကြွပ်ကြွပ်တစ်လုံးစာမျှကို တစ်ပတ်မျှ ချွေတာစားကြသည်။ မနှင်းတင်၏မျောကတော့ ဆန်အိတ်သုံးလုံးဝယ်လျှင်ပင် ငါးရက်ဆို ရိက္ခာပြတ်ပြီဖြစ်သည်။ ပြီးနောက် ငါးခုတ်သားဆို တစ်ပတ်ကို နှစ်ပိဿာမျှဝယ်သည်။

ရုံဖန်ရံခါ အမဲသားများပင် ဝယ်တတ်သေးသည်ကို အဖြူလွှာတို့အသိဖြစ်သည်။ အသားများကိုဝယ်ပြီး ကုန်စိမ်းအိတ်ထဲ ရောထည့်ရလိုသိနေသည်။ မနှင်းတင်တို့မျောသားများကို မကျွေးဘူးဟု ညာမရချေပြီးတော့ မနှင်းတင် မကြာခဏပြောဖူးသည်။ ဝက်ရေလွတ်သားတွေမျောမှာလာရောင်းလို့ ငါးပိဿာလောက်ဝယ်ထားတယ်ဟု။ ငါးပိဿာကြီးကတော့ မနှင်းတင်တို့လင်မယားနှစ်ယောက် ပါးစပ်နှစ်ပေါက်စားလည်းမကုန်နိုင်ပါချေ။

"ကျွန်တော် မျောပိုင်ဖြစ်ရင် မအဖြူလွှာကိုလာတောင်းမယ်"

ရဲတော်စလေ့ရှိသောစကားဖြစ်သည်။ ထိုစကားကို အဖြူလွှာမကြိုက်သော်လည်း ခံနေရသည်။ ဖောက်သည် မယ်လိန်၏မျောသားမဟုတ်ပါလား။ မနှင်းတင် ဈေးလာဝယ်သောအခါ ရဲတော်က ရုံဖန်ရံခါ



ပါလာတတ်သည်။ ဈေးသည်နှင့် ဈေးဝယ် ရင်းနှီးကြတယ်ဆိုတာ အဆန်းတော့မဟုတ်ချေ။

"ရဲတော်က လိမ္မာရှာပါတယ်။ လူကောင်းပါ၊ နှင်းတင်တို့သက်မောင်းတစ်ဖက်ပြုတ်သွားတာပေါ့"

ကြီးကြီးနွေကတော့ လူကြီးပီပီ သံဝေဂစကားပြောသည်။ သို့သော် အဖြူလွှာကတော့ မကျေနပ်ပေ။ လူတစ်ယောက်ရဲ့အသက်ကို ရွှေသုံးကျပ်ခွဲသားနှင့် အပိုင်းဖြတ်သင့်ပေ။ မနှင်းတင်ကို့မျော ရွှေကျကျဆိုတာ အဖြူလွှာသိသည်။ မနှင်းတင်တို့က နှစ်မျောမောင်းသည်။ တစ်မျောမောင်းလျှင် အနည်းဆုံး နှစ်ကျပ်ကျမှန်းသိသည်။ ဒါတောင်အောက်စင်ရှိသေးသည်။ အပေါ်စင်ဆို ဘယ်လောက်များကျလိမ့်မလဲ။ အမှိုက်ကန် ရွှေဝိုင်းလျှင်ပင် ရွှေကိုပိဿာနှင့်ချိန်ပြီး သည်ဟု ကြားဖူးသည်။

"ဒီနေ့ ဈေးလာဝယ်မယ်ဆိုလားပဲ"

ကြီးနွေစကားကြောင့် အတွေးများလွင့်စင်ကုန်သည်။ မနက်ဈေးကွဲသွားပြီမို့ ဈေးဝယ်တွေက ကျိုးတိုးကျဲတဲ သွားလာနေသည်။ ဈေးပေါင်ချိုးအချိန်ဖြစ်သည်။ ထိုအချိန်ကို မျောရှင်မယ်လိန်များအနှစ်သက်ဆုံးဖြစ်၏။ ပေါ်ချောင်ကောင်း အဲဂီရပ်နှင့်ကိုက်ညီသည်။

"မျောသားတွေ ထွက်ကုန်ပြီဆို"

"သရဲခြောက်လွန်းလို့ အန္တရာယ်ကင်းမှာတဲ့။ မယ်ဇလီဟင်းရည်ငါးချဉ်ကြော်ကျွေးမယ်ဆိုလားပဲ။ ဘုန်းကြီးပွဲစာအတွက်တော့ ဝယ်လာ...နှင့် ဝယ်လာမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အဲ ... ပြောရင်းဆိုရင်း အသက်ရှည်ဦးမယ်။ ဟိုဟာ မနှင်းတင် မဟုတ်လား"

ပြောသာပြောလိုက်ရတာ သေတာမှုက ရင်ထဲမရှိချေ။ အဖြူလွှာ သိသော မနှင်းတင်က တုတ်တုတ်ခိုင်ခိုင် တောက်တောက်ပပ ဝတ်စား ပြင်ဆင်တတ်သူဖြစ်သည်။ ခုတော့ ပိန်လိုက်တာ။ စိတ်ဓာတ်ကျလွန်း၍လား မသိ။ အပေါ်ဝတ် ဖလံထည်အကျႌကို ကပိုကရိုဝတ်ဆင်ထားသည်။ ခါတိုင်းဝတ်နေကျ သိုးမွှေးကုပ်က ဘယ်ဆီရောက်နေမှန်းပင် မသိတော့။ ပြူးပြူးသောဆံထုံးကြီးကြီးကိုလည်း မတွေ့ရတော့ချေ။

"ဩော် ... အဖြူလွှာပါလား။ ဘယ်တုန်းကရောက်သလဲ"

အများက မနှင်းတင်ခေါ်၍သာ အဖြူလွှာလည်း မနှင်းတင်ခေါ်ရသည်။ အသက်ကတော့ ကွာဟလှပါသည်။ အဖြူလွှာအမေ ဒေါ်နွေးလှိုင်နှင့် အတူတူလောက်ရှိနိုင်မည်။

"မကြာသေးဘူး ဒါပေမဲ့ ဆယ်ရက်လောက်တော့ရှိပြီ"

ဖြေရင်း မနှင်းတင်ကို အကဲခတ်လိုက်သည်။ မနှင်းတင်သည် ဟန်မလုပ်နိုင်လောက်အောင် ပိန်ကျသွားသည်။ ညညအိပ်မပျော်၍ ထင်သည် မျက်တွင်းများ ချိုင့်ဝင်ပြီး ညိုမဲနေသည်။

"ထိုင်လေ ... ထိုင်ပါဦး"

အဖြူလွှာက ခုံချပေးသည်။ အဖြူလွှာတို့ဆိုင်ခန်းသည် အိပ်ခန်းနှင့်တွဲလျက်သားဖြစ်သည်။ အခန်းရှေ့တွင် ဈေးရောင်းချခြင်းဖြစ်၍ ပစ္စည်းပစ္စယများစုံလင်လှသည်။ မနှင်းတင် သက်တောင့်သက်သာရှိစေရန် ကျောမှီပါသောခုံကို အဖြူလွှာချပေး၏။



"မနှင်းတင် နေမကောင်းဘူးလား"

ရေတစ်ခွက်တိုက်ရင်း မေးလိုက်သည်။

"လူတော့ကောင်းပါတယ်။ အဖြူလွှာရယ် စိတ်မကောင်းတာ"

"သတင်းကြားလိုက်ပါတယ်"

"အေးပါဟယ် ... တိုးတိုးတိတ်တိတ်ပြီးမလားလို့ မရဘူး။ ားနားနီးချင်းတဲတွေသိကုန်လို့ ပြဿနာပါကြီးသွားသည်။ အခု မျောပါ တ်ထားရတယ်လေ။ ရွှေက အခုမှ ကျစရှိသေးတာ။ အဲဒီကျင်းက ကိုမသင့်ပါဘူး။ ခေါင်းပေါင်းကျင်းတဲ့ မြေထုလည်းနက်တယ်။ ျာက်ကျောကို ခုမှစထိုးတာ။ ဘယ်တုန်းကမှလည်း လူသေမှုထိ ဖြစ်ဖူးပါဘူးဟယ်"

"ဘုန်းကြီးပင့် တရားနာမလို့ဆို"

ကြီးနွေပါ စကားဝိုင်းထဲဝင်လာခဲ့သည်။

"အင်း ... လုပ်ပေးရမှာပေါ့။ စိတ်စွဲကြောင့် မကျွတ်ဘူး င်ပါရဲ့။ ကလေးတွေဆို အိပ်မရကြဘူး။ စောင်ဟာလာဆွဲခွာတယ် ပြောတာပဲ"

အဖြူလွှာရင်ထဲ သိမ့်ခနဲတုန်သွားသည်။

"တစ်သက်လုံးစုထားသမျှ တစ်လတည်းနဲ့ပြောင်မလားမသိဘူး။ အေးမော်ကလည်း တရားရုံးသွားနေရတယ်။ သားလည်း ထောင်ကျ သေချာပါတယ်။ ကျန်တဲ့ဘက်ဖိုးတစ်စီးရောင်းပြီး မျောသိမ်း ပြန်ရ တော့တာပေါ့။ မျောသားတွေလည်း သစ္စာမရှိကြပါဘူး"

"အသစ်ထပ်ခေါ်ပြီးလုပ်ရင်ရော"

www.burmeseclassic.com



"တော်ပါပြီ စိတ်ကုန်သွားပါပြီ။ သားအတွက်ပူရတာ တစ်မျိုးနဲ့ ကိုအေးမော်လုပ်ချင်ရင်တော့ လုပ်ပေါ့။ ကျွန်မကတော့ မလုပ်တော့ဘူး။ ဘူးသီးငါးလုံး မုန့်ညှင်းနဲ့ ဘုန်းကြီးပွဲစာချက်ဖို့လေး မြင်ဆင်ပေးပါ။ အဖြူလွှာစာရင်းတွက်ပေး"

အဖြူလွှာသည် ဈေးသည်ပီပီ ဘောင်ချာကိုဆွဲယူပြီး ဘူးသီးငါးလုံး၊ မုန့်ညှင်း၊ ရွှေပဲ၊ ပန်းမုံလာ၊ ဝါကျက်ဥ၊ ခရမ်းချဉ်သီး အစရှိ သဖြင့် တိုတိုထွာထွာပေါင်းစုရေးသည်။

"တစ်သောင်းခြောက်ထောင်ကျတယ်။ ကြက်သွန်ဖူးတို့ နံနံတို့က စာရင်းထဲမပါဘူး။ အဲ့ဒါက လက်ဆောင်ထည့်ပေးတာ"

"ပေးလက်စနဲ့ ငရုပ်သီးပါထည့်ဟယ်။ စားဖို့မက ကုန်နေပြီ ပြောတယ်။ စုပြီးထုပ်ထားလိုက်။ နာရေဇီဆိုတဲ့ကောင်လေး လာသယ် လိမ့်မယ်။ မင်းတို့သိမလားတောင်မသိဘူး။ ကောင်လေးကလည်း မင်းတို့ဟိုပင်သားပဲ"

"ဟုတ်လား ... ကြီးနွေသိလား"

"ဘယ်လိုလုပ်သိမှာလဲ။ ငါသိလည်း စိတ်နာမည်ပဲသိမှာပေါ့"

"ကဲ ... လုပ်ထားလိုက်တော့ အဖြူလွှာရေ သွားပြီ"

မနှင်းတင်သည် စိတ်နဲ့ကိုယ် မကပ်ဘူးထင်ပါရဲ့။ စကား တန်းလန်းပင် လက်ကိုင်အိတ်ဆွဲပြီး ထွက်သွားပြန်သည်။

"အင်း ... တရားကျစရာကြီး"

ကြီးနွေကတော့ လူကြီးပီပီ သက်ပြင်းချ၍ပြောသည်။ အဖြူလွှာ ကတော့ ရင်ထဲမကောင်းလှသော်လည်း လူငယ်ပီပီ ထထကြွကြွ





အလုပ်ဆက်လုပ်သည်။ ဘူးသီးငါးလုံးကို ပီနံအိတ်တစ်လုံးထဲ စီစီရီရီ ထည့်ပြီး ဘောက်ချာပါ အသီးအနှံများကိုထည့်သည်။ ပီနံအိတ်ကကြီးတော့ တစ်အိတ်ထဲ အကုန်ဆံ့၏။ ထမ်းသယ်မည့်လူကဘော့ ခါးနာဦးမည့် သဘောမှာရှိသည်။ အဖြူလွှာတို့ဆိုင်နှင့် စက်လှေဂိတ်သည် ကိုက်သုံးရာ ခန့် ဝေးသည်။ စက်လှေဂိတ်ဆိုသည့်အတိုင်း ရေစပ်သို့ရောက်ရန် ကုန်းပေါ်မှ ဆင်းရပါသေးသည်။

ရွှေမျောနှင့် ကျောက်တွင်းများကြောင့် ယခင်က ခပ်သောက်ရုံ ဥရုချောင်းသည်လည်း ရေဆိုတာ ကြည်လင်ပါတယ်ဆို ဘုရားစူး ကျိန်ပြောရလိမ့်မည်။ ဝါထိန်သောရေကို ပိုင်ဆိုင်ရမှုသည်လည်း ဥရု ချောင်း၏ဂုဏ်သတ္တိမဟုတ်ပါလား။ ကချင်ပြည်နယ်သူ၊ ပြည်နယ်သား များ၏ ရေသောက်မြစ်သည် ဥရုချောင်းကြီးဖြစ်သည်။

တောင်ယာလုပ်သူမှန်သမျှ ဈေးရောင်းကြသည်။ ထိုသို့ရောင်းချ ကုန်ပစ္စည်းများကို ထုပ်ပိုးသယ်ဆောင်ကာ မော်ထဲသို့ ရိက္ခာပို့ကြရသည်။ ထိုအခါ ကုန်သည်နှင့် ကားသမားဟူ၍ ခွဲထွက်လာ၏။ တောင်ယာလုပ်ရာ တွင် လူပိုများက မော်ထဲသွားကာ ရွှေ ကျောက်တူးကြသည်။ အပိုဝင်ငွေ ရရှိရေးဖြစ်၏။ ထို့ကြောင့် အလုပ်လက်မဲ့ဟူ၍မရှိ။ တမင်တကာ အေးရာအေးကြောင်းနေသူကသာ အလုပ်မရှိသူများဖြစ်ကုန်သည်။ မော်တွေကလည်း နည်းသလား။ ရတနာထွက်ပါက မော်ဟုတင်စား ခေါ်ကြသည်မှာ ကချင်ပြည်နယ်၏ဓလေ့ဖြစ်လေသည်။ ဖားကန့်မြို့နယ် ကြီး၌ ကျောက်စိမ်းအပြင် ရွှေထွက်သည်။ မြစ်ကြီးနား မြစ်ဆုံဒေသ၌ လည်း ရွှေထွက်သည်။ အချို့ဆို ကျောက်ပင်ရကြသေးသည်ဟုဆိုသည်။



www.burmeseclassic.com

ဟူးကောင်ချိုင့်ဝှမ်းလည်း ရှေးရှိသည်။ ထိုဒေသ၌ အချို့ ရှေးလုပ်သူများက အခဲတွေပင်ရကြသေးသည်ဟု ပြောကြသည်။ ဟူးကောင်းချိုင့်ဝှမ်းသည် ကျယ်သောမြေ့တစ်ခုဖြစ်သည်။ နာမည်အမျိုးမျိုးနှင့် ဟိုတစ်စုဒီတစ်စု ရှိသော မှော်အမျိုးအစားများဖြစ်သည်။

ဖားကန့်မြို့နယ်ကြီးလည်း ကျယ်သည်။ ဟူးကောင်းချိုင့်ဝှမ်းကို တစ်နိုင်းမြစ်က ကြီးစိုးထားသလို ဖားကန့်မြို့နယ်တွင် ဥရုချောင်းက ဘုရင်ဖြစ်သည်။ တစ်ခုကွဲသည်။ တနိုင်းမြစ်သည် မြေဖြူကြီးဟု ထင်ရပြီး ဥတုချောင်းကတော့ ဒဏ်ရာများနှင့် မြေဝါကြီးတစ်ကောင်သာဖြစ်သည်။

ပိတ်ကြ၊ ဆို့ကြ၊ တူးကြ၊ ဖော်ကြနှင့် အချို့နေရာများတွင် ချောင်းလား၊ မြောင်းလားဟုပင် မသဲကွဲတော့။ ရေတွေလည်း ဘယ်စီးလို့ ရမှန်းမသိနိုင်တော့။ သို့သော် ဥရုချောင်းထဲရှိ ရေများသည် သစ္စာ တော့ရှိသည်။ ဘယ်စီးလို့ စီးရမှန်းမသိအောင် ကစဥ့်ကလျား မည်မျှပင် ဖြစ်စေကာမူ တစ်နေရာအရောက်တွင်တော့ မဖြစ်ဖြစ်အောင်ပေါင်းဆုံ ပြီး ဥရုချောင်းအဖြစ် ဖန်တီးယူကြပြန်သည်။ ဘယ်သူခွဲခွဲ မကွဲသည့် ကချင်ပြည်နယ်ဟု သက်သေသည့် ဥရုချောင်းကို ပမာတည် မပြောကြ ပြန်သည်။ အကြမ်းလည်းခံ၏။ စွန့်ပစ်သမျှ ဆီကြွင်းကျန်များ၊ အမှိုက် သရိုက်များ၊ အနယ်အနှစ်များကို မညည်းမညူ သယ်ပေးရှာသည်။ ထို့ကြောင့် သနားစရာချောင်းတစ်ခုအဖြစ်လည်း ခံစားရသေး၏။

ကောင်ကျိုးတွေသယ်ပေးရှာပြီး ဆိုးပြစ်တွေကို ချင်းတွင်းမြစ်ထဲ သွန်ချပေးရှာသည်။ ချင်းတွင်းမြေဖြူကြီးမှတစ်ဆင့် ပင်လယ်ထဲသို့ စုန်ဆင်း ကြကုန်၏။ တောင်ပေါ်၌မြစ်ဖျားခံသောကြောင့် မိုးအခါတွင် ရေလုံး



ရေရင်းများ စီးကျလာတတ်သည်။ ထိုအခါ ချောင်းရေသည် အလုံးအရင်း ကမ်းပြည့်ကမ်းလျှံဖြစ်လာသည်။

ဥရုချောင်းသည် ဒေါသလည်းကြီးတတ်၏။ မျောလာတတ်သော သစ်လုံးကြီးများသည် ကမ်းစပ်ရှိအိမ်များကို ရိုက်ဖြိုသွားတတ်သည်။ သို့သော် ရေဒေါသသည် လူဒေါသကိုမမှီနိုင်ချေ။ မျောလာသမျှ သစ်လုံး များကို ကွေ့ကာဝိုက်ကာ ဖြတ်ကျော်မောင်းနှင်တတ်သည်ကလည်း ချောင်းရိုး၌ ကျင်လည်နေသော ရေယာဉ်မောင်းသူများဖြစ်၏။ ထို ရေမျောသစ်များကိုပင် ရေထဲမှဆယ်ယူပြီး အိမ်ဆောက်တတ်ကြသေး သည်။ သစ်ကောင်းဖြစ်ပါက လှေထွင်းတတ်ကြသည်။

လှေသမားများသည်းမိုးအခါကိုသာ မျှော်လင့်နေကြသည်။ ကားလမ်းမပေါက်သောကြောင့် ရေကြောင်းကိုသာ အသုံးပြုကြရ၍ ဈေးသွားရေးတွက်ချေကိုက်သည်ဟုဆိုသည်။ ပြီးနောက် ပစ္စည်းကို့လည်း ကုန်းပေါ်မှထမ်းချစရာမလိုပေ။ ရေက ကမ်းနဖူးထိတက်နေတာ တော့တ်ပါလား။ ခုတော့ ရေကျချိန်မို့ နာရဏီက ခါးကုန်းအောင် ထမ်းချရပေဦးမည်၊

“မဖြူတို့ဆိုင်လား”

ခပ်ငယ်ငယ်ကောင်လေးတစ်ယောက်ဖြစ်သည်။ အဖြူလွှာ ကရင်းရေးနေရာမှ မျက်လွှာပင့်ကြည့်သည်။ ထိုမျက်နှာကို အဖြူလွှာ စိတ်ထဲ ရင်းနှီးသလိုခံစားရသည်။ ဘယ်မှာမြင်ဖူးပါလိမ့်။

“မယ်လီနန်နှင်းတင်တို့မျောကပါ”

“သြော် … နာရဏီဆိုတာလား”

www.burmeseclassic.com



"ဟုတ်ပါတယ်"

"မဖြူမဟုတ်ဘူး အဖြူလွှာပါ။ ဒါနဲ့ မြင်ဖူးသလိုပဲနော်၊ ဟိုပင်သားဆို"

ဆိုင်ထဲဝင်ရန် လမ်းဖွင့်ပေးရင်း အဖြူလွှာဆိုသည်။ နာရဏီက အဖြူလွှာကို တစ်ချက်စိုက်ကြည့်ပြီး မျက်နှာလွှဲနေသည်။

"ထိုင်လေ ... နားပါဦး"

မယ်လိန်ပြောခဲ့စဉ်က ဖြူတစ်လုံးတည်းကိုသာ ထိထိရောက်ရောက်ကြားလိုက်၍ မဖြူဟုခေါ်လိုက်ရခြင်းဖြစ်သည်။ ထို မဖြူသည် အဖြူလွှာဖြစ်နေလိမ့်မည်ဟု လုံးဝမထင်ခဲ့ချေ။

"ဘယ်မှာနေတာလဲ"

"မြောက်ပိုင်းမှာပါ"

"ဟင် ... ဟုတ်လား ... သိပ်မဝေးဘူးပဲ"

"ငါတော့ မင်းကိုမှတ်မိပါတယ် အဖြူလွှာ"

ရွယ်တူချင်းက ရင်းရင်းနှီးနှီးဆိုလာသောအခါ အဖြူလွှာ စိတ်ထဲ ထိတ်ခနဲဖြစ်သွားသည်။ မှန်တာပြောရလျှင် အဖြူလွှာကိုသိသူများနှင့် ဒီနယ်မြေမှာမဆုံဆည်းချင်တာ အမှန်ပါ။ ဒီနယ်မြေက အမည်းရောင်နယ်မြေဖြစ်သည်။ အမေတို့ခေတ်က မိန်းကလေးတွေဆို မှော်ထဲသွားတယ်ဆိုပါက အထင်သေးပြီးသားဖြစ်သည်။ ဆူပူသောင်းကျန်းသူများလည်း အများသားမဟုတ်ပါလား။

သူများရဲ့အငယ်အနှောင်း မဖြစ်လိုလျှင် ကားသမားဟု မယားပါဟု နှုတ်ဖြင့် လင်မယားတော်ရသည်ဟု ဆိုကြသည်။ ပါးစပ်



...စည်းဆိုသည့်အတိုင်း ကုန်သည်ဆိုပါက ကားသမားနှင့် ညားသွား...သည့် သာဓကကလည်း အများသားပင်။

"ငါ့ကိုသိတယ်"

"သိတာပေါ့။ မင်းက ကျောင်းမှာနာမည်ကြီးပဲ၊ ငါတို့ လေးတန်း...န်းက တစ်ခန်းထဲနေရတယ်လေ"

နာရဏီကဆိုလာတော့မှ ငယ်ပုံရိပ်ကို အဖြူလွှာ ရိပ်စားမိလာ...ည်၊ ဟိုပင်မြို့သည် အကျယ်စားကြီး မဟုတ်သော်လည်း အိမ်တွင်းပုန်း...းသည်မို့ စစ်တမ်းကောက်ရခက်သည်။

"ဟယ် ... ငါမှတ်မိပြီ။ နင် အရင်က ကဟုံးပေါက်စနဲ့လေ"

အဖြူလွှာက ထိုသို့ပြောတော့မှ တင်းနေသော နာရဏီ၏...က်နှာကြော လျှော့သွားသည်။ အဖြူလွှာမှတ်မိတာပေါ့။ ဘုန်းကြီး...ကျောင်းသားဟု နာမည်ကြီးသူဖြစ်သည်။ ဆင်းရဲသော်လည်း ဉာဏ်ကောင်း...မို့ ဆရာ၊ ဆရာမများ ချစ်ကြသည်။ သို့သော် အရွယ်မရောက်ခင်...ကျောင်းထွက်သွားသည်။ ဆရာ၊ ဆရာမများပါးစပ်ထဲ နှမြောတမ်းတ...ခင်ကျန်ရစ်ခဲ့သူဖြစ်သည်၊ သူက နာရဏီ။

"ထူးထူးဆန်းဆန်းဟယ်။ တစ်ရွာတည်းနေပြီး၊ နေစမ်းပါဦး ...င်က ဘယ်ပျောက်နေတာလဲ၊ ကျောင်းက ..."

"ကျောင်းထွက်လိုက်တယ်။ စာဆက်မသင်တော့ဘူး"

"ဩော် ... အဲဒီကတည်းက မှော်ထဲရောက်နေတာလား"

"အွန့် ... ဟွန့် ... ဒီကိုရောက်တာ မကြာသေးဘူး။ တစ်လ၊ ...စ်လလောက်ပဲရှိသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနဲ့ ဒီလောက်စကားပြောနေရတာလဲ"

ကုန်းပေါ်တွင် အိမ်သာသွားတက်သော ကြီးကြီးနွေရောက်လာ သည်။ ကြီးကြီးနွေက အပျိုကြီးပီပီ သူစိမ်းယောကျ်ားကို စပ်စုချင်နေ ဖြစ်သည်။

"နာရဏီလေ။ မနှင်းတင်တို့မောင်မျောက။ သူနဲ့ ကျွန်မက သူငယ်ချင်း ဖြစ်ဖူးတယ် ကြီးနွေရဲ့"

"နှင်းတင်ပြောသွားတော့ မသိသလို ဘာလိုနဲ့။ ဒါနဲ့ ကား လာကောက်သွားပြီလား"

"လာပါပြီဗျာ၊ လာကောက်ပါပြီ"

ပြောပြောဆိုဆိုပင် ပုချေး ပေါက်ချလာခဲ့ပြန်သည်။ ကုန်ပစ္စည်း တင်ခကို စာအုပ်တစ်အုပ်နှင့် ဈေးတန်းထဲလိုက်ကောက်နေသော ပုချေး ဖြစ်သည်။

"အယ် ... အတော်ပဲ ပုချေး၊ ဒီမှာ ဘယ်သူလဲ ကြည့်စမ်း"

မင်းမြတ်နိုင်ဆိုသောနာမည်ထက်၊ ပုချေးဆိုသောနာမည် လူသိ ပိုများသည်။

"ဟာ ... နာရဏီ"

"မင်းမြတ်နိုင်"

"ဘုရား ... ဘုရား ... နင်တို့က ချက်ချင်းမှတ်မိကြတာ ပါလား၊ ပျော်စရာကြီးပဲ"

အမှန်တကယ် ပျော်ရွှင်မိခြင်းဖြစ်သည်။ နာရဏီဆိုသော ကောင်စုတ်လေးသည် အတန်းထဲ အအေးဆုံးဖြစ်၍ ငယ်ငယ်က စကား



ပြောခဲ့ဖူးချေ။ စာတော်သောလူမို့ အဖြူလွှာ စက ခင်မင်ချင်ခဲ့ဖူးသည်။ သို့သော် ဒီဘဝတစ်ကွေ့မှ ဆုံဘတ်ပါပေသည်။

ထိုအချိန်တုန်းက နာရဏီနှင့် စကားပြောသောလူသည် ကျောင်းဖွဲ့နာမည်ကြီး၏။ နာရဏီသည် ကျူရှင်မတက်ပါဘဲ စာတော် သည်။ ဆရာမ မသင်သေးပါဘဲ စာရသည်။ ဆင်းရဲသောကြောင့် စိတ်ချာသောအကျီသည် ဉာဏ်ဂုဏ်ကြောင့် တောက်ပြောင်သည်ဟု ထင်မှတ်ခဲ့ကြသည်။ အခြားလူကိုတွေ့ပါက ပျော်စရာဟု မတွေးသော် လည်း နာရဏီသည် မိမိထက်နိမ့်ကျသူမို့ ရိုးရိုးသားသားပြောရလျှင် ပျော်သည်။ သို့သော် ဝမ်းနည်းသည်။ ဒီလောက်ဉာဏ်ကောင်းသူ၊ ဆရာဝန်ဖြစ်နိုင်ပါလျက်နဲ့ ဘာကြောင့် ကျောင်းထွက်ရတာလဲ။

"မင်း ဒီမှာဘာလုပ်နေတာလဲ နာရဏီ"

"မျောသား။ မင်းရော"

"ငါက စပယ်ယာလိုက်နေတာလေ။ ခု ကားခလာကောက်တာ"

အဖြူလွှာ ပျော်သွားသည်။ သူငယ်ချင်းသုံးယောက်ရှိလေသည် ဆိုသော ရုပ်ရှင်ကားကိုကြည့်ပြီး စိတ်ကူးယဉ်ခဲ့ဖူးတာရှိသည်။ သုံးပွင့်ဆိုင် ပုံမျိုးကို အဖြူလွှာသဘောကျသည်။ ယောကျ်ားလေးနှစ်ယောက်လုံးက အဖြူလွှာကို သဲသဲလှုပ်လှုပ် ဂရုစိုက်ကြမှာကို အဖြူလွှာလိုချင်သည်။ သို့သော် ဒါက စိတ်ကူးယဉ်မှုသက်သက်မှန်လည်း သိသည်။ နာရဏီ လို ရေခဲတုံးက ကိုင်လှုပ်ဖို့မလွယ်သလို၊ ပုချေးလို နလပိန်းတုံးကလည်း မြှောင်းပေးတာပင် စီးချင်ပုံမရသောရေဖြစ်သည်။

"ခု ဆုံသွားတော့ နာရဏီလည်း အားရင်လာလည်ပေါ့ဟာ။

www.burmeseclassic.com

www.burmeseclassic.com



ပုချေးက ခေါက်တုံ့ခေါက်ပြန်သွားနေတာဆိုတော့ ဒီကို မကြာခဏ ရောက်တယ်"

မိန်းကလေးပီပီ ထုံးစံအတိုင်း ဖော်ရွေရပြန်သည်။

"တကူးတကကြီး အားမယ်တော့ မထင်ပါဘူး။ ဘယ်ဇင်း ရောက်တော့လည်း ဝင်တာပေါ့။ အားရင်အောင် ငါတို့အဖို့ ပိုက်ဆံကုန် ဘယ်"

မှန်ပါသည်။ ဘယ်ဇင်းဆိုတာ ရွာလေးတစ်ရွာဖြစ်၏။ နာရဏီလို မော်ထဲမှလူက လာချင်လျှင် စက်လှေစီးရပေလိမ့်မည်။ စက်လှေဆိုတာ မျိုးက လှေပေါ်ရောက်သည်နှင့်တစ်ပြိုင်နက် ငွေဆိုတာပေးရသည်။ ခရီး အကွာအဝေးပေါ်မူတည်ပြီး ပေးရသည်။ အနီးဆုံးဆိုတာမျိုးက တစ်ထောင် ဆိုတာ အနည်းဆုံးဖြစ်သည်။ မျောပိုင်တွေအတွက် တစ်ထောင်ကို မဖွဲ့သော်လည်း နာရဏီတို့လို တစ်နေ့မှ နှစ်ထောင်သုံးထောင်ရသော လုပ်သားများအတွက်တော့ တစ်ထောင်ကြီးဖြစ်တော့သည်။

"ဒါပေမဲ့ မျောပြောင်းဖို့စဉ်းစားနေပါတယ်။ ဒီဘက်ကမ်းကို ပြောင်းဖြစ်မယ်ထင်တယ်။ လမ်းလျှောက်လာလို့ရတာပေါ့"

နာရဏီက လာမယ်ပြောပြန်တော့ ပျော်ရပြန်သည်။

"ဘာဖြစ်လို့ပြောင်းမှာလဲ"

သိလျက်နှင့် စပ်စုချင်၍ မေးလိုက်ခြင်းသာဖြစ်သည်။

"ကြားတော့ကြားမှာပါ။ ကျင်းပြိုတယ်ဆိုတာလေ"

"အေး ... သိတယ်"

"အဲ့ဒါ ငါလုပ်တဲ့ နံပါတ်တစ်ကျင်းပဲ။ ငါ့ရှေ့မှာဖြစ်သွားတာလေ





အလောင်းကိုလည်း ဘယ်သူမှမထမ်းရဲလို့ ငါပဲထမ်းသယ်လာတာ။ အရမ်းခြောက်တယ်။ အချို့ဆို လန့်ဖျားတွေဖျားကုန်ပြီ။ ပြန်တဲ့လူက ပြန်၊ ပြောင်းတဲ့လူက ပြောင်းနဲ့ လူလည်းမရှိတော့ဘူး။ မျောမမောင်း မယ့်အတူတူတော့ ငါလည်း ပြောင်းတော့မယ်။ အပျော်လာတာမှ မဟုတ်တာ။ ငွေရှာတာပဲ"

"ပြောင်းလို့ရော အဆင်ပြေပါ့မလား"

"ပြေပါတယ်။ ငါ့ကိုခေါ်နေတဲ့မျောရှိတယ်"

"ငါတို့အသိတွေထဲမှာလည်း အဆင်ပြေတဲ့မျောရှိတယ်"

"ရပါတယ်"

"ဟော့ကောင် ... မင်း ... ငါနဲ့ ကားနောက်လိုက်ပါလား"

"ဟာ ... မလုပ်ပါနဲ့ မင်းမြတ်နိုင်ရာ။ အဲ့ဒါကြီး ငါမလုပ်တတ် ဘူးကွ"

"ကားနောက်လိုက်တာ မင်း ရွှေတူးတာလောက်ကြီး မပင်ပန်း ပါဘူးကွာ"

"ဟုတ်သားပဲ။ နာရဏီကလည်း ကားနောက်လိုက်လည်း အံ့နာက စရိတ်ငြိမ်းခံတဲ့ဟာကို ပုချေးတို့ဆီမှာ ကားတွေပေါ်သားပဲ။ ကြာလာရင် ဒရိုင်ဘာဖြစ်မှာပေါ့ဟဲ့"

နာရဏီစိတ်ထဲ သိမ်ငယ်သွားသလိုခံစားရသည်။ ကားတွေ ပေါ်သားပဲတဲ့လား။ ပုချေးက ကားအုံနာပေါ့။ သူ မထင်ထားခဲ့ချေ။ အတန်းထဲမှာဆို ပေစုတ်စုတ်နဲ့နေသော ပုချေးကို ချမ်းသာမယ်ဟု ထင်ခဲ့တာအမှန်ပါ။ ကားတစ်စီးရှိလျှင်ပင် အထင်ကြီးချင်နေပါပြီ။ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ကားတွေအများကြီးတဲ့လား။

"ဟာ ... အဖြူလွှာကလည်း နင်ပြောလိုက်ရင် အရမ်းပဲ။ ဘယ်မှာများလို့လဲ။ ဒရိုင်ဘာဖြစ်မှာတော့ သေချာတယ် နာရဏီရေ။ မင်းဉာဏ်ကောင်းတာ ငါသိတယ်။ ကဲ ... ပြော ခုလိုက်မလား"

"ဟာ ... ငါ စဉ်းစားပါဦးမယ်"

စဉ်းစားပါဦးမယ်ဆိုပြီးသာ စကားဝိုင်းကို အဆုံးသတ်ခဲ့ရသော်လည်း စဉ်းစားစရာမလိုချေ။ နာရဏီသည် ဘယ်သောအခါမှ ယာဉ်နောက်လိုက်လုပ်မည်မဟုတ်။ အထူးသဖြင့် သူငယ်ချင်း၏ အစေအပါးမျိုး အဖြစ်မခံနိုင်ပါ။ ပြီးနောက် နာရဏီ၏ ဘဝမျှော်လင့်ချက်ထဲတွင် ကားဒရိုင်ဘာဆိုတာ လုံးဝမပါချေ။ ကားမောင်းရင် ငွေရသည်ဆိုတာ သိသည်။ သို့သော် ယာဉ်ပစ္စည်းများကို စိတ်မဝင်စားချေ။

နာရဏီ သူဌေးဖြစ်ချင်သည်။ ရွှေမျောတွေပိုင်ချင်သည်။ အမေ့ကို ရွှေတွဲလွဲထားချင်သည်။ မိုးမလုံသောအိမ်ကိုဖျက်ကာ ကာလာစုံလင်သောတိုက်အိမ်ကို တည်ဆောက်ချင်သည်။ မျောသားများကို ငွေကြေးသင့်တင့်အောင်ပေးပြီး ဘဝကို မြှင့်တင်ပေးချင်သည်။ ပင်ပန်းသည်နှင့်အညီ အစားအသောက်ကို ကောင်းတာချည်းကျွေးချင်သည်။ ဒါသည် ဆန္ဒသာဖြစ်သည်။ ယခု နာရဏီသည် လုပ်ခပုံမှန်မရသော သာမာန်မျောသားတစ်ယောက်သာဖြစ်ပေတော့၏။





"နာရဏီရေ ... ငါတို့ပြောင်းကြစို့"

နာရဏီကို ခင်မင်နေသော အမျိုးသမီး စားပိုမသုံးယောက်က တိုက်တွန်းလာပြန်သည်။ နာရဏီ နားမလည်ချေ။ ဘာကြောင့် အဲ့ဒီလောက်ထိ ခေါ်နေရတာလဲ။

"ပြောင်းတာတော့ ပြောင်းချင်ပါတယ်ဗျာ။ ကျွန်တော်တို့ ပြောင်းသွားရင် မယ်လိန်က ဘယ်လိုကျန်ခဲ့မလဲ။ ခုတောင် လူက သိပ်ရှိတော့တာမဟုတ်ဘူး"

"ဒါ မော်နယ်မြေ စီးပွားရေးလုပ်နေကြတာ။ ပြီးတော့ မင်းအပေါ် သူက ကိုယ်ကျိုးစွန့်ကောင်းခဲ့တာ မဟုတ်ဘူး။ ထမင်းစားတယ်ဆိုတာ မင်းလုပ်အားခနဲ့မင်း။ ထောက်စရာမျက်နှာ ဘာရှိလို့လဲ"

မနွယ်ဝင်းဆိုသော ခပ်စွာစွာအမျိုးသမီးက ပြောလာပြန်သည်။ ထိုသုံးယောက်သည် နာရဏီနှင့် ဘာရေစက်မှန်းမသိအောင် ဆုံဆည်းခိုင်လွန်းသည်။ ခရီးသွားတော့လည်း အတူတူ။ ခုလည်း နာရဏီ မျောမပြောင်းသေး၍ သုံးယောက်လုံးက မပြောင်းနိုင်ဖြစ်နေကြသည်။ မနွယ်ဝင်း၊ မဌေးကြည်နှင့် မတင်မေတို့ဖြစ်ကြသည်။ သူများတကာ တပ်ခေါ်၍သာ မတပ်ခေါ်နေရသည် အမှန်က အမျိုးသမီးသုံးယောက်လုံး



www.burmeseclassic.com

www.burmeseclassic.com



သည် အမေအရွယ်၊ အဒေါ်အရွယ်များဖြစ်ကြသည်။

"ပြောင်းပါပြီတဲ့ဗျာ၊ လောလောဆယ် ခေါ်တဲ့မျောရောရှိလို့လား"

"ဘယ့်နှယ်မရှိရမှာလဲ။ ရွှေတွင်းမှော်မှာ ဟိုမြို့သားညီအစ်ကိုတို့ မျှောရှိတယ်လေ။ သူတို့ခေါ်နေတယ်။ မင်းကိုရောပဲ နာရဏီရဲ့"

"ဟာ ဗျာ ... ရက်စရာကြီး"

နာရဏီသည် လိပ်ပြာမလုံချင်ပေ။ တစ်ခါက အသက်ကယ်ပေးခဲ့ဖူးသည်။ ထိုမျက်နှာကြောင့် အလုပ်ပေးတယ်။ အခွင့်အရေးပေးတယ် ဆိုလျှင် ထိုအခွင့်အရေးမျိုးကို နာရဏီ မလိုချင်ပေ။

"ဘာကိုရှက်နေတာလဲ။ မင်းက အလုပ်မလုပ်နိုင်၊ ခြေကျိုးလက်ကျိုးဖြစ်နေလို့လား။ အံ့ပါ့ နာရဏီရယ်။ အ,လည်း အ,လွန်းတယ်၊ ဒါကြောင့် မင်းကို မယ်လိန်က ကျွန်လိုခိုင်းချင်နေတာ။ မင်းက မျောသွားပဲ နောက်လိုက်ခိုင်းစေမှ မ...ပါတာ။ ဈေးဝယ်ခေါ်တာ လိုက်စရာလားဟဲ့၊ မင်းက ကုန်ထမ်းသမားလား။

"ကျွန်တော်လည်း ဘာအပန်းကြီးတာမှမဟုတ်တာ"

"ကဲ ... မင်းလိုက်မှာလား၊ မလိုက်ဘူးလား ပြော။ မင်း မလိုက်လည်း ငါတို့တော့ မနက်ဖြန်ပြောင်းတော့မယ်။ သရဲခြောက်တော့ ဆက်မခံချင်တော့ဘူး"

မှန်သလောက်လည်း မှန်ပါသည်။ ညအိပ်ရမှာကို လူတိုင်း လန့်နေကြသည်။ ကွေးထားသောခြေကောက်ကို မဆန့်ဝံ့ကြ။ ခွေးအူသံကလည်း တစ်ညလုံး နားတယ်ဟူ၍မရှိ။ အများပြောကြသလို ရဲတော်က မကျွတ်လွတ်နိုင်သေးဘူးလား။ နာရဏီ ကျောတွေတောင့်ခံ





ငိမ့်သွားသည်။ ဘေးနား တစ်စုံတစ်ယောက် ရောက်လာသလိုခံစားရ၏။ နာရဏီစိတ်ထဲ ဝမ်းနည်းသည်။ အဲဒီနေ့က ရဲတော်ကို အချိန်မီ မကယ်နိုင်ခဲ့ပါ။ မိမိရှေ့မှာပင် လူတစ်ယောက် လောကကြီးကို နှုတ်ဆက်သွားခဲ့သည်။

နာရဏီသာ စိတ်ကူးထဲ မမျှောလွင့်ခဲ့ဘူးဆိုလျှင် ကျင်းပြိုမည့် အရိပ်အယောင်ကို ခန့်မှန်းမိလိမ့်မည်။ ထိုသို့ဆိုပါက ရဲတော်ကို သတိပေးဖြစ်ဖြစ် ပေးနိုင်လိမ့်မည်။ အခန့်မသင့်လျှင် အသက်ကိုပါ ကယ်နိုင်လိမ့်မည်။

"ကယ်ပါ"

ဟု အော်နေသော ရဲတော်၏အသံသည် ခုချိန်ထိ နှလုံးသားထဲ စွဲနေဆဲဖြစ်သည်။ အဖြစ်မကင်းသလို ခံစားနေရဆဲဖြစ်သည်။ လအနည်းငယ်မျှသာ အတူနေခဲ့ဖူးသော်လည်း အိပ်ရာချင်းကပ်ချက်ကြောင့် တစ်ကြောင်း၊ အတူတူ ပင်ပန်းစွာ လုပ်ကိုင်ခဲ့ကြသည်က တစ်ကြောင်း၊ ကောင်းတူဆိုးတူ စားသောက်ခဲ့ကြတာကတစ်ကြောင်း အကြောင်းအမျိုးမျိုးကြောင့် သံယောဇဉ်ဖြစ်နေသည်။ မေ့မရနိုင်ပါ။ အထူးသဖြင့် ကယ်ပါဟု အော်နေသံကိုဖြစ်သည်။ အားမလျှော့ပစ်လိုက်နဲ့။ မကြာခင် ရတော့မှာပါဟု အားမပေးလိုက်ရခြင်းကိုလည်း နောင်တရသည်။ အမှန်က ထိုနေ့ တာဝန်သည် ရဲတော်မဟုတ်ပါချေ။ ချမ်းအေးဖြစ်သည်။ ချမ်းအေး ဗိုက်ဖျားမိလို့ ရဲတော်က အစားဆင်းပေးခြင်းဖြစ်ကြောင်း သူ နောက်မှ သိခဲ့ရသည်။

ရဲတော်၏သတင်းကိုကြားကြားချင်း ချမ်းအေး သတိလစ်သွားခဲ့သည်။ သူ့ကြောင့်ဟု ယောင်နနပြောကာ ငိုနေသည်၊ အိပ်ကောင်းခြင်း



www.burmeseclassic.com

www.burmeseclassic.com



လည်း မအိပ်တော့ကာ ကြောင်တောင်တောင်ဖြစ်သွားသောကြောင့် စက်လေ့စီးလုံးပြတ်ငှားပြီး ချမ်းအေးကို ရှာပြန်ပို့လိုက်ရသည်။

ချမ်းအေး ရှာရောက်သောနေ့မှာတင်ပဲ ရဲတော်ရက်လည်၍ တဲ၌ ဆွမ်းကျွေးကြသည်။ လုပ်ငန်းတော့ ဟန်မပျက်ပင် လည်ပတ်နေခဲ့သည်။ သို့သော် ဘက်ဖိုးသည် ပြဿနာတက်သွား၏။ ကုမ္ပဏီပိုင် နယ်နမိတ်ထဲဝင်ကာ မြေကော်လိုက်မိသည်။ အမှန်က ဘက်ဖိုးသမား ပေါ့ဆ၍ဖြစ်ခြင်းဖြစ်၏။ သို့သော် အပြစ်ရှာဖို့စောင့်နေသူများအဖို့ အပြစ်ရသွားပြီး တိုင်ချက်ဖွင့်သည်။ ထိုမှတစ်ဆင့် လူသေမှုပါ အကျယ် တဝင့်ဖြစ်သွားပြီး အမှုကမပြီးနိုင်တော့ချေ။ အမှုဖြစ်နေ၍ မျှောမမောင်း ရပေ။ မျှောမမောင်းသောအခါ အင်အားများသော စားသောက်စရိတ် ထုလာသည်။ ထို့အပြင် ငွေရှာလာသော မျှောသားများသည် အိပ်လိုက် စားလိုက် အချိန်မဖြုန်းလိုပေ။ ရာသီချိန်က တိုလွန်းလှသည်။ အိမ်အပြန် မျက်နှာပန်းလှရေးအတွက် ငွေကို ကျုံးရုန်းရှာကြရပေမည်။ ထို့ကြောင့် နေ့စားလုပ်သားများ ထွက်ကုန်သည်။ လုပ်သားမရှိ၍ မျှောမမောင်းနိုင် သည့်ပြဿနာက ပိုကြီးသွားသည်။

ဒီကြားထဲ ပေါ်လိန်က မုံရွာမှပြန်လာပြီး ပြဿနာများကို မဖြေရှင်းနိုင်ပေ။ မျှောမှုပြဿနာထက် မြို့ပေါ်မှုပြဿနာက ပိုကြီးနေသည်။ ပေါ်လိန်တို့၏ တစ်ဦးတည်းသောသားလှရတနာ ထောင်နန်းစံမည့်ကိန်းဆိုက်နေသည်။

လူ့ဘဝကထူးဆန်းသည်။ လူ့အတ္တက သနားဖို့လည်းကောင်းနေပေသည်။ သူများရဲ့သားအသက်တော့ ရော့အင့် သိန်းနှစ်ဆယ်ဆိုပြီး





ပေးလိုက်ရုံနဲ့ တစ်ဖက်လူက တရားနှင့်ဖြေလိုက်ရသည်။ သေသောသူ သည် ဘယ်တော့မှ ပြန်မလာနိုင်တော့သူ။ ထပ်မမြင်တွေ့နိုင်တော့သူ ဖြစ်သည်။ ပြီးတော့ သေဆုံးသွားခြင်းကလည်း ရင်နှင့်ဖွယ်ရာဖြစ်သည်။ အလုပ်လုပ်ရင်း မြေကြီးဖို၊ စက်တွေဖိ၊ ရေနစ်ကာ ခက်ခက်ခဲခဲ သေသွား ရှာသည်။ ခုတော့ သားတော်မောင် ထောင်သက်လျော့ပေါ့ရေးအတွက် ငွေထုပ်ပိုက်လိုက်နေသည်မှာ သိန်း ရာဂဏန်းမကတော့ချေ။ သူဌေး သားသမီးတွေရဲ့အသက်များ တန်ဖိုးရှိလိုက်တာ။ ဆန်ကုန်မြေလေး ဆိတာတောင် ရတနာလေးတွေတဲ့လား။

ရဲတော်က ဒါကိုမကျေနပ်သေးလို့ မသွားနိုင်တာလား။ ရဲတော် အကယ်၍ ဤပတ်ဝန်းကျင်မှာရှိနေဦးမည်ဆိုလျှင်ပင် ခုလိုမနေစေချင် တော့ပါ။ အေးရာအေးကြောင်း ထွက်သွားစေချင်သည်။ ခုလို အမုန်း သိသရာ၊ နာကျည်းမှုသံသရာထဲ ရစ်ဝဲနေလို့ရော အဆင်ပြေသွားမှာတဲ့ လား။

"မန္တယ်ဝင်းတို့ရော ... နာရဏီ"

မယ်လိန်၏အသံဖြစ်သည်။ ထို့ကြောင်း အဖွေးစများ ဘယ်ဆီ သွင့်ကုန်မှန်းမသိ။

"ရှိပါတယ် မယ်လိန်။ ဘာပြောမလို့လဲ"

ဝင်သွားသော အမျိုးသမီးသုံးဦး ပြန်ထွက်လာကြသည်။

"မျှောပြောင်းမလို့ဆို"

"ဟုတ်ကဲ့။ ရွှေတွင်းက ဦးခင်ရွှေတို့မျှောကို ပြောင်းလာမယ်လို့ ပြောခဲ့ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့မရှိတော့ ဒီထမင်းချက်ကို ငါလုပ်ရမှာလား"

"ကျွန်မတို့ကိုလည်း နားလည်ပေးပါ။ ကျွန်မတို့လည်း အချိန်ရှိတုန်းလေး ရှာရတာမို့ပါ။ ဆက်ရှာဦးတော့ အလွန်အကျွံ နောက်ထပ်သုံးလပေါ့။ သားသမီးကျောင်းစရိတ် အဲ့ဒီငွေက မရမဖြစ်မို့ပါ မယ်လိန်ရယ်။ ပြီးတော့ မယ်လိန့်တူမဝမ်းကွဲ ဇင်မာကရှိနေတော့။ ပြီးတော့ မျောသားတွေလည်း လူရင်းတဲစောင့်တွေပဲလေ။ စားအိုးမှသိပ်မကြီးတော့တာ"

"သွားကြပါ။ ဒုက္ခဖြစ်တော့ အဲ့ဒီဒုက္ခ ဘယ်သူက မျှခံချင်ပါ့မလဲ။ သွားကြပေါ့။ ဒါကြောင့် ကိုယ့်ဒူးကိုယ်တောင်မယုံနဲ့လို့ ပြောစမှတ်ရှိခဲ့တာပဲ။ နာရဏီ မင်းကိုထွက်သွားမယ်မဟုတ်လား။ သွားချင်ရင်လည်းသွား။ ဒီလူလောက်နဲ့ မျောမောင်းဖို့ ဘယ်လိုမှမဖြစ်နိုင်ဘူး"

"ကျွန်တော်က ရပါတယ်။ မယ်လိန်တို့ကို ကူမယ့်လူက မရှိဘူး"

"မင်းမျက်စိထဲ ငါက အဲ့ဒီလောက်တောင် သနားဖို့ကောင်းနေပြီလား။ သနားစရာမလိုဘူး၊ သွားပါ ... ရတယ် ... သွား"

"ရပါတယ်၊ ကျွန်တော်မသွားပါဘူး။ ပေါ်လိန်လာတဲ့အထိစောင့်ပါ့မယ်"

နာရဏီသည် ခိုင်ခိုင်မာမာပြော၏။ သို့သော် အမျိုးသမီးကြီးများတော့ အခွင့်အရေးရတုန်း အထုပ်ကိုယ်စီပိုက်၍ ထွက်သွားကြသည်။ မယ်လိန် ရှုံ့ပွဲချိုနေတော့သည်။ နာရဏီ့ရင်ထဲ သနားမိသည်။ မျက်နှာကိုချိမော့ပြီး ခက်ထန်နေသောမယ်လိန်က ဘယ်ပျောက်လို့ပျောက်သွားမှန်းပင်မသိချေ။ မယ်လိန်ငိုနေတာကိုကြည့်ရင်း အမေ့ကို သတိရမိသည်။





အမေ နေကောင်းပါလေစ။ ခုချိန် ဘာတွေလုပ်နေမလဲ"

"ဒါ ... ဒေါ်နှင်းတင်တို့မျောလား"

ခွေးတွေ ဘယ်ရောက်နေမှန်းမသိ။ ဟောင်သံမကြားရချေ။ ဒါတိုင်း ဧည့်သည်လာပါက ဝက်ဝက်ကွဲဟောင်သံကြားရသည်။ နာရဏီသည် လှည့်ကြည့်လိုက်၏။ ဆံပင်ဖြူနေသော အမျိုးသမီးကြီးနှင့် ဖျင်သုံချည်တစ်ပတ်နွမ်း ဝတ်ထားသည့် မိန်းကလေးတို့ဖြစ်သည်။

"ဟုတ်ပါတယ်။ ဘယ်သူများလဲ"

ဒေါ်နှင်းတင်သည် ငိုနေရာမှ ရုတ်တရက် မျက်ရည်သုတ်ကာနေးသည်။ အသံကို ဟန်ပြင်ထားရတာမို့ ခပ်ဆတ်ဆတ်ဖြစ်နေသည်။

"ကျွန်မက ရဲတော်ရဲ့အမေပါ"

"ဟင်"

အာမေဋိတ်သံသည် လည်ချောင်း၌ ဆို့နစ်သွားသည်။ ရင်ထဲတွင်လိုက်ခနဲ ပမ်းနည်းသွားသော်လည်း ရုတ်တရက်မို့ မျက်ရည်များ စီးကျလာနိုင်ပါ။ ရဲတော်နှင့်ရုပ်ဆင်သော မိန်းကလေးသည် နာရဏီကိုကြောင်ကြောင်လေး ငေးစိုက်ကြည့်နေရှာသည်။ နာရဏီ ရင်ထဲနစ်ကြေကွဲစွာခံစားရသည်။ နာရဏီသာ မိန်းမသားဖြစ်နေပါကငိုထုကာ အော်ငိုမိလေမလား။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ သားရယ်။ သားလည်း အသက်ရှည်ပါစေ၊ ဘေးကင်းပါစေကွယ်"

ရဲတော်အမေ၏ အပြန်ခရီး လေ့ဆိပ်သို့လိုက်ပို့ဖြစ်သည်။ သို့သော် လေ့ရောက်မလာ၍ ငုတ်တုပ်ထိုင်စောင့်နေသည်။ ရဲတော်သည် သူလို သံလမ်းရိုးသားမဟုတ်ဘဲ၊ မြစ်ရိုးသားဖြစ်သည်။ ထို့ကြောင့် ကားလမ်းမပေါက်သောရွာမို့ စက်လှေနှင့် သင်္ဘောအငယ်စားခေါ် မော်တော်ကိုသာ အသုံးပြုသွားလာရသည်။

"သားသာ သူ့ကိုထမ်းမလာရင် အဲ့ဒီနေရာမှာပဲ မြေမြှုပ်ခဲ့ရမယ်လို့ သိရပါတယ်။ သားကို အဒေါ် တကယ်ကျေးဇူးတင်ပါတယ်"

နာရဏီသည် ကြွပ်ကြွပ်အိတ်အဖြူနှင့်တုပ်ထားသော ရွှေထုပ်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားသည်။ ကာယကံရှင်နှင့် တွေ့နေသော်ငြား မပေးလိုက်နိုင်ချေ။ ထိုရွှေကိုသာ ရွာအထိ အပါသယ်သွားပါက အမေ့အတွက် ဆွဲကြိုးနှစ်ကျပ်သားခုတ်ပေးပြီး ပိုရွှေကို ရောင်းချကာ အိမ်တစ်ဆောင်လုံး သွပ်မိုးနိုင်ပေလိမ့်မည်။ မိုးရွာလည်း ဘာကိုမှ မမှုဘဲ ရေလုံသောအိမ်ပေါ်တွင် ဖိမ်ကျကျအိပ်နိုင်လိမ့်မည်။ ပြီးနောက် ထိုရွှေအကြောင်းလည်း မည်သူမျှသိတာမဟုတ်ပေ။

ရွှေဝေသော



"သူ့အသက်ကိုပေးပြီး နောက်ဆုံးထားခဲ့တဲ့ အဲ့ဒီငွေနဲ့ပဲ အဒေါ်တို့ သားအမိ ဆက်ရပ်တည်ရမှာ။ သူ့ညီမလေးက အခု တက္ကသိုလ်ပထမနှစ် တက်မှာလေ။ သူ ဒါလည်း စိတ်မအေးရှာဘူး။ သူက အစ်ကိုတာဝန် ထိပ်ကျေပွန်ချင်တာကွဲ့"

ပြောရင်းပင် စီးကျလာသောမျက်ရည်များကို တဘက်ကြီးနှင့် သုတ်ပြန်သည်။

"ဘယ်သိပါ့မလဲကွယ်။ သူသာ ဒီလိုဖြစ်မယ်မှန်းသိရင် ဒီရွှေကို အဒေါ် ဘယ်တူးခိုင်းပါ့မလဲ။ စာရင်းငှားဝင်ရင် တစ်နှစ် စပါးရှစ်ဆယ် အေးအေးဆေးဆေးရနေတာပဲ။ ဒီစပါးနဲ့ပဲ ဝမ်းဝပါတယ်။ အေး ... ဘယ်တတ်နိုင်မလဲ သူ့သင်္ချိုင်းက ဒီမှာရှိနေတာကိုး။ ဖြစ်ချိန်တန်လို့ ဖြစ်ရတာပေါ့ကွယ်။ နောက်ဆုံး မျက်နှာလေးတောင် မမြင်လိုက်ရတော့ သူသေသွားတယ်ဆိုတာ မယုံနိုင်ဘူးကွယ်။ အိမ်မှာ တရားနာလည်း သူရောက်မလာဘူး။ ဒါကြောင့် သူ့ကိုခေါ်ဖို့ အဒေါ်တို့သားအမိလာခဲ့ကြတာပါ။ သူက ဒီမှာစွဲလန်းနေတယ်ကွဲ့ ... အဟွတ် ... အဟွတ်"

"အဒေါ် နေကောင်းရဲ့လား"

"ဒီလိုပါပဲကွယ်။ ချောင်းဆိုးက ပျောက်တယ်မရှိပါဘူး။ မကြာခဏမောတော့ အလုပ်ကြမ်းလည်း မလုပ်နိုင်ဘူး။ ဒီသမီးသာမရှိရင် အဒေါ် စိတ်လျှော့ပြီးတာကြာရှာပေါ့"

"ဟာ ... အမေကလည်း စိတ်မကောင်းစရာတွေ။ အစ်ကို သွားပြီးတာတောင် မကြာသေးဘူး၊ အမေကပါ ဒီလိုပြောနေရင် ကျွန်မက ဘယ်သူနဲ့သွားနေရမှာလဲ"

ရွှေဝေသော

www.burmeseclassic.com

www.burmeseclassic.com



နာရဏီ ရင်ထဲဆို့လာသည်။ ညီမ မရှိသော်လည်း မိန်းမကလေးသာ သူ့ညီမဆိုလျှင်ဟု ခံစားလာရသည်။ အားကစားဘောင်းဘီထဲမှ ရွှေထုပ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားခဲ့ဖြစ်သည်။

"ဟိုမှာ ... မော်တော်လာပြီ"

ရဲတော်ညီမ၏အသံသည် သူ့ရင်ခုန်သံကို မြန်စေသည်။ ဤလူများနှင့် ဒီတစ်ခါခွဲပြီးလျှင် ဘယ်တော့မှ ပြန်မဆုံနိုင်တော့မှန်း သိသည်။ မြို့ရွာချင်းမတူ။ လူမျိုးချင်းမတူ။ ဒေသချင်းမတူသောကြောင့် ခရီးသွားဟန်လွှဲဆိုတာမျိုးလည်း မကြုံနိုင်ပေ။

သူ ဘာလုပ်ရမလဲ။ ရဲတော်ရဲ့ရွှေကို သူယူထားသင့်သလား။ ဒီရွှေလေးကျပ်သားက သူ့ဘဝ ထာဝရကောင်းစားနိုင်ရဲ့လား။ ဒီရွှေကို သူ ယူထားပြီထားပါဦး ရဲတော်က သူ့ကို ပေးလိုက်နိုင်ပါ့မလား။ ပြီးတော့ အားကိုးရာမဲ့နေရှာသော မျက်လုံးတွေ။

သူကတော့ ကိုယ်လက်အင်္ဂါအစုံအလင်နှင့် ကျန်းမာသန်စွမ်းသော လူငယ်တစ်ယောက်ဖြစ်သည်။ ရဲတော်၏ညီမသည် ကျောင်းသူတစ်ဦးသာဖြစ်ပြီး ရဲတော်၏အမေသည် ကျန်းမာရေးချို့တဲ့သူဖြစ်သည်။ အားကိုးရှိမည့်ပုံလည်း မပေါ်ချေ။ သူ့မှာတော့ အစ်ကိုရှိသေးသည်။ အမေကလည်း ကျန်းမာရေးကောင်းသည်။ သို့သော် ဒီရွှေကို သူလိုချင်သည်။ ပြန်ဖို့ရက်က သိပ်မရှိတော့ပေ။ မိုးမကျခင် ပြန်ရမှာမို့ အလွန်ဆုံး လုပ်ရလှ သုံးလသာရှိတော့မည်။ အစောပိုင်းနှစ်လကလည်း အရေးအရာ မပေါက် ကုန်ဆုံးခဲ့၍ ငွေလည်း လက်ဝယ်မရှိပေ။ ငွေမပါဘဲ အိမ်ပြန်





ကြာ သူ့အပြန်လမ်းသည် ခေါင်းငိုက်စိုက်ကျနေရပေမည်။ သူ ဘာလုပ်ရမလဲ။

"အစ်ကိုရေ ... ညီမတို့သွားပါဦးမယ်။ အစစအရာရာအတွက် ကျေးဇူးတင်ပါတယ်"

လှေဦးထိုးလာချိန်၌ သားအမိနှစ်ယောက် လှေပေါ်တက်သွားကြသည်။ သွားပါစေ၊ သိန်းနှစ်ဆယ် လျှော်ကြေးရပြီး ပြီပဲ။ အဆင်ပြေစေပါ။ သွားပါစေဟု ရင်ထဲက အားတင်းမိသော်လည်း စိတ်တို့က လုံးမလဲဖြစ်ရသည်။

"အဒေါ်တို့ သိန်းနှစ်ဆယ်က လောက်ငရဲ့လား။ ဘာလုပ်စားကြမှာလဲ။ အိမ်ဆိုင်ဖွင့်ဖို့ရော အဆင်ပြေရဲ့လား"

"ဒီခေတ်ကြီးမှာ ဒီငွေက ဘယ်မှာလောက်ပါ့မလဲ။ အကြွေးတွေဆပ်တယ်။ ငွေရသံကြားတာနဲ့ အကြွေးရှင်တွေက အိမ်ရှေ့ တန်းစီနေပြီ။ ပြီးတော့ ဆွမ်းကျွေးမှာနဲ့ အလွန်ဆုံးပို ငွေရှစ်သိန်းပေါ့"

"ကဲ ... အစ်ကို ညီမတို့သွားတော့မယ်"

လှေဦးသည် ကမ်းမှခွာချင်နေသည်။ သူ့စိတ်ထဲ ဒွန်တွဲနေသည်။ အဒေါ်ကြီးသာ သူ့အမေဆိုလျှင်။ သူသာ ရဲတော်ဖြစ်ခဲ့ပါကဆိုသည့် ကိုယ်ချင်းစာတရား ဝင်လာသည်။

"ခဏ"

ပြောပြောဆိုဆိုပင် ရေထဲ ပြေးဆင်းသွားပြီး လှေဦးကိုဆွဲသည်။ ပြီးနောက် ဘောင်းဘီအိတ်ထဲမှ ရွှေထုပ်ကိုထုတ်ပြီး ရဲတော်၏ညီမလက်ထဲသို့ ထည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ယူသွားပါ ညီမ။ ဒါ ရဲတော်ရဲ့ နောက်ဆုံးလက်ဆောင်ပါ ... ရင်းနှီးစားသောက်ကြပေါ့"

"အစ်ကို ... ဒါ"

ရွှေထုပ်ကို လက်ထဲအရောက်ထည့်ပေးပြီးမှ လှေဦးကို ... တွန်းလွှတ်သည်။ ရဲတော်၏ညီမသည် သူ့ကို မယုံနိုင်စွာကြည့်ရင်း ... ပါသွားသည်။ သူ့ရင်ထဲ ပေါ့ပါးသွားသည်။

ရဲတော်၏ အသုဘကိုချပြီးတည်းက ရဲတော်ပြောခဲ့သော ... ထိုနေရာတွင် ရွှေထုပ်ရှိ၊ မရှိ သူရှာခဲ့သည်။ တွေ့ခဲ့သည်။ သူပျော်... သည်။ ရဲတော်မရှိရင် ထိုပစ္စည်းသည် သူ့အပိုင်ဖြစ်သွားသည်။ သို့သော် ... စိတ်မအေးရချေ။ ပိုင်ရှင်များမိသွားခဲ့လျှင်၊ ရဲတော်ရော ကျေနပ်ပါ့မလား ... ထိုအတွေးများကြောင့် ညစဉ်ညတိုင်းလည်း အိပ်ကောင်းချင်း မအိပ်နိုင်... ပေ။ စိတ်ကူးလည်း ယဉ်ခဲ့သည်။ ထိုရွှေများကို အမေ့လည်ပင်းတွင် ... ဆွဲကြည့်မိသည်။ အမေပြုံးနေသည်။ သူကျေနပ်၏။

သို့သော် ခုလို ရဲတော်ညီမလက်ထဲ ထည့်လိုက်သောအခါ ... စိတ်တစ်ခုလုံး ကျဉ်းကျပ်နေရာမှ ပြေလျော့သွားသည်။ လိပ်ပြာလုံသွား... သည်။ ခေါင်းမော့ရင်ကော့ပြီး နေနိုင်သွားသည်။ မယ်လိန့်အပေါ် ... အကြွေးတင်နေတယ်ဟုလည်း မခံစားရတော့ချေ။

"ကို နာရဏီ"

အသံကြောင့် လှည့်ကြည့်လိုက်သောအခါ ရေစပ်မှတက်လာ... သောသူနှစ်ယောက်ကို တွေ့လိုက်ရသည်။ နာရဏီ အံ့သြသွားသည်။

"ဗညား"





မေ့နိုင်စရာအကြောင်းမရှိချေ။ ဗညားဆိုသူ မြို့သားဖြစ်၏။

"ခင်ဗျား ... ဘယ်လိုလုပ်"

"ကျွန်တော့ကို မှတ်မိသေးသားပဲ။ ကျွန်တော်က မေ့နေလောက်... ထင်နေတာ"

"ဘယ်သွားမလို့လဲ"

"ခင်ဗျားဆီပဲလာတာပါ"

"ငါ့ဆီ"

"ခင်ဗျား မျောမြောင်းမယ်လို့ အသံကြားလို့"

အံ့သြသွားသည်။ သူကိုယ်၌ပင် ပြောင်းရေး၊ မပြောင်းရေး ...ဦးစားရသေးပါ။ ရွှေလေးကျပ်သားကြောင့် မယ်လိန့်တဲ၌ ကျောက်ချ... ...ားသလိုဖြစ်နေသော်လည်း ခုတော့ လွတ်လပ်သွားပါပြီ။ မယ်လိန်နှင့် ...အကြား ဘာအကြွေးမှမရှိတော့ပေ။

"ကျွန်တော်တို့မျောကိုလာပါလား"

"ဟမ်"

နာရဏီ ကြောင်နသွားသည်။ ရုတ်တရက်မို့ ဘာပြန်ပြောလို့ ...ပြောရမှန်းမသိပေ။ ဗညားက သူ့ကို ခုလို ကိုယ်တိုင်လာခေါ်လိမ့်မည်ဟု ...လည်း ဘယ်တုန်းကမှ မတွေးခဲ့ဖူးချေ။ သူ ဘာပြန်ပြောရမလဲ။





www.burmeseclassic.com

www.burmeseclassic.com



အထုပ်ပိုက်ပြီး ရွှေတွင်းမော်ဥက္ကဋ္ဌ ဦးခင်ရွှေ၏မျှောသို့ နာရဏ ခြေဆန့်ရပြန်သည်။ ဒါတော့ ဦးခင်ရွှေသားကြီး ဗညား၏ကောင်းမှုကြော ဖြစ်သည်။ မြို့သားတွေမို့ အနေသန့်သည်။ သီးသန့်ဆန်သည်။ အပြေ ချိုသည်။

မျှောရှင်တွေတော့ အပြာရောင်ဆေးသုတ်ထားသော အိ ကောင်းကြီးပေါ် နေထိုင်ကြသည်။ သူတို့လို မျှောသားတွေတော့ ထုံး အတိုင်း တန်းလျားတဲရှည်ဖြစ်၏။ စားဖိုမျှားနှင့် သီးသန့်ဆောင်ထားတ မို့ ဒေါနွယ်ဝင်းတို့သုံးယောက်နှင့်တော့ အနေကွဲသွားသည်။ သို့သေ အရေးပေးခံရသည်။ ဗညားက ဂရုစိုက်သောလူမို့ အခြားသော မျှောသ များက လူသစ်ဆိုပြီး မနှိမ်ဝံ့ချေ။

"ကိုနာရဏီ ... အိပ်ပြီလား"

ဟု အိပ်ရာဝင်ချိန်တိုင်းလည်း နာရဏီ၏ နေမှုထိုင်မှ ဂရုစိုက်သဖြင့် မနေတတ်လောက်အောင်ဖြစ်ရသည်။ သို့သော် မျှောပိုင် ဂရုစိုက်၍ ကျေနပ်သလိုလည်း ခံစားရသည်။ သူရကတော့ သူ ရောက်လာတတ်ပြီး သူမစားဖူးသော ချောကလက်ဆိုသည့် အချော မည်းမည်းမျိုး ကျွေးတတ်သည်။ ထိုညီအစ်ကို၏ ဂရုစိုက်မှုက အနေ





ခက်လောက်အောင်ပင်။

သူ့ကို သားနှစ်ယောက်၏ အသက်သခင်အဖြစ် ဦးခင်ရွှေ ကလည်း အရေးပေးသည်။ ဗညားတို့ ညီအစ်ကိုကို ဘာရယ်မဟုတ် အပမ်းမကြီးဘဲ ကူညီခဲ့သည်ဆိုဦး ရရှိမှုကကြီးသဖြင့် လိပ်ပြာ သိပ်မလုံ ချင်ပေ။ ရှက်သလိုခံစားရသည်။ တစ်သက်လုံးကလည်း မည်သူ၏ အရေးပေးမှုကိုမှ ဒီလောက်ကြီးရရှိဖူးတာမျိုး မရှိခဲ့။

မယ်လိန်နှင်းတင်တို့မျှောမှာထက် ပိုပြီး အသားဟင်းကို စားရ သည်။ မယ်လိန်တို့မျှောတွင်လုပ်စဉ်က ဝက်သား ငါးပိသဿကို မျက်စိက ခြင်နေရပါလျက်နှင့် မစားခဲ့ရချေ။ ပြုတ်တာပြုတ်၊ ခြောက်ကြော်တန် ကြော်၊ အချို့ကို ရေခဲသေတ္တာထဲထည့်သိမ်းတန်သိမ်းနှင့် ချက်ပြုတ်ချိန် အနံ့သာရှူခဲ့ရသည်။ အမဲသားဆို ဝေလာဝေးရောဖြစ်သည်။ ဝယ်ခဲ့တာကမှ ဘစ်ပိသဿမျှ မျှောသို့လာသော ရွှေဝယ်သူများကို ချက်ကျွေးသဖြင့် မျှောသားများမှာ အနံ့ပင် ဝဝလင်လင်မရှူလိုက်ရ။ ယခုတော့ သူဌေး မျှော၊ ဥက္ကဋ္ဌမျှောမို့လားမသိ ငါးသေတ္တာလည်း ကြာဇံနှင့်ရော၍ ပုံစံကျ ကေးရသည်။ ငါးပိရည်ကျိုလည်း စိတ်ကြိုက်စားနိုင်သည်။ ငါးတန်ခြောက် ချက်လည်း မကြာခဏကျွေးသည်။ ရံဖန်ရံခါ ကော်ဖီမစ်ထုပ်ပင် ဝေတတ်ပြီး၊ ဟင်းများကိုလည်း ဆီနှင့်ပြားနှင့် ချိုချိုချဉ်ချဉ် ချက်ကျွေး သည်။ ဒီကြားထဲ ဗညားတို့ညီအစ်ကိုက ဂရုစိုက်ပေးသဖြင့် မစားဖူးတာ များလည်း စားလာရသလို မကြားဖူးသော မြို့ဒေးကြောင်းများလည်း ကြားရသည်။ သူရသည် ငယ်ရွယ်သူပီပီ သူ့အနား ထွေးလုံးရစ်ပတ် နေတတ်သည်။ အနေတည်သော ဦးခင်ရွှေကလည်း အဆင့်အတန်း



www.burmeseclassic.com

www.burmeseclassic.com



သိပ်မခွဲချေ။ သူ့ရက သူ့အိပ်ရာပေါ် လာအိပ်သည်ကို ဆူပူခြင်းမရှိပေ။

"နာရဏီ နေမကောင်းဘူးဆို"

မန္တယ်ဝင်းကမေးလာခြင်းဖြစ်သည်။ အမှန်က နာရဏီ နေမကောင်း၍မဟုတ်ပါ။ မျောထဲ မဆင်းတာက တမင်သက်သက်ဖြစ်သည်။ ဆင်ဖင်းသွားချင်သည်။ အဖြူလွှာကိုရော၊ မင်းမြတ်နိုင်ကိုပါ တွေ့ချင်သည်။

"မဟုတ်ပါဘူး"

"ဩော် ... မသိပါဘူး။ ပျက်ရက်မရှိ မောင်လောဘအိုးက တော်တော်ဖြစ်နေပြီထင်တာ။ ဗညားတောင် မင်းကို ဆေးထိုးပေးမယ် ပြောသေးတယ်"

"ကိုဗညားက ဆေးထိုးတတ်လို့လား"

အမှန်က တွေ့တွေ့ချင်းတုန်းက ဗညားသည် မိမိနှင့် အရွယ်တူ ဟု ထင်မှတ်ခဲ့သည်။ မြို့သားဆိုတော့ နုတာကိုး။ သို့သော် အနေကြာ လာသည်နှင့်အမျှ ဗညားသည် မိမိထက် အသက်ကြီးသူမှန်း သိလာ သည်။ ဗညားသည် တက္ကသိုလ်ကျောင်းသားဖြစ်သည်ဟု သိခဲ့ရသည်။ သူ့ရကလည်း ကလေးလိုနေပေမယ့် မငယ်တော့ပါ။ ရဲတော်၏ညီမလိုပင် ပထမနှစ် တက္ကသိုလ်ကျောင်းသားပေါက်စဖြစ်သည်။

"ဘာကြောင့် မတတ်ရမှာလဲ။ သူများရှေ့နှစ်ဆို ဆရာဝန်ဖြစ်ပြီ"

"ဗျာ"

သူ အံ့ဩသွားသည်။ တွေ့စက ပညာတတ်ဖြစ်ပုံရသည်ဟု ခန့်မှန်းမိသော်လည်း ဆရာဝန်ဖြစ်လိမ့်မည်ဟု မထင်ခဲ့ပေ။ သူ့ရ ရေနစ်





...က ရှေးဦးသူနာပြုစုနည်းကို သုံးခဲ့၍ သူ ဗညားကို ထင်ကြီးခဲ့ဖူး ...သည်။ သို့သော် ဆရာဝန်ဟု မရိပ်မိခဲ့ပေ။ ဒါဆို သူ့ရက်ရော ...

"ကိုနာရဏီ ခင်ဗျား နေမကောင်းဘူးဆို"

"အဲ ... ဟို ... အဲ"

"နေမကောင်းတာကို အကျီထူထူဝတ်လေဗျာ။ နွေရာသီ ...ကူးအပြောင်းဆိုပေမယ့် ပူသေးတာမဟုတ်ဘူး။ အပြင်လေးဘာလေး ...ထွက်တော့လည်း ကောင်းသလောက်ကောင်းပါတယ်။ လေကောင်း ...သန့်ရတာပေါ့။ ခင်ဗျားတို့တဲက အဝတ်အစားတွေမျိုးလို့ မွှားလျှားနဲ့ ...ဆို့နေတာ"

ဗညားသည် ပြောပြောဆိုဆိုနှင့် သေတ္တာပုံစံ အမည်းရောင် ...တ်ငယ်လေးကို သူ့ရှေ့ချသည်။

"ကျွန်တော် ခင်ဗျားကို ဆေးထိုးပေးမလို့။ လက်တည့်စမ်းတာ ...တ်ဘူး။ ဖေဖေနဲ့ညီလေးကို ပြုစုပေးနေကျ။ ပြီးတော့ အချို့မျောသား ...တွေရောပဲ"

ဗညားသည် ပြောပြောဆိုဆိုပင် သေတ္တာလေးထဲမှ နားကျပ်နှင့် ...တ်ချာကဒ်ကို ထုတ်ပြန်သည်။

"ဟို ... ကိုဗညား ကျွန်တော်"

"အားမနာပါနဲ့ဗျာ။ ခင်ဗျား အားနာလွန်းတာကြောင့် ကျွန်တော် ... ညီလေးပါ အနေခက်ပါတယ်။ ကျွန်တော်တို့ ခင်ဗျားကိုခင်လို့ပါ။ ...များက အားလုံးထဲမှာ အရိုးသားဆုံးလို့ ခံစားရတယ်။ ခဏလှဲလိုက်ဦး"

လှဲလိုက်ဆို၍သာ လှဲလိုက်ရသည် စိတ်ထဲတော့ သိပ်မလုံချင်ပါ။



www.burmeseclassic.com

သူမှ နေမကောင်းမဖြစ်တာဘဲ။ ဒေါ်နွယ်ဝင်းနှင့် ဒေါ်တင်မေကတော့ သူ့ကို ပြူးစီစီကြည့်ရင်း မီးဖိုဆောင်ထဲဝင်သွားကြသည်။ သဘောကတော့ ဖြစ်ချင်တာဖြစ်၊ ပြောချင်ရာပြောကြဆိုသည့်အဓိပ္ပာယ်ပင်။

“ဟင် … ကိုယ်ပူလည်း သိပ်မရှိပါလား။ နှလုံးခုန်နှုန်းလည်း ပုံမှန်ပါပဲ။ အောက်သွေး၊ အပေါ်သွေး ပုံမှန်ပဲ”

“ပုံမှန်ဖြစ်မှာပေါ့ ကျွန်တော်မှ မဖျားဘဲဟာကို”

“ဗျာ … ဒါဆို”

“ဒီနေ့ အလုပ်မဆင်းတာက ဆယ်ဇင်းရွာထဲ ခဏသွားမလို့”

“ဘာကိစ္စ၊ ဘာလိုလို့လဲ”

“အဲ့ဒီမှ ကျွန်တော့်သူငယ်ချင်းရှိတယ်။ သွားတွေ့မလို့”

“ဪ … ဒီလိုလား။ ဒါဆို လိုက်ခဲ့လေ။ ကျွန်တော်လည်း ရွာထဲသွားမှာ”

“ဟာ … ရပါတယ်။ သိပ်လည်းဝေးတာမှ မဟုတ်တာ”

“ရွှေတွင်းနဲ့ဆယ်ဇင်းမဝေးဘူး … ဟုတ်လား။ ခင်ဗျား ရှူးမျှော သွားပြီလား ကိုနာရဏီရယ်။ အနည်းဆုံး သုံးနာရီလောက် လမ်းလျှောက် ရမှာဗျ။ ကျွန်တော်တို့ဆိုင်ကယ်နဲ့သွားတာတောင် လေးဆယ့်ငါးမိနစ် လောက် ကြာတယ်။ နာရဏီ စကားပြန်မပြောတတ်တော့ချေ။ အမှန်က ဗညားတို့ဆိုင်ကယ် အကောင်းစားကြီးပေါ် မစီးဝံ့၍ ငြင်းနေခြင်းသာ ဖြစ်သည်။

“အတော်ပဲ၊ ဒီနေ့ အဖော်မရှိတာနဲ့။ ညီလေးက မလိုက်ချင်ဘူး ပြောနေတာ။ ဒီလမ်းက တစ်ယောက်တည်းသွားရခက်တယ်လေ”





“ကိုဗညားက အလုပ်ကိစ္စရှိလို့လား”

“ရှိတာပေါ့။ ဆီကြွေးတွေသွားရှင်းရမှာလေ”

“ရွှေရောရောင်းမှာလား”

“ရွှေကို ကျွန်တော်တို့ ဆယ်ဇင်းမှာမရောင်းဘူး။ မန္တလေးထိ …ယ်သွားတာ”

“ဪ”

ရုံဖန်ရံခါ စက်လှေစီးလုံးပြတ်ငှားပြီး ဥရုချောင်းအတိုင်း စုန်ဆင်း …းတတ်သည်ကို သူသိသည်။ သို့သော် ထိုသို့သွားခြင်းက ရွှေသွားပို့ …ည်ဟု လုံးဝမထင်ခဲ့ပါ။

“ဟိုမှာ မေမေက ရွှေဆိုင်ဖွင့်ထားတယ်လေ။ ပြီးတော့ အခြား …လုပ်တွေလည်းရှိတယ်။ ဒါတွေထားပါတော့ ခင်ဗျား ကျွန်တော်နဲ့ …က်မှာမဟုတ်လား၊ လိုက်ခဲ့ပါ။ ကျွန်တော့်အတွက် အပန်းမကြီးဘူး။ …ဖော်တောင်ရသေးတယ်။ ဒါပေမဲ့ တစ်ခုတော့ရှိတယ် ကျွန်တော် …ပ်သမျှ ခင်ဗျား လိုက်ကူရမယ်။ ခင်ဗျားသွားတဲ့ဆီလည်း ကျွန်တော် …က်မယ်။ ရင်ထဲ အီလည်လည်ကြီးဖြစ်သွားသည်။ အဖြူလွှာ ကြုံက်ပွဲ …သား။ သူစိမ်းလူကို အဖြူလွှာဆီခေါ်သွားလို့ ဖြစ်ပါ့မလား။

www.burmeseclassic.com



ဗညားသည် အင်မတန် မျက်နှာပွင့်သူတစ်ယောက်ဖြစ်သည်

ဆီခြံမှာ ငွေသွားရှင်းတော့လည်း ဗညားကို သည်းသည်းလှုပ် ကြိုဆို

သည်။ ဗညားသည် သူ့ကိုလည်း ပစ်မထားပါချေ။ မိတ်

အပေါင်းအသင်းများနှင့် မိတ်ဆက်ပေးသည်။ ပြီးနောက် သူတို့ညီအစ်

မရှိပါက ဖေဖေက သူ့ကိုသာ ဒီကိစ္စတွေခိုင်းလိမ့်မည်ဟုလည်

အတည်ပေါက်ကြီးပြောသည်။ သူ အံ့သြရသည်။ ဒီရည်ရွယ်ချက်ရှိတ

ဆိုတာ သူ အစက မသိခဲ့ရိုးအမှန်ပါ။

ပြီးနောက် ဝယ်စရာမရှိသော်ငြား သံဆိုင်သို့ သူ့ကိုခေါ်ခဲ့

သည်။ ရွှေမျောလုပ်သား ပစ္စည်းမှန်သမျှ ရှင်းပြပေးသည်။ လုပ်

အဆင့်ဆင့်ကို စနစ်တကျပြောသည်။ သူ ဗညားကို မချီးကျ

မနေနိုင်တော့ပေ။ မြို့သား မကြာခင် ဆရာဝန်ဖြစ်တော့မည်။ ပြီး

ရွှေမျောအကြောင်းကို သူလိုမျောသားတစ်ယောက်ထက် ပိုသိနေသ

ဒါ့အပြင် ဆိုင်ရှင်နှင့်ပါ သူ့အား မိတ်ဆက်ပေးသည်။ ဗညာ

အရေးတယူရှိလှတာမို့ ဆိုင်ရှင်ကလည်း သူ့ကို လေးလေးစားစားဆက်

သည်။ ထို့ကြောင့် သူ အနေခက်လှသည်။ ပြီးနောက် ဗညားသ

စားသောက်ဆိုင်ထဲဝင်သည်။ အမျိုးသားကြီးသုံးဦး စားသောက်နေ





သည်။ ပုံစံများသည် ပေါလိန်ပုံပေါက်နေသောကြောင့် သူလိုမျောသားက ထိုဝိုင်းတွင် မထိုင်ဝံ့ချေ။ သို့သော် ဗညား၏ မျက်နှာကဲက ဘာဖြစ်သလဲ ရဲရဲထိုင်စမ်းဟုပြောနေ၍ ထိုင်ရပြန်သည်။ ထိုတခဏအတွင်း သူသည် လူဖြစ်လာသည်ဟု ထင်မိသည်။

"ကဲ ... ကျွန်တော့်ကိစ္စပြီးပြီ၊ ခင်ဗျားကိစ္စ လုပ်တော့။ ကျွန်တော် ဘယ်ပို့ပေးရမလဲ"

ကျွန်တော့်ကိစ္စပြီးပြီဆိုသော်လည်း ဗညားက သူ့ကိစ္စချည်း လုပ်လိုက်တာမဟုတ်ပေ။ သူ့ကို လူဝင်ဆံ့အောင်သာ သင်ကြားပေးလိုက်ခြင်း ဖြစ်သည်။ ဗညားရဲ့စေတနာများကို နှလုံးသားက သိလိုက်သောအခါ ဗညားကို အရင်ကထက် နှစ်ဆခင်ပြီး လေးစားလာသည်။ အစ်ကိုနဲ့ အမေအပြင် ဒါ့အပေါ်ကောင်းတဲ့လူ လောကမှာရှိပါသေးလားဆိုသည့် စိတ်ကြောင့် နွေးထွေးလာသည်။

"ဈေးတန်းထဲကို"

"ဈေးတန်း"

"အင်း"

ဆယ်ဇင်းရွာတစ်ရွာလုံးသည် ဈေးဆိုင်များသာဖြစ်သည်၊ သို့သော် ဈေးတန်းဟု သုံးနှုန်းပါက ဟင်းသီးဟင်းရွက်နှင့် အသားငါးများရောင်းသော နေရာကို ဆိုလိုခြင်းဖြစ်သည်။ ရောင်းသောနေရာဆိုသော်ငြား ရပ်ကွက်ကိုသာ ပြောနေခြင်းဖြစ်သည်။

"အဖြူလွှာ"

ဆိုင်ကယ်အကြီး အနီကြီးပေါ်မှဆင်းလာသော နေရာဇာကို

www.burmeseclassic.com



အဖြူလွှာ မှင်တက်စွာကြည့်နေမိသည်။ မမြင်တာ တစ်လကြာသွားပြီ ဖြစ်သည်။ ဒီကြားထဲ နရဏီများ ပြန်သွားပြီလား။ မခင်လို့များ မလာတော့တာလားဟု အတွေးများစွာဝင်မိသည်။ မျှော်နေချိန်တော့ ရောက်မလာဘဲ၊ မမျှော်လင့်တော့တဲ့အခါမှ ဘွားခနဲ ပေါ်လာတတ်တာက ယောကျ်ားသားများရဲ့ အကျင့်တစ်ခုလား"

"သြော် ... နာရဏီ လာလေ ... အထဲဝင်"

"လာ ... ကိုဗညား"

ဧည့်သည်ပါလာသောကြောင့် ဆိုင်တွင်းမှာပဲမရတော့၍ အိမ်ပေါ်ခေါ်တက်လိုက်ရသည်။ ဈေးရောင်းသောအခန်းမို့ ပစ္စည်းများနှင့် ရှုပ်ပွနေသည်။ နာရဏီဧည့်သည်သည် ရုပ်ရည်သန့်ပြန့်ရှိသာမက အဆင့်အတန်းလည်းမြင့်ပုံရသည်။ ထို့ကြောင့် ကျဉ်းသောအခန်းကို ခေါ်ဝင်ဖို့ မဝံ့မရဲဖြစ်ရပြန်သည်။

"ကျွေးစရာလည်း ဘာမှမရှိဘူး။ ဖရဲသီးကော့ရှိတယ် ခွဲလိုက်မယ်လေ"

"ဟာ ... ရပါတယ် မခွဲပါနဲ့။ ကျွန်တော်တို့ အခုမှစားသောက်ပြီး ထလာတာပါ"

"ကိုဗညားတဲ့။ ငါအခုလုပ်နေတဲ့ မျောပိုင်ရဲ့သားပဲ။ ကိုဗညားက ဆရာဝန်လေ"

"ဟာဗျာ ... မဖြစ်သေးပါဘူး"

"ဒါပေမဲ့ ဆေးထိုးပေးနိုင်ပြီလေ။ သူက အဖြူလွှာ။ ကျွန်တော်နဲ့ ငယ်သူငယ်ချင်း တစ်ရွာတည်းသား"





အဖြူလွှာ ခေါင်းညိတ်ပြုံးပြသည်။

"နှင် ... အခု"

"ရွှေတွင်းမော်မှာ ကိုဗညားရဲ့အဖေက ဥက္ကဋ္ဌလေ"

"သြော် ... ဒါဆို ဦးခင်ရွှေပေါ့"

"နှင်သိလို့လား"

"အမယ်လေးဟယ် ... မသိရှိပ့်မလား။ နှင်တို့စားသမျှ ဘူးသီး၊ ချမ်းသီးနဲ့ အသီးအနှံတွေက ငါ့ဆိုင်ကချည်းထွက်တာ။ တစ်လတစ်ခါ ဈေးဖိုးလာရှင်းတယ်လေ။ ယောကျ်ားကြီးတစ်ယောက်။ နေပါဦး ... ကိုအေးစိုးဆိုလားပဲ"

မှန်ပါသည်။ ကိုအေးစိုးသည် ဗညားတို့နှင့် ဆွေမျိုးနီးစပ်တော်သူဖြစ်သည်။ အရက်သောက်လွန်း၍ ဖေဖေက မနှစ်သက်ပေ။

"ကိုဗညားက ကိုအေးစိုးရဲ့ညီလား"

"ဗျာ ... မဟုတ်ပါဘူး"

"အယ်သော့ ... ဘယ်လိုဖြစ်ရတာလဲ။ ကိုအေးစိုးက ဦးခင်ရွှေ ငှသားအကြီးဆို"

နာရဏီရော ဗညားပါ ခွီးခနဲရယ်မိသွားသည်။ ကိုအေးစိုးက သိသူများကို ဒီလိုပဲ နှပ်ချနေကျထင်ပါရဲ့။

"ဘာရယ်တာလဲ"

"ကိုအေးစိုး ဒီတစ်ကြိမ်လာခဲ့ရင် ဒီဆိုင်ကို ဗညားလာသွားတယ် လို့ ပြောလိုက်"

နာရဏီကပြောခြင်းဖြစ်သည်။ ယောကျ်ားပျိုနှစ်ယောက်၏



www.burmeseclassic.com

www.burmeseclassic.com



အပြုံးများသည် အဖြူလွှာရင်ထဲ စနိုးစနောင့်ဖြစ်စေတာတော့ အမှန်ပါ။ အထူးသဖြင့် ဆရာဝန်လောင်း မြို့သား၏အပြုံးဖြစ်သည်။ ဦးခင်ရွှေ၏သား။ ဆရာဝန်လောင်းဆိုတာနှင့်ပင် အဖြူလွှာ စိတ်ဝင်စားလှပါပြီ။ ခုတော့ ရယ်လိုက်ရင် သွားတက်ကလေးဖွေးခနဲနှင့် ကလေးဆန်သွားတတ်သောပုံက တစ်မျိုးလေး ဆွဲဆောင်မှုရှိနေပြန်သည်။ ထိုမြို့သား၏ရယ်သံလေးသည် အဖြူလွှာ့ရင်ထဲ ငြိမ့်ခနဲ စီးမျောသွားတာ အမှန်ပါ။ သို့သော် သိမ်ငယ်မိ၏။ ဘယ်လိုလုပ် သူလိုလူက အဖြူလွှာလို ဈေးသည်မလေးကို စိတ်ဝင်စားမှာတဲ့လဲ။ ဒါဆို အဖြူလွှာကရော သူ့ကိုစိတ်ဝင်စားမိနေပြီလား။ အဖြူလွှာက အဲ့ဒီလောက်ထိလွယ်တဲ့ မိန်းကလေးလား။

"ဪ ... နာရဏီရောက်နေတာပဲ"

"မတွေ့တာကြာပြီနော် မင်းမြတ်နိုင်"

"ကြီးကြီးရော ... အဖြူလွှာ"

"နင် ကားခလာကောက်တာ မဟုတ်လား ခဏစောင့်နော်။ ငါ ပိုက်ဆံထပ်လိုက်ဦးမယ်"

အဖြူလွှာသည် ပြောပြောဆိုဆိုပင် စကားဝိုင်းမှထွက်ကာ ဈေးခုံပေါ်တက်ရပြန်သည်။ ပြီးနောက် အဖုံးပိတ်ပါသော ခြင်းထဲမှ ပြန့်ကျဲနေသောငွေများကို အစီအစဉ်တကျထပ်သည်။

"သူက မင်းမြတ်နိုင်တဲ့ ဟိုပင်ကပဲ။ ကျွန်တော့် ငယ်သူငယ်ချင်း"

"ဟိုပင်က ဟုတ်လား။ စိတ်တော့မရှိပါနဲ့၊ ခင်ဗျားမှာ အစ်ကိုရှိလား"



"ရှိတယ်လေ ဘာလို့လဲ"

"ကျွန်တော့်သူငယ်ချင်း မင်းမြတ်စိုးနဲ့ ရုပ်တူလို့ပါ"

"ဪ ... ခင်ဗျားကလည်း ဆေးကျောင်းသားကိုး"

ယောက်ျားပျိုသုံးဦးက အထာပေါက်ပြီး ပြုံးသွားကြသည်။ ထိုအပြုံး၏နောက်ကွယ်တွင် ရင်းနှီးမှုတို့ အလုံးလိုက် စီးမျောနေမှန်းမည်သူမျှမသိလိုက်ပါ။

"ရေစက်ဆိုတာ အံ့ဩစရာပဲနော်။ ဒီလို တွေ့ဆုံမယ်လို့တစ်ခါမှမတွေးဖူးဘူး။ မင်းမြတ်စိုးရော အခုဘယ်မှာလဲ"

"အိမ်မှာပဲရှိတယ်။ သူက အမေချစ်လေ"

"ခင်ဗျားကရော"

"အမေမုန်းပေါ့။ ကျွန်တော်က သောက်စားတတ်တယ်လေ"

ပုချေးစကားကြောင့် အားလုံးပြုံးစိစိဖြစ်ကုန်ကြသည်။

"ငါ့ကို မင်းမြတ်နိုင်လို့မခေါ်နဲ့ နာရဏီ။ ငါနဲ့ သိပ်မယဉ်ပါးဘူး။ အများခေါ်သလို ပုချေးပဲခေါ်ပါ။ အဲ့ဒီနာမည်နဲ့ငါ အသားကျတယ်"

"ပုချေး ဟုတ်လား။ နာမည်က ကောင်းသားပဲ၊ ဒါလည်း တိုင်းရင်းသားနာမည်လား။ နာရဏီလို ရွှေတစ်မျိုးတော့ မဖြစ်နိုင်ဘူးထင်တယ်"

"ကျွန်တော်ငယ်တုန်းက အရမ်းပုတယ်လေ။ ချစ်စနိုးနဲ့ ပုချေးဖြစ်သွားတာ"

"နင် ငယ်ငယ်က ဆရာမစာမေးတိုင်း ချေးထွက်ကျတာလည်း ဆည့်ပြောလေ"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတစ်ရံပါကွာ။ ဒါမျိုးကျတော့ သိပ်မှတ်မိနေတယ်ပေါ့ ဟုတ်လား အဖြူလွှာ"

ပုဇွန်စကားကြောင့် အားလုံး ရယ်သံထွက်ကုန်ကြသည်။ ထို တစ်ခဏအတွင် ထိုမြို့သားနှင့် အဖြူလွှာတို့သည် တစ်သားတည်းကျ ရင်းနှီးသွားတော့၏။





"မေမြို့ပန်း တစ်စီးဘယ်လောက်လဲ"

"ငါးရာနှစ်စီး၊ တစ်စီးယူသုံးရာ။ တစ်ထုံးလုံးဆို နှစ်ထောင်ပါ။ မန္တလေးဂန္ဓမာတော့ တစ်စီးငါးရာ တစ်ထုံးလေးထောင်ပါ"

တစ်ထုံးဆိုတာ ဆယ်စီးကိုခေါ်ခြင်းဖြစ်သည်။ မြေကြီးထဲမှ ရတနာကို တူးဖော်သောအရပ်ဒေသမို့ နတ်စွဲသူစွဲ၊ ဘုရားတရား အလွန်အမင်းကိုးကွယ်သူ ကိုးကွယ်နှင့် သန်ရာအားစိုက်ကြသည်။ အန္တရာယ်သည် အချိန်မရွေး ကျရောက်နိုင်သောအလုပ်မို့ အားကိုး အယူစွဲကြခြင်းဖြစ်ပေမည်။ ဘုရားတရားကသာ အားကိုးရာဟု ယူဆကြ သူလည်းရှိသလို၊ နယ်ပိုင် အရှင်သခင်များက စောင့်ရှောက်မှာပါဟူသော အယူလည်းရှိသည်။ ဘယ်လိုအယူရှိရှိပါ အယူအတွက် ပန်းအိုးတော့ထိုးကြ ရသည်။ ထို့ကြောင့် ပန်းရောင်းသူများ ပေါပါ၏။ ထိုအထဲတွင် အဖြူလွှာ တို့တူဝရီးလည်းပါသည်။ မျှောတစ်မျှောတွင် အနည်းဆုံး ပန်းအိုး ငါးအိုးရှိသည်။ ငါးအိုးမို့ တစ်ထုံးတော့ထိုးမှ အိုးကလုသည်။

ဟင်းသီးဟင်းရွက်ပင်မက ကြက်ဥနှင့် အသီးအနှံများ ရောင်းသည်။ ဒါတင်မက ပန်းလည်းရောင်း၏။ ဘာလာဝယ်ဝယ် မလွတ်တော့သည့် ရောင်းချမှုမျိုးဖြစ်သည်။ ပစ္စည်းများများဝယ်သူတွေ

www.burmeseclassic.com



မို့ အိတ်ကြီးနှင့် ဟိုတစ်ခု၊ ဒီတစ်ခု ရွေးဝယ်ရသည်မှာ ပင်ပန်းလှသည်။ တစ်ထိုင်တည်း အပြီးဝယ်ပြီး အိတ်ထဲစုထည့်ကာ ကုန်ထမ်းသမားငှားပြီး စက်လှေဂိတ်ချခိုင်းတာက မယ်လိန်များအတွက် အသက်သာဆုံးဖြစ်၏။ ထို့ကြောင့် ကုန်စုံသော အဖြူလွှာတို့ဆိုင်သည် ဖောက်သည်များသည်၊ တစ်ရက်ကို ရောင်းကေား နှစ်သိန်း၊ သုံးသိန်းရတဲ့အထိ အရောင်းသွက်သည်။

ဖောက်သည်များလာသည်နှင့်အမျှ ကုန်တွေကို ဈေးလျှော့ရောင်းပြီး အရေအတွက်တွင်အမြတ်ယူသည်။ ထို့ကြောင့် အဖြူလွှာတို့ဆိုင်သည် ဈေးသက်သာတယ်ဟု သတင်းမွှေးသည်။ ထို့ကြောင့် ဖောက်သည်ပိုများလာသည်။ အဖြူလွှာတို့တူဝရီးနှစ်ဦးပင် ပျာယာခတ်သည်ထိ လက်မလည်အောင် ရောင်းရသည်။ ဘေးဆိုင်မှပင် တစ်ခါတစ်ရံ ပိုင်းကူရသည့်အခါမျိုးလည်းရှိသည်။ ဈေးရောင်းဖော် လူငှားတစ်ယောက်ခေါ်ထားချင်သော်လည်း ငွေရေးကြေးရေး စိတ်မချရ၍တစ်မျိုး၊ အပိုလူဖြစ်နေမှာစိုး၍ တစ်ဖုံ တူဝရီးနှစ်ယောက်ထဲ မနားမနေရောင်းကြရသည်။ ဒါလည်း လူစည်တုန်းတစ်ခဏပဲဖြစ်သည်။ နေ့လည် ဆယ့်တစ်နာရီထိုးပါက ဈေးဝယ်များ ကြက်ပျောက်ငှက်ပျောက်ဖြစ်ကုန်သည်။ နေ့လည်စာစားပြီးချိန်မှစ၍ ညနေအထိ တစ်ချိန်လုံး အားနေကြသည်။ ဈေးသည်များ ဖြစ်သောကြောင့် ဈေးဝယ်မလာပါက ဘာမှလုပ်စရာမရှိချေ။ ညမိုးချုပ်ခါနီး ကုန်ကားဝင်လာချိန်မှ တစ်ဖန် အလုပ်ရှုပ်ပြန်သည်။ ကားပေါ်မှ ချလာသော ကုန်တို့ကို ကုန်ထမ်းလုပ်သားများက ထမ်းသယ်လာသည်။ ဒါကို ပိုင်ရှင်က ဟိုမှချ၊ ဒီမှာချဟု ညွှန်ကြားပေးရသည်။ ဘူးသီးဆို





အိတ်ခွဲချွတ်ပြီး မနက်အဆင်သင့်ရောင်းရန် ဒေါင့်ကွယ်၌ချရသည်။ သရက်ချဉ်တို့လို ကုန်စိုများကို နောက်ဖေးပို့ရသည်။ ထိုအရာမျိုးက တစ်ထုပ်ချင်းဖောက်ရောင်းရသည်မျိုးဖြစ်၏။ အသီးအရွက်များ ထည့်ထားသော ဂျပ်ဖာများကို အခန်းထဲထည့်ကာ တံခါးပိတ်ရသည်။ ဆေးသမားပေါသောအရပ်ဒေသမို့ သူခိုးအန္တရာယ်လည်း စိုးရိမ်ရပေသည်။ အဖြူလွှာတို့တူဝရီးအခန်းသည် အကျယ် ရှစ်ပေ၊ အရှည် ဆယ့်ခြောက်ပေခန့်သာရှိသည်မို့ ကုန်ပစ္စည်းများကြား ကြမ်းထိုးပြီး ဖြစ်သလိုအိပ်ကြရသည်။

ဘယ်တတ်နိုင်မလဲ ဒီ မော်နယ်မြေကိုလာတာက အလုပြုလာတာလည်းမဟုတ်။ အိပ်ဖို့ ဇိမ်ယူလာတာလည်းမဟုတ်၊ ငွေရှာဖို့လာတာပဲဟု သဘောပိုက်ပြီး ဖြစ်သလိုနေတတ်အောင်ကျင့်ကြံရသည်။ ကျင့်ကြံရင်းပင် ဖြစ်သလို အကျင့်ဆိုးကြီး စွဲကပ်သွားမှာ စိုးရိမ်မိ၏။

“ငရုံသီး တစ်ပြည်ဘယ်လောက်လဲ”

“ထောင့်ငါးရာပါ။ နှစ်ပြည်ကို နှစ်ထောင့်ငါးရာယူ”

“နှစ်ပြည်ပေးပါ။ စပ်တယ်နော်”

“စပ်ပါတယ်။ ပါးစပ်ကို မပိတ်နိုင်ဖြစ်သွားမယ်”

အဖြူလွှာသည် အပြောချိုပြီး ဆက်ဆံရေးကောင်းသူဟု ပြောကြသည်။ အဖြူလွှာထံ ဈေးဝယ်ပါက စိတ်ချမ်းသာတယ်ဟု လူပြောများလာသောအခါ အဖြူလွှာ့ရင်ထဲ ပီတိဖြစ်ရပါသည်။

“ငါ့ကိုလည်းတစ်ပြည်ပေးပါ။ မဆစ်တော့ဘူးနော် အပိုတော့ထည့်”



www.burmeseclassic.com

www.burmeseclassic.com



ရခိုင်သူနှစ်ယောက်သည် အဖြူလွှာ၏ ငရုပ်သီးဖောက်သည်များ ဖြစ်သည်။ မျောထောင်ထားသော ရခိုင်သူနှစ်ယောက်သည် စားဖို့မခေါ်ဘဲ ကိုယ်တိုင်ချက်ပြုတ်သည်။ မျောသားများက ရခိုင်တွေမို့ ကိုယ်တိုင်ချက်ကျွေးမှ ထမင်းမြိန်သည်ဟုဆိုသည်။ ချက်တဲ့ဟင်းက ထူးထူးဆန်းဆန်းဖြစ်သည်။ ငရုပ်သီးတစ်ပြည်ကို အညှာတွင်ပြီး ငပိနှင့်ချက်သည့်တဲ့။ ဟင်းနာမည်က ငရုပ်သီးချက်ဖြစ်သည်ဟုဆိုသည်။ အဖြူလွှာ အံ့အားသင့်ရသည်။ ငရုပ်သီးတစ်တောင့်ပင် ဆုံးအောင်မကိုက်နိုင်သော အဖြူလွှာသည် အကြားနှင့်ပင် စပ်လှပြီဖြစ်သည်။

"မရှည် ... ဘုရားပန်းမဝယ်တော့ဘူးလား"

ရခိုင်လူမျိုးများကို နာမည်မသိပါက မရှည်၊ မောင်ရှည်ဟု ခေါ်ကြသည်မှာ ယဉ်ကျေးမှုတစ်ရပ်လားဆိုတာ အဖြူလွှာမသိပေ။

"မဝယ်တော့ဘူး။ ရွှေမကျဘူး၊ မျောရှုံးနေတယ်"

မျောသားများရဲ့ဘဝသည် တစ်နေ့ရွှေ၊ တစ်နေ့ငွေဖြစ်သည်၊ ချမ်းသာချင်လည်း ချက်ချင်းဆိုသလို၊ ဆင်းရဲချင်လည်း ကုန်းကောက်စရာမရှိအောင် မွဲတူသွားတတ်သည်။ ဘာကြောင့် ဘယ်လိုမွဲသလဲဆိုတာ အဖြူလွှာမသိပေ။

"မအဲ ... မင်း ကြီးကြီးရော"

"အကြွေးသွားကောက်တယ်"

အဖြူလွှာတို့ သံလမ်းရိုးသူတွေက အစီမ၊ ဘုတ်ဆုံခိုပြီး ခေါ်တတ်သော်လည်း မြစ်ရိုးသူများတော့ မအဲတဲ့လေ။ ချစ်စရာတော့ အကောင်းသားဖြစ်သည်။ ဒါလည်း နာမည်မသိသူများ၏ ပညတ်ချက်ပေ





သား။

"ငါ့ကို ကုန်စိမ်းတစ်သောင်းဖိုးလောက် အကြွေးပေးပါလား။ ရွှေမကျလို့။ ရွှေကျရင် ပြန်လာပေးပါ့မယ်။ ရိက္ခာပြတ်နေပြီ"

ဒီလိုလာခဲ့သူကို မပေးဘူး၊ အကြွေးမရောင်းဘူးဟု အဖြူလွှာ ပြောတတ်တော့ပေ။ ကြီးကြီးပြန်လာမှ ဆူလျှင်လည်း ဆူပါစေတော့ဟု သဘောပိုက်ကာ ကိုယ့်သဘောနှင့်ကိုယ် အကြွေးပေးလိုက်သည်။ ပ်တော့ မများလှပါ။ ဘူးသီးတစ်လုံး၊ ခရမ်းသီးဆယ်တွဲနှင့် အခြား လီမိုလီ စုစုပေါင်း တစ်သောင်းနှစ်ထောင်ဖိုးဖြစ်သည်။

"ကြီးနွေ့ ဒေါ်ပြားစိန်လာသွားတယ်"

အကြွေးကောက်ပြန်လာသော ကြီးနွေ့ကို ရောက်ရောက်ချင်းပင် ပြောသည်။

"အရင်ကြွေးပေးသွားသလား"

"စုမှတ်ထားတဲ့ ရွှေမကျသေးလို့ပါတဲ့။ ခု တစ်သောင်းဖိုးပါသွား တယ်"

"အမှတ်သည်းခြေကိုမရှိဘူး။ အလှူလုပ်နေတာမဟုတ်ဘူး။ မြတ်ရချင်လို့ ဈေးရောင်းနေတာ။ ပြားစိန်လောက်ကတ်တာ ပြားစိန်ပဲ။ ဆင်မပြေတဲ့အချိန် အကြွေးဆိုရင်တော့ ငါ့ဆိုင်လာတယ်။ ပြောကြည့် လား ငါတို့ဆိုင်ကို မျက်စောင်းထိုးဦးမလားလို့။ အကြွေးမရောင်းနိုင်း လို့ ပြောပါလား။ မင်းပါးစပ်က ဘာငုံထားသလဲ"

ထင်ထားသည့်အတိုင်းပင် ကြီးနွေ့က စက်သေနတ်ပစ်သလို ပြောတော့၏။ ဒီနေ့တစ်နေ့ကုန် အဖြူလွှာ နားညည်းပေဦးမည်။ ကြီးနွေ့က



www.burmeseclassic.com

www.burmeseclassic.com



အပျိုကြီးပီပီ စကားကြောရှည်သည်။ ဆူမိ၊ ဆဲမိရင် တစ်နေကုန်မပြီး တော့။ လေးနှောင်းက ကြီးနွေကို ချစ်စနိုးနှင့် နှဲပု ကွယ်ရာ၌ခေါ်သည်။ သို့သော် အဖြူလွှာကတော့ ကြီးနွေကို ဒရမ်ဟုခေါ်ပြီး လေးနှောင်းကို ဗျောဟုခေါ်သည်။ နှစ်ယောက်လုံးက ကျယ်လောင်တာတော့ အတူတူ ချည်းပင်ဖြစ်သည်။ သို့သော် ငြင်သာခြင်းနှင့် ကြမ်းတမ်းခြင်းသာ ကွာဟ သည်။

"သွား ... ဟိုမှာ ပန်းပုံးနေပူနေပြီ သွားရွှေ"

အမှန်က ထိုပန်းပုံးထဲ ရေရှိသည်။ ဇလုံကြီးနှင့် ပန်းရိုးကို ထိုးစိမ်ထားတာမို့ လေးသည်။ အဖြူလွှာတစ်ယောက်ထဲမနိုင်ချေ။ သို့သော် မနိုင်ဘူးဟုပြောပါက နှဲသံသည် ပိုပြီးအားပြင်လာနိုင်သည်။ ထို့ကြောင့် စောဒကမတက်တော့ဘဲ ပန်းပုံးကို မဟန်ပြင်သည်။ သို့သော် တစ်စုံ တစ်ယောက်က လျှပ်စီးလက်သလိုရောက်ရှိလာ၏။

"ဟင် ... နင် ကိုဗညား"

အဖြူလွှာသည် အံ့အားသင့်သွားသလို၊ ကြီးနွေလည်း ဗညားကို စိုက်ကြည့်နေ၏။ ဆိုင်နီးနားချင်းတွေကပါ တစေ့တစောင်း အကဲခတ် ကုန်သည်။

"ဟို ... ရွှေတွင်းဦးခင်ရွှေရဲ့သားအကြီးပါ"

"သြော် ... သိပြီ၊ ဆေးကျောင်းသားဆိုတာလား"

"ကြီးကြီးက ကျွန်တော့်ကိုသိလို့လား"

"လူကတော့ ခုမှမြင်ဖူးတာပါ။ ဒါနဲ့ အဖြူလွှာနဲ့ ဘယ်တုန်းက သိလဲ"

ရွှေသော



"ဟို ... နာရဏီက သူတို့မျောကိုရောက်သွားပြီ"

"သြော် ... ဟုတ်လား၊ အေး ...အေး ... သူတို့မျောက ရွှေကျတော နာရဏီ အဆင်ပြေတာပေါ့၊ ကြည့်ရှုပေးပါကွ။ နာရဏီတို့ မျိုးရိုးက ရိုးဂုဏ်တော့ပြည့်တယ်ကွဲ့၊ ဒါနဲ့ ဈေးမှာလိုက်သေးသလား"

"အဲ ... ဟို"

အဖြူလွှာ အားနာသွားသည်။ ဆိုင်ကယ်ကြီးကိုမှီကာ အူအူ အအဖြစ်နေသော သူ့ပုံကြောင့် ကြီးနွေနှင့်သူ့အကြား အဖြူလွှာ ဘယ်လိုဝင်ရမှန်းမသိပေ။

"ဟုတ်ကဲ့ ... အဲ့ဒီဘူးသီး အကုန်ထည့်လိုက်"

"ဘုရားရေ ... များလှချည်လား"

"မျောထဲမှာက အကုန်ကုန်တယ်။ ရောင်းစရာမရှိတော့ ားရတာပေါ့၊ အကုန်သာထည့်လိုက်တော့။ ပန်းတွေရောပဲ"

"ဘုရားအိုးက ဘယ်နှအိုးရှိလို့လဲ"

"ဟဲ ... ငါးအိုးထင်တာပဲ"

"ထည့်လိုက်ပါ။ ဘယ်လောက်လဲဆိုတာပဲ ရေးပေး"

အမှန်အတိုင်းပြောရလျှင် အဖြူလွှာ သူ့ကိုဈေးမရောင်းချင်ပါ။ သို့သော် ဆိုင်ပေါ်မှပစ္စည်းကုန်မှ ငွေရင်းပေါ်လိမ့်မည်။ ကုန်စိမ်းဆိုတာ နောက်တစ်ရက်ကူးလို့လည်း ရသည့်အရာမဟုတ်ပေ။ သူ့ကို ကျေးဇူးတင် ာလား။ အားနာတာလားဆိုတာ မသိပေမယ့် သူ့အရှေ့ အဖြူလွှာ ရှက်မိတာတော့ အမှန်ဖြစ်၏။

ရွှေသော

www.burmeseclassic.com



"အဖြူလွှာ ... နင့်ဆိုင်ကို ကောင်တစ်ကောင် အမြဲရောက်တယ်ဆို"

"သတင်းက မြန်လှချည်လား။ ကိုဝညားပါဟယ်၊ ဈေးလာဝယ်တာ"

အဖြူလွှာက ဘာရယ်မဟုတ် ပြောလိုက်သော်လည်း ပုချေးမျက်နှာပျက်သွားသည်။ အမှန်က အဖြူလွှာရင်ထဲ ဘာမှမရှိပေ။ သို့သော်မျက်နှာပျက်သွားသော မျက်နှာကြောင့် တာဝန်မကင်းသလိုခံစားရသည်။ နွေးထွေးသလိုလည်း ခံစားရ၏။ ဒါ အဖြူလွှာဖြစ်စေချင်သည့် ပုချေးရဲ့ခံစားချက်လား။

"နာရဏီရော လာသေးလား"

"အွန့်ဟွန်း ... မအားလို့နေမှာပေါ့"

ပုချေး သက်ပြင်းချသည်။

"နင့်ကို မုန့်ကျွေးမယ်လေ။ အပြင်မှာ ငါနဲ့ တစ်ခုခုလိုက်စားပါလား"

မလိုက်ချင်ပါဘူးဟု ငြင်းလိုက်ချင်သည်။ ပုချေးက ဆယ်ဇင်းရောက်ပြီဆိုတာနှင့်တစ်ပြိုင်နက် အဖြူလွှာ့'ဖီ' ရောက်လာတတ်သည်။



ထို့ကြောင့် ပုချေးနှင့် အဖြူလွှာကို ပတ်ဝန်းကျင်က စောင်းပြော၊ ရွဲ့ပြောပြောလာကြသည်။ စတာလို၊ အတည်ပြောတာလိုနှင့်ပင် အဖြူလွှာကကားပိုင်ဖြစ်တော့မှာပဲဟု စကားသံထွက်ပေါ်လာသည်။ ထိုစကားသံကြောင့် ပတ်ဝန်းကျင်တွင် အဖြူလွှာသိက္ခာကျသည်။ ဘာမှမဟုတ်သေးဘဲနှင့် သတင်းနံ့နေသည်။ ဘာမှသာမဟုတ်ဖြစ်လိုက်ပါက တစ်စိပ်ကိုတစ်အိတ်လုံးပြီးပြောကြသော ဝန်းကျင်ကြောင့် နောင်တစ်ချိန်တွင် အဖြူလွှာက လက်ထပ်ဖို့ပျက်ခဲ့သည့် မိန်းကလေးအဖြစ် နာမည်ပျက်ကျန်နိုင်ပေသည်။ ထို့ကြောင့် မိန်းကလေးဆိုပါက အနေအထိုင် ဆင်ခြင်ရပေလိမ့်မည်။

"ငါ မင်းနဲ့ စကား အေးဆေးပြောချင်တယ် အဖြူလွှာ"

"ခုက မအေးဆေးလို့လား"

"ပတ်ဝန်းကျင်ကလည်း မျက်လုံးဖွင့်နေတယ်။ ပြီးတော့ကြီးကြီးနွေကိုလည်း အားနာတယ်"

အဖြူလွှာ ရင်ခုန်ချင်လာသည်။ ယောက်ျားတစ်ယောက်ကထိုသို့ စကားဦးသမ်းလာပြီဆိုမှတော့ ရည်းစားစကားအပြင် ဘာမှထပ်မရှိနိုင်တော့။ ချစ်သည်၊ မချစ်သည်ကို ဘေးချိန်ထားဦး သူစိမ်းယောက်ျားတစ်ယောက်၊ အထူးသဖြင့် မိမိက စိတ်ကစားချင်နေသောယောက်ျားတစ်ယောက်က ထိုသို့ ဦးတည်လာပြီဆို ရင်မတုန်ချင်သည့်မိန်းကလေး မရှိပါချေ။ ရင်တုန်သည်ဆိုတာထက် စိတ်ရှုပ်ထွေးသည်။ သူ အဲ့ဒီလိုပြောခဲ့ရင် ဘာပြန်ပြောရမလဲဆိုတာမျိုး စဉ်းစားမရ။

"ဘာပြောမှာမို့ ကြီးနွေကို အားနာနေတာလဲ။ ကြီးနွေမရှိဘူး။

www.burmeseclassic.com



အကြွေးကောက်သွားတယ်။ ပြောချင်ရင် ဒီမှာပြော။ ပတ်ဝန်းကျင်က နင်နဲ့ငါကို တစ်မျိုးတွေးကြတယ်။ နင့်အတွက် ဘာမှမဟုတ်ပေမယ့် ငါ့အတွက်မကောင်းဘူး"

"ဘာမှမဟုတ်ဘူးဆိုတာကို ဖျက်သိမ်းလိုက်ကြရင်ရော"

အဖြူလွှာ့ရင်ထဲ ထိတ်သွားသည်။ ပုချေးကို ရဲရဲမကြည့်ဝံ့တော့ချေ။

"ဘာကြီးလဲ၊ နင့်စကားက"

"လွန်ခဲ့တဲ့သုံးနှစ်လောက်က ငါ နင့်ကိုပြောဖူးပါတယ်။ အဲ့ဒီအတိုင်းပဲ။ ငါ မပြောင်းလဲဘူး။ ဒါပေမဲ့ ငါ အဲ့ဒီလို ရိုးရိုးကြီးမပြောဘူးဖြစ်နေတယ်။ မိန်းကလေးတစ်ယောက်ကို ယောကျ်ားတစ်ယောက်က ရည်းစားစကားပြောကာနီး ဘာဒလို့ ရဲဆေးတင်သလဲ နင်သိလား"

"သတ္တိမရှိလို့ပေါ့ဟ"

"အငြင်းခံရမှာစိုးလို့ပါ။ ခံမှန်ဖူးတဲ့စာသူငယ်က ခလာမှာကြောက်နေသလိုပေါ့"

"ရိုးရိုးရှင်းရှင်းပြောလို့မရဘူးလား"

"အမှန်က ငါ စိုးရိမ်တယ် အဖြူလွှာ"

"ဘာကိုလဲ"

"ကိုဗညားကို"

"ဘယ်က ကိုဗညားက ပါလာရပြန်တာလဲ"

"ငါတို့က ယောကျ်ားချင်းပိုသိပါတယ်။ ယောကျ်ားတစ်ယောက်ဟာ ကိုယ့်စိတ်ထဲမရှိတဲ့ မိန်းကလေးတစ်ယောက်ရှေ့ ဘယ်တော့





အချိန်ကုန်မခံဘူး"

အဖြူလွှာ၏ရင်ခုန်သံသည် ပို၍မြန်ဆန်လာသည်။ အဖြူလွှာ၏ရင်ထဲတွင် ရှင်းလင်းစွာ ရင်ခုန်ခြင်းမျိုးမဟုတ်ဘဲ ရှုပ်ထွေးမှုမြန်ဆန်ခြင်းသာဖြစ်၏။

"နင် ... နည်းနည်းမလွန်ဘူးလား ပုချေး"

"ဘာကိုလဲ"

"ကိုဗညားနဲ့ငါက ဆုံဖူးတာ နှစ်ခါသုံးခါပဲရှိသေးတယ်"

"အဲ့ဒါကြောင့် ငါ ပိုစိတ်ပူတာပေါ့။ အမှန်ကိုပြောရရင် ငါ့စိတ်ထဲ အားငယ်တယ်။ ငွေကြေးအရလည်း ကိုဗညားတို့ကသာတယ်။ ပြီးတော့ ဆရာဝန်၊ မြို့သား။ ရုပ်ရည်ကလည်း ငါနဲ့ ဘာမှမဆိုင်ဘူး။ ချိန်ခွင်ဆိုရင် သူက တစ်ဖက်အသာချည်းဖြစ်နေပြီ။ မင်းတို့မိန်းကလေးတွေခေါင်းထဲမှာ ချိန်ခွင်တစ်ခုအမြဲရှိတယ်ဆိုတာ ငါသိတယ်။ အဲ့ဒါကို ငါစိုးရိမ်တာပဲ"

"ယောကျ်ားလေးတွေလည်း ဦးနှောက်နဲ့ပါပဲ။ ငါက ကုန်စိမ်းသည်။ မိမရှိ၊ ဖမရှိ။ ပညာရေးဆိုလည်း မြန်မာစာအဝေးသင်။ ဘယ်တန်းကိုလည်း ဘာမှမဖြစ်လောက်တဲ့အမှတ်နဲ့ အားနာပါးနာအောင်ခဲ့တာ။ ရုပ်ရည်ကလည်း မြို့သူ တက္ကသိုလ်က အချောအလှကိုမီပါ့မလား။ ငါက ရွှံ့အိုင်မဟုတ်ဘူး ပုချေး။ ရေချမ်းစင်ကရေပဲဖြစ်ချင်တယ်။ သောက်ရေဆို ရေဆေးဖို့ လူတိုင်းစဉ်းစားမယ်ထင်တယ်"

"ငါ မျှော်လင့်မထားတဲ့စကားပဲ အဖြူလွှာ။ ဒါကြောင့်လည်း ...င်းကိုငါ တန်ဖိုးထားနေမိတာထင်တယ်။ ဘယ်သူ့အတွက် နင်က



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုနေမယ်မသိပေမယ့် နင်က ငါ့အတွက်တော့ ပရိတ်ရေပါ"

"အဲ့ဒါဆိုရင်တော့ ငါ့ကို လက်လွတ်စပယ်အသုံးပြုလို့ မရဘူ

နော်။ နင် ရှေကြီးလိမ့်မယ်"

အဖြူလွှာက ရွှတ်နောက်နောက် ပြောလိုက်သော်လည်း ပုချေး

ပေါ်ပေါ်လွင်လွင်ပြုံးမလာခဲ့ပေ။

"ဘာတွေ ရှေကြီးနေကြတာလဲ"

"ဟင် ... နာရဏီ။ ငါတို့ခုပဲ နင့်အကြောင်းပြောနေကြသေ

တယ်။ ဘယ်ကဘယ်လိုရောက်လာတာလဲ။ အသက်ရှည်ဦးမယ်"

အဖြူလွှာသည် ပြောလည်းပြောကာ နာရဏီ၏မျက်နှာရိပ်

ခန့်မှန်းနေမိသည်။ နာရဏီက တစ်ခုခုများ အဆင်မပြေဖြစ်နေတာလာ

နှုတ်ခမ်းက ပြုံးနေသော်လည်း မျက်ဝန်းသည့်, လန်းဆန်းမနေ

မှိုင်ပျပျဖြစ်နေသည်။ မျောရှင်တွေနဲ့များ အဆင်မပြေတာလာ

အတွေးတွေက သို့လော ... သို့လော ...။

"ငါလည်း အသက်ရှည်ချင်လို့ထင်တယ် ဆယ်ဇင်းရောက်

မင်းဆီ မဝင်ဘဲမနေနိုင်ဘူး"

"တစ်ယောက်တည်းလား"

အဖြူလွှာမေးလိုက်ခြင်းဖြစ်သည်။ မေးခွန်း၏နောက်ဆက်တွဲ

ဗညားကိုသတိရမှုပါဝင်နေသည်ကို ပုချေးရိပ်မိသည်။ ပုချေးမျက်

မရွှင်မလန်းဖြစ်သွားသည်။

"ဒူး ... ဒွန် ... ဒွန်း ..."

အာစတတ်သံသည် နားထောင်၍ပင်ကောင်းနေတော့

မှူးသော



ထိုအသံကြောင့် သုံးယောက်လုံး ဆိုင်မျက်နှာစာသို့ အကြည့်ရောက်သွားသည်။ ဗညားဖြစ်သည်။ ဗညားသည် ဆိုင်ကယ်ပေါ်မှ လွှားခနဲ ဆင်းလာသည်။ တပ်ထားသော နေကာမျက်မှန်ကို ငယ်ထိပ်ပေါ်ပင့်တင်လိုက်သည်။ ထိုပုံကို အဖြူလွှာနှစ်သက်သည်။ ထိုသို့ ခန့်သောချစ်သူ၏ ခါးကိုဖက်ပြီး သူငယ်ချင်းတွေကြား မာန်တက်ချင်သည်။

"သြော် ... မင်းမြတ်နိုင်။ အဲ ... ပုချေးလည်းရောက်နေတာကိုး"

ဗညား၏စကားအသွားအလာသည် ရင်းနှီးမှုကိုကိုယ်စားပြုနေသော်လည်း ပုချေး၏မျက်နှာကြောသည် ပြေလျော့မှုမရှိချေ။ မျက်ခုံးနှစ်ဖက်ကို တွန့်ချိုးထား၏။

"ဘာလဲ ကိုဗညား တစ်ဆိုင်လုံးသိမ်းဦးမလို့လား။ မရှိတော့ဘူးနော်။ ဈေးသိမ်းပြီးနေပြီ"

မှန်ပါသည်။ ညနေ ငါးနာရီခွဲနေပြီဖြစ်သည်။ ကုန်ကားဝင်လာသောအကြောင့် ပစ္စည်းတွေ နေရာချရင်း ဈေးစောစောသိမ်းဖြစ်သည်။

"ဒါတွေက"

ပလပ်စတစ်ကြိုးတို့ဖြင့် တုတ်ချည်ထားသော ဂျပ်ဖာများကို ဗညားရည်ညွှန်းပြီးပြောခြင်းဖြစ်သည်။

"ကုန်စိမ်းတွေလေ"

"အိုး ... ဒီအထဲမှာ ဟင်းရွက်တွေထည့်ထားတယ် ဟုတ်လား။ အံ့သြစရာပဲ။ ကိုယ်တို့တဲမှာဆို ကြွပ်ကြွပ်အိတ်လေးနဲ့ချည်ထားတာတောင် နောက်နေ့ဆို ပုပ်ကုန်ပြီ၊ တော်တော်နံတယ်"

မှူးသော

www.burmeseclassic.com

www.burmeseclassic.com



အဖြူလွှာပြုံးသည်။ ဗညားသည် ယေယေတည်းက မပူမပင်နေခဲ့ရသူမှန်း သိသာလှ၏။ ပညာတတ်ဆိုသော်ငြား မသိမှုကို ဖုံးဖိ၍မရ။

"ဒီအတိုင်းထည့်ကုန်ရင်တော့ ပုပ်ကုန်မှာပေါ့။ အထဲမှာ ရေခဲပါတယ်လေ။ ရေခဲရိုက်ထားတာ။ မနက်ကျမှဖွင့်ပြီး စီစီရီရီ ဈေးခုံပေါ် ခင်းရုံပဲ"

"မပုပ်ဘူးပေါ့"

"ပုပ်ရင် ရှုံးသွားမှာပေါ့"

"နည်းပညာတော့မိုက်တယ်နော်။ မြန်မာဖြစ် ရေခဲသေတ္တာပေါ့"

တည်တင်းနေသော ပုချေးမျက်နှာကြော လျော့လာသည်။

"ကိုဗညားတို့တဲမှာလည်း ချဉ်ပေါင်တို့ ဘာတို့ စိုက်ထားရင်ရမှာနော်။ လတ်လတ်ဆတ်ဆတ်စားရအောင် စားဖို့မတွေ့ကိုစိုက်ခိုင်းပါလား"

"အဖြူလွှာက ရွှေမျှောမရောက်ဖူးဘူးလား"

"ဘာလို့မေးတာလဲ"

"မရောက်ဖူးဘူးထင်လို့ပါ။ ဘယ်လိုလုပ် နေရာရှိမှာလဲ။ ရွှေထွက်တဲ့နေရာဆိုမှတော့ ဟင်းရွက်လေးစိုက်ဖို့ ရွှေတွေကို အဆုံးရှုံးခံရမှာလား"

"လုပ်ပြီးသားကျင်းမှာစိုက်ရင်ရော"

"ရွှေဆိုတဲ့အမျိုးက ဟိုး မြေကြီးအောက်ကိုတူးလှန်ရတာလေ။ အစီစီမရောက်ရုံတမယ်ပဲ။ ခေါင်းပေါင်းကျင်းပြီဆို မြေထုကြီး။ အဲဒီမြေထုက အဝါရောင်။ ပြီးမှ အပြာရောင်မြေသား။ အဲဒါက ကျောက်ကျောက်





တွေပဲ။ ပြီးရင် အဝါရောင်မြေ ပြန်ရောက်တယ်။ ရွှေက အဲ့ဒီမှာမှရှိတာကများတယ်။ အဲ့ဒီလောက်ထိ ယက်ခုတ်ပြီးလှန်ပြီးပြီဆိုမှတော့ စိုက်လို့ပျိုးလို့က ထပ်ရနိုင်ဦးမလား။ ပြီးတော့ အယောက်ငါးဆယ်စာ နေ့တိုင်းချက်ပြုတ်ရတယ်ဆိုတာ မလွယ်ဘူး။ စားဖို့မက ငါးယောက်ပဲရှိတာ။ ဒီကြားထဲ မယ်လိန်၊ ပေါ်လိန်က စားချင်တာက လုပ်ကျွေးရသေးတယ်။ သူတို့မှာ အားချိန်မရှိဘူး"

အဖြူလွှာ့ရင်ထဲ ဗညား၏အသိပညာကို လေးစားသွားသည်။ အတန်းပညာသာမက မိဘ၏ လက်ငုပ်လက်ရင်းလည်း သိပေတာမို့ အထင်ကြီးသွားသည်။

"တစ်ရက်လောက်တော့ မျှောကိုအလည်ခေါ်ရဦးမယ်"

"မလိုက်ပါနဲ့၊ အန္တရာယ်များတယ်။ မှန်ဝေမပါ၊ တုတ်ဝေပါနေဦးမယ်။ အချိန်ပြည့် အသက်အန္တရာယ်ဖြစ်နိုင်တယ်"

နာရဏီကဝင်ထောက်ခြင်းဖြစ်သည်။ အဖြူလွှာ၏မျှော်လင့်ချက်များ ပြိုလဲသွားရပြန်သည်။ ဘာပဲဖြစ်ဖြစ် အဖြူလွှာ မျှောလုပ်သည်ကို ကြည့်ချင်သည်။ ဗညားတို့၏နေထိုင်မှုပုံစံနှင့် နာရဏီ အလုပ်လုပ်ပုံကို ကြည့်ချင်သည်။

"ကိုယ်တို့ဆုံတုန်း အပြင်မှာ တစ်ခုခုစားကြရအောင်လေ"

အဖြူလွှာ မလိုက်နိုင်စရာအကြောင်းမရှိပေ။ ယောကျ်ားလေးနဲ့ မိန်းကလေး နှစ်ယောက်တည်းသာ မသင့်တော်သော်လည်း အခုတော့ ယောကျ်ားလေးသုံးယောက်နဲ့ဆိုတော့ မသင့်တော်စရာအကြောင်းမရှိပေ။ သူငယ်ချင်းတွေပေါ့။ ပြီးတော့ နာမည်ကျော် ပေါ်လိန်ကြီး ဦးခင်ရွှေ၏သား



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆိုင်ထိုင်တာမို့ အများအထင်သေးခံရစရာအကြောင်းလည်း မရှိပေ။

"အဖြူလွှာတော့ မလိုက်ပါနဲ့။ ပတ်ဝန်းကျင်နဲ့နေတာဆိုတော့ မကောင်းဘူး။ မြို့ပေါ်မှာက သူလိုငါလို သိပ်ဂရုစိုက်မရှိပေမယ့် ဒီလိုဖင်တစ်လုံးစာကျယ်တဲ့ရွာမှာက နှစ်ယောက်တွဲ ဆိုင်ကယ်စီးသွားရင်တောင် လင်မယားလို့ထင်ချင်ကြတာ။ အများပြောခံနေရမယ်။ ဒါက အိမ်လည်းမဟုတ်ဘူး ဈေးတန်း"

ပုချေးက လူကြီးပုံဖမ်းပြီး ပြောသည်တွင် ဗညားသည် ပုချေးစကားကို အံ့အားသင့်စွာနားထောင်နေသည်။

"ဩော် ... ဒီမှာက ဒီလိုလည်းရှိသလား"

"ဒီ့ထက်ဆိုးတာပေါ့။ အဖြူလွှာ့သိက္ခာ ထိခိုက်မှာစိုးလို့၊ ကျွန်တော်တောင် လာချင်တဲ့အချိန် မလာဘူး။ အသွားအလာ ဆင်ခြင်တယ်။ ပတ်ဝန်းကျင်ဆိုတာ ဘာမှမဟုတ်ပေမဲ့ မိန်းကလေးတွေ သိက္ခာက ပတ်ဝန်းကျင်ရဲ့ အကောင်းပြောမှု၊ အဆိုးပြောမှုပေါ်မှာ အများကြီးမူတည်တယ်"

"ငါ နင့်ကို အဲ့လောက်ထိ ရင့်ကျက်မယ်လို့ မထင်ခဲ့တာ အမှန်ပဲ ပုချေး။ နင်က ဒီလိုစကားကောင်းလည်း ပြောတတ်သားပဲ"

"ငါ့ကို မခန့်နဲ့ အဖြူလွှာ။ နင့်အတွက် စေတနာတွေ ငါ့ရင်ထဲမှာ အများကြီးရှိတယ်။ စိတ်ရင်းကို အသိအမှတ်မပြုချင်နေ မစော်ကားနဲ့"

ပုချေးသည် ပြောဆိုနေရာမှ ရုတ်တရက် ချာခနဲလှည့်ထွက်သွားသည်။ နာရဏီကိုပင် နှုတ်ဆက်မသွားတော့ချေ။ အဖြူလွှာ ကြောင်နသွား၏။ နားမလည်နိုင်ပေ။ ရုတ်တရက် ဘာဖြစ်သွားတာလဲ။



"ငှက်ဖျားပိုး ဦးနှောက်ထဲဝင်သွားပြီလား မသိဘူး။ ငါက သူ့ကို
လိုက်တဲ့ဟာကို။ မိန်းမကြီးကျနေတာပဲ၊ စိတ်တိုသွားတယ်"

အမှန်က အဖြူလွှာ ရှက်မိ၍ ပြောမိပြောရာပြောနေခြင်းသာ
သည်။ ဗညားရှေ့တွင် အအော်ခံလိုက်ရတာမို့ ရှက်သည်။ နာရဏီက
စ်မြို့တည်းသား ခတ်သိဖြစ်သော်လည်း ကိုဗညားနဲ့တော့ ခင်တာ
ကြာသေးပေ။

ဘာပဲဖြစ်ဖြစ် ကိုဗညားရှေ့တွင် ပုချေး အဲ့လောက်ကြီးတော့
စ်သင့်ပေ။

"အဖြူလွှာကို တစ်ခုခုလိုက်ကျွေးချင်ရင် မန္တလေး အလည်ခေါ်မှ
ယ်ထင်တယ်။ မန္တလေးမှာတော့ ဆိုင်အတူထိုင်လည်း ဘာမှမဖြစ်ဘူး။
ယ်သူမှလည်း ဒီလို ပတ်သက်မှုကို စိတ်မဝင်စားကြဘူး"

"ကောင်းပါတယ်။ အဲ့လိုပတ်ဝန်းကျင်မျိုးကို ကျွန်မကြိုက်တယ်။
က အနေကျဉ်းကျပ်တယ်"

"ဒါပေမဲ့ လုံခြုံပါတယ်။ ပတ်ဝန်းကျင်ရဲ့ ဂရုစိုက်မှုကြောင့်
တွေ့ရမယ်ထင်တယ်"

နာရဏီပြောလိုက်ခြင်းဖြစ်သည်။ အဖြူလွှာ အံ့သြသည်။ နာရဏီ
ထဲ ခုလို လူကြီးဆန်လိမ့်မည်ဟု အဖြူလွှာထင်မထားခဲ့ပေ။ ဘာဖြစ်
ကြတာလဲ။ ဒီယောကျ်ားသုံးယောက် အဖြူလွှာ့ကို အရူးလုပ်နေကြ
လား။

"ကဲ ... ငါတို့လည်း ပြန်ရအောင်လေ။ မကြာခင် မှောင်တော့
။ မှောင်သွားရင် ဖြုတ်တွေအရမ်းပေါ်တာ၊ ဆိုင်ကယ်စီးလို့မရဘူး။

www.burmeseclassic.com



ကိုယ်တို့ပြန်မယ်နော် အဖြူလွှာ။ နောက်မှလာမယ်"

အဖြူလွှာကို နှုတ်ဆက်ပြီး ဗညားက ဆိုင်ကယ်ပေါ်တက်သည်။ ဗညားနောက်မှ နာရဏီက တက်၏။ ဘူးသီးပုံကြားမှ အဖြူလွှာကို ငေးကြည့်ရင်း ဗညားနောက်မှ နာရဏီ လိုက်ပါလာသည်။

"ပုချေးက အဖြူလွှာကိုကြိုက်နေတာထင်တယ်"

ဆိုင်ကယ်စီးရင်းပြောနေတာဆိုသော်လည်း အသံကို ကောင်းစွာ ကြားရ၏။

"ဟုတ်ရင်ဟုတ်မှာပေါ့"

"အဖြူလွှာရော ပုချေးကိုကြိုက်သလား"

"အရင်ကတော့ နာမည်ကြီးတယ်။ ပုချေးက ရည်းစားစကား လိုက်ပြောတာကို အဖြူလွှာက ငြင်းတယ်ဆိုပြီး"

"ဘယ်တုန်းကလဲ"

"အထက်တန်းလောက်ကထင်တယ်

"သူတို့နှစ်ယောက်ပုံက ကြိုက်နေကြတဲ့ပုံပေါ်လား"

"ရိုးရိုးပါ။ သူငယ်ချင်းတွေလို့ထင်တယ်။ ဂယနကတော့ မသိဘူး"

"ရိုးရိုးဆိုရင်ကောင်းတယ်"

"ဘာလို့လဲ"

"ကိုယ် အဖြူလွှာကိုကြိုက်တယ်"

ဗညား၏အသံသည် တိုးသော်လည်း နာရဏီရင်ထဲ ကျယ်လောင်သွားသည်။ အဖြူလွှာကိုကြိုက်တယ်တဲ့လား။ ခုတလောကမှ ညီအစ်ကိုလိုခင်ပြီး သူငယ်ချင်းလို မင်းနဲ့ငါ ခေါ်ဝေါ်သုံးစွဲလာရာမှ ရင်ဖွင့်စကားကို



တစ်ဆင့်တိုးကာ ကြားရခြင်းဖြစ်သည်။ နာရဏီ ရင်ထဲနာသွားသည်။ ဆိုက်ကယ်သည် ရှေ့သို့သွားနေသော်လည်း ရုတ်တရက် ရပ်သွားသလို ခံစားလိုက်ရသည်။ အဖြူလွှာကို ကြိုက်တယ်တဲ့လား။

သူရှုံးသွားပါပြီ။ ပြိုက်ပွဲတစ်ခုဆိုရင် ဇရိယာထဲမရောက်ခင် ရှုံးနေသူက သူဖြစ်သည်။ ပုချေးလို အထက်တန်းထိ အတန်းပညာသင်ခဲ့ပြီး ကားငါးစီးပိုင်တဲ့သူဌေးသားပင်လျှင် ကိုဗညားနှင့်ယှဉ်ရမှာ စိုးရိမ်စိတ်ဝင်နေသည်။ သူကတော့ ဝလာနတ္တိဖြစ်သည်။ ကိုဗညားကမျောရှင်၊ သူက မျောလုပ်သားဖြစ်သည်။

"ငါတို့ယောက်ျားချင်း ပိုသိပါတယ်။ ယောက်ျားတစ်ယောက်က ကိုယ့်စိတ်ထဲမရှိတဲ့ မိန်းမတစ်ယောက်ရှေ့ ဘယ်တော့မှ အချိန်ကုန်မခံဘူး"

ဟူသော ပုချေး၏စကားသံကို အထပ်ထပ်ကြားယောင်မိသည်။ အချိန်ရှိသ၍ အဖြူလွှာဆီမသွားဘူးလားဟု မေးနေသော ကိုဗညား၏ စကားသံကို အစောကြီးကတည်းက သူ သဘောပေါက်လိုက်ဖို့သင့်သည်။

"အဖြူလွှာ ငါ့ကို ပြန်ကြိုက်နိုင်ပါ့မလား"

"သူသာ ဦးနှောက်ရှိတဲ့မိန်းကလေးဆို ကိုဗညားကို ငြင်းမှာမဟုတ်ဘူး"

"ကိုယ်က ဦးနှောက်ကိုလိုချင်တာမဟုတ်ဘူး နာရဏီ။ လုံးသားကို လိုချင်တာ။ ကိုယ့်ဘဝမှာ အဖြူလွှာက ပထမဆုံးပဲ"

ကျွန်တော့်ဘဝမှာလည်း အဖြူလွှာက ပထမဆုံးပါပဲ။ တွေ့နေကတည်းက မေ့မရခဲ့တာပါ။ ငယ်ငယ်တည်းက သဘောကျခဲ့တာပါ။

အတန်းထဲမှာ အသံစာစာနဲ့ စကားကျယ်ကျယ်ပြောတတ်တဲ့ ကလေးဘဝ တည်းက အဖြူလွှာက ချစ်ဖို့ကောင်းခဲ့တာပါ။ ခုလို မမျှော်လင့်ဘဲ တိုက်တိုက်ဆိုင်ဆိုင်ဆုံခဲ့ရတော့ မရည်ရွယ်ဘဲ ချစ်မိသွားခဲ့တာပါ။

"ငယ်ငယ်တည်းက ဆရာဝန်လုပ်မယ်ဆိုပြီး စာထဲကျွမ်းစိုက် ထားခဲ့တာ။ နှလုံးသားက ဟောင်းလောင်းပေါက်ပဲ။ ခုမှ အဖြူလွှာနဲ့ ပြည့်သွားတာ။ လူ့စိတ်ကလည်း ထူးဆန်းတယ်နော်။ ဒီလို တောထဲ တောင်ထဲမှာ နှလုံးသားကိုရှာတွေ့မယ်လို့ ဘယ်လိုထင်ထားခဲ့မလဲ။ ကိုယ်တို့သာ နာရဏီ မင်းကတော့ မြားနတ်မောင်ပဲ"

မြားနတ်မောင်တဲ့လား။ အဲ့ဒီ မြားနတ်မောင်မှာရော အသည်း နှလုံး မရှိတော့ဘူးလား ကိုဗညားရယ်။ ချမ်းသာတဲ့လူတွေမှသာ ချစ်ရ မှာတဲ့လား။ ဆင်းရဲတဲ့လူတွေက အချစ်မရှိရဘူးတဲ့လား။ ကျွန်တော့်မှာ လည်း အသည်းနှလုံးနဲ့ပါ။ ငွေမရှိပေမယ့် အချစ်တော့ချမ်းသာပါတယ်။ ကျွန်တော့်ရင်ထဲမှာလည်း အချစ်ရှိပါတယ်ဗျာ။





"ပင်းယံခမော်ဘက်မှာ ခေါက်စားထမ်းသမားတွေ ကိုက်တယ် ဆိုပဲ"

ထမင်းစားနေသောကြောင့် ဒေါ်နွယ်ဝင်း၏အသံသည် မျော ပ်သားများအားလုံး သဲသဲကွဲကွဲကြားရသည်။ ဟင်းခွက်နှင့် ထမင်း းကန်ကိုသာ မျက်နှာအပ်ထားကြသော်လည်း ရှေ့ဆက်ထွက်လာမည့် ဒေါ်နွယ်ဝင်း၏အသံကို အားလုံး အာရုံစိုက်ထားကြသည်။

"ခေါက်စားထမ်းတာ တစ်နေ့ကို လေးထောင်ဆိုပဲ။ နေ့လယ်စာ စနပ်ကျွေးတယ်တဲ့။ မိန်းမဆို သုံးထောင်ရတယ်"

"နေတော့ရော"

"မြို့မဟုတ်ပါဘူးဟယ်၊ တောပါ။ ရှိတဲ့ဝါးလေးခုတ်ခက်ပြီး ာလေးတင်ပြီးနေရုံပေါ့။ ကျင်းတွေက တို့ရွှေတွင်းဖော်လို မဟုတ်ဘူး ။"

"နေ့တိုင်းရှင်းပေးတာလား"

"နေ့တိုင်းမရှင်းလို့ ဘယ်ရမလဲဟဲ့။ နေ့စားပါဆို"

"ဒါဆိုရင်တော့ ပင်းယံခကိုသွားရမယ်ထင်တယ်"

ဒေါ်နွယ်ဝင်းက ပွဲဆူလိုက်သည်နှင့် မျောသားများကြား ကြွစိ

ကြွစိစကားသံ ထွက်လာသည်။ သို့သော် နာရဏီတော့ စိတ်မဝင်စားချေ။ အလုပ်ကို ဟိုပြောင်းဒီပြောင်း မလုပ်လိုပေ။

နာရဏီ၏ရည်ရွယ်ချက်သည် ရွှေမျှောပိုင်ချင်သည်။ ထိုသို့ ပိုင်ဆိုင်ဖို့အတွက် မြေအနေအထား နားလည်ရမည်။ စက်တွေအကြောင်း သိရမည်။ လုပ်ငန်းလည်ပတ်မှုကို ကျွမ်းကျင်ရမည်။ ခုတော့ နာရဏီ တော်တော်တတ်နေပြီဖြစ်သည်။ ကိုဇညား၏စေတနာကြောင့် လုပ်ငန်း လည်ပတ်မှုကို နားလည်စပြုလာသည်။ ကိုဇညား၏ အရေးပေးမှုကြောင့် ဆက်စပ်ရာလုပ်ငန်းရှင်များနှင့် ရင်းနှီးစပြုလာသည်။ မျှောတွင် လေးလ ကျော်မျှ ထဲထဲဝင်ဝင်လုပ်ဆောင်လာသောအခါ စက်အကြောင်း သိသင့် သလောက် သိလာသည်။

ဦးခင်ရွှေကလည်း အရေးပေး၏။ နာရဏီကို အလုပ်ကြိုးစားသူဟု ချီးမွမ်းသည်။ ထို့ကြောင့်လားမသိ နာရဏီသည် ကဲ့ရဲ့ခံရမှာ ကြောက်လာ သည်။

မကြာခင် မိုးကျလာတော့မည်ဖြစ်သည်။ ရွာပြန်ပြီး လယ်လုပ်ရ မလား။ ရွှေမျှောပဲ ဆက်လုပ်ရမလား မဆုံးဖြတ်တတ်ပေ။ နာရဏီဆန္ဒ ကတော့ ရွှေမျှောပဲ ဆက်လုပ်ချင်သည်။ သူဌေးဖြစ်ချင်သည်။ ထို့ကြောင့်ပင် လွန်ခဲ့တဲ့ငါးရက်ကမှ လစာလေး ရသမျှထုတ်ပြီး အဖြူလွှာ မှတစ်ဆင့် ပုချေးသို့။ ပုချေးမှတစ်ဆင့် အမေ့ထံသို့ စာနှင့်ပိုက်ဆံ ပို့ခဲ့သည်။ အမေ့စာပြန်ရေးလိမ့်မည်ဟု မျှော်လင့်သည်။ သို့သော် ခုထက်ထိတော့ စာပြန်မလာသေးချေ။

"မနားတော့ဘူးလား နာရဏီ"



ကိုဇညားက မေးလာခြင်းဖြစ်သည်။ သူရသည် တောမှ မျှော်ဟုဆိုကာ မန္တလေးသို့ပြန်သွားတာ တစ်လကြာပြီဖြစ်သည်။

"မနားတော့ဘူး ကိုဇညား။ နားပြီးရင် ဆက်မလုပ်ချင်တော့လို့။ နဲ့ အဲ့ဒါကြီးက"

ကိုဇညားလက်ထဲတွင် နှင်းဆီပန်းစည်းကို တွေ့ရသည်။ ဇညားသည် ပန်းကို ကိုင်လေ့ကိုင်ထမရှိသူမို့ ထူးဆန်းနေ၍ မေးခြင်းသာ သည်။ ကိုဇညားက သူ့အမေးကို ချက်ချင်းမဖြေဘဲ ပြုံးစိစိလုပ်နေသည်။ ရှက်ကိုးရှက်ကန်းနှင့် ...

"ပန်းစည်းလုပ်မလို့။ ကိုယ် ဒီနေ့ အဖြူလွှာကို ပရိုပို့စ်လုပ်မယ် ကူးတယ်"

"ဘာပို့ ... ဘာကိုပြောတာလဲ"

"ပရိုပို့စ် ... ဟဲ ... ဟဲ ... ရည်းစားစကားလေ"

ကိုဇညား၏ပါးနက တက်ကြွနေသလောက် သူ့ရင်ထဲ ထိုင်းမှိုင်း သည်။ ပြုံးနေသော နှုတ်ခမ်းပင် ဘယ်လိုက်ဆက်ကွေးထားရမှန်း တော့။

"ပထမတော့ မပြောတော့ဘူးလို့ပဲ။ ဒါပေမဲ့ မနေနိုင်ဘူး။ စကားတွေက ပြောမှသိတာတွေရှိတယ်။ ပြောပြီး ပြန်မကြိုက်တာ မပြောလိုက်ရဘဲ သူများနောက်ပါသွားတာက ပိုခံရခက်မယ် တယ်"

နာရဏီ ကိုဇညားကို အားကျသည်။ လုပ်ချင်ရာကို စိတ်တိုင်းကျ နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ရဲ့ပစ်ချက်က ထိနိုင်တယ်မဟုတ်လား။ ထိတော့ထိမှာ ကိုယ် သေသေချာချာပြင်ဆင်ထားတယ်။ ဒီပန်းက သူဆိုင်ကဝယ်ခဲ့ လေ။ ပြီးတော့ ညနေကျရင် ဆာစပန့်တစ်ခုရှိတယ်လို့ သူ ရင်ခုန်အော ပြောခဲ့တဲ့။ ကိုယ် ဘာကိုရည်ရွယ်သလဲဆိုတာ သူလည်း မိန်းကလေး သဘောပေါက်မှာပါ"

"အင်း ... ကိုဗညား လုပ်စရာရှိတာလုပ်လေ။ ကျွန်တေ မျှောထဲဆင်းလိုက်ဦးမယ်"

ကိုဗညားကိုကျောခိုင်းပြီး သူ ထွက်လာခဲ့သည်။ သူ မွန်းကျပ်နေသည်။ တစ်ခုခုကို ထရိုက်ခွဲချချင်စိတ်များ ဖြစ်ပေါ်လာသ ရင်ထဲမှာလည်း တစ်ခုခု ပျောက်ဆုံးနေသလို ခံစားရ၏။ ပြုံးနေသေ အဖြူလွှာ၏မျက်နှာက သူ့ကို လှောင်ပြောင်နေသည်ဟုထင်သည်။

မဖြစ်ဘူး။ ငါ ဒီလိုနေလို့မရဘူးဟု စိတ်ကို စုစည်းသော်လည် ငိုချင်နေသည်။ ကိုဗညားသာ ရည်းစားစကားပြောပါက အဖြူလွှာ မငြင်းဘူးဆိုတာကို သူရိပ်မိသည်။ ဒါဆို အဖြူလွှာနှင့် ကိုဗညားသည် ရည်းစားဖြစ်သွားကြလိမ့်မည်။

သူ့ဘဝတွင် ဘယ်မိန်းကလေးကိုမှ ရဲရဲမကြည့်ခဲ့ဖူးချေ မိန်းကလေးထံ အလည်လည်း မသွားဖူးချေ။ သို့သော် အဖြူလွှာ သွားချင်သည်။ အဖြူလွှာနှင့် စကားပြောရသည်ကို ပျော်သည် ကျေနပ်သည်။ ထို့ကြောင့် အဖြူလွှာကို ပိုင်ဆိုင်ချင်သည်။ သို့သော် သူလိုလူက ပုချေးနှင့်ပြိုင်ဘက်ပင် မဟုတ်ခဲ့တာကို ဗညားရဲ့ပြိုင်ဘက် ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။ ရုပ်ရည်လှပြီး တက္ကသိုလ်တက်နေသော



အဖြူလွှာလိုမိန်းကလေးက သူလို ပညာမတတ်၊ ဥစ္စာမရှိ မျှောသမားကို ဘယ်လိုမျက်စိလည်ပြီး ကြိုက်မှာတဲ့လဲ။ အခြေအနေကို သဘောပေါက် သည်။ ရှုံးမယ်မှန်းသိသိချည်းနှင့် ကြိုးဝိုင်းပေါ်တက်လာပါက ဒဏ်ရာတွေ အပွနှင့် ဘဝသေသွားသည်သာ အဖတ်တင်နေပေမည်။

"နာရဏီ ပြီးပြီလား။ မင်းပြီးရင် ငါတို့တက်မယ်"

အလှည့်ကျနှင့် ထမင်းစားနားကြရာ ကျင်းထဲမှလူများက ပြန်လာသလည်။ နာရဏီသည် ကျင်းထဲသို့ တောင်စောင်းလေးမှ သည်။ နာရဏီဆင်းသည်နှင့်တစ်ပြိုင်နက် ကိုကျော်စွာတို့အုပ်စု သည်။

"ညတော့ မိုးရွာမယ်နဲ့တူတယ်ဟေ့။ စက်တွေထမ်းတက်ရမယ်။ ညနေတော့ မချောင်ဘူး"

ထိုအသံများလည်း နာရဏီနားထဲမဝင်တော့ချက် ဝင်တစ်ချက် ဖြစ်နေသည်။

"ငါက ရှုံ့အိုင်မဟုတ်ဘူး ပုချေး။ ရေချမ်းစင်ကရေပဲ ဖြစ်ချင် တယ်"

အဖြူလွှာ၏စကားများကို ဆင့်ကာဆင့်ကဲ ကြားယောင်မိသည်။ တန်းစီခဲ့ရင်တောင် သူက နောက်ဆုံးမှာဖြစ်နေသည်။ အဖြူလွှာနှင့် ပုချေးတို့က ရင်ထဲကစကားများ ဖွင့်ပြောကြသည်အထိ ရင်းနှီးနေပြီးသား ဖြစ်သည်။ အဖြူလွှာနှင့်ပတ်သက်လျှင် သူက ဘယ်နေရာမှာရှိနေတာလဲ။ ဘယ်နေရာမှာရောက်နေတာလဲ၊ သူမသိပါ။

"ဟုး"

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းရှိုက်ပြီး မော့ကြည့်သည်။ ပေ လေးဆယ်ကျော်နက်လာပြီဖြစ်သောကြောင့် ကောင်းကင်ကိုမြင်ရဖို့ မြေသားကို ကျော်ဖြတ်လေသည်။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေသည်။ ထမင်းစားနားကြမို့ စက်ကို ခေတ္တရပ်ထားသည်။ သို့သော် အငှစောင့်တစ်ယောက်မရှိမရပါ။ ပိုက်ပျော့တွေဆွဲဖြုတ်သွားပြီး အပေါင်းဈေးရောင်းလျှင်ပင် မနည်းမနောရနိုင်ပေသည်။

တိတ်ဆိတ်၍လားမသိ လွမ်းဆွတ်စိတ်က ပို၍ကြီးစိုးလာသည်။ ဖိုခနောက်ဆိုင်ထားသော မျောတိုင်သုံးစချောင်းကို ဘာရယ်မဟုတ် ငေးကြည့်နေမိသည်။ သုံးစချောင်း၏အလယ်တည့်တည့်မှ တွဲလျောင်းကနေသော ချိန်းဘလောက်ကိုဆက်ကြည့်သည်။ ပြီးနောက် ရွှေမှုန်ကျောက်ခဲများကို သန့်စင်ပေးသည့် မှုံအိုးကိုကြည့်သည်။ မှုံအိုး၏ အလေးချိန်သည် များသည်။ ဝါးမိုးဝါးကို ကြက်ခြေခတ်ကာ အလယ်မှုံအိုးကိုတည်ပြီး လေးယောက်ဦးယက်ထမ်းလျှင်ပင် အီးအဲမြည်အောင် ထမ်းရသည်။ ဒါကို ကျင်းပေါ်ထိတင်ရမယ်ဆိုတော့ ဒီညတော့ အိပ်ကောင်းပေဦးမည်။

ထိုသို့ တွေးမိသောအခါ ရဲဘော်ကို သတိရမိပြန်သည်။ ရဲဘော်သည် ချိန်းဘလောက်နှင့် မှုံအိုးပိပြီး ပန်ကာကြိုး ခါးတွင်ရစ်ပြီး သေရှာသူ ဖြစ်သည်။ တစ်ဖက်ကတွေးကြည့်လျှင်လည်း သူနှင့် အဖြူလွှာကို ဆုံတွေ့ပေးသော သေဆုံးခြင်းဖြစ်သည်။ ရဲဘော်သာရှိနေပါက သူသည် မယ်လိန်နောက်လိုက်ပြီး ဝယ်ကုန်များသယ်ရမည် မဟုတ်ပေ။

အဖြူလွှာက ကိုဗညားကို ပြန်ကြိုက်မှာလား။ ထိုသို့တွေး





သော်လည်း အဖြေကို တန်းသိနေသည်။ အဖြူလွှာသည် စဉ်းစားတတ်သောမိန်းကလေးဖြစ်ပေလိမ့်မည်။ ကိုဗညားလို အဘက်ဘက်မှ ပြည့်စုံသူကို မကြိုက်ပါက အဖြူလွှာ ရူး၍ပဲဖြစ်လိမ့်မည်။ ဒါဆို သူက ဘယ်လိုလုပ်ရမလဲ။

သူ ထပ်၍ သက်ပြင်းချပြန်သည်။ ရင်ထဲနာမိသော်လည်း ချစ်ရသူမိန်းကလေးဘဝ သာယာဖို့အရေး သူ ကြည့်ဖြုကျေနပ်ရပေမည်။ သူသည် ကြက်သွန်ဥဆိုပါက အသားမဟုတ်ဘဲ အခွံသာဖြစ်သည်။ ဟင်းတစ်ခွက်ဖြစ်ရန် အခွံမလိုဘဲ အသားသာလိုသည်။ မိမိအတွက် မဟုတ်မှန်းသိရဲ့နဲ့ ချစ်သောလူကို သက်သက် စိတ်ဒုက္ခမပေးချင်ပါ။

"ဟုတ်တယ်၊ ငါ နောက်ဆုတ်လိုက်တာပဲ ကောင်းပါတယ်"

ရင်ထဲမှစကားသည် နှုတ်ဖျားသို့ထွက်ကျလာသည်။ ကျင်းနှုတ်ခမ်းသို့ သွယ်တန်းထားသော သံပိုက်ကို တဒုန်းဒုန်းထုရိုက်ကာ အားတင်းမိသည်။ သူ့စိတ်ထဲ မသက်သာပေ။ ထို့ကြောင့် မြေပေါ်မော့ကြည့်သည်။ မြေကြီးသည် အိကျလာသည်ဟု ခံစားရသည်။ သူ့ မျက်လုံးပြူးသွားသည်။

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ကျင်းပြိုတယ်"

ဆိုသောစကားကြောင့် တဲတစ်ခုလုံးသည် ပွက်လောရိုက်ကုန်သည်။

"နာရဏီ"

ဆိုသောနာမည်သည် လူအယောက်ငါးဆယ် ပါးစပ်ဖျားတွင် ရေပမ်းစားကုန်သည်။ ကျင်းသို့ နာရဏီထွက်သွားတယ်ဆိုတာ သိနေ၍ ဖြစ်သည်။ တဲရှိလူအားလုံးသည် ဝုန်းဆို ပြေးထွက်သွားပြီးမှ ပြန်ရောက်လာသည်။ နာရဏီကို လူနှစ်ယောက် ပွေ့ချီလာခဲ့သည်။ ဗညား မျက်လုံးတွေပြာဝေကုန်သည်။ ဆေးအိတ်ကို ပြေးယူသည်။

"သတိရလား"

"ကျွန်တော် ဘာမှမဖြစ်ပါဘူး ကိုဗညား"

လူကိုမကြည့်သေးဘဲ ပစ္စည်းများကိုသာ ဆွဲယူနေသော ဗညား၏ လက်သည် လေထဲရပ်တန့်သွားသည်။ ပြီးနောက် လှည့်ကြည့်သည်။ မယုံနိုင်ခြင်း၊ ဝမ်းသာခြင်းတို့ကို ဗညား၏မျက်လုံးထဲ တွေ့နေရသည်။

"နာရဏီ"

ဗညားသည် ဟန့်ဆောင်မနေနိုင်တော့ပါဘဲ နာရဏီကို





ပွေ့ဖက်လိုက်သည်။

"ငါ မင်းကို တစ်ခုခုဖြစ်ပြီထင်နေတာ"

"ခြေထောက်တော့နာတယ်"

ထိုအခါမှ နာရဏီ၏ခြေထောက်ကို ငုံ့ကြည့်လိုက်ရာ သွေးတွေ မြင်မကောင်းတော့တာကို တွေ့ရသည်။

"မန္တယ်ဝင်း ရေနွေးဇလုံယူလာခဲ့ပါ။

ဗညားရင်ထဲ ခံစားချက်မျိုးစုံဖြစ်တည်ပေးသူသည် နာရဏီ ဖြစ်သည်။ ကြားကြားချင်း နာရဏီကို စိတ်ပူရသည်။ ကျင်းထဲဆင်းကာနီး ာရဏီနဲ့တွေ့ပြီး အဖြူလွှာအကြောင်း ပြောဖြစ်ခဲ့သည်။ နောက်ဆုံး ာွေ့ရခြင်းလားဟု ဝမ်းနည်းသည်။ လူနှစ်ယောက် ပွေ့ချီလာသည်ကို ြင်ရသောအခါ ငါ ကယ်လို့ရပါဦးမလားဟု စိတ်ပူသည်။ သို့သော် ာရဏီ၏အသံကို မမျှော်လင့်ဘဲကြားရသောအခါ ဘာမှမဖြစ်ပါဘူးဆိုပြီး ျော်သွားသည်။ သို့သော် ခြေထောက်တွင် သွေးတွေရွှဲနေပါလျက်နှင့် ုးနိုင်သေးသော နာရဏီကို ဒေါသထွက်ရပြန်သည်။ ကရုဏာလည်း ာက်မိသည်။

"မနာဘူးလား"

အနာကို ဆေးထည့်ပေးနေရင်း မေးလိုက်သည်။

"နာတယ်။ အရက်ပြန်က တော်တော်ခံရဆိုးတယ်"

"ညည်းတာပဲဖြစ်ဖြစ်၊ အော်တာပဲဖြစ်ဖြစ် တစ်ခုခုလုပ်ပါလား"

"ကိုဗညားက စေတနာနဲ့လုပ်ပေးတာလေ။ ကျွန်တော် ာ်လိုက်လို့ ဘယ်ဖြစ်မလဲ။ ကျွန်တော့်အပေါ် စေတနာပျက်သွားမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

"ငတုံး ... စေတနာမရှိရင် ငါ လုပ်ပေးပါ့မလား။ ပြီးတော့ ငါက ဆရာဝန်လောင်းပဲ။ ဒါက ငါလုပ်ရမယ့်အလုပ်"

"ကိုဗညား ဘာလို့ ကျွန်တော့်အပေါ် ဒီလောက်ကောင်းရတာလဲ"

"မင်းသာ ငါတို့ညီအစ်ကိုအပေါ် မကောင်းခဲ့ဘူးဆို လွန်ခဲ့တဲ့ လေးလလောက်တည်းက ငါတို့ညီအစ်ကိုသေခဲ့ပြီးပါပြီ။ အဲ့ဒါနဲ့စာရင် ငါ ဒီလိုလုပ်ပေးတာ ဘာမှမပြောပြလောက်ပါဘူး"

"အဲ့ဒီလိုပြောရင် ကျွန်တော် မခံယူနိုင်ဘူး။ အဲ့ဒီအချိန်က ကျွန်တော် ဘယ်လောက်မှကောင်းပေးခဲ့တာမဟုတ်ဘူး"

"ငါတို့ဟာ ဘယ်သူတွေလဲ။ ဘယ်ကလဲ။ ဘာလုပ်ဖို့လာကြတာလဲဆိုတာ မင်းမသိခဲ့ဘူး။ ခု မင်းကို ငါသိတယ်။ မင်းက နာရဏီဟိုပင်သား။ ပြီးတော့ အမေမုဆိုးမနဲ့ အစ်ကိုရှိတယ်။ ပြီးတော့ ဘာ တစ်ရိုပ်တစ်စောင်း မင်းကောင်းပေးခဲ့တာနဲ့စာရင် အများကြီးလျော့နေ ပါသေးတယ်။ ပြီးတော့ ဒီခေတ်မှာ လူကောင်းတွေ့ရဖို့ မလွယ်ဘူး အထူးသဖြင့် မင်းလို ရိုးအတဲ့လူပေါ့ကွာ"

ထိုသို့ပြောသောအခါ နာရဏီရင်ထဲ မလုံမလဲဖြစ်ရသည် လက်ပံပင်အောက်မှယူခဲ့သော ရွှေထုပ်ကိုသာ မြင်ယောင်နေမိသည်

"ကျွန်တော် လူရိုးမဟုတ်ပါဘူး ကိုဗညား"

"မင်းရိုးသားလို့ လူရိုးမဟုတ်ဘူးလို့ပြောနိုင်တာပေါ့။ အခု ဘယ်သူ့ဟာမှ မတရားမယူဘူးဆိုပြီး အ,မွေလုပ်နေကြတာ အများကြီး ဘာလဲ မင်းက ဟိုသားအမိပေးတဲ့ ကြွပ်ကြွပ်အိတ်ထုပ်ကိုဆိုလိုတာလား





"ဗျာ"

"မအံ့သြပါနဲ့။ အဲ့ဒီနေ့က မင်းကို ကိုယ်မြင်တယ်။ လူတိုင်းဖြစ်တတ်တဲ့ သဘောသဘာဝပါ။ မင်းကို အပြစ်မတင်ပါဘူး။ မင်းစိတ်ဆိုးရင်လည်း ဆိုးပါ။ မင်းကို ကိုယ် တစ်ချိန်လုံးအာရုံစိုက်နေခဲ့တယ်။ မင်းကို ဒီကိုခေါ်လာဖို့ မန္တယ်ဝင်းကို ကိုယ် လှုံ့ဆော်ခဲ့သေးတယ်။ ဒါပေမဲ့ မင်းက သစ္စာကြောင့် မလိုက်လာဘူး။ ကိုယ် မင်းကို ပိုပြီး လေးစားသွားတယ်။ ပြီးတော့ ဘာကြောင့် ဒီလောက် သစ္စာရှိနေတာလဲ လို့ သံသယဝင်တယ်။ အဲ့ဒီနေ့က ကိုယ်မြင်လိုက်ရတယ်။ အကြောင်းအရင်းကို ကိုယ် မသိချင်ပါဘူး။ ကိုယ်သာဆို အဲ့ဒီအထုပ်ကို ပေးဖြစ်မယ် မထင်ဘူး။ အကယ်၍ မင်းနေရာမှာဆိုရင် ပြောတာပါ။ မင်း ငွေလိုနေမှာ ကိုယ်သိတယ်"

အဖြူလွှာကို သူ မနမြောတော့ချေ။ အဖြူလွှာသည် ဒီလို လူမျိုး၏ဖနီးလုပ်ပါက ကျက်သရေရှိလိမ့်မည်။ ဘဝသည်လည်း လုံခြုံနွေးထွေးလိမ့်မည်။ နမြောစရာ ဘာကြောင်းမှမရှိတော့ချေ။ ပုချေးကိုတော့ အားနာပေမယ့် အဖြူလွှာကို ကိုဗညားနှင့်ဆို စိတ်ချသည်။

"ကိုယ့်ကို အဲ့လောက်စိုက်ကြည့်မနေနဲ့။ ကိုယ်တို့က အမျိုးတူတွေလေ။ ကိုယ် မင်းကို ရင်ခုန်မှာမဟုတ်ဘူး၊ ဗညားက နောက်ပြောင်သောအခါ နာရဏီ ပြုံးရပြန်သည်။

"မင်းရဲ့ သည်းခံနိုင်စွမ်းကို အံ့သြတယ် နာရဏီ။ မင်းဒဏ်ရာကို သုံးချက်ချုပ်လိုက်ရတယ်။ ဘာနဲ့ထိခဲ့တာလဲ"

"ကျွန်တော်လည်း သတိမထားလိုက်မိဘူး။ မြေလည်း အိကျ



www.burmeseclassic.com

www.burmeseclassic.com



လာတာကို သတိထားမိရော။ သုတ်ချော်တင်အောင်ပြေးတော့တာပဲ။ တော်သေးတယ် တစ်ဖက်က မျောစာကျောက်ခဲတွေချည်းဖြစ်နေလို့ ဟဲ ... ဟဲ ... ကျွန်တော်က အတွေ့အကြုံရှိတယ်လေ"

"ရယ်နိုင်သေးတယ်နော်။ ဟွန်း ... ဒီပုံအတိုင်းဆိုရင် သုံးရက်လောက် အနည်းဆုံးနားရမယ်"

"ဟာ ... မဖြစ်ဘူးထင်တယ်။ နှစ်သောင်းနီးနီး နစ်နာသွားမှပေါ့"

"နစ်နာမယ်မထင်ပါဘူး။ ကိုယ် မင်းကို သင်ပေးချင်တာတွေ ရှိတယ်"

"ဘာလဲ"

"လုပ်ကွက်ချဲ့မယ်လေ။ မြေအနေအထား သွားကြည့်ရမယ်။ ကျွန်တော်မှန်းရင် မှန်တတ်တယ်လေ။ ဒါကြောင့်ပဲ ကျောင်းခဏနားပြီး ဒီကိုရောက်လာခဲ့တာ။ လူကြားကောင်းအောင်ပေါ့။ တကယ်တော့ ဖေဖေ နေမကောင်းလို့ ခဏလာခဲ့တာလို့ ရိုးရိုးသားသားပြောရမှာပဲ"

နာရဏီ ခုမှသဘောပေါက်သွားသည်။ ဦးခင်ရွှေသည် နာရဏီ ရောက်စကတည်းက မန္တလေးဆင်းသွားခဲ့သည်မှာ ခုထိ ပြန်မရောက်နိုင်သေးပါ။ မျောသားတွေရော၊ လူမှုရေးကိစ္စတွေပါ ကိုဗညားကပဲ လူကြီးဆန်ဆန် ကွပ်ကဲနေသည်။

"လူယုံလွှဲထားလည်း ရတာပဲ။ ကိုဗညား တစ်နှစ်နစ်နာတာပေါ့"

"ကျွန်တော့်ရဲ့တစ်နှစ်က ဘာမှ မဖြစ်လောက်ပါဘူး။ ဖေဖေ



မျောနားလိုက်ရင် အယောက်ငါးဆယ်၊ ပြီးတော့ မန္တလေးက ဆယ့်ငါးယောက်။ ပြီးတော့ မျောဆယ်မျောက အဆောင်မပြေဖြစ်သွားနိုင်တယ်"

မှန်ပါသည်။ ဦးခင်ရွှေသည် ခေါင်းဆောင်ကောင်းပီသလှသည်။ မျောသားများကို လစာပုံမှန်ပေးသည်။ ကျန်းမာရေးစောင့်ရှောက်သည်။ ကောင်း၏၊ ဆိုး၏ မပြောသာပေ။ အဝတ်အစားများလည်း မကြာခဏ ဝေငှပေးသည်။ ပြီးနောက် အထက်လူကြီးများနှင့် မျောရှင်တွေကြား အဆင်ပြေအောင်ထိန်းညှိပေးသည်။ ထို့ကြောင့် မျောရှင်များသည် ဦးခင်ရွှေဆိုပါက ချစ်ကြောက်ရိုသေကြသည်။ ကိုဗညားကိုလည်း ခံ့ညားလေးစားကြသည်။ ဒါကတော့ ဖခင်အရိပ်အငွေ့မပါသော ကိုဗညား၏ အရည်အချင်းသက်သက်သာဖြစ်သည်၊

"ခင်ဗျားကြောင့်ပဲ ဒီနေ့ အဖြူလွှာကို ပရိုပို့စ်လုပ်မယ့်ကိစ္စ ပျက်သွားပြီ"

ကိုဗညား၏ ပွင့်လင်းမှုကြောင့် မျက်နှာမထားတတ်အောင် အားနာရပြန်သည်။

"အားမနာပါနဲ့ဗျာ၊ နောက်တာပါ။ ဒီနေ့မပြောဖြစ်လည်း နောက်နေ့ပေါ့။ မင်းလည်း မျောနားမယ့်အတူတူ လိုက်ခဲ့ပေါ့လေ။ အခြားကိစ္စလေးတွေလည်း လုပ်ကြတာပေါ့။ မင်း အရမ်းကျွမ်းကျင်သွားရင် မျောခွဲလုပ်လေ။ မျောသားထက် မျောရှင်က ချမ်းသာဖို့ နိုးစပ်တယ်။ ခန္တီဘက်မှာ ကိုယ်တို့မလုပ်ဖြစ်တဲ့မြေတွေရှိဘယ်။ ရှယ်ယာပေါ့"

www.burmeseclassic.com



ဝမ်းသာရမလား၊ အံ့ဩရမလား၊ ဝမ်းနည်းရမလားဆိုတာ ဝေခွဲမတတ်တော့ပေ။ မိမိရှေ့တွင် ချစ်ရသူကို ချစ်စကားပြောမည်။ သို့သော် ဘဝမျှော်လင့်ချက်ကိုလည်း ပေးပြန်သည်။ ကိုဇည္ဇားသည် သူ့ကို စိတ်ကြိုက်ပိုင်ခိုင်းပြီး မျက်ရည်သုတ်ပဝါကိုများကမ်းပေးနေရော့သလား။





"ကျင်းပြိုတာ ဟုတ်လား"

အဖြူလွှာ၏ခေါင်းသည် ရုတ်တရက် အကြီးကြီးဖြစ်လာသလို ခံစားရသည်။

"ဘာ … ဘာဖြစ်သွားသေးလဲ။ ဟမ် … ဘယ်နေရာ ဘာဖြစ်သွားသလဲ"

နာရဏီ၏ကိုယ်ကို ဆွဲလှည့်လိုက်သည်။ ပြီးနောက် ခန္ဓာကိုယ်ကို သေသေချာချာစစ်ဆေးသည်။ ပွန်းပဲ့ဒဏ်ရာနှင့် ခြေထောက်မှ အတ်တီးကြီးမှလွဲ၍ အခြား ထူးထူးဆန်းဆန်း ဘာကိုမှမတွေ့ရချေ။

"ခြေထောက်က ဘာဖြစ်သွားတာလဲ။ ဘယ်လောက်ထိ ခိုက်သလဲ"

အဖြူလွှာက စိုးရိမ်တကြီးမေးနေသောအခါ နာရဏီ မျက်နှာ ညှိုင်လာသည်။ ဘေးတွင်ရှိသော ကိုဇည္ဇားကိုလည်း အားတုံ့အားနာ ကြည့်မိသည်။ သို့သော် ကိုဇည္ဇားကတော့ ပီတိနှင့်ကြည့်နေသည်။

"နာရဏီရေ … ကိုယ်တောင် မင်းကိုကြည့်ပြီး ဒဏ်ရာရချင်လာပြီ"

ကိုဇည္ဇားက စနောက်လိုက်ခြင်းဖြစ်သော်လည်း နာရဏီ



www.burmeseclassic.com

www.burmeseclassic.com



ရှက်သွားသည်။

"သိပ်မစိုးရိမ်ပါနဲ့ အဖြူလွှာရယ်။ ဘာမှ စိုးရိမ်းစရာမရှိတော့ပါဘူး။ နှလုံးရောဂါရနေပါ့မယ်"

"စိုးရိမ်တယ်။ ဟိုအရင်တစ်ခါကလည်း ကံကောင်းလို့လွတ်သွားတာ။ ဒီလို မကြာခဏဖြစ်နေမယ်ဆို နင် အိမ်ပြန်ပါလား နာရဏီ။ အသက်ရှင်နေသရွေ့ ငွေဆိုတာ မရှားပါဘူး"

"ယောက်ျားပဲ သေတစ်နေ့ မွေးတစ်နေ့ပေါ့။ ဒေါင်ကျကျ ပြားကျကျ နေနိုင်ရမယ်"

"အဲ့ဒါတွေခက်တာပဲ။ ဒီသတင်းတွေကိုသာ နင့်အမေကြားကြည့်ပါလား နင့်ကို ကျိန်းသေပြန်ခေါ်မှာပဲ"

"မခေါ်ပါဘူး။ ငါ့အမေက နင်ထင်သလိုအမေ မဟုတ်ဘူး။ ပြတ်တယ်၊ အဲ့ဒီလိုပြတ်အောင်လည်း ငါတို့ကို သင်ကြားပေးခဲ့တယ်။ ခုချိန်ထိ အမေငိုနေတာကို ငါ မမြင်ဖူးဘူး။ မိန်းမသားပဲ ငိုချင်လည်းငိုမှာပေါ့။ ဒါပေမဲ့ ငါတို့မမြင်တဲ့အချိန်ဖြစ်မယ်"

အဖြူလွှာ့ရင်ထဲ ငြိမ့်ခနဲဖြစ်သွားသည်။ မသိခဲ့ဖူးသော နာရဏီအမေကို တွေ့ချင်လာသည်။

"လူကြုံမှာခဲ့တယ်။ အိမ်ကိုမတွေးနဲ့တဲ့။ နင်ပဲ အဆင်ပြေအောင်နေတဲ့။ လယ်ငါးဧကလောက်က နင့်အစ်ကိုတစ်ယောက်တည်းနဲ့ ရတယ်တဲ့။ ငါ နင်မလာလို့ မပြောဖြစ်သေးတာ"

နာရဏီရင်ထဲ ခံစားသွားရသည်။ မှန်သာပြောရလျှင် အမေ့ကိုလွမ်းသည်။ အစ်ကို့ကို သတိရသည်။ အလွမ်းပြေ စာတစ်စောင်လေး





ဖတ်လိုက်ရလျှင် ငိုမိမည်ထင်သည်။ ဒါကိုသိ၍ အမေက စာမရေးဘဲ စကားကြုံမှါးခဲ့တာလား။

"ယောက်ျားပဲ ဘာကိုပျော့ညံ့နေသေးတာလဲ။ နောက်ပြန်လှည့်ကြည့်နေတဲ့လူဟာ မှတ်ထား ဘယ်တော့မှ မတိုးတက်ဘူး"

အမေအမြဲပြောတတ်တဲ့စကားဖြစ်သည်။ ထိုသို့ ပြောနေသော အမေ့အသံသည် တုန်ယင်နေသည်။ အမေ့ရင်ထဲ ဝမ်းနည်းနေမည်ကို သူ ခန့်မှန်းမိသည်။ သို့သော် အမေသည် ဆေးပေါ့လိပ်ခဲမပျက်ပေ။ အဝေးကိုသာ မျှော်ကြည့်ပြီးနေသည်။

"မိုးကျတော့မယ်။ ကားလမ်းတွေပျက်ကာနီးပြီ။ မပြန်တော့ဘူးလား"

"ငါ ဒီနှစ်မိုးပိုင်း မပြန်တော့ဘူး။ ဒီမှာပဲ မိုးခိုမယ်။ ငါ သင်ယူစရာတွေရှိသေးတယ်"

"မျောပဲလုပ်တော့မှာလား"

"ငါ့မှာ တတ်ထားတာ များများစားစားမရှိဘူး။ လယ်ယာလည်း မိရိုးဖလာမို့သာ လုပ်နေရတာ။ ငါ မျောကိုတော့ စိတ်ဝင်စားတယ်။ ကိုဝညားနဲ့ဆုံရတာ ကောင်းသောကုသိုလ်ပဲ။ အဲ ... ဒါနဲ့ ကိုဝညားက အဖြူလွှာ့ကို ပြောစရာရှိတယ်ဆို"

"အဲ ... ဒီနေ့တော့ မရှိတော့ပါဘူး။ နောက်မှပဲ ပြောတော့မယ်"

"ဘာပြောမလို့လဲ၊ ပြောပါ"

"ရပါတယ် နောက်မှ။ ကဲ ... ငါတို့ပြန်ရအောင်လေ"



www.burmeseclassic.com

www.burmeseclassic.com



နာရဏီသည် ကိုဗညား၏ကျောပိုးအိတ်ကြီးကိုသာ အကဲခတ်နေသည်။ အဲဒီအိတ်ထဲတွင် လုပသောပန်းစည်းကြီးပါနေမှန်း နာရဏီသိသည်။ ဘာကြောင့် ကိုဗညားကို အချိန်တွေရွှေ့နေတာလဲ။

"ဟွန်း ... ရုတ်တရက်ကြီး။ ဂရုလည်းစိုက်လိုက်ဦးနော်။ ညော်မခံနဲ့။ မန်းဆေးလေးလည်းသောက်ဦး။ ဆင်တုံးမနွယ်က မန်းနိုင်တယ်။ တစ်နေ့တစ်ခွက်သောက်"

ဆိုင်ကယ်ပေါ်တက်သွားသည်ထိပင် အဖြူလွှာက မှာတမ်းခြွေ၍မပြီးနိုင်ချေ။

"ဘယ်သူ့ကို ဒီလောက်မှာနေတာလဲ"

"နာရဏီလေ ... ကျင်းပိလို့တဲ့"

"ရော် ... ဒီကလေးဟာ နှစ်ခါရှိနေပြီ။ ဗေဒင်လေး ဘာလေးမေးပြီး ယတြာချေချင်လည်းချေ၊ မဟုတ်ရင်လည်း အိမ်ပြန်မှုဖြစ်မယ်"

ကြီးနွေ့က စိုးရိမ်ကြီးသူပီပီ အကြွေးစာရင်းကိုပင် မချနိုင်ဘဲ ရုတ်တက်မအေးစွာပြောသည်။

"ဘာဖြစ်သွားသေးလဲ"

"ထူးထူးခြားခြားတော့ မဖြစ်ပါဘူး။ အချိန်မီ ပြေးထွက်လာနိုင်တယ် ပြောတယ်။ ခြေထောက်ပဲ နည်းနည်းဖြစ်သွားတယ်။ သုံးချက်ချုပ်ရတယ်ဆိုလား။ ကျောခဲမှန်တာနေမှာပေါ့"

"ဒီကလေး ကံနိမ့်နေပြီထင်တယ်"

"မနွေ့လှိုင် စောစောက အဖြူလွှာနဲ့ပြောနေတာ နာရဏီ မဟုတ်လား"





ကြီးနွေ့၏သူငယ်ချင်း ဒေါ်ပွဲတင်က မေးခြင်းဖြစ်သည်။ ဒေါ်ပွဲတင်သည် အဖြူလွှာ၏ ဟိုပင်မြို့မှ မောင်းဖြစ်သည်။ သန်ကောင်စာရင်းဌာနကလားဟု ယုံမှတ်ရအောင်ပင် ဟိုပင်မြို့နယ်လူများကို မသိဘူးဆိုတာမရှိချေ။ ဟိုပင်မြို့တွင် အပ်ကျတာကအစ သိသူဖြစ်၏။ ထို့ကြောင့် နာရဏီကို သိနေခြင်းမှာ မဆန်းလှပေ။

"မအေးကြည်ရဲ့သား အငယ်ကောင်လေ"

"ဟုတ်ပါ့။ မျောလာလုပ်နေတာ၊ ရွှေတွင်း ဦးခင်ရွှေမျောမှာလေ။ သူနဲ့ပါလာတာ ဦးခင်ရွှေရဲ့သားကြီး ဆရာဝန်ဗညားတဲ့"

ဆက်မေးဖို့စကားမရှိလောက်အောင် ကြီးနွေ့အဖြေက ပြည့်စုံသွားသည်။

"ဟုတ်လား ခြေထောက်က ဘာဖြစ်တာလဲ"

"သိဘူး"

စကားမရှုပ်ချင်၍ ဘူးခံလိုက်ခြင်းဖြစ်သည်။ မျောပိုင်တွေက ကျင်းပြိုသည်ဆိုတာကို လူသိမခံချင်ကြပေ။ ပြဿနာများလွန်း၍ ဖြစ်သည်။ လူသေမှုဖြစ်ခဲ့လျှင်ပင် နားလည်မှုနှင့် တိုးတိုးတိတ်တိတ်ဖြေရှင်းကြသည်မှာ အစဉ်အလာတစ်ခုပင်ဖြစ်၍နေသည်။

"ကောင်လေးက တော်ရှာတယ်။ မအေးကြည်က သားကောင်းတွေ ရထားတာပဲ"

နာရဏီအကြောင်းကိုကြားရတော့မှာမို့ အဖြူလွှာ နားစွင့်ထားသည်။ မှန်တာပြောရလျှင် အဖြူလွှာသည် နာရဏီအကြောင်းကို သိချင်သည်။ အတန်းထဲ တစ်ကို ကန့်ထရိုက်ဆွဲနေလျက်နဲ့ ဘာလို့ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသလဲဆိုတာကို စိတ်ဝင်စားသည်။

"ကိုရင်မောင်ဆုံးတော့ သူတို့ ငယ်ငယ်ပဲရှိသေးတာ။ မအေးကြည်ကလည်း ပြတ်တယ်။ ချက်ချင်း အကြီးကောင်ကို ကျောင်းထုတ်တယ်။ ညီအစ်ကိုနှစ်ယောက်လုံးက စာတော်ကြရှာတယ်။ ဒုက္ခခံသာ ကျောင်းထားပေးခဲ့လို့တော့ ခုချိန် ကြီးပွားနေလောက်ပြီ။ ဘယ်လို အမေမှန်း မသိဘူး။ ကျွန်မဒုက္ခခံလည်း သူတို့ အချိန်တန် မိန်းမ ယူသွားမှာပဲတဲ့။ ကိုယ့်စိတ်ကို ကိုယ်တိုင်ဘာမှန်းမသိနိုင်တာ အနာဂတ် ဆိုတာ မရေရာဘူးတဲ့။ ဘယ်အရာမှ မျှော်လင့်မနေဘူး။ ပစ္စုပ္ပန်မှာ အဆင်ပြေရင်ပြီးရောတဲ့။ အဲ့ဒီလို ပြတ်ပြတ်ပြောပြီး အငယ်ကောင်ကိုပါ ထုတ်တယ်။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးမှာ ထွန်းပြောင်ချင်တဲ့ကလေးဆို သံကွန်ချာနဲ့အုပ်ထားရင်တောင် မရဘူးဆိုပဲ"

"ပြတ်လွန်းတာနော်။ ကလေးတွေတော့ ကံဆိုးတာပဲ"

"ကျွန်မလည်း အရင်က အဲ့လိုတွေးခဲ့တာပဲ။ ဒါပေမဲ့ ကျွန်မတို့ မသိတာရှိတယ်။ မအေးကြည်က ရောဂါသည်"

"ဘာရောဂါလဲ"

"ရင်ကျပ်၊ ဆီးချို၊ နှလုံး စုံနေတာပဲ။ သူ့ငွေးရောဂါဖြစ်တာကိုး"

"အို ... စိတ်မကောင်းစရာပဲ"

"သူ့သားတွေတော့ မသိလား၊ သိလား မသိဘူး။ မအေးကြည် တော့ သေရမယ့်ရက်ကို ပြင်ဆင်နေပြီ။ သူ့သားတွေကိုလည်း ပြတ်ပြတ်ပဲ ဆက်ဆံတယ်။ ကျွန်မအထင် ကလေးတွေက ငယ်သေးတော့ သူမရှိ လည်း မာမာဆာဆာနေနိုင်အောင်ထင်တာပဲ။ သားရေ ... ဘာညာ





ချော့ချော့မြူမြူ မကြားဖူးဘူး။ ဒါပေမဲ့ သားတွေက လိမ္မာကြပါတယ်။ ချိုးရေတောင် ခပ်ပေးတဲ့အထိပဲ။ အမေလုံချည်ပုံထားလို့တော့ ဘယ်သူ တွေ့တွေ့ ကောက်လျှော်လိုက်တာပဲ။ ထမင်းမချက်ထားလည်း ရှိတာ ားပစ်ကြတယ်။ အမေကို လုံးဝ မငြိုငြင်ဘူး။ ခုလည်း အခင်းတွေ ျက်လို့ ရွှေတူးသွားတယ်ဆိုတာ ဒီရောက်လာတာနေမှာပေါ့။ ဒီ ကလေးတွေကို ကံဆိုးတာပါ။ ဒါပေမဲ့ မိဘကိုလုပ်ကျွေးတဲ့ကလေး ကြီးပွားဦးမှာပဲ။ ကောင်လေးတွေက အေးလည်းအေးတယ်။ အဲ့ဒီ အငယ်ကောင်ဆို ရည်းစားသဏ္ဌာန်ကိစ္စ မကြားဖူးအောင်ဘဲ"

အဖြူလွှာအံ့သြသည်။ ဒေါ်ပွင့်တင်လို အတင်းပြောချန်ပီယံက ာရဏီကို ချီးကျူးနေသည်။ ထိုသို့ ချီးကျူးသံကြားရတော့ အဖြူလွှာ ရင်ထဲ ပီတိဖြစ်သည်။ ဒါဆို နာရဏီက ရည်းစားမထားဖူးဘူးပေါ့။ အဖြူလွှာပျော်သွားသည်။ အဖြူလွှာလည်း ရည်းစားမထားဖူးချေ။ ည်းစားဦးဆိုတာ မြေးဦးရရင်တောင် မမေ့ဘူးဆိုတဲ့ ဆိုရိုးစကားကို ကြားဖူးသည်။ ထို့ကြောင့် အဖြူလွှာ ပထမဆုံးထားမည့် ရည်းစားသည် ာည်း ရည်းစားမထားခဲ့ဖူးသူမျိုး ဖြစ်ချင်သည်။

သားလိမ္မာဆိုပါလား။ အဖြူလွှာ သဘောကျသည်။ နာရဏီကို ငြင်ယောင်မိပြန်သည်။ ဆံပင်ပေါက်စ ကတုံးကေနှင့် နာရဏီသည် မျောသားဖြစ်သောကြောင့် ခြေချောင်းများ ရေစားနေသည်။ အသား ာည်း ညိုမိမ့်စိမ့်ဖြစ်နေသည်။ သို့သော် ရိုးသားပြီး ရဲရင့်သော မျက်လုံး ခံစုံ၏ တောက်ပမှုကို ဖုံးဖိမရချေ။ စိတ်ရဲ့ထွက်ပေါက်က မျက်လုံးဖြစ် ၏။ နာရဏီ၏ မျက်လုံးမျိုးကို အဖြူလွှာ နှစ်သက်သည်။ ဖနီးသည်ကို



www.burmeseclassic.com

www.burmeseclassic.com



လုံခြုံနွေးထွေးစွာထားမည့် မျက်လုံးမျိုးဖြစ်သည်။

"မပွဲတင် ပြောသလိုပါပဲ။ ကောင်လေးက အေးရှာတယ်။ ရိုးလည်းရိုးပုံပဲ။ ခုခေတ်က ဒါမျိုးရှာထား။ ငွေကရှာရင် ရတယ်။ ဟွန်း ဒီလို လူမျိုးကို မြေတောင်မြှောက်ပေးမယ့်လူရှိရင် ကောင်းသား"

"ပြောလို့ မရဘူး။ လူ့ကံများ ဆန်းကြယ်တယ်။ ငါတို့ ရွာက လောပန်းမောင်သန်းကြည့်ပါလား။ ဘူတာမှာနေနေရင်း မြေတောင်မြှောက် ပေးသူရှိတော့ ကျော်အောင်သွားတာ ခုဆို ရန်ကုန်မြို့ကြီးမှာ ကုမ္ပဏီ ပိုင်ရှင်ကြီးဖြစ်လို့။ သစ္စာကလည်း ရှိသလားမပြောနဲ့။ ငယ်လင် ငယ် မယားပဲ"

အဖြူလွှာရင်ထဲ တစ်မျိုးလေး ငြိမ့်သွားသည်။

နာရဏီကို စိတ်ကူးယဉ်ချင်လာသည်။ ပြီးတော့ ကရုဏာလည်း သက်မိသည်။ ဆုလည်း တောင်းမိသည်။

နာရဏီကို မြေတောင်မြှောက်ပေးမည့်သူ ပေါ်လာပါစေဟု အဖြူလွှာ၏ ဆုတောင်းများသည် ...။



နာရီထီအိပ်ရာထဲမှ မထနိုင်ဘူးဆိုသော အသံကြောင့် ကြီးငွေ ကလည်း သွားကြည့်ပေးစမ်းဟု ပြောသည်။ အဖြူလွှာကလည်း သွားချင် နေတာနှင့် အတော်ဖြစ်သွားသည်။

ထို့ကြောင့် ဆိုင်ကယ်ကယ်ရီငှားကာ ထွက်လာခဲ့သည်။ ဆန်ပြုတ် ချိုင့်နှင့် အခြားအသီးအနှံများကိုလည်း သယ်လာခဲ့သည်။ ပတ်ဝန်းကျင် ၏ ချီးကျူးသံကြောင့် ထင်သည် ကြီးငွေသည် နာရဏီကို အထူး စေတနာရှိနေတော့သည်။ သို့သော် မျောသို့ ရောက်သောအခါ ဝင်းထဲ သို့ ကိုဗညား နာမည်ပြောပြီး ဝင်ရသည်။

ကိုဗညားဟု ပြောလိုက်သောအခါ ဝင်းထဲရှိ ခွေးများပင် မဟောင်ဝံ့ကြတော့ပေ။

"ဘယ်သူလို့ ပြောပေးရမလဲ"

"အဖြူလွှာပါ"

"ခဏစောင့်ဦးနော်။ ကိုဗညား ဖုန်းပြောနေလို့"

ထို့ကြောင့် လှေကားရင်းမှာ ရပ်နေရပြန်သည်။

ဘယ်လောက်များ ကြီးကျယ်ခမ်းနားနေတာလဲ ဟု ငေါ်တူးပြီး တွေးလိုက်ချင်သည်။ အမှန်က ယခုလာတာ နာရဏီကို တွေ့ဖို့လာခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သို့သော် နာရဏီကို တွေ့ဖို့ဆိုပါက မျှောသားထဲတွင် အခက်တွေမှာ စိုး၍ ကိုဗညားဟု ပေါ်လိုင်နာမည်ကို ပြောလိုက်ခြင်းဖြစ်သည်။

ခုတော့ အချိန်ဖြုန်းနေသလိုများ ဖြစ်နေပြီလား။ ချိုင့်ထဲမှ ဆန်ပြုတ်တွေ အေးကုန်းတော့မယ်ထင်သည်။

"ဟာ ... မေမေကလည်း စိတ်မပူပါနဲ့ဆို။ မိန်းကလေးက ဘာလုပ်ရမှာလဲ။ သား ဘဝမှာ ရည်မှန်းချက်တွေ ရှိသေးတယ်။ သား ကလေးမဟုတ်ပါဘူး မေမေရယ်။ စိတ်မပူပါနဲ့။ ဟွန့် ဟွန်း ... ဒီက တောသူလေးတွေက အရိုင်းလေးတွေပါ"

ကိုဗညားသည် ပြောပြောဆိုဆိုပင် ဖုန်းခွက်ကြီးကိုင်ကာ ထွက်လာသည်။

အဖြူလွှာနှင့် ကိုဗညားကို အမှတ်မထင်မျက်လုံးချင်း ဆုံသွား၏။ အဖြူလွှာ့ရင်ထဲ တောသူတွေ၊ အရိုင်းတွေတဲ့လား ဆိုပြီး အားငယ်စိတ်ဝင်သွားရသော်လည်း ကိုဗညားတော့ ကိုယ့်မျက်စိကို ကိုယ်မယုံလောက်အောင်ပင် ဖြစ်သွားသည် ထင်သည်။

"ခဏ ... မေမေ။ သားပြီးမှ ဖုန်းပြန်ဆက်မယ်။ ဒီမှာ ဧည့်သည်ရောက်နေလို့ ..."

ဖုန်းခွက်ကို ချလိုက်သည်။

အဖြူလွှာရင်ထဲ အောင့်မျက်သွားသည်။

ဘာပဲဖြစ်ဖြစ် ကိုဗညားက ပြောစရာရှိသည်ဟု ဆိုခဲ့သဖြင့် ရင်ခုန်ခဲ့မိသည်။ သို့သော် အရိုင်းတွေတဲ့လား။ မိန်းကလေးက ဘာလုပ်ရမှာလဲတဲ့လား ...။

———ရွှေဥဒေါင်း———



"အဖြူလွှာ"

"အနှောက်အယှက်ဖြစ်သွားရင် ဆောရီးပါ။ ဆက်ပြောလေ ကျွန်မစောင့်နေပါ့မယ်"

ရင်ထဲတွင် အဆင်မပြေဖြစ်သွား၍လား မသိ။ အဖြူလွှာအသံသည် မာနေသည်။

"ဘယ်တုန်းက ရောက်လာတာလဲ။ ကိုယ့်ကို ခေါ်လိုက်တာ မဟုတ်ဘူး။ ကိုအေးစိုး ... ကိုအေးစိုး"

"ရပါတယ်။ ပြဿနာမရှိပါဘူး။ ကျွန်မလည်း ခုလေးတင်ပဲ ရောက်တာပါ"

"အလည်လာတာလား"

"နာရဏီရဲ့ အခြေအနေကို လာကြည့်တာပါ။ အိပ်ရာထဲက ထနိုင်ဘူးဆိုလို့"

"ဟုတ်တယ် ...။ ပန်းအားကြီးနေပုံရတယ်။ ဆေးထိုးထားပေးပါတယ်။ ကိုယ်က ဆရာဝန်မဖြစ်သေးဘူး။ လူနာတော့ ရနေပြီ"

"ကျွန်မ နာရဏီနဲ့ တွေ့လို့ရမလား"

"ရပါတယ်။ ကိုယ်လိုက်ပို့ပါ့မယ်။ ဒါက ..."

လက်ထဲမှ ချိုင့်နှင့် အိတ်ထုပ်ကို ရည်ရွယ်ပြီး မေးသည်ဖြစ်ရာ အဖြူလွှာက တည်ငြိမ်စွာပင် ...

"နာရဏီအတွက်ပါ။ ဆန်ပြုတ်နဲ့ အသီး ..."

"ကိုယ့်အတွက်လို့ ညာပြီးဖြစ်ဖြစ် ပြောလိုက်ရင် ကိုယ်အရမ်းပျော်သွားမယ် ထင်တယ်"

———ရွှေဥဒေါင်း———

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက တောသူပါ။ ညာမပြောတတ်ဘူး"

"မင်းတစ်ခုခုများ ဖြစ်နေသလား အဖြူလွှာ။ ခါတိုင်းနဲ့ မတူသလိုပဲ"

"ခံစားချက်ဆိုတာ အစဉ်ပြောင်းလဲတဲ့ သဘောရှိပါတယ်။ ကျွန်မကလည်း ပုထုဇဉ်လေ"

"တစ်ခုခုဖြစ်နေတယ်ဆိုတာ ရိပ်မိပေမဲ့ ဆက်မပြောတော့ပါဘူး။ ကဲ ... ကိုယ်တို့ နာရဏီဆီ သွားရအောင်"

အဖြူလွှာ့ မျက်နှာသည် တင်းနေသည်။

ရင်ထဲ သိပ်မကောင်းချင်သောကြောင့် ယှဉ်လျှက်မလျှောက်ဘဲ နောက်နားကျကျ လျှောက်မိသည်။

"ကိုယ့်ဘေးကနေလျှောက်ရင် ပိုအဆင်ပြေမယ် ထင်တယ်။ ဒီမျောထဲက လူတွေ မင်းအပေါ် အမြင်စောင်းမှာ မဟုတ်ပါဘူး"

"သိပါတယ်။ ရှင်က မျောပိုင်ပဲ။ ရှင့်ရှေ့မှာတော့ ဘယ်သူမှ အထင်မဲ့မြင်ပြောမှာ မဟုတ်ပါဘူး။ ကွယ်ရာတော့ မသိနိုင်ဘူးပေါ့"

"ကိုယ်ပြောတာ အဲဒီသဘောမျိုးမဟုတ်ပါဘူး။ ကိုယ့်ဆီရောက်လာတာ မိန်းကလေးဧည့်သည် ဆိုတာမျိုးက ပထမဆုံးမို့ပါ"

"အထင်မလွဲပါနဲ့။ နာရဏီ နာမည်ကို ရှာရခက်မှာစိုးလို့ ရှင့်နာမည်ကို အသုံးချလိုက်ရုံသက်သက်ပါ"

"မင်းတို့ ပျောင်ပေါ်သူတွေရဲ့ ပွင့်လင်းမှုက တစ်ခါတစ်ရံ ချစ်စရာကောင်းပေမဲ့ တစ်ခါတစ်ရံ ခံရခက်တယ်"

ကိုဗညားသည် ပြောပြောဆိုဆိုပင် တဲအိမ်ထဲ ဝင်သွားသည်။



အဖြူလွှာ့ရင်ထဲ သိပ်မကြည်ချင်သော်လည်း လိုက်ဝင်သည်။

"ဟင် ... အဖြူလွှာ ... နင်"

နာရဏီက အဖြူလွှာကို မြင်မြင်ချင်းပင် အိပ်ရာထက်မှ ထထိုင်သည်။

နာရဏီ၏ နှုတ်ခမ်းများ ဖြူဖျော့နေသည်။

နာရဏီတို့ တန်းလျားသည် လူပျိုဆောင်ဖြစ်သောကြောင့် ခေါင်းအုံး၊ အိပ်ရာခင်းများ မညီမညာ အပုံလိုက်ဖြစ်နေသည်။ ကြိုးဆွဲဘောင်းတဲ့ ခြင်ထောင်များလည်း ထရံတွင်ကပ်ပြီး တိုးလိုတွဲလောင်း တစ်စွန်းတစ်စ ကျနေသည်။

"မထနိုင်ရင် လှဲနေပါ။ ငါ့ကို အားနာပြုမနေနဲ့"

"ဘယ်လိုလုပ်ရောက်လာတာလဲ။ တစ်ယောက်တည်းလား"

"ကယ်ရီနဲ့လာတာ"

"မလာပါနဲ့။ အန္တရာယ်များတယ်။ ယောက်ျားမှန်ရင် ဘယ်သူ့ကိုမှ မယုံနဲ့ တောလမ်းခရီးဖြတ်လာရတာ။ မင်းရူးနေသလား အဖြူလွှာ။ မင်းကို ညာပြီး ကောထဲခေါ်သွားရင် မင်းဘယ်လိုလုပ်မလဲ ဟမ်း"

ဖြူဖျော့နေသော နှုတ်ခမ်းလေးသည် စက်သေနတ်ပစ်လိုက်သလို စကားလုံးတွေ ထွက်ကျလာသည်။ အဖြူလွှာ့ရင်ထဲ မနွေးသွားသော်လည်း ဝမ်းနည်းသည်။ မိမိကတော့ စိတ်ပူပြီး လာခဲ့ခြင်းဖြစ်သည်။ အန္တရာယ်ဆိုတာ မတွေးမိပေ။

"အဲဒီ ကယ်ရီသမားသာ အကြံအဖန်သမားဖြစ်ခဲ့မယ်ဆိုရင် ငါရင်ကွဲရမယ် အဖြူလွှာ။ ငါ့ကြောင့်ဆိုပြီး တစ်သက်လုံး ငါခေါင်းမော်

www.burmeseclassic.com

www.burmeseclassic.com



ဝံ့တော့မှာ မဟုတ်ဘူး"

"နင့်ရဲ့ အနာဂတ်ကို နင်စိုးရိမ်လို့လား"

"ထင်ချင်သလိုထင် ...။ မင်းအန္တရာယ်မဖြစ်ဖို့က အဓိကပါ။ ကြီးငွေကလည်း မင်းကို ဘာကြောင့် လွှတ်လိုက်တာလဲ။ နောက် ငါ ဖျားရုံမက သေတယ်ဆိုရင်တောင် ဒီလမ်းခရီးကို မလာပါနဲ့။ ဝမ်းတွင်းမှာရှိတဲ့ လူ့ရဲ့စိတ်ကို မင်းမြင်နိုင်တာ မဟုတ်ဘူး"

"ဒါပေမဲ့ နင့်ကို ငါမြင်လိုက်တယ် နာရဏီ"

ဘယ်တုန်းက စကားများများ မပြောဖူးသော နာရဏီ၏ မျက်ဝန်းများကို မသိဘူးဆိုပါက အဖြူလွှာသည် အလွန်ညံ့သော မိန်းကလေး ဖြစ်သွားပေလိမ့်မည်။

"ငါလည်း မိန်းကလေးပါ။ အဲ့လိုကြီး မနှင်ပါနဲ့။ ငါ ဝမ်းနည်းပြီး ငိုလိုက်ချင်တယ်။ နင့်စေတနာကို ငါမြင်နေရပေမဲ့ နင့်စကားလုံးတွေက ရင်ဝဆောင့်ကန်ခံရသလိုပဲ"

"အဲဒါဆိုလည်း ပြန်တော့။ မကြာခင် အလုပ်သိမ်းတော့မယ်။ မျောသမားတွေဆိုတော့ အနေအထိုင်ကပက်တယ်။ မနွယ်ဝင်းတို့ကိုတောင် ထိကပါး ရိကပါး လုပ်ချင်တာ။ မင်း ... ပြန်တော့ အဖြူလွှာ"

အဖြူလွှာ့ မျက်ဝန်းတွင် မျက်ရည်ကြည်တို့ ဥသွားသည်။ ကိုယ့်ကိုမလိုတဲ့ နေရာကို လာခဲ့မိလေသလား။ မျောပိုင်ကလည်း မျောပိုင်မို့ မျောသားကလည်း မျောသားမို့ အဖြူလွှာကို နည်းမျိုးစုံနှင့် ကန်ထုတ်နေကြသည်။

"ပြန်မှာပါ။ နောက်လည်း လာဖြစ်မယ် မထင်ပါဘူး"

●——မျှော်သော——●



"နေဦး ... ငါလိုက်ပို့မယ်"

နာရဏီသည် အိပ်ရာထက်မှ လူးလဲထ၏။ သို့သော် ယောင်နေသော ခြေထောက်ကြောင့် ညွှန်ကျသွားသည်။ အားတင်းပြီး မတ်မတ် ရပ်ပြန်သည်။

အဖြူလွှာ့ရင်ထဲ နာသည်။ ထိုတခဏတွင် နာရဏီရင်ထဲမှ ခံစားချက်ကို နားလည်သွားသလို ခံစားလိုက်ရသည်။ အဖြူလွှာမျက်ရည်တွေ စီးကျလာသည်။

"ဆန်ပြုတ် ကျိုလာခဲ့တယ်။ အဲဒါက အသီးထုပ်။ အစားအသောက်ကို ဆင်ခြင်ဦး။ မိုးတွေက ရွာလာပြီ။ နေမကောင်းဘူး၊ ကောင်းတယ်ဆိုတာလည်း လူကြုံသတင်းပါးဦး"

မျက်ရည်တွေကြားမှ အဖြူလွှာပြောရှာသည်။

နာရဏီ ငြိမ်ကျသွားသည်။ နာရဏီဘာတွေ ခံစားသွားရသလဲဆိုတာ ခန့်မှန်းမတတ်ပေ။ နာရဏီသည် သူ့မျက်လုံးတွေကို လူမြင်မှာစိုးသည့်အလား ခေါင်းကို ငုံ့ထားသည်။ အဖြူလွှာကလည်း နာရဏီကိုသာ စိုက်ကြည့်နေသည်။ ထိုအခါ တစ်ချိန်လုံး ပရိသတ်လုပ်နေခဲ့သော ဇညားသည် သက်ပြင်းချသည်။

"စိတ်မကောင်း မဖြစ်ပါနဲ့ အဖြူလွှာရယ်။ နာရဏီက မင်းကို စိတ်ပူလို့ပါ။ နာရဏီကလည်း ဘာမှစိတ်မထိခိုက်နဲ့၊ ကိုယ်ပဲ အဖြူလွှာကို ပြန်ပို့ပေးမယ်။ အဖြူလွှာက မင်းတွေးသလို အန္တရာယ်ကို မတွေ့နိုင်ခဲ့ဘူးထင်တယ်။ ကိုယ်သာဆိုလည်း မင်းလို တွေးဖြစ်မယ် မထင်ဘူး။ ကဲ ... အဖြူလွှာ ... ကိုယ်တို့သွားရအောင်။ မကြာခင် မှောင်တော့

●——မျှော်သော——●

www.burmeseclassic.com

www.burmeseclassic.com



မယ်”

အဖြူလွှာသည် လက်ထဲမှ အထုပ်နှင့် ချိုင့်ကို ကြမ်းခင်းပေါ် ချကာ ဗညားခေါ်ရာနောက် လိုက်လာခဲ့သည်။

တစ်ချိန်တုန်းက ခုလို အခြေအနေမျိုးကို စိတ်ကူးယဉ်ခဲ့ဖူးသည်။ သို့သော် တကယ်တမ်းအဖြစ်အပျက်က ရင်ထဲ ခုလောက်ထိ ခံစားရ ခက်စေလိမ့်မည်ဟု ထင်မှတ်မထားခဲ့ပါ။

ဒီလို ဆိုင်ကယ်အကြီးနောက်တွင် ကောင်ချော်လေးနှင့် အတူ စီးချင်ခဲ့သော်လည်း တကယ်တမ်းစီးလိုက်ရသောအခါ အဖြူလွှာမပျော်ရွှင်ပေ။

ဒေါသဖြစ်နေသော နာရဏီ၏ ပုံရိပ်သာ အဖြူလွှာအတွေးထဲ ကြီးစိုးနေသည်။ ရင်ထဲ ဝမ်းနည်းသည်။ နာရဏီက စေတနာနဲ့ ပြောတာပဲဆိုတာ သိနေသော်လည်း ငိုချင်သည်။ တစ်ယောက်တည်းသာ လမ်းလျှောက်ပြန်ဖြစ်ပါက အားရပါးရ ငိုမိမည်ဖြစ်သည်။ သို့သော် ယောကျ်ားပျိုတစ်ယောက်၏ ရှေ့မှာမို့ မျက်ရည်တွေကို ချုပ်တည်းနေရသည်။

သို့သော် စို့လာသော မျက်ရည်ကြည်များကို ဆိုင်ကယ်မောင်းသူ မသိအောင် ခိုးသုတ်ရပြန်သည်။

“ကိုယ် ... မင်းကို ပြောစရာရှိတယ်”

တစ်ချိန်လုံး ငြိမ်သက်နေသော ကိုဗညားသည် ရုတ်တရက် ဆိုသလို ဆိုင်ကယ်ကို တုန့်ခနဲ ရပ်သည်။

အဖြူလွှာ ဆိုင်ကယ်ပေါ်မှ ဆင်းသည်။

ဘုရားငုတ်တိုရှေ့၌ ဖြစ်သည်။ ဘုရားပျက်ကြီးသည် ပြင်ဆင်





သူ မရှိသောကြောင့် နွယ်များ လိန်တက်နေသည်။

“ဒီမှာ ခဏထိုင်ပါ”

ကိုဗညားသည် ပြောပြောဆိုဆိုပင် ဆိုင်ကယ်ကို လမ်းဘေး ချရပ်ပြီး အုတ်ကျိုးကြီးတစ်ချပ်ပေါ် အဖြူလွှာကို ထိုင်စေသည်။

“မင်း ... ငိုနေသလား အဖြူလွှာ”

အဖြူလွှာ မဖြေချေ။ အင်းလို့ ဖြေမိလိုက်ပါက ကွဲရှရှဖြစ်နေသော အသံကို ထိန်းလိုက်နိုင်မည် မဟုတ်ချေ။ ထိုအခါ အဖြူလွှာ အခြေအနေကို ကိုဗညားရိပ်မိသွားနိုင်သည်။ မိမိစိတ်ပင် ဘာဖြစ်နေမှန်း မိမိ မသိနေသည်ကို ကိုဗညားက ခန့်မှန်းခြေနှင့် အကဲခတ်မှာမျိုး မလိုလားပေ။

“မင်း ဘာကို ဝမ်းနည်းသလဲ။ ဘာကြောင့် ငိုတာလဲဆိုတာ ကိုယ်မသိချင်ဘူး။ အခု ကိုယ်ပြောချင်တာကို ပြောဖို့အတွက် ဆိုင်ကယ်ကို ရပ်လိုက်တာပါ”

“ပြောပါ ... ကျွန်မနားထောင်နေပါတယ်။ ကျွန်မလည်း ဆယ်တင်းကို မရောက်ချင်သေးပါဘူး”

“မင်း မငိုပါနဲ့လား အဖြူလွှာ။ ခုချိန်မှာ ကိုယ် မင်းမျက်ရည်ကို မလိုချင်ဘူး။ မင်းရဲ့ အခုခံစားချက်ကို ကိုယ်မကြိုက်ဘူး”

“ကျွန်မကို ရှင် အဲဒီလောက်ထိ မသိနိုင်ပါဘူး ကိုဗညား။ ဘန်ဆောင်မနေပါနဲ့။ ပင်ပန်းပါတယ်”

“မင်း ဒီနေ့မှ ကိုယ့်ကို ရှင်လို့ စိမ်းစိမ်းကားကား သုံးစွဲတာပါ။ ဘာကြောင့်လဲ ကိုယ်နားမလည်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကိုယ် ကျွန်မမသိတဲ့ ကျွန်မရဲ့ ခံစားချက်ကိုတောင် ရှင်က မကြိုက်ဘူး ပြောနိုင်သေးတာပဲ။ ဘာကို နားမလည်နေသေးတာလဲ"

"ကိုယ် မင်းကို ဘာများ အမှားပြောမိလို့လဲ"

"မရှိပါဘူး။ ဘာမှ မပြောဘူး။ ရှင်ပြောတာတွေက အမှန်တွေချည်းပါပဲ။ ကဲ ... ကျွန်မတို့ သွားကြရအောင်။ တစ်စုံတစ်ယောက် မြင်သွားရင် မကောင်းဘူး"

"ကိုယ် မင်းကို ပြောစရာစကားရှိတယ်လို့ ပြောခဲ့တယ်နော်"

"ပြောပါ"

"မင်းကို ပေးဖို့ နှင်းဆီပန်းက ညှိုးသွားပြီ။ ဒီစကားကို ကဗျာဆန်ဆန်ပြောချင်ခဲ့တာ။ ဒါပေမဲ့ အခြေအနေက ကိုယ့်ကို ကဗျာဆန်ဆန်ခွင့်မပြုဘူး။ ကိုယ် မင်းကို ချစ်တယ် အဖြူလွှာ"

ထူးဆန်းစွာပင် အဖြူလွှာ ရင်မခုန်တော့ပေ။ နားထဲတွင် အရိုင်းလေးတွေဆိုတဲ့ စကားလုံးကသာ ပဲ့တင်ထပ်နေသည်။

"ခုချက်ချင်းကြီး ဖြေဖို့မလိုပါဘူး။ စဉ်းစားပါ"

"အချစ်ဆိုတာ စဉ်းစားစရာ လိုသလား ... ကိုဗညား"

"ဆန်းစစ်ဖို့တော့ လိုလိမ့်မယ် ထင်တယ်။ မမှားတော့ဘူးပေါ့"

"လူတစ်ယောက် ရင့်ကျက်ဖို့ဆိုတာ မှားခဲ့ဖို့လည်း လိုတယ်။ သစ္စာရှိဖို့ဆိုရင် စိတ်ကစားခဲ့ဖို့လည်း လိုလိမ့်မယ်။ အမှန်ကို ဝန်ခံရရင် ကျွန်မ စိတ်ကစားမိခဲ့တယ်။ ကျွန်မစိတ်ကို ဘယ်လိုပုံမျိုးနဲ့ တည်ငြိမ်သွားမလဲဆိုတာ ခုနေ တိတိကျကျ မပြောနိုင်ပေမဲ့ ကိုဗညား ပြောသလို





ပဲ ကျွန်မကိုယ်ကျွန်မ ဆန်းစစ်ဖို့တော့ လိုလိမ့်မယ်။ ကျွန်မက တောသူပါ။ အချို့ အချို့လိုလည်း ဟန်ဆောင်ဖုံးကွယ်တတ်ခြင်း မရှိပါဘူး။ မိန်းကလေးပီပီ စိတ်ကူးယဉ်ခဲ့ဖူးတာ ရှိပေမဲ့ သိက္ခာကိုတော့ ထိန်းရပါမယ်။ သိက္ခာဆိုတာ မိန်းကလေးတစ်ယောက်ရဲ့ တန်ဖိုးပါ။ ကျွန်မက ချောင်းရေ၊ မြောင်းရေဖြစ်ခဲ့တယ်ဆိုရင်တောင် နောက်ဆုံး သန့်စင်ရေအဖြစ် ရေအိုးစင်မှာ နေချင်ပါတယ်။ သေချာတာ တစ်ခုက ကျွန်မ အိုင်ထဲကရေ မဟုတ်ပါဘူး"

"မင်း ဘာကို ပြောနေတာလဲ အဖြူလွှာ။ ဘာကိုဆိုလိုနေတာလဲ။ ကိုယ့်အချစ်ကို မယုံဘူးဆိုတဲ့ သဘောလား"

"ဟင့်အင်း ... ကျွန်မမှာ အဲဒီလို ထင်ပိုင်ခွင့် မရှိပါဘူး။ မြန်နိမ့်ရာ လှံစိုက်ကြတာ လောကရဲ့ နိယာမပါ။ ခုတောင် ရှင့်နောက်မှာ ဆိုက်ကယ်လိုက်စီးခဲ့တဲ့အတွက် ပတ်ဝန်းကျင်ရဲ့ မျက်လုံးတွေကို ကျွန်မရင်ဆိုင်ရဦးမယ်။ ဒါကြောင့်လဲ နာရေးကိစ္စ စိတ်ပူတာပေါ့"

"ကိုယ်က လူလွတ်တစ်ယောက်ပါ။ မင်းလည်း လူလွတ်ပဲ။ ဘုရားဟောနဲ့ မညီတာ ဘာမှမရှိဘူး။ ပတ်ဝန်းကျင်ကို အဲဒီလောက်ထိ ဂရုမစိုက်ပါနဲ့လား။ မင်းအနေမကျပ်ဘူးလား"

"အဲဒါ ကျင်လည်တဲ့ ဝန်းကျင်ချင်း မတူတာပါ။ ဂရုမစိုက်လို့ မရဘူး။ မိန်းကလေးတစ်ယောက်ရဲ့ သိက္ခာဆိုတာ ပတ်ဝန်းကျင်ရဲ့ ပါးစပ်များမှာ အများကြီးမူတည်တယ်။ အခုပြော ပြောလိုက်တော့လည်း ကိုဗညားနဲ့ ကျွန်မတို့ရဲ့ ကွာခြားချက်က တော်တော်ကြီးကို များနေတာပဲ"

"အဲဒါ ညှိလို့ရတဲ့ အပိုင်းထဲမှာ ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့က အရိုင်းအစိုင်းတွေပါ။ အဲဒီ အရိုင်းအစိုင်းကြောင့် ရှင့်ဘ၀ ရည်မှန်းချက်ကို ထိခိုက်မခံပါနဲ့"

အဖြူလွှာစကားအဆုံးတွင် တည်တင်းနေသော ကိုဗညား၏ နှုတ်ခမ်းကြီး တွန့်ချိုးသွားသည်။ ထို့ကြောင့် အဖြူလွှာ ကြောင်နသွားသည်။ ဘာကြောင့်လဲ။ သူဘာကြောင့် ပြုံးနေတာလဲ။

"လက်စသတ်တော့ ကိုယ့်မေမေကို ကိုယ်ဖုန်းပြောနေတာ မင်းကြားသွားတာကိုး။ ဟား ... ဟား ...မင်းဟာ တော်တော်ချစ်စရာကောင်းတဲ့ ကလေးမပဲ"

"ကျွန်မတို့ သွားကြရင်ကောင်းမယ် ထင်တယ်"

"သွားကြတာပေါ့ကွာ။ ဒါပေမဲ့ မသွားခင် ကိုယ့်ကို မင်းနားလည်စေချင်တယ်။ မင်းသာ အမေတစ်ယောက်ဖြစ်ခဲ့မယ်ဆို သား ... ကောင်မလေးတစ်ယောက်ကို ချစ်နေပါတယ်ပြောရင် ဘာဖြစ်မလဲ။ အနည်းဆုံးတော့ အဲဒီမိန်းကလေးကို စိတ်ဝင်စားမှာပဲ။ နောက်တော့ သားကို စိတ်ပူမယ်။ ဘယ်လို မိန်းကလေးမျိုးလဲဆိုပြီး။ နောက်တစ်ချက်က အဲဒီမိန်းကလေးအကြောင်း စုံစမ်းမယ်။ ပြီးတော့ သားကို ချုပ်ချယ်ဖို့ ကြိုးစားမယ်။ ဘာလို့လဲဆိုတော့ အမေတွေရဲ့ မျက်လုံးထဲမှာ သားသမီးဆိုတာ အမြဲတမ်းကလေးဖြစ်နေလို့ပဲ။ အဲဒါကို သိနေတဲ့ ကိုယ်က မေမေ့ကို အဲဒီလိုပြောတာ မှားသလား"

"အဲဒါက ရှင့်ကိစ္စပါ။ ဒါပေမဲ့ ရှင်သိအောင်တော့ ပြောပါ့မယ်။ ကျွန်မတို့ ကချင်ပြည်နယ်သူတွေဟာ အသည်းမာတယ်။ မာန်ကြီးကြတယ်။ ဒါလေးကိုတော့ ရှင်မှတ်ထားပေးပါ"



"ကိုယ်ကလည်း အဲဒါမျိုးကို သိပ်သဘောကျတယ်။ ကိုယ်တို့မှာ အချိန်တွေ အများကြီးရှိပါသေးတယ်။ ကဲ ... တက်လေ။ ကိုယ်မင်းကို လိုက်ပို့ပေးမယ်"

အဖြူလွှာ စိတ်ထဲ ရှုပ်ထွေးသည်။

အတွေးတွေက တောင်ရောက်လိုက် မြောက်ရောက်လိုက်နှင့် မတည်မငြိမ်ဖြစ်နေသည်။

ဆိုင်သို့ ပြန်ရောက်သောအခါ ကြီးဒွေက အနေအထိုင် ဆင်ခြင်ဖို့ ပြောလာ၍ ပိုပြီး စိတ်ရှုပ်ထွေးရသည်။ အဖြူလွှာ ဘယ်လိုနေရမှာလဲ ... ကြီးဒွေရယ်။

www.burmeseclassic.com

www.burmeseclassic.com



သချိုင်းကုန်းတွင် လူတစ်ယောက် တရားထိုင်နေသည်ဟု ပြောသံကြား၍ အသီးအနှံများ ဝယ်ပြီး ကြီးငွေနှင့်အတူ လိုက်လာသည်။ ဒီလို တရားအားထုတ်တဲ့ လူမျိုးကို ကြီးငွေရော အဖြူလွှာပါ ကြည်ညိုကြသည်။

အဖြူလွှာတို့ တူဝရီး သချိုင်းသို့ ရောက်သောအခါ တရားအားထုတ်သူသည် ပါလာသော လွယ်အိတ်ကို လွယ်နေပြီဖြစ်သည်။ တစ်နေရာရာသို့ ထွက်သွားတော့မည့် အသွင်ဆောင်၏။

လှူတန်းထားကြသော ပစ္စည်းများမှာ အပုံလိုက်ရှိနေသည်။ ကြီးငွေရော အဖြူလွှာပါ မြေပြင်ပေါ် ပဆစ်ဒူးတုတ် ထိုင်ပြီး ပြာပြာသလဲ ရှိခိုးသည်။

"လှူဖွယ်လေး လက်ခံသွားပါ ... သူတော်စင်"

ကြီးငွေက ပြောလိုက်သော်လည်း သူတော်စင်သည် ကြီးငွေကို မကြည့်ဘဲ အဖြူလွှာကိုသာ ကြည့်သည်။

"ကောင်းစားဦးမယ့် မိန်းကလေးပဲ။ အသက်ကြီးလာရင် နိုင်ငံအကျိုးကို ထမ်းရွက်လိမ့်မယ်။ သက်လတ်ပိုင်းအရွယ်မှာ မရေမတွက်နိုင်သော ငွေကြေးကို ပိုင်ဆိုင်ရလိမ့်မယ်။ ဒါပေမဲ့ သားသမီး ကံမကောင်း





ဘူး။ သို့သော် အိမ်ထောင်ဖက် ကံကောင်းလိမ့်မယ်။ ဒါပေမဲ့ အိမ်ထောင်နှစ်ဆက်ကွဲ။ အဲဒီနှစ်ဆက်လုံးက အကျိုးရှိလို့ ဖြစ်လာရတဲ့ အကြောင်းတွေချည်းပဲ။ ဘဝမှာ ဒဏ်ရာဒဏ်ချက်များနဲ့ အောင်မြင်လိမ့်မယ်။ ငယ်ကံ မကောင်းခဲ့ပေမဲ့ အိုကံ ကောင်းလိမ့်မယ်။ ဘဝမှာ အခြွေအရံများနဲ့ လူထုကို ဦးဆောင်ရလိမ့်မယ်။ အမြဲ သတိထားပါ။ မင်းဟာ နေရာတကာ အတိုက်အခံများနဲ့ ရင်ဆိုင်ရမယ်။ သို့သော် ကူညီမယ့်လူတွေ အဆင်သင့်ရှိနေခဲ့မယ်။ ရော့ ... ဒါလေးကို ဆောင်ထားနေ့တိုင်း မေတ္တာသုတ်ကို ရွတ်ဖတ်ဖို့ မမေ့နဲ့။ သတ္တဝါတွေကို မေတ္တာပွါး။ အသက်မသတ်ပါနဲ့။ ဘုရား တရား မြဲပါစေ"

ကမ်းပေးသော ဆွဲကြိုးအနီရောင်လေးကို အဖြူလွှာ ရိုသေစွာ လှမ်းယူသည်။

ထိုပုဂ္ဂိုလ်သည် ပြောချင်ရာပြောပြီး လှူဖွယ်ပစ္စည်းများကို ကျောခိုင်းကာ ထွက်သွားသည်။

ကြီးငွေရော အဖြူလွှာပါ ထိုပုဂ္ဂိုလ်ကို မှင်တက်စွာ ကြည့်နေမိသည်။ သစ်ပင်ကြို သစ်ပင်ကြားဝင်သွားသည်ထိ မျက်စိတစ်ဆုံး ငေးနေမိသည်။

"ဘယ်သူလာလာ မျက်လုံးဖွင့်မကြည့်တဲ့ ပုဂ္ဂိုလ်က တော်တော်ထူးဆန်းတယ်။ မင်းကို နိမိတ်ဖတ်သွားတာက အနာဂတ်ကို ဟောစာတမ်းထုတ်သွားတာလား မသိဘူး"

အဖြူလွှာ့ရင်ထဲ စနိုးစနောင့် ဖြစ်သွားသည်။

ထိုပုဂ္ဂိုလ်ပြောသွားသော အကြောင်းအရာများသည် အဖြူလွှာ

www.burmeseclassic.com



စိတ်ထဲ ဘယ်သောကမှ မရှိခဲ့ဖူးသော အရာများဖြစ်သည်။

လှချင်ပချင်ရုံမှတစ်ပါး နိုင်ငံ့အကျိုးထမ်းရွက်ဖို့ဆိုတာ တွေးပင်မကြည့်ခဲ့ဖူးပါ။ အိမ်ထောင်နှစ်ဆက်ဆိုပါလား။ ဖြစ်နိုင်ပါ့မလား။ အဖြူလွှာဘဝတွင် တစ်ယောက်တည်းကိုပဲ ချစ်ပြီး အဲဒီလူကိုပဲ လက်ထပ်ဖို့စဉ်းစားခဲ့တာပါ။ ထို့ကြောင့် ခုချိန်ထိ ရည်းစားမထားဖူးသေးပေ။ အခြေအနေမဟန်၍ ကိုဇည်းကိုပါ စိတ်ကူးယဉ်မိခြင်းမှာ ဆွဲထုတ်ဖို့ မိမိစိတ်ကိုပြင်ဆင်နေသည်။

ကောင်းစားဦးမယ်ဆိုတဲ့ စကားကိုတော့ သဘောကျပေမဲ့ ဒဏ်ရာ ဒဏ်ချက်များနှင့် အောင်မြင်မယ်ဆိုတဲ့ စကားလုံးကိုတော့ ကြောက်သည်။

"ဗေဒင်ဆိုတာ တွက်ရင် တွက်တာပဲ။ ကျွန်မကတော့ သိပ်မယုံပါဘူး"

"အရူးမ ... အခုက ဗေဒင်ပြောနေတာလား။ အကြားအမြင်ဟောသွားတာ"

"ကံကို လူက ဖန်တီးတာပဲ။ မိုးကြိုးကို ရှောင်ချင်ရင် ရေထဲပုန်းနေလို့ လွတ်သေးတာပဲ။ သူတော်စင်ဆိုပေမဲ့ အနာဂတ်ကို ဘယ်သူမှမမြင်နိုင်ပါဘူး။ ကျွန်မစိတ်နဲ့ လူထုခေါင်းဆောင်ဆိုတာ ပိုပြီး မဖြစ်နိုင်ဘူး"

"စိတ်ဆိုတာ အချိန်မရွေးပြောင်းလဲနေတာ။ ကုန်စိမ်းသည်မိသားစုက မွေးခဲ့လို့ မင်းကုန်စိမ်းရောင်းနေရတယ်ဆိုပေမဲ့ အခြားဝန်းကျင်ကို ရောက်သွားရင် မင်းက ဈေးသည်မိသားစု မဟုတ်တော့ဘူး။ အရောင်





ဆိုတာ ကာလဒေသကိုကြည့်ပြီး ပြောင်းလဲသင့် ပြောင်းလဲကြရတာပါ။ နေပူကျဲကျဲမှာ အနီရောင်ကြီးဝတ်လို့ ဘယ်လိုမှ အဆင်မပြေဘူး။ အေးအသုဘသွားမေးတဲ့လူကလည်း မျက်စိစူးလောက်တဲ့ လိုးလိုးလက်လက်တ်စုံကို ဝတ်လေ့မရှိဘူး။ ရှင်ပြုပွဲသွားတဲ့ လူလည်း တောင်ယာခုတ်တဲ့အကျီစုတ်ကို မဝတ်ဘူး။ တောင်ယာခုတ်တဲ့လူလည်း ကျက်သရေခေါင်းပေါင်းနဲ့ တောင်ရှည်ပုဆိုးမဝတ်ဘူး။ အဲဒါလူပဲ"

"ကျွန်မကရော ဘယ်လို အင်္ကျီမျိုးဝတ်သင့်သလဲ"

"တန်ရာတန်ရာပေါ့။ ကိုယ်နဲ့ မတော်တဲ့ အင်္ကျီကို ဝတ်ရမှာေးအတွက် သက်တောင့်သက်သာဖြစ်မလား။ ကျယ်နေရင်လည်း အနေက်မယ်။ ကျပ်နေရင်လည်း အနေခက်မယ်။ သင့်တော်ရာကို ရွေးဝတ်ာ အဆင်အပြေဆုံးပဲ"

"ကြီးဌေး ဘာကိုဆိုလိုတာလဲ"

"မင်း ... အဲလောက် မအပါဘူး ... အဖြူလွှာရယ်။ ကဲ့ သွားကြမယ်။ သချိုင်းဆိုတဲ့ မြေမျိုးက ကောင်းတာမရှိဘူး"

ကြီးဌေးနောက် ခပ်ကုတ်ကုတ်လိုက်ပါလာခဲ့သော်လည်း ရင်ထဲရှင်းချေ။

ကောင်းစားဦးမယ်ဆိုတဲ့ နိမိတ်စကားကိုသာ ကြားယောင်ရင်းတ်ဖြစ်နေမိသည်။

"ကြီးဌေးတို့ ဘယ်သွားကြတာလဲ"

ဆိုင်ရောက်သောအခါ ပုချေးကို ဆိုင်ပေါ်၌ ငုတ်တုတ်တုတ်တွေ့ကရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ကားဝင်လာပြီလား"

"ကား မထွက်ဘူး ကြီးငွေ။ ကုန်တင်ခ အကြွေးတွေ ကောက်စရာရှိလို့ ဆိုင်ကယ်နဲ့ လာခဲ့တာ။ မနေ့က မိုးရွာတယ်လေ။ လမ်းချော်လို့ ကားတွေ လမ်းမှာ ပိတ်ကုန်ပြီ။ လာသမျှ ကားတွေလည်း နောက်ဆုံးပဲ ထင်တယ်။ တောင်ကျချောင်းတွေ ပေါ်လာပြီ"

"ပြဿနာပဲ။ ငါက အဖြူလွှာကို မင်းတို့ကားနောက်ဆုံး အခေါက်နဲ့ ထည့်မလို့"

"ကျွန်တော် ပြန်ရင် လိုက်ခဲ့လို့ ရပါတယ်။ ကယ်ရီခ မယူပါဘူးဗျ"

"အေး ... အေး အဲဒါဆိုရင်တော့ အဖြူလွှာရေ ... ပစ္စည်းတွေ သိမ်း။ မနက်ဖြန် ပုချေးနဲ့ လိုက်သွား"

"ဟာ ... ကြီးငွေကလည်း ရုတ်တရက်ကြီး။ ကားတွေမရှိလည်း အရေးလား။ ကြီးငွေနဲ့အတူ ဒီမှာပဲ မိုးခိုလိုက်မှာပေါ့"

"ကောက်စိုက်ပျင်းတိုင်းနဲ့ လျှောက်မပြောနဲ့။ မင်းမရှိလို့ အိမ်ကလယ် ကောက်စိုက်ရင် ဘယ်သူက ဦးစီးမှာလဲ"

"အဖြူလွှာက ကောက်စိုက်တတ်သလား ကြီးငွေ"

"ယောင်ခြောက်ဆယ်ပါကွယ်။ မျိုးလက်ကမ်းတို့ ထမင်းကျွေးတို့ကို ပြောနေတာ။ သူ့ဒေါ်လေး နှောင်းလယ်က လယ်ကွင်းနဲ့ ခတ်တည့်တာ မဟုတ်ဘူး။ ကဲ ... ကဲ ဈေးသိမ်းတော့ မိုးရိပ်တွေ ဆင်လာပြီ"

"ငါ သိမ်းကူမယ်လေ"



ကြီးငွေက ပြောပြောဆိုဆိုပင် အပေါ်တက်သွားသည်။ အဖြူလွှာသာ ခြင်းပုံးကြီးများထဲ ခရမ်းသီးတွဲများ တစ်တွဲချင်း ကောက်ထည့်သည်။

"နင်နဲ့ ဟိုသူဌေးသားရဲ့ သတင်းက မကြားချင်ရုံတမယ်ပဲ"

ပုံထားသော ခရမ်းချဉ်သီးတစ်လုံးကို တောင်းထဲ ကောက်ထည့်ရင်း ပုချေးပြောသည်။

"ဘာအဓိပ္ပာယ်လဲ"

"မင်း သူ့ကို ပြန်ကြိုက်လိုက်ပြီလား"

"အဲဒါ ငါ့ကိုယ်ရေးကိုယ်တာပါ"

"နည်းနည်းမလွန်ဘူးလား အဖြူလွှာ"

"နင်က လွန်နေတာ ပုချေး။ ဘာမှလည်း မသိဘဲနဲ့။ ပြီးတော့ နင့်လေသံက ပိုင်စိုးပိုင်နင်း နိုင်လွန်းတယ်"

"ထားပါတော့လေ။ အခုငါ နင်နဲ့ ရန်ဖြစ်ဖို့ စိတ်ကူးမရှိဘူး။ ဒီဝါမဝင်ခင် မင်းကို ငါလာတောင်းရင်ရော"

အဖြူလွှာ အံ့သြသွားသည်။ ပုချေးကို မမြင်ဖူးသူ တစ်ယောက်လို စိုက်ကြည့်၏။ ပုချေး ရူးများသွားပြီလား။ ဦးနှောက် မမှန်တော့ဘူးလား"

"ငါမေးတာ ဖြေလေ"

"ယောက်ျားယူဖို့ ငါဘယ်တုန်းကမှ မစဉ်းစားဖူးဘူး"

"ယောက်ျားတွေကို ကာစားစရာမှတ်နေသလား"

"လွဲနေပြီ ပုချေး။ ငါဘယ်သူ့ကိုမှ ဘယ်တုန်းကမှ မကစားဖူးဘူး။ ငါစဉ်းစားပါမယ်။ စောင့်ပါလို့လည်း နင့်ကို မပြောခဲ့ဖူးဘူး။

www.burmeseclassic.com



ကိုဗညားကိုလည်း ဒီအတိုင်းပဲ"

"အဲဒီကောင်မင်းကို ဖွင့်ပြောလိုက်ပြီပေါ့"

အဖြူလွှာပြန်မဖြေဘဲ ခေါင်းငုံ့ထားသည်။ ပုချေး ထရပ်၏။

"တကယ်ပဲ မင်းက ချိန်ခွင်သမားပဲ အဖြူလွှာ။ ငွေတွေ၊ ဂုဏ်တွေက မင်းအတွက် အဲ့ဒီလောက်တောင် အရေးကြီးနေသလား။ ရတယ် ... တစ်နေ့ အဲ့ဒီဂုဏ်တွေ၊ ငွေတွေနဲ့ မင်းကို ငါ သိမ်းပြမယ်"

"ဝမ်းနည်းပါတယ် ပုချေး။ အဖြူလွှာဆိုတဲ့ ငါကလည်း ငါ့ကို ခြိမ်းခြောက်ဖူးတဲ့ယောကျ်ားတစ်ယောက်ကို စိန်ပုံပေါ်ထားမယ်ဆိုတောင် ဘယ်တော့မှစဉ်းစားမှာမဟုတ်ဘူး"

ပုချေးသည် အဖြူလွှာ၏စကားကို ချေပမသွားတော့ဘဲ ချာခနဲ လှည့်ထွက်သွားသည်။ အဖြူလွှာစိတ်ထဲ မခံမရပ်နိုင်ဖြစ်ရသည်။ ပုချေး၏ အပြုအမူ အပြောအဆိုကို မနှစ်သက်ပေ။ သို့သော် ပုချေးသည် နဂို စိတ်ရင်းလေးကောင်းသူဖြစ်၏။

"ပုချေးပြန်သွားပြီလား"

"ပြန်သွားပြီ"

"ပြန်တာဟယ် ... ငါက လမ်းခရီးအခြေအနေလေး မေးဦးမလို့ဟာကို"

ကြီးနွေသည် ပြောပြောဆိုဆိုပင် ဟင်းရွက်စိမ်းများကို ခြင်းခုံးထဲ ထည့်သည်။ တစ်နေကုန် ဈေးရောင်းချထားခဲ့သည်မို့ ဟင်းရွက်များသည် နွမ်းအိ၍နေသည်။ ကြီးနွေက မကြာခင် ဟင်းရွက်များ ရေဆွတ်ပေလိမ့်မည်။ ထိုနေ့က မိုးရွာသည်။ သဲသဲမဲမဲရွာသောကြောင့် အပြန်လမ်းခရီးကို စိတ်ပူမိသည်။

ထို့ကြောင့် ပုချေးနှင့်အဖြူလွှာသည် နံနက်စောစော ခရီးထွက်ခဲ့သည်။ မိုးရွာထားသောကြောင့် မြေနီလမ်းများသည် ရွှံ့စေးတို့နှင့် လျောကျိုကျိုဖြစ်နေသည်။ တစ်နေ့လုံး ကားပြေးထားသောလမ်းမို့ ဖုန်ထူသည်။ ထူသောဖုံကို ရေနှင့်နှောလိုက်သောအခါ လမ်းသည် ပြောဖွယ် မရှိအောင် အသွားခက်လှသည်။

"ရရဲ့လား ပုချေး။ ငါ ဆင်းလျှောက်မယ်လေ"

"ရတယ် ငါ့ကိုသာ သေချာကိုင်ထားပါ"

တောလမ်းခရီးကို ဖြတ်ရသောကြောင့် အဖြူလွှာ လန့်သည်။ ပုချေး၏အိတ်ထဲတွင် ကုန်ကြွေးကောက်ရငွေသည် သိန်းနှစ်ဆယ်ထက် မနည်းပါသည်။ ပါဟီးကွင်းကိုကျော်ပြီးချိန်တွင် လမ်းက သိပ်မဆိုးလှတော့ပေ။

"အဖြူလွှာ ငါ နင့်ကို ခုနေခိုးပြေးရင် ဘယ်လိုလုပ်မလဲ"

"ကောင်စုတ် ... လမ်းကိုသာ ဂရုစိုက်ပါ။ ပေါက်ကရ ပြောမနေနဲ့"

"ငါမေးတာဖြေပါ"

"နင်က အဲ့လိုသိက္ခာမရှိတဲ့လုပ်ရပ် ဘယ်တော့မှမလုပ်ဘူး"

"နင် စကားတတ်သားပဲ။ ဖါပေမဲ့ နင် လူအကဲခတ်မှားသွားပြီ။ ငါ နင့်ကို ခိုးပြေးလာတာ"

"ပုချေး ... နင်"

"ဆောရီး ... အဖြူလွှာ၊ လမ်းက ဒီနားတစ်ချက်ပဲ။ ရှေ့မှာ







www.burmeseclassic.com

www.burmeseclassic.com



ဘာမှဒီလောက်ကြီးမဆိုးသေးဘူး"

"ပုချေး ... နင် ခုချက်ချင်း ဆိုင်ကယ်ရပ်လိုက်စမ်း"

"ဘာလုပ်မှာလဲ။ ဒီတောထဲ နင် အကူအညီလည်းတောင်းလို့ မရနိုင်ဘူး။ ငါ မင်းကိုချစ်တယ် အဖြူလွှာ"

"ရပ်စမ်း ... ပုချေး။ နင် မရပ်ရင် ငါ ခုန်ချလိုက်မှာနော်။ မလုပ်ဘူးမထင်နဲ့"

အဖြူလွှာ့အသံသည် မာလှသည်။ ပုချေးသည် မိုက်မိုက်ကန်းကန်းပင် ဆိုင်ကယ်ကို ချုံကြားထဲမောင်းသွင်းသည်။ ဟန်ချက်ပျက်သွားသော်လည်း ဆိုင်ကယ်တော့ လဲမသွားချေ။

"ဖြန်း"

အဖြူလွှာသည် လက်လွှဲကာ ပုချေးကို ပါးရိုက်ပစ်လိုက်သည်။ ပုချေးမျက်နှာ လည်ထွက်သွား၏။

"ငါ နင့်ကိုယုံခဲ့တာတွေ အလကားပဲ ပုချေး"

"ယုံကြည်ခံနေရဖို့မလိုဘူး အဖြူလွှာ။ ငါလိုချင်တာ မင်းပဲ။ မင်းကို ဘယ်သူ့ကိုမှ မပေးနိုင်ဘူး။ မင်းကို ငါချစ်တယ်"

ပုချေးသည် ပြောပြောဆိုဆိုပင် အဖြူလွှာကို ပွေ့ဖက်သည်။

"လွှတ်စမ်း ... လွှတ်။ ငါ့ကို လွှတ်စမ်း"

အဖြူလွှာသည် ရုန်းသည်။ သို့သော် အင်အားခြင်းမမျှပေ။ မှားသွားပြီ။ အဖြူလွှာ သိပ်ကိုမှားသွားခဲ့ပါပြီ။

"ငါ့ကိုသနားပါ ပုချေးရယ်။ ငါလေ ... ငါ့ကို လွှတ်ပါ"

"ငါ မင်းအပေါ်ကောင်းပါ့မယ် အဖြူလွှာ။ ဒါပေမဲ့ မင်းကိုငါ





ပိုင်ဆိုင်ပြီးမှ"

အဖြူလွှာ၏ မျက်ရည်စက်သည် မြေပြင်ပေါ် ကြွေဆင်းသွားသည်။ နာရေထီရယ် နင့်စကားကိုသာ ငါ နားထောင်ခဲ့ရင် ...။



www.burmeseclassic.com

www.burmeseclassic.com



ဗညားသည် ဆိုင်ကယ်ကို အပြင်းမောင်းနှင်နေသည်။ ဗညား ရင်ထဲ ဗလောင်ဆူကုန်၏။ ပုချေးဆိုင်ကယ်ပေါ်ပါသွားသော အဖြူလွှာ ကို လှစ်ခနဲ တွေ့လိုက်သည်။ သို့သော် မိတ်ဆွေများနှင့် စကားပြော မပြတ်သေး၍သာ ထွက်မကြည့်လိုက်ရခြင်းဖြစ်သည်။ စိတ်ထဲ ဇဝေဇ ဖြစ်သည်။ ဘာကြောင့် အဖြူလွှာက ပုချေးဆိုင်ကယ်နောက် ပါသွား တာလဲ။ သိချင်စိတ်ကို ထိန်းမရတော့၍ ကြီးနွေထံ ရောက်လာသောအခါ အဖြေက ရှင်းသွားသည်။ ပုချေး အဖြူလွှာကို ညာခေါ်သွားခြင်းဖြစ်သည်။ သူတို့ဆီတင်လာသောကားသည် ရွာထဲဝင်လာသည်။ ပါဟီးကွင်းဟိုဘက်တွင် မိုးမရွာဘဲ ဒီဘက်မှသာ မိုးရွာသောကြောင့် လမ်းဆိုးသည်ဟုဆိုသည်။

အဖြူလွှာကိုစိုးရိမ်သွားသည်။ ထို့ကြောင့်ပဲ အလုပ်တွေကို မေ့ပစ်ပြီး ဆိုင်ကယ်ဒုန်းမောင်းလိုက်လာခဲ့သည်။ သူထင်သည့်အတိုင်းပင် ချုံအကွယ်တစ်ခု၌ ပုချေးစီးသွားသော ဆိုင်ကယ်ကို တွေ့ရသည်။ သို့သော် လူကိုမူမတွေ့ချေ။ ဆိုင်ကယ်ကို စစ်ဆေးကြည့်သည်။ ဘီးလည်းမပေါက် ဆီလည်းမကုန်ပေ။ ဆိုင်ကယ်ကိုခါပြီး ဆီတိုင်ကီကိုနားစွင့်သောအခါ ဆီသံကြားနေရ၏။ ဒါဆိုဘာလဲ။ သူစိုးရိမ်သည့်အတိုင်းပဲ ဖြစ်နေပြီလား။ သူ့မျက်လုံးတွေ ပြာဝေကုန်သည်။

ရွှေအသွေး



"အဖြူလွှာ ... အဖြူလွှာ"

ဗညားသည် မိုက်ရူးရဲဆန်စွာပင် တောထဲပြေးဝင်သည်။

"အဖြူလွှာ"

စိုးရိမ်စိတ်က ပိုမြန်လာသည်။ မခူးရက်၊ မခြွေရက်သည့်ပန်းလေး တစ်ပွင့်သည် တစ်ပါးသူနင်းချေသွားမည်ကို စိုးရိမ်၏။

"အဖြူလွှာ"

အာခေါင်ခြစ်ပြီး အော်လိုက်သောအခါ သစ်ကိုင်းအချို့ လှုပ်လာသည်ကို တွေ့ရသည်။ လေတိုးသံကြားရာအရပ်သို့ အာရုံစိုက်ပြီးကြည့်သည်။

"ဟင်"

သူ အံ့ဩသွားသည်။ အဖြူလွှာဖြစ်၏။ သူ့ထံသို့ ဦးတည်ကာ ပြေးလာနေသည်။ သို့သော် အဖြူလွှာ၏အင်္ကျီများသည် မလုံခြုံတော့ပေ။

"အဖြူလွှာ"

သူ အံ့ဩစွာ ငေးမောနေဆဲတွင် အဖြူလွှာသည် သူ့ရင်ခွင်ထဲ တိုးဝင်ကာ ရှိုက်ကြီးတငယ် ငိုကြွေးသည်။ သူ့ရင်ထဲ ပူဒလောင်ကုန်သည်။ ရင်ခွင်ထဲမှချစ်ရသူကို ဘယ်လိုစကားလုံးနှင့် နှစ်သိမ့်ရမှန်းမသိတော့ပေ။

"ဟော့ကောင် ... အဖြူလွှာကိုလွှတ်လိုက်"

ထပ်မံထွက်ပေါ်လာသူသည် ပုချေးဖြစ်သည်၊ ပုချေး၏ပုံသည် ရှိုဖရဲနိုင်လှသည်။ ဗညားရင်ထဲ ပြောင်းဆန်ကုန်သည်။ သွေးကို ဆူကြွလာသည်။ မျက်စိထဲလည်း ဘာကိုမှမမြင်နိုင်တော့ပေ။

"ခွေးမသား"

ရွှေအသွေး

www.burmeseclassic.com

www.burmeseclassic.com





ဗညားသည် ရင်ခွင်ထဲမှ အဖြူလွှာကို ချန်ထားရစ်ပြီး ပုချေ
ထံ ပြေးဝင်လာသည်။ ပြီးနောက် စိတ်ရှိလက်ရှိ မရပ်မနား ထိုးကြိတ်ပစ်၏

"ယုတ်မာချင်ဦးကွာ။ ယုတ်မာဦး ... ယုတ်မာဦး"

ခဏတွင်းမှာပင် ပုချေးမျက်နှာတစ်ခုလုံး သွေးများ ချင်းချင်း
ကုန်သည်။

"မကြည့်နဲ့၊ ယုတ်မာဦးကွာ"

"ကိုဗညား တော်ပါတော့ ... တော်ပါတော့ ... မလုပ်ပါနဲ့တော့"

အဖြူလွှာသည် ဆက်ထိုးဟန်ပြင်နေသော ဗညား၏လက်
ဆွဲထားလိုက်သည်။

"မလုပ်ပါနဲ့တော့ ကိုဗညားရယ်။ မလုပ်ပါနဲ့ ကိုဗညားအပြ
ဖြစ်သွားပါ့မယ်။ ကျွန်မကြောင့်တော့ မလုပ်ကြပါနဲ့တော့"

အဖြူလွှာသည် ရှုံးပွဲချငိုရှာသည်။ ဗညားရင်ထဲ မီးလောင်ကု
သည်။ စိတ်ထဲရှိသည့်အတိုင်းဆို ပုချေးကို အကြိမ်တစ်ရာသတ်လျှင်ပ
ဒေါသကမပြေနိုင်ပေ။

"တောက်"

"သူ့ကို မင်းတို့မပိုင်တော့ဘူး။ သူက ငါ့ပစ္စည်း ငါပိုင်တယ်
မင်းလည်းလစ်တော့"

"ဟာ ... ဒီကောင်"

ဗညားသည် ထပ်ထိုးဟန်ပြင်သည်။ သို့သော် ဗညား၏လက်
အဖြူလွှာ ဆွဲထားလိုက်သည်။ အဖြူလွှာသည် ပုချေးကို တံတွေးနှ
ထွေးသည်။





"လောကမှာ ငါအရွံ့အမုန်းဆုံးက နင်ပဲ ပုချေး။ နင်ကိုငါ ဘယ်တော့မှ ယူမှာမဟုတ်ဘူး။ လူယုတ်မာ၊ သွေးဆိုးသွေးညစ်ကို ဖောက်ထုတ်ပစ်မယ်။ ငါ့ဘဝကို ငါကိုယ်တိုင်ပြင်ပစ်လိုက်မယ့် မှတ်ထား ပုချေး။ နင်က ငါ့ဘဝမှာ ဘယ်တော့မှမရှိဘူး။ ဘယ်တုန်းကမှလည်း မရှိဖူးစေရဘူး။ အဲဒါ ငါ့ရဲ့သစ္စာပဲ။ ငါ့အသက်ကိုသာ ပေးလိုက်မယ်။ စိတ်ချ နင့်ဆီ ငါဘယ်တော့မှမလာဘူး"

"မဟုတ်ဘူး အဖြူလွှာ မဟုတ်ဘူး။ ငါ ဘာမှမဘတ်နိုင်တော့လို့။ ငါ ဘာမှမတတ်နိုင်တော့လို့။ ငါ နင့်ကို အရမ်းချစ်လို့ပါ။ ငါ့အချစ်ကို နင်မသိဘူးလား။ မပြောနဲ့၊ ငါ့ကို အဲ့ဒီလိုမပြောနဲ့။ နင့်ကိုငါပိုင်တယ်"

အဖြူလွှာသည် လေးပင်သောခြေလှမ်းများနှင့် လှည့်ထွက်လာသည်။ မကြားချင်တော့ပါ။ ဘာကိုမှ မသိချင်တော့ပါ။ ဘယ်သူ့ကိုမှလည်း မမြင်ချင်တော့ပါ။ မုန်းသည်၊ လောကကြီးကိုလည်းမုန်းသည်။ ပုချေးကိုလည်း မုန်းသည်။

"အဖြူလွှာက ပစ္စည်းလား၊ သက်မဲ့အရုပ်လား။ မင်း ဦးနှောက်မရှိဘူးလား ပုချေး။ ချစ်တယ်ဆိုရင် ရိုးသားစွာကြိုးစားပါလား။ အခု မင်းက အဖြူလွှာကိုချစ်နေတာ မဟုတ်ဘူး။ အဖြူလွှာ့ဘဝကို နစ်မွန်းအောင်လုပ်နေတာကွ"

"မင်းပါးစပ်ပိတ်ထား ဗညား။ ဒီကိစ္စက မင်းနဲ့မဆိုင်ဘူး။ မင်း ဘေးမှာနေပါ။ အဖြူလွှာ ... အဖြူလွှာ"

ပုချေးသည် အသံကို မြှင့်ပြီးအော်သည်။ သို့သော် အဖြူလွှာသည် ပုချေးထံ လှည့်ကြည့်မလာတော့ပေ။ ပုချေးရင်တွေနာသွားသည်။

www.burmeseclassic.com



တခဏ် မထိန်းနိုင်တဲ့စိတ်ကို ဒဏ်ခတ်လိုက်ပြီထင်ပါရဲ့။ အဖြူလွှာရယ် ငါ့ကို မမုန်းပါနဲ့။ ငါ မင်းကိုချစ်တယ်။ မင်းကို အရမ်းချစ်လို့ပါ။ ကျေးဇူးပြုပြီး ငါ့ကို မမုန်းလိုက်ပါနဲ့။ နင့်ကိုငါ လက်ထပ်ပါရစေဟာ။ နင့်ကိုငါ ပိုင်ဆိုင်ပါရစေ။ ငါ့ရင်ခွင်ကလွဲပြီး ဘယ်သူ့ဆီမှမသွားပါနဲ့ အဖြူလွှာရယ်။ မင်းကိုငါ သိပ်ချစ်လွန်းလို့ပါ။

ပုချေးရင်ထဲမှစကားကို ဗညားလည်း သိနိုင်မှာမဟုတ်တော့သလို အဖြူလွှာလည်း ကြားနိုင်တော့မည်မထင်ပါ။ ဗညားရဲ့ဆိုင်ကယ်သည်လည်း ပုချေး၏မြင်ကွင်းထဲမှ တရွေ့ရွေ့ထွက်ခွာသွားတော့သည်။





"ပုချေးဆိုင်ကယ် ချောက်ထဲထိုးကျတာ ပွဲချင်းပြီးသွားတယ်တဲ့"

ဆိုသောသတင်းသည် တစ်မြို့လုံးတွင် ပျံ့နှံ့၍နေသည်။ အဖြူလွှာ တွေ ချောက်ချားကုန်သည်။ ဘာလုပ်၍ ဘာကိုင်ရမှန်းလည်းမသိချေ။ နည်းနေသော်လည်း မျက်ရည်ကမကျချေ။

"ပုချေးက မင်းနဲ့အတူပြန်သွားတာဆို"

ဟူသော မေးခွန်းတွေ ထွက်ပေါ်လာသော်လည်း အဖြူလွှာထံတွင် ရာစကားမရှိပေ။ ဖြေလည်း မဖြေတတ်ပေ။ ဘာဖြေလို့ဖြေရမှန်း ည်း မသိ။

ဆယ်ဇင်းကနေ ပုချေးနှင့်အတူထွက်လာသည်ကို မြင်သောသူ ၏။ သို့သော် ဟိုပင်မြို့ထဲသို့ဝင်လာသောအခါ ဗညား၏ဆိုင်ကယ် က်တွင်ဖြစ်နေသည်။

"ဘာမှမဖြစ်ဘူး အဖြူလွှာ။ ဘာမှမဖြစ်ခဲ့သလိုနေပါ။ ပြဿနာ ခုကို ခေါင်းအေးအေးထားပြီး ဖြေရှင်းတာက အသင့်တော်ဆုံးနဲ့ အကောင်းဆုံးပဲ။ ကိုယ့်ကိုယုံပါ။ ကိုယ် မင်းဘေးမှာရှိပါတယ်။ ဒါကြောင့် ကိုယ့်ကိုယ်ကို ဘာမှမလုပ်ဘူးလို့ ကိုယ့်ကို ကတိပေးစမ်း"

ကိုဗညားသည် အဖြူလွှာထံ ကတိအထပ်ထပ်တောင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဖြူလွှာ အားပါးတရငိုကြွေးခဲ့သည်။ ရှက်မိသည်။ တောင်ပေါ်မှ ခုန်
ပြီး သေချင်လောက်အောင်ဖြစ်ခဲ့သည်။ ကိုဗညားသည် မိမိကို ချစ်
ဆိုဖူးသူဖြစ်သည်။ ထိုသို့လူမျိုးရှေ့တွင် အရှက်ရခဲ့သည့်ကိစ္စကို မုန်းသည်

အကယ်၍ ကိုဗညားသာရောက်မလာခဲ့ဘူးဆိုပါက အဖြူလွှာ
သေကြောင်းကြံမိမှာ အမှန်ဖြစ်သည်။ ထိုသို့ကိစ္စမျိုးကို အဖြူလွှာရှ
သည်။ သန့်စင်သောဘဝနှင့်သာ ချစ်သောလူရဲ့ရင်ခွင်ထဲ နားခိုချ
သည်။ ခုတော့ ပုချေးကြောင့်။

"အဖြူလွှာရှိသလား မသိဘူးခင်ဗျ။ ကျွန်တော် အဖြူလွှာ
တွေ့ချင်လို့ပါ"

အိပ်ခန်းထဲ အိပ်နေရင်းပင် အသံကြားလိုက်ရသည်။ ကိုဗညား
အသံဖြစ်သည်။ အိပ်နေရာမှ ငုတ်တုတ်ထထိုင်မိသော်လည်း အိပ်ခန်းအ
ကို မထွက်ဝံ့ချေ။ ကိုဗညား၏မျက်နှာကို ဘယ်လိုကြည့်ရမှန်းမသိ

"ဪ ... အဖြူလွှာ လိုက်စီးခဲ့တဲ့ကယ်ရီသမား"

"ဟုတ်ကဲ့ ကျွန်တော့်နာမည် ဗညားပါ"

"ဪ ... အိမ်ထဲဝင်ပါကွယ်။ အဖြူလွှာ ... အဖြူ
ဒီမှာ ဧည့်သည်"

အမှန်က အဖြူလွှာ ထွက်မတွေ့ချင်ပေ။ သို့သော် ထွက်မ
ပါက ပါးနပ်သော ဒေါ်လေးနှောင်းစိတ်ထဲ သံသယဝင်သွားနိုင်သည
ခုတောင် ပုချေးသတင်းကို အဖြူလွှာ့ထံ နှိုက်၍မဆုံးနိုင်ပေ။

"အိပ်နေတယ်နဲ့တူတယ်။ ခဏနော်၊ ဒေါ်လေးသွားနှိုးပေးမ
သူက အိပ်ပုပ်ကြီးတယ်"



အိမ်ပေါ်တက်လာသော ဒေါ်လေးနှောင်း၏ခြေသံကြောင့်
အဖြူလွှာသည် အိပ်ရာထဲမှ လူးလဲထကာ စီးကျနေသောမျက်ရည်
သက်ကျန်ကို လုံချည်ထက်ဆင်စဖြင့်သုတ်သည်။

"ဟော့ ... ဘာလုပ်နေတာလဲ။ အောက်မှာ ကောင်လေး
ရောက်နေတယ်။ မျက်လုံးက ဘာဖြစ်ထားတာလဲ မို့အစ်လို့"

"အိပ်နေပါတယ်ဆို ချိုင့်ဝင်နေရမှာလား"

အဖြူလွှာသည် ဟန်ဆောင်ပြီး ပုံမှန်ဖြစ်ရန် ဘုတောပစ်သည်။

"နေဦး ... အဲ့ဒီကောင်လေးက မင်းရည်းစားလား"

"မဟုတ်ပါဘူး"

"ဟုတ်ချင်ရင်လည်း ဟုတ်ပါကွယ်။ ကောင်လေးပုံစံက ရည်ရည်
မွန်မွန်ပါ"

လေးနှောင်းက နောက်ပြောသော်လည်း အဖြူလွှာသည်
ကြားချင်ယောင်ဆောင်ကာ အိမ်အောက်သို့ဆင်းလာသည်။ ပြီးနောက်
သက်တီပေါ်ထိုင်သည်။ ဗညားထံတော့မကြည့်ပေ။

"ပုချေးသတင်းကို ကြားလိုက်တယ်"

ကိုဗညား၏အသံသည် အေးစက်စက်ဖြစ်နေသည်။

"မယုံနိုင်လောက်အောင်ပဲ။ ကိုယ် မင်းကိုစိတ်ပူတယ် အဖြူလွှာ။
တွေ သေချာပေါက် မင်းဆီရောက်လာဦးမှာပဲ။ ကိုယ်တည်းတဲ့အိမ်ကို
တော့ ရောက်လာကြပြီးပြီ။ လမ်းမှာ ဆိုက်ကယ်ပျက်နေလို့ မင်းကို
သမ်းကြုံတင်ခဲ့တယ်ပဲ ကိုယ်ပြောထားတယ်။ မင်းလည်း အဲ့ဒီအတိုင်းပဲ
ပြောလိုက်ပါ"

www.burmeseclassic.com

"ရှင် ဘယ်မှာတည်းသလဲ"

"အလယ်ပိုင်းက ဖေဖေ့မိတ်ဆွေအိမ်မှာပါ။ မင်း အဆင်ပြေ
လား"

"အဆင်ပြေတယ်ပြောရင် ကျွန်မညာတာပေါ့"

"ကိုယ် ခုမှပဲ စိတ်ချမ်းသာတော့တယ်။ ကိုယ် စိတ်ပူနေ
မင်း ဒီလိုမှပြောဆိုနိုင်ပါ့မလားလို့"

"ရှင် မော်ထဲမပြန်သေးဘူးလား"

"ဟွန့်အွန်း ... မပြန်သေးဘူး"

"မျောက ပစ်ထားလို့ရလို့လား"

"နာရေးဇာတိရှိတာပဲ။ နာရေးဇာတိက အရာအားလုံးထက် စိတ်ချ
တယ်။ ကိုယ် မင်းကိုပဲ စိတ်မချတာ။ မင်း ကြောက်နေသလား"

"ကျွန်မကို စိတ်မပူပါနဲ့။ ပြီးတော့ အရမ်းလည်း မကြင်နာ
ကျွန်မ အားကိုးမိသွားလိမ့်မယ်။ အဲ့ဒါဆို ကျွန်မပဲ နာကျင်ရမှာ"

"အားကိုးလို့ရပါတယ်။ အစမှမပြောချင်ပေမယ့် မင်း ကိုယ့်
အားကိုးလိုက်စေချင်တယ် အဖြူလွှာရယ်"

"ဟင့်အင်း ... အဲ့ဒီလိုလုပ်လို့မရဘူး၊ အဖြစ်ဘူး"

"ဘာလဲ ... မင်းက အပျိုစင်မဟုတ်တော့လို့လား။ ကို
ချစ်တာက မင်းရဲ့အပျိုစင်ဘဝကို မဟုတ်ဘူး။ မင်းကိုချစ်တာပါ။ မ
ကိုယ့်အချစ်ကို မယုံဘူးလား"

"ဟင့်အင်း ... ရှင် ကျွန်မကိုမသနားပါနဲ့။ ကျွန်မဒုက္
ကျွန်မပဲ တာဝန်ယူချင်တယ်"



"ကိုယ်မေးတာကိုပဲ ဖြေပါ။ မင်း ကိုယ့်ကို မယုံဘူးလား ဟမ်"

"ဟင့်အင်း ... ကျွန်မ မယုံချင်တော့ဘူး"

ထိန်းထားသည့်ကြားမှ မျက်ရည်သည် ဘယ်လိုယိုကျလာမှန်း မသိတော့ချေ။ ဇညားသည် အိတ်ထဲမှလက်ကိုင်ပဝါကို ကမ်းပေးလိုက်သည်။

"အခြေအနေတွေက မြန်လွန်းလို့ ကိုယ်လည်း ဘာမှ မဆုံးဖြတ်နိုင်တော့အောင်ပါပဲ။ ပုချေးကို ဒေါ်သထွက်ခဲ့ပေမဲ့ ခုလိုကြားရပြန်တော့ ကိုယ် စိတ်မကောင်းဘူး။ ပွဲလန့်တုန်း ဖျာခင်းတာ မဟုတ်ပါဘူး။ ဒါပေမဲ့ မင်းကို ကိုယ် လက်ထပ်ချင်တယ်။ ကိုယ့်ကို ခွင့်ပြုပေးပါ။ မင်းကို ကိုယ်ချစ်တယ် အဖြူလွှာ။ ချစ်တဲ့လူဟာ ချောင်ပိတ်မိနေမှန်းသိရက်နဲ့ မဆွဲထုတ်နိုင်ဘူးဆိုရင် ကိုယ့်တစ်ဘဝလုံး ဘယ်လိုနေသွားမလဲ။ ကိုယ့်ဘက်ကိုလည်း မင်း ပြန်ကြည့်ပေးပါ။ မင်း ဒုက္ခရောက်နေမှန်းသိရဲ့နဲ့ ကိုယ် ကျောခိုင်းမသွားပါရစေနဲ့။ ကိုယ့်ကို လက်ထပ်ခွင့်ပြုပါ အဖြူလွှာ"

"ဟင့်အင်း ... ကိုဇညား ရှင် ကျွန်မကိုမချစ်ပါနဲ့။ ကျွန်မ ရင်ထဲမှာ နာတယ်။ ကျွန်မဘက်ကိုလည်း ပြန်ကြည့်ပါဦး။ ဒီပုံစံနဲ့ ရှင့်ဆီ ကျွန်မဘယ်လိုလာမှာလဲ"

"ကိုယ့်အချစ်ကို ယုံလား၊ မယုံဘူးလား ဒါပဲဖြေပါ အဖြူလွှာ။ ကျန်တာ ကိုယ့်ကိစ္စပါ"

"ဟင့်အင်း ... ဟင့်အင်း ... မပြောဘူး"

"ယုံလား၊ မယုံဘူးလား"

အဖြူလွှာ မျက်ရည်တွေစီးကျလာသည်။ ရှက်တာရော၊

www.burmeseclassic.com



ကြောက်တာရော၊ ဝမ်းနည်းတာရော ပေါင်းဆုံပြီး ရင်ထဲတွင် ဖြောင်းဆန်နေကုန်သည်။ ဗညားသည် အဖြူလွှာ၏စိတ်ကို အကဲခတ်နေသည်။ တိတ်ဆိတ်စွာငြိမ်သက်နေသည်။ ပြီးနောက် ထရပ်သည်။ လှေကားပေါ်မှ ဆင်းလာသော ဒေါ်လေးနှောင်းရှေ့တွင် ခပ်ပိုင်ပိုင်ရပ်ပြီး ...

"ဒေါ်လေး ... ကျွန်တော် အဖြူလွှာကို လက်ထပ်ချင်ပါတယ်။ ကျွန်တော့်ကို ခွင့်ပြုပါ"

"ဟမ် ... ဘယ် ... ဘယ်လို"

"ဒေါ်လေးသာ ခွင့်ပြုမယ်ဆိုရင် မိဘတွေခေါ်ပြီး လာမြန်းပါ့မလား။ ကျွန်တော့်ကို ခွင့်ပြုပေးပါ"

ဗညား၏အသံသည် ရဲရင့်ပြတ်သားလှသည်။ ခိုင်မာစွာဆုံးဖြတ်ပြီးနေမှန်း သိသာလွန်းလှသည်။ မျက်လုံးတွေက စိုးရိမ်ခြင်းမရှိ ပကတိငြိမ်သက်နေလေသည်။ ထိုတစ်ခဏ၌ အဖြူလွှာ၏ရှိုက်သံလည်း တိတ်ဆိတ်သွားသလို၊ ဒေါ်လေးနှောင်း၏ အသက်ရှူသံလည်း မြန်ဆန်လာသည်။ သို့သော် ဗညား၏ အသက်ရှူသံသည် စည်းချက်မှန်၏။



"အဖြူလွှာကို ဆရာဝန်လောင်း သူဌေးသားက လာမြန်းတော့မယ်တဲ့"

ဆိုသောသတင်းသည် မိုးမလင်းခင် ဈေးတစ်ခုလုံး ညံပွက်၍နေသည်။ ဒေါ်လေးနှောင်းသည် သူဌေးအဒေါ်အဖြစ် မျက်နှာပွင့်၍နေသည်။ သို့သော် အချို့ကလည်း နောက်ကွယ်မှ အတင်းပြောကြသည်။

"ရိုးရော ရိုးလို့လား။ အဲ့ဒီနေ့က အဖြူလွှာထွက်သွားတာ ပုချေးနဲ့ဆိုတာ ဆယ်ဇင်းတစ်ရွာလုံးသိတယ်"

"အေး ... ပုချေးနဲ့သာ ထွက်လာရမယ်။ ဒီကိုရောက်လာတော့ အဲ့ဒီဆရာဝန်လောင်း ဆိုင်ကယ်နောက်မှာပဲ"

"မြွေဟောက်မ"

နံရံတိုင်းတွင် နားရှိသည်ဆိုသောစကားအတိုင်း ပဲ့တင်သံကို အဖြူလွှာ ပြန်ကြားရသည်။ ရင်ထဲမကောင်းသော်လည်း အားတင်းထားသည်။ ကြာကြာမတင်းခံရတော့ပေ။ မကြာခင် ကိုဗညားရောက်လာလိမ့်မည်။ ထိုအခါ ကိုဗညားနှင့် ကြောင်းလမ်းပြီး သျှောင်ဆံထုံးပါ။ မန္တလေးကို လိုက်သွားရုံသာရှိတော့သည်။

"အဖြူလွှာဆိုတာ မင်းလားကွဲ့"

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးတစ်ယောက်အသံဖြစ်သည်။ အဖြူလွှာ လှည့်ကြည့်လိုက်သည်။

"ဟင်"

အဖြူလွှာ လန့်သွား၏။ ထိုအမျိုးသမီးသည် ပုချေးနှင့်အတော်ဆင်တူသည်။ အဖြူလွှာထင်တာ မလွဲဘူးဆိုလျှင် ပုချေးအမေပဲဖြစ်မည်။

"ဟုတ်ကဲ့ ကျွန်မ အဖြူလွှာပါ"

အဖြူလွှာ၏ဖြေသံသည် မဆုံးလိုက်ပါချေ။ ထိုအမျိုးသမီးမျက်လုံးမှ အရည်ကြည်တို့ လျှံကျလာသည်။

"သြော် ... မင်းက ဒီလိုမျက်နှာလေးပဲ။ ဒါကြောင့်လည်း သားငယ်က စွဲလန်းတာပေါ့။ မင်းအကြောင်း သားငယ်က အိမ်မှာ အမြဲပြောတယ်။ အိမ်ကိုခေါ်လာခဲ့မယ်ဆိုလို့ မျှော်လိုက်ရတာ။ ဒီလိုပုံနဲ့ မင်းနဲ့ဆုံရတော့တယ်"

အဖြူလွှာ့ရင်ထဲ မကောင်းချေ။ နဂိုတည်းကမှ ပုချေးသေဆုံးခြင်းအပေါ် လိပ်ပြာမသန့်ဖြစ်ခဲ့ရသည်။

"ငါ့အမှားပါကွယ် ... ငါ့အပြစ်တွေ။ ငါ့သားငယ်လေးကိုသားကားနောက်မလိုက်နိုင်ခဲ့ဘူးဆို ဒီလိုဖြစ်ရမှာမဟုတ်ဘူး။ အဲ့ဒီနေ့ကသားမသွားဖို့တားခဲ့ရင် ခုလိုဖြစ်မှာမဟုတ်ဘူး။ ခုတော့..."

ရင်ထုပြီးငိုရှာသည်။ ထိုအမျိုးသမီးကို အဖြူလွှာ ဘယ်လိုချော့မှန်း မသိနိုင်တော့ပေ။ အဖြူလွှာ မတွေ့ချင်ပေ။ ပုချေးနှင့်ပတ်သက်သူများကို အဖြူလွှာမတွေ့ချင်ပေ။ ပုချေးနှင့်ပတ်သက်သူများပါမ



မည်သူ့ကိုမျှ မတွေ့ချင်ပါ။ ထို့ကြောင့် အပြင်လည်းမထွက်ဘဲ အိမ်တွင်းအောင်းဖြစ်နေသည်။ သို့သော် လူက အိမ်တိုင်ရာရောက် အဖြူလွှာကို စိတ်ဒုက္ခပေးကြပြန်သည်။ အဖြူလွှာစိတ်ညစ်သည်။ လောကကြီးတွင် နေချင်စိတ်ပင် မရှိတော့ပါ။ ကိုဇညားကြောင့်သာမဟုတ်ရင် အဖြူလွှာသည် ရောက်ရာပေါက်ရာ ထွက်သွားပြီဖြစ်သည်။ ခုတော့ ကိုဇညားကို မျှော်နေခဲ့ရသည်။ သို့သော် ခဏဆိုပြီး မန္တလေးပြန်သွားသော ကိုဇညားသည် ဆယ်ရက်ကျော်သွားပြီဖြစ်သော်လည်း သတင်းတိတ်နေသည်။ အဖြူလွှာ့ရင်ထဲ ပူလှပြီဖြစ်သည်။

"သြော် ... မသန်းကြည် ရောက်နေပါလား"

အဖြူလွှာ သက်ပြင်းချမိ၏။ ဒေါ်လေးနှောင်းရောက်လာသောကြောင့် အသက်ရှူချောင်သွားသည်။ ဖြစ်နိုင်လျှင် ထိုအမျိုးသမီးကြီးရှေ့ အဖြူလွှာ မနေချင်တော့ပါ။

"သမီးလေးကို လာကြည့်တာပါ။ ညက သားငယ်ကို အိပ်မက်မယ်တယ်။ သမီးကိုစောင့်ရှောက်ပေးပါလို့ ပြောနေရှာတယ်။ သူက သမီးကိုသိပ်ချစ်တာကွဲ့"

အဖြူလွှာ့ခေါင်းတွေကြီးသွားသည်ဟု ခံစားရသည်။ စောင့်ရှောက်ပေးပါတဲ့လား ပုချေးရယ်။ နင် ငါ့ကို ခုချိန်ထိ ဒုက္ခပေးလို့ မဝသေးဘူးလား။ ဒီလောက်ဆို တော်လောက်ပါပြီ။ ဘာတွေလျှောက်ပြောနေသေးတာလဲ။

"သမီးကို သူ သံယောဇဉ်မပြတ်ရှာဘူး။ အိပ်မက်မက်တိုင်းလည်း သမီးကိုစောင့်ရှောက်ဖို့ချည်း အခေါ်ကိုမာနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် အငေါ်။ ကျွန်မက ကိစ္စမရှိပါဘူး။ အိပ်မက်ဆိုတာ ဒီလိုပါပဲ။ စွဲမိစွဲရာ ဖြစ်နေတတ်ပါတယ်"

"စွဲတာမဟုတ်ဘူး သမီး။ သားက တကယ် သမီးကိုစိတ်မချနိုင်တာ။ အဒေါ်မသိခဲ့ဘူးကွယ်။ သူ သမီးကိုသိပ်ချစ်ရှာတာပါ။ သူက အသက်ရှင်စဉ်ကသာ ဒါကို အဒေါ်သိခဲ့ရင် သူ့လိုက်တောင်းပေးလို့ ပြောတဲ့အခါ အဒေါ်မငြင်းခဲ့ပါဘူးကွယ်"

ဘုရား ... ဘုရား ... ပုဒ္ဓေါ့ ဘာတွေဖြစ်နေတာလဲ။ ဘာကြောင့် လိုက်တောင်းပေးလို့ တောင်းဆိုရတာလဲ။ တောင်းရမ်းရလောက်တဲ့ထိ ပုဒ္ဓေါ့နဲ့အဖြူလွှာတို့က မပတ်သက်ခဲ့ဖူးချေ။

"သူပြောတဲ့အချိန်သာ အန်တီ လိုက်တောင်းပေးခဲ့မယ်ဆိုရင် ဆိုင်ကယ်နဲ့ ခရီးထွက်ရာလည်း အကြောင်းမရှိတော့ဘူး။ ခုတော့ ငါ့သားငယ်လေး"

ပြောရင်းငိုပြန်သည်။ ထိုအမျိုးသမီးကြီးရဲ့အသံကြောင့် ပတ်ဝန်းကျင်မှ လူများသည် အဖြူလွှာတို့အိမ်ကို တရိပ်တစောင်း အကဲခတ်ကုန်သည်။

"လမ်းမှာ ဆိုင်ကယ်ပျက်တာက သမီးကံကောင်းသွားတာပဲ။ ဩော် ... ဘယ်တတ်နိုင်မလဲ။ သူ့ နေဖို့ကံက ဒီလောက်ပဲပါခဲ့တာကိုး"

သူ့ဘာသာသူ ငိုယိုပြီး၊ သူ့ဘာသာသူ အားတွေပေး၊ တရားနှင့်ဖြေနေသော အမျိုးသမီးကြီးရှေ့မှ ထွက်ခွာကိုပြင်သည်။ သို့သော် ဒေါ်လေးနှောင်း၏ မျက်နှာကဲကိုခတ်ရပြန်သည်။ မသွားနဲ့ ... နားထောင်ပေးလိုက်ပါဟု ပြောနေသည်ထင်သည်။ ထို့ကြောင့် စိတ်ပျက်ပျက်ပင်





ငုတ်တုတ်ထိုင်နေမိသည်။

ကိုဗညားရယ် ရှင် မလာနိုင်သေးဘူးလား။ လာခဲ့ပါတော့။ ရှင် အဖြူလွှာကို လာခေါ်သွားပါတော့။ အဖြူလွှာ စိတ်ညစ်လှပါပြီ။ ဒီဝန်းကျင် မနေနိုင်တော့ဘူး ကိုဗညားရယ်။ ရှင် ဘယ်သွားနေတာလဲ။ ဘယ်ကိုရောက်နေတာလဲ။ ကျွန်မ ရှင့်ကိုယုံပါတယ်။ ရှင်ပြန်လာမယ်ဆိုတာ ကျွန်မသိတယ်။ ဒါကြောင့် အချိန်ဆွဲမနေပါနဲ့တော့ ကိုဗညားရယ်။ အမြန်ဆုံးလာခဲ့ပါတော့။ ကျွန်မကို လာခေါ်သွားပါတော့။

စိတ်ရှုပ်စရာရှိတိုင်း ကိုဗညားကိုတမ်းတတတ်သည်မှာ အဖြူလွှာ၏ ဉာဉ်တစ်ခုပင်ဖြစ်၍နေသည်။ နေ့စဉ်နှင့်အမျှ မျှော်နေခဲ့သော်လည်း ကိုဗညား၏သတင်းသည် တိတ်ဆိတ်၍နေသည်။ တစ်ရက်ပြန်လာနီး၊ ပြန်လာနီးနှင့် နှစ်လကျော်ကြာသွားပြီဖြစ်သည်။ ကိုဗညားရောက်မလာခဲ့ပေ။ မိုးလည်းကျသွားပြီဖြစ်သည်။ ဝါလည်းဝင်ခဲ့ပါ၏။ ကောက်စိုက်လည်းစနေပြီဖြစ်သည်။ သို့သော် ခဏဆိုပြီးပြန်သွားသော ကိုဗညားက ရောက်မလာပေ။ သူ့ငွေသား၊ ဆရာဝန်လောင်းနဲ့ လက်ထပ်တော့မည်ဆိုသောသတင်းသည် ပတ်ဝန်းကျင်ကြား အတင်းပြောစရာဖြစ်၍နေသည်။

"ဘယ်သူကယူမှာလဲ။ ပုံပြောသွားတာနေမှာပေါ့"

"နို့ဆီနှစ်လုံးဆံ့တဲ့အိုးထဲ ဆန်တစ်ပြည်ထည့်ချင်တာကိုး။ ဆွေးမှာပေါ့ မသနားပါ"

"မြို့သားကိုများ ဘာမှတ်သလဲမသိဘူး"

"ဘယ်သူကယူမှာလဲ။ ကျောရရုံကြံသွားတာပေါ့။ ရိုးရော ရိုးကြရဲ့လားမသိဘူး။ အဖြူလွှာ တော်တော်ပိန်သွားပြီပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"မှော်ထဲက နှစ်ယောက်တည်း ဆိုင်ကယ်စီးပြီးပြန်လာကြတယ် ဆိုလားပဲ။ စားပြီး ဝါးပြီးခဲ့ပြီနေမှာပေါ့"

အစရှိသဖြင့် အသံများထွက်လာသည်။ ထိုအခါ ဒေါ်လေးနှောင်းသည် အဖြူလွှာကို မကြည့်ချင်တော့ပေ။

"ဘယ်လိုဖြစ်တာလဲ အဖြူလွှာ။ နင့်အကောင်က ဘာအချိုးချိုးတာလဲ။ ငါတို့ကို အရှက်ခွဲမယ်တော့မကြံနဲ့နော်"

အဖြူလွှာလည်း စိတ်ညစ်ပါသည်။ ပတ်ဝန်းကျင်တွင် နေကို မနေရဲတော့ပေ။

"အွတ် ... အွတ်"

ပို့ဆိုးတာက ခုတစ်လော ရင်ထဲမှပျို့တက်နေခြင်းဖြစ်သည်။ အအိပ်အစားမမှန်၍လားဟု သံသယရှိသည်။ သို့သော် ထမင်းလည်း စား၍မရပေ။ စားချင်စိတ်လည်း မရှိပေ။

"အွတ် ... အွတ်"

"ဘာဖြစ်တာလဲ"

လူကြီးတွေရှေ့ ဟန်ဆောင်နေသည့်ကြားမှ ထိန်းမရနိုင်ခြင်းဖြစ်သည်။

"အွတ်"

ဒေါ်လေးနှောင်းနှင့်အဖွားသည် အဖြူလွှာ့ကို သံသယနှင့် ကြည့်ကြသည်။

"အွတ်"

"အဖြူလွှာ မင်း"



အဖြူလွှာဝမ်းနည်းသည်။ အာခေါင်ခြစ်ပြီးသော အော်ပစ်လိုက်ချင်သည်။ နဂိုတည်းကမှ ကိုယ့်ကိုယ်ကို သံသယဝင်နေသည့်ကြားက ဘယ်လိုမျက်လုံးတွေနဲ့ အကြည့်ခံနေရတာလဲ။

"မင်း ... မင်းအကောင်နဲ့ ဘာတွေဖြစ်ခဲ့တာလဲ"

အဖြူလွှာ့ရင်ထဲ ဆို့တက်လာသည်။ ဘာပြန်ဖြေလို့ ဖြေရမှန်းသည်း မသိပေ။

"ငါမေးတာဖြေစမ်းပါ။ မင်း ဗိုက်ကြီးနေတာမဟုတ်လား"

ဒေါ်လေးနှောင်း၏အသံသည် တိုးတိုးလေးဆိုသော်ငြား အဖြူလွှာ့နားထဲ ကျယ်လောင်သွားသည်။ ဟုတ်များဟုတ်နေမလားဟု သံသယဝင်ခဲ့တာ ကြာပါပြီ။ သို့သော် မဟုတ်ပါစေနဲ့ဟု အကြိမ်ကြိမ်ဆုတောင်းခဲ့သည်။

"ပြောစမ်းပါ။ အဲ့ဒီအကောင်နဲ့ ဘာဖြစ်ခဲ့တာလဲ"

အဖြူလွှာကို ဒေါ်လေးနှောင်း တွန်းလှဲလိုက်သည်။ အဖြူလွှာသည် ကြမ်းပြင်ပေါ် ခွေခွေလေး လဲကျသွားသည်။

"ငါသိလိုက်သင့်တယ်။ ဆိုင်းမဆင့်ဗုံမဆင့် လက်ထပ်ပါမယ် ပြောကတည်းက ငါ သဘောပေါက်လိုက်သင့်တယ်။ ကဲ ... ပြောအခု ဘယ်လိုလုပ်မှာလဲ"

အဖြူလွှာ့မှာ ပြောစရာစကားမရှိပေ။ ဘာပြောရမှာလဲ။ ဘာကို ဘယ်လိုရှင်းပြရမှာလဲ။

"ဟိုအကောင် ခုထိပေါ်မလာဘူး။ ငါတို့ကို အ,တာပါ။ မင်းကို ဒီအကောင်က ကျောရှုံ့ကြံသွားပြီ။ ပြန်ရောက်မလာတော့ဘူး။ ဘယ်လို

www.burmeseclassic.com



လုပ်မှာလဲ။ ကဲ ... ပြော"

အဖြူလွှာ ဝမ်းနည်းလာသည်။ သေချင်တာမှလွဲ၍ ဘာ
မသိတော့ပေ။ ကိုဗညားရယ် ကျွန်မ သေသွားချင်ပါပြီ။ ကျွန်
သေလိုက်ချင်ပါပြီ။

"ငိုမနေနဲ့။ ကဲ ... ခု ဘယ်လိုလုပ်မလဲ။ ဘယ်နှလရှိပြီလား
ငါတော့ ရူးချင်တာပဲ။ မင်းဦးဦးသာ သိသာသိရင် မင်းကို အမှန့်ချေ
မယ် အဖြူလွှာရဲ့ နားလည်လား။ မင်းဟာကြီး မဖုံးနိုင်မဖိနိုင်ဖြစ်လာရင်
ဒီပတ်ဝန်းကျင်မှာ ငါတို့ ဘယ်လိုနေမလဲ။ အဲ့ဒီလောက်ထိမှ ရှုပိုးထိုး
နေသလား ဟမ်။ အဲ့ဒီလောက်ထိ ယောက်ျားရချင်နေလည်း ခိုးရာ
လိုက်သွားပါလား။ ဝိုက်အကြီးခံနေသလား အဖြူလွှာရဲ့။ ငါရက်တယ်
ဒီပတ်ဝန်းကျင်မှာ ဗီမျက်နှာနဲ့ ငါတို့ ဘယ်လိုနေရမှာလဲ ဟမ်။ အခု
ဘယ်လိုလုပ်ကြမလဲ။ မင်းအကောင်က ဘယ်ရောက်နေသလဲ"

"ကျွန်တော်ပါ ဒေါ်လေး။ ကိုဗညားမဟုတ်ပါဘူး"

"ဟင် ... နာရဏီ"

အဖြူလွှာသည် ကိုယ့်မျက်လုံးကိုယ်ပင် မယုံနိုင်တော့ပေ။
နာရဏီက ဘယ်တုန်းက ဘယ်လိုလုပ်ရောက်လာတာလဲ။

"ကျွန်တော် အဖြူလွှာ့ကို လက်ထပ်ပါ့မယ်"

ဘုရား ... ဘုရား ... နာရဏီ ဘာတွေပြောနေတာလဲ။
မယုံနိုင်ပါ။ နာရဏီ ထိုစကားပြောတယ်ဆိုတာလည်း မယုံချင်တော့ပါ။

"ကျွန်တော် မှားခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော့်အမှားကို
တာဝန်ယူခွင့်ပြုပါ"





"မင်းက ဘယ်သူလဲ"

"နာရဏီပါ။ ဒေါ်အေးကြည့်ရဲ့သားပါ"

"ဟွန်း ... မအေးကြည်က ဒီနေ့ရက်လည်တာ မဟုတ်လား"

"ဟင်"

အဖြူလွှာ အံ့သြသွားသည်။ ဒေါ်အေးကြည်ဆိုသည်မှာ နာရဏီ
၏ မိခင်ဖြစ်သည်။ ရက်လည်တယ်ဟူသော ဒေါ်လေး၏အပြောကို
နားမှဆတ်ဆတ်ကြားလိုက်ရသည်။

"ဝါတွင်းမို့ မင်္ဂလာမလုပ်နိုင်ပေမယ့် ရုံးတက် လက်မှတ်ထိုးပါ့
မယ်။ ပြီးမှ မင်္ဂလာဆောင်နိုင်အောင် ကြိုးစားပါ့မယ်"

"ကြိုးစားပါ့မယ် ဟုတ်လား။ မင်း ငါ့တူမကို လမ်းဘေး
ကလေကချေလို့များ တွေးနေသလား"

"မတွေးပါဘူး ဒေါ်လေး။ ကျွန်တော် အဖြူလွှာကို တန်ဖိုးထား
ပါတယ်။ ကျွန်တော့်မှာ တင်တောင်းစရာ ဘာငွေကြေးမှမရှိပါဘူး။
ဒါပေမဲ့ သူ့ကိုချစ်တဲ့စိတ်နဲ့ တာဝန်ယူပါ့မယ်ဆိုတဲ့ကတိလေးပဲ တင်တောင်း
နိုင်ပါတယ်။ အဲ့ဒါကြောင့် ကျွန်တော် အရမ်း စိတ်မကောင်းပါဘူး။
ဒါပေမဲ့ မင်္ဂလာဆောင်နိုင်အောင် ကြိုးစားပါ့မယ်"

"ကြိုးစားပါ့မယ် ဟုတ်လား။ ကိုယ်ဝန် ဒနှစ်ချေလချေဖြစ်တဲ့
အချိန်လား။ ဒါမှမဟုတ် သားရှင်ပြုပွဲမှလား"

"ကျွန်တော်က ဆင်းရဲပါတယ်။ အဲ့ဒါက ဒေါ်လေးအမြင်မှာ
အဲ့ဒီလောက်ထိ အထင်သေးစရာကောင်းနေပြီလား"

"မင်းအကြည့်ကို ချက်ချင်းပြင်လိုက်စမ်း။ ခုကိစ္စ မင်းမှားတာ



www.burmeseclassic.com

www.burmeseclassic.com



လား၊ ငါမှားတာလား။ ခိုးစားတဲ့အခါ ခိုးစားပြီး ခုမှ"

"ဒါကြောင့် ကျွန်တော် တာဝန်ယူပါ့မယ်လို့ ပြောနေတာ

"သားရေပေါ်အိတ် သားရေနားစားတွေ။ မင်းလည်း အ

မကျဘူး။ ခွေးမ ခွေးဇာတ်ခင်းတယ်။ စိတ်ရှိလက်ရှိသာ ထုထောင်း

လိုက်ချင်တယ်။ ရုပ်ကိုမှ ကျက်သရေမရှိဘူး။ သွား ... သွား ထွက်သွ

စမ်း။ မင်းကို ကျွေးခဲ့မွေးခဲ့ရတာက ဒီလိုကောင်မျိုးရဲ့အပြောကိုခံရဖို့လ

တော်လှ တော်လှနဲ့ ဂုဏ်အိတ်စုတ်ကိုမှ ရွှေကော်ဖော်ထင်တဲ့ကောင်

အဖြူလွှာ့ရင်ထဲနာသည်။ နားမှမကြားဘဲ နှလုံးသားမှကြား

သည်။ မျက်ရည်များသည် အလုံးလိုက်စီးကျလာသည်။ သို့သော် ရှိုက်

တော့ မထွက်ပေ။

"ငါတို့ကျွေးတဲ့ထမင်းကို မပူမပင်ရစားပြီး ကမြင်းကြောထ

တာက ဒီလိုကောင်မျိုးနဲ့လား။ ရှံ့စရာကောင်းလိုက်တာ"

"နှောင်းလယ် တော်တော့"

အဖွားက ဝင်ဟန့်သည်။ ထို့ကြောင့် ဘယ်တုန်းကမှ မတည့်

သော အဖွားကို အဖြူလွှာ ရင်ထဲ တိတ်တခိုးအားကိုးမိသွားသည်။

"သွားတော့ အဖြူလွှာ။ မင်းထွက်သွားတော့"

အဖွား၏ တည်ငြိမ်သောအသံဖြစ်သည်။ အဖြူလွှာသ

အဖွားကို မမြင်ဖူးသူတစ်ယောက်လို ငေးကြည့်မိသည်။

"မင်းကို ဒီလောက်ပြုစုပျိုးထောင်ခဲ့တာပဲ။ ငါတို့ တာဝန်

နေပြီ။ ခု မင်းလည်း အရွယ်ရောက်နေပြီပဲ။ မင်းကိုယ်မင်း အ

ရောက်နေပြီထင်လို့ ဒီလိုကိစ္စဖြစ်လာတာလေ။ မင်းကိစ္စ မင်းတာဝန်



ပေါ့။ မင်းလည်း ဘာထူးသလဲ။ မင်းအမေ နွေမြိုင်ရဲ့ခြေရာနင်းတာပဲ။ ဒါပေမဲ့ ငါတို့က နောက်ထပ် အဖြူလွှာတစ်ယောက်ကို ထပ်မပြုစုနိုင်တော့ဘူး။ ငါတို့ကို ဆက်ပြီးဒုက္ခမပေးနဲ့တော့။ ဒီလောက်ဆို တော်လောက်ရောပေါ့။ မင်းကို ငါတို့ ကျောင်းလည်း ပြည့်စုံအောင်ထားခဲ့တယ်။ ဒီကောင်လေးက ငါတို့ထက်သာတယ်ထင်လို့ မင်းဆုံးဖြတ်တာပဲ။ ငါတို့က မင်းထက်ပြတ်သားရမှာပေါ့"

"ဟုတ်တယ် မင်းအဖွားပြောသလိုပဲ ဒီကောင်နဲ့ယူမယ်ဆိုသွားတော့။ မယူလို့လည်း ရမှမရတော့တာ။ သွားဖို့ပဲရှိတယ်။ မင်းကြောင့် ဂုဏ်ကျက်သရေမဖြစ်ထွန်းခဲ့ဘူး။ ဒါပေမဲ့ ရှိစုမဲ့စုသိက္ခာကိုတော့ မင်းကုတ်သယ်မသွားနဲ့။ ကွမ်းဖိုးလေးများစားလို့ရမလားဆိုပြီး မျှော်လင့်လိုက်ရတာ။ မင်းက မစင်ရေပဲ။ မြောင်းပုတ်ထဲစီးတာ မဆန်းပါဘူး"

အဖြူလွှာရင်ထဲ ဝမ်းနည်းသည်၊ နာကျည်းသည်။ တစ်သက်လုံးက မိဘလိုတွယ်တာလာရတဲ့ ဆွေမျိုးရင်းချာကြီးတွေဆီမှ အားပေးစကားမကြားရဘဲ ဥပက္ခာပြုသံကိုသာ ကြားနေရသည်။ ဘာတွေဖြစ်ကုန်ပြီလဲ။ မြို့သား ဆရာဝန်လောင်းနဲ့ လက်ထပ်တော့မှာဆိုပြီး ဂုဏ်ယူကာ ကြွားလုံးထုတ်ခဲ့သည့်ရက်က သိပ်မကြာသေးပါချေ။ ခု နာရဏီလို မုဆိုးမသားနဲ့ဆိုတော့ ဘာတွေဖြစ်ကုန်တာလဲ။

"လာ ... အဖြူလွှာ သွားရအောင်"

နာရဏီသည် အဖြူလွှာ၏လက်ကို ဆွဲကိုင်သည်၊ သို့သော် အဖြူလွှာ ရုန်းသည်။ မလိုက်ချင်ပါ။ ခုနေချိန် နာရဏီနောက် အဖြူလွှာလိုက်သွားပါက ဒေါ်လေးနှောင်းတို့နှင့် သေခန်းပြန်ကုန်ကြတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးနှောင်းတို့ဒေါသသည် အဖြူလွှာအပေါ် တစ်သက်ပြေတော့မည် မဟုတ်ပေ။

"ဘာလုပ်နေတာလဲ။ ကိုယ့်ကိုမလိုလားတဲ့ ပတ်ဝန်းကျင်မှာ ဘာကိစ္စ ခေါင်းငုံ့နေဦးမှာလဲ"

"သွား ... ထွက်သွားစမ်း။ ဒီလို ငမိုက်ရိုင်းရဲ့သန္ဓေမျိုးကို ငါတို့အမျိုးထဲ အဝင်မခံနိုင်ဘူး ... သွား ... ယူသွား မင်းအဝတ်တွေ"

"မလိုပါဘူး။ ဘာမှယူခဲ့စရာမလိုဘူး။ လာပါ ငါ တောင်းပန်ပါတယ် အဖြူလွှာ။ ငါနောက်လိုက်ခဲ့ပါ"

ဆူညံဆူညံဖြစ်နေကြသောကြောင့် ဘေးအိမ်များကပါ တစ်ရိပ်တစ်စောင်း အကဲခတ်လာကြသည်။ အဖွားနှင့် ဒေါ်လေးနှောင်း၏ မျက်နှာသည် တင်းမာနေသည်။ အကယ်၍ အဖြူလွှာသာ နာရဏီ နောက် မလိုက်သွားပါက နာရဏီပြန်သွားလျှင် အဖြူလွှာကို သတ်ကြလိမ့်မည်။ အဒေါ်တွေပဲ သေအောင်မသတ်နိုင်ပါဘူးဟု အားမွေးကာ ခေါင်းငုံ့ခံရမှာကိုလည်း အဖြူလွှာကြောက်ပြန်သည်။ ဒီတစ်ကြိမ်သာ နာရဏီကို ငြင်းလိုက်ပါက နာရဏီလည်း မာနနှင့်လူမို့ ထပ်လာတော့မည် မဟုတ်တော့ပေ။ အဖြူလွှာ ဘာလုပ်ရမလဲ။ ဦးသုံးကြိမ်တိုက် ရှိခိုးပြီး နာရဏီ နောက် လိုက်သွားရမှာလား။

အဖြူလွှာ့ထံတွင် ရွေးချယ်စရာလမ်းက များများမရှိချေ။ တစ်လမ်းသာရှိသည်။ ဒါတော့ နာရဏီဖြစ်၏။ အကယ်၍ နာရဏီ နောက် မလိုက်ဘူးဆိုရင် ပတ်ဝန်းကျင်မှာ ဘယ်လိုဖြစ်ကျန်ခဲ့မလဲ။ ကိုဇညားက ရောက်လာမယ်။ ရောက်မလာဘူးဆိုတာ အတတ်မသိနိုင်





ူးလေ။ ဒီကြားထဲ ဒီကိုယ်ဝန်ဟာ သူပါလို့ နာရဏီက ခေါင်းခံလိုက် သည်။ အမှန်တရားကို အဖြူလွှာရင်ထဲက သိနေသော်လည်း ပတ်ဝန်းကျင် င့် ဒေါ်လေးတို့သည် ကလေးအဖေကို နာရဏီဟု ယုံကြည်ပြီးဖြစ်သည်။ ကို အဖြူလွှာက မဟုတ်ဘူး တခြားလူပါလို့ ဘယ်လိုအင်အားနဲ့ ပြောမှာလဲ။ ပုချေးဟုပြောလျှင်လည်း မည်သူမှယုံကြည်မည်မဟုတ်။ ယုံကြည်တယ်ထားဦး အဖြူလွှာ့ကို ဘယ်လိုမြင်သွားကြမှာလဲ။

ပုချေးက အဖြူလွှာကိုကြိုက်နေကြောင်း ပတ်ဝန်းကျင်က သိသည်။ သို့သော် ကိုဇညားနဲ့လက်ထပ်တော့မယ် ဆိုတဲ့သတင်းက တစ်မြို့လုံးတွင် ပျံ့နေသည်။ ယခုကျတော့ ကိုယ်ဝန်ရှိသည်။ နာရဏီက သူသာ တရားခံပါဟု ပြောနေသည်။ ဒီယောက်ျားသုံးယောက်နဲ့ပတ်သက် ကို ဘယ်လိုရှင်းပြရမှာလဲ။ ရှင်းလည်း မရှင်ပြတတ်တော့သလို ရှင်းလည်း ှင်းမပြနိုင်တော့ချေ။ ရှင်းလေး ရှုပ်လေဖြစ်မည့်ပြဿနာမျိုးဖြစ်၏။

"လာပါ ... အဖြူလွှာရယ်။ ငါ တောင်းပန်ပါတယ်။ ငါ့နောက် ိုက်ခဲ့ပါနော်"

နာရဏီသည် အဖြူလွှာ့ကို တောင်းပန်ရိုကျိုးစွာကြည့်နေလေ သည်။ အဖြူလွှာ့နှလုံးသားထဲနာသွားသည်။ ထိုတဒင်္ဂ၌ နာရဏီကိုလည်း ကြည့်စွာ အားကိုးမိသွားသည်။ ထို့ကြောင့်ပင် မြေပြင်ပေါ်ထိုင်ချပြီး အဖွားနှင့်ဒေါ်လေးကို ရှိခိုးလိုက်သည်။ ဘာဆုပေးသံမှ မကြားလိုက်ရ သည့်အပြင် အဖြူလွှာ၏ကန်တော့ခြင်း မပြီးဆုံးသေးခင်ကပင် အဖွားနှင့် ေါ်လေးသည် အိမ်ပေါ်သို့တက်သွားသည်။

နာရဏီသည် အဖြူလွှာ့လက်ကိုဆွဲသည်။ ပြီးနောက် ကြင်နာ



www.burmeseclassic.com

www.burmeseclassic.com



ယုယစွာ ပွေ့ဖက်လိုက်သည်။ ဘေးမှာနာရဏီရှိနေတယ်ဆိုသော်လည်း အဖြူလွှာ ငိုချင်သည်။ သို့သော် စိတ်ကို ချုပ်တည်းနေရ၏။ အဖြူလွှာ ရင်ထဲ ရှိုက်သံတို့က ...။





"ငိုလိုက်ပါ အဖြူလွှာ။ စိတ်ကို တင်းမထားပါနဲ့။ ဒီနေရာမှာ ခင်းငိုလို့ ရပါတယ်"

နာရဏီ၏အိမ်သည် ခပ်စုတ်စုတ် ယိုင်နဲ့နဲ့ဖြစ်နေသော်လည်း သုံခြံမှုတော့ရှိသည်။

"နင့်အစ်ကိုရော"

"လယ်ထဲဝင်သွားပြီ။ ကောက်စိုက်တော့မယ်လေ"

"နင့်အမေဆုံးတာ ဘာလို့ ငါ့ကိုမပြောတာလဲ"

"ဟွန့်အွန်း ... ငါကိုယ်တိုင်တောင် ဘာလုပ်ရမှန်းမှမသိတာ"

ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေသည်ဟု ခံစားရသည်။ နာရဏီ၏ အသက်ရှူသံသည် ပြင်းနေသည်။ ဘာပြောရမလဲဆိုတဲ့ စကားလုံးကို ရွေးချယ်နေရပုံမျိုးဖြစ်၏။

"ငါ ဆင်းရဲတယ်။ ဒါကြောင့် ငါ ပိုပြီးစိတ်မကောင်းဘူး"

"ဆင်းရဲတာ အပြစ်မှမဟုတ်တာ"

"ငါ နောက်ကျသွားတယ် အဖြူလွှာ။ ငါ စိတ်မကောင်းဘူး"

"ဘာကို နောက်ကျတာလဲ"

"ငါသာ အစောတည်းက ရောက်ခဲ့ရင် ဒီလိုထိ ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



မကြီးသွားနိုင်ဘူး။ ပြီးတော့ ငါ တောင်းပန်ပါတယ်။ ငါ နည်းနည်းရိုင်းသွားတယ်”

“ကိုဗညားသတင်း ဘာကြားလဲ ဟင်”

နာရဏီမဖြေပေ။ ခေါင်းကိုသာ ငုံ့ထား၏။

“ဒါပေမဲ့ ငါ မမျှော်သင့်ပါဘူး။ ဒါပေမဲ့ ငါ မျှော်ချင်နေတယ်”

အဖြူလွှာသည် ပြောဆိုရင်းပင် မျက်ရည်တွေစီးကျလာသည်။

“ပုဆိုးနဲ့လား”

စကားလုံး၏အဓိပ္ပာယ်ကို အဖြူလွှာနားလည်သည်။ သို့သော် ပြန်ဖြေနိုင်စွမ်းမရှိချေ။

“ငါတို့လက်ထပ်ကြရအောင် အဖြူလွှာ”

“ဘာလို့လဲ။ ငါ့ကိုသနားလို့လား”

“ကိုဗညား သူ့ နိုင်ငံခြားလိုက်သွားပြီ”

ပြန်မလာနိုင်တော့ဘူးလားဟု ခန့်မှန်းခဲ့ပေမယ့် ဒီလောက်ကြီးဝေးဝေးထွက်သွားလိမ့်မည်ဟု မထင်ခဲ့ချေ။

“မင်း သူ့ကိုတော့ အထင်မလွဲပါနဲ့။ သူက လူကောင်းပါ။ မယ်လိနက အလုပ်ကိစ္စနဲ့ သုံးရက်ဆိုပြီး ညာလွှတ်လိုက်တာ။ ကိုဗညားပြန်လာလို့မရဘူး ဖြစ်သွားတယ်”

“ငါနဲ့ သဘောမတူလို့ပေါ့”

“ငါတို့လက်ထပ်ရအောင် အဖြူလွှာရယ်”

“ငါမေးတာ ဖြေပါ။ ရပါတယ် ငါ့ကို အားမနာပါနဲ့။ မတန်ရာ

မျှဝေသော



မှန်းတာကိုး။ ဘယ်သူ့ဓလေ့အား ပညာတတ်က နင့်လို ဈေးသည်မအညတရကို လက်ထပ်မှာလဲ။ ဒါတွေက ပုံပြင်ထဲမှာပဲရှိတယ်။ မျှော်လင့်နေတာ မင်းအရူးပဲဆိုပြီး ငါ့ကို အပြစ်တင်လိုက်ပါ နာရဏီရယ်”

“မဟုတ်ဘူး အဖြူလွှာ”

“မရှင်းပြပါနဲ့တော့ဟာ။ ငါ့ရင်ဘတ်က ဒီ့ထက် ခံနိုင်ရည်မရှိတော့လို့ပါ။ နင်လည်း ငါ့ကို မသနားပါနဲ့။ ငါ့ထိုက်နဲ့ ငါ့ကံပါ။ ငါက ရပါတယ်”

“မင်းကရပေမယ့် ငါက မရဘူး အဖြူလွှာ။ မင်းရဲ့ပြဿနာကို ဖြေရှင်းပေးချင်တာက ဦးစားပေးနံပါတ်တစ် ဆိုပေမယ့် ငါလည်း မင်းကို ချစ်တယ်”

ရေနစ်နေသောဘဝမှ ကောက်ရိုးတစ်မျှင် ဖမ်းဆွဲလိုက်ချင်မိသည်။ နာရဏီမျက်လုံးထဲ အဖြေရှာသည်။ နာရဏီက ဟန်ဆောင်ပြီး ပြောနေတာလား။

“ငါ့ကို အဲ့ဒီလို သံသယနဲ့မကြည့်ပါနဲ့ အဖြူလွှာ။ မင်းဟာ ငါ့ဘဝမှာ ဒီလိုပြောဖူးတဲ့ ပထမဆုံးမိန်းကလေးပါ။ ငါက မချမ်းသာပါဘူး။ ဆင်းရဲပါတယ်။ ဒါပေမဲ့ ငါ ယောက်ျားပါ။ မင်းကို တာဝန်ယူနိုင်ပါတယ်။ ငါ့ကို ခဏလေးဖြစ်ဖြစ် ယုံကြည်လို့မရဘူးလား”

“ယုံကြည်ရမယ် ဟုတ်လား နာရဏီ”

“ခဏလောက်တော့ ယုံကြည်ပေးပါ။ နေသာရင်းနဲ့မှ ယုံသင့်မယုံသင့်ကို မင်းပြန်ဆုံးဖြတ်ပေါ့။ မင်း ယုံကြည်သာမယ့်အချိန်ကိုပဲ ငါ စောင့်ပါ့မယ်။ အချိန်ကြာလို့မှ မယုံဘူးဆိုရင် မင်းပြောသမျှကို

မျှဝေသော

www.burmeseclassic.com

www.burmeseclassic.com



ငါခံပါ့မယ်။ ထားသွားရင်လည်း ကျေနပ်ပါ့မယ်။ ဒါပေမဲ့ ခဏလေးတော့ မင်းကို စောင့်ရှောက်ခွင့်ပြုပါ အဖြူလွှာရယ်။ ငါက သားကောင်းတစ်ယောက် မဟုတ်ခဲ့ပါဘူး။ ခုနေချိန် ငါလည်း သိပ်ကိုအထီးကျန်နေပါတယ်။ ငါ မင်းနားမှာ ခဏလေးနေပါရစေ ... နော်"

အဖြူလွှာ ငြိမ်ကျသွားသည်။ စီးကျနေသော မျက်ရည်များသည် လမ်းခုလပ်၌ ရပ်တန့်သွားသည်။ နာရဏီကို စိုက်ကြည့်ဖြစ်၏။ အဖြူလွှာ ရင်ထဲနာသည်။ တစ်ခုခုကို ပြောချင်နေသော်လည်း ပြောမထွက်နိုင်ပေ။ သို့သော် နာရဏီ၏လက်ကို ခပ်ဖွဖွ ဆုပ်ကိုင်မိသည်။ ပြီးနောက် နာရဏီ ရင်ခွင်ထဲသို့ ခေါင်းလေးတိုးဝှေ့မိသည်။

"ကျေးဇူးပါပဲ အဖြူလွှာရယ်။ မင်းကိုငါ ကျေးဇူးတင်ပါတယ်"

ဘာကြောင့်ပြောသလဲဆိုတာ မသိသော်လည်း ခုချိန်မှာ နာရဏီရဲ့ ရင်ခွင်ကသာ တစ်ခုတည်းသော နားခိုရာပါ။ နာရဏီရယ် နင်က လူကောင်းတစ်ယောက်ပါ။ နင်လိုလူက ငါနဲ့တန်လို့လားဟု ရင်ထဲ မေးခွန်းထုတ်လိုက်သော်လည်း နာရဏီ၏ရင်ခွင်သည် အဖြူလွှာအတွက် နွေးထွေးနေ၏။ အဖြူလွှာနှင့် နာရဏီတို့သည်။



ကျယ်ဝန်းသောကျင်းကြီးထဲတွင် မြေသားများကို နော်ဇယ်ပိုက်ခေါင်းဖြင့် ထိုးဖြိုနေသည်။ မြေနှင့်ရေသည် အချိုးကျရောနှောကာ အဝါရောင် ရွှံ့ရည်အဖြစ်ပြောင်းလဲသွားပြီး အိုင်ခွက်ထဲငြိမ်နေသည်။ ထိုမှတစ်ဆင့် အိုင်ခွက်ထဲမှရေကို စက်ဖြင့်ခုတ်ပြီး သံပိုက်မှတစ်ဆင့် ကျင်းပေါ်ရှိ မျောစင်ပေါ်သို့ပို့သည်။ ရွှေဖမ်းသောအိတ်ဖတ်များကိုကျော်ပြီး စီးသွားသောရေသည် မြောင်းသဖွယ် တသွင်သွင်စီးနေ၏။

ကျင်းဝန်းကျင်တွင် စက်သံကြောင့် စကားကို အော်ပြောနေရသည်။ သို့သော် အဲသံတွေက မဆဲမကွဲဖြစ်၏။ ညနေစောင်းသောအခါ တစ်နေကုန်မောင်းနှင်နေသောစက်သည် မီးကို ရေနှင့်ငြိမ်းလိုက်သည့်အမှာ ရပ်တန့်သွားသည်။ အန္တရာယ်များလွန်း၍ နေ့ဆိုင်းသာယူသည်။ ညဆိုင်းမထားပါ။ ထို့ကြောင့် မျောသားများက စက်ကိုသိမ်းတက်ကြသည်။ နာရဏီ အခြားနှစ်ယောက်သည် ရွှေဖမ်းထားသော မြက်ခင်းသဖွယ် အိတ်ဖတ်ကြမ်းကြီးကို မ,ပြီး အမှိုက်ကန်ထဲခါချကြသည်။

"မနက်ဖြန် အမှိုက်ကန်မျောမယ်"

နာရဏီ၏အသံသည် အေးစက်လှသည်။

"ဒီနေ့ ကျင်းမှာ မိုးဆွေကစောင့်အိပ်ပါ"

တာဝန်ချပြီး တဲသို့ပြန်လာခဲ့သည်။ တစ်နေကုန် ဇနီးသည်၏မျက်နှာ မမြင်ရသောကြောင့် လွမ်းလှပါပြီ။

www.burmeseclassic.com



"သားရေ …. ကြိုလိုက်ပါဦး။ ဟိုမှာ ဖေဖေပြန်လာပြီ"

အသံကြားသည်နှင့်တစ်ပြိုင်နက် ရွှံ့ပေနေသော အပေါ်ထပ် အင်္ကျီကို ချွတ်ပစ်ပြီး ပြေးလာသောကလေးငယ်ကို ပွေ့ချီသည်။ ကလေးငယ်သည် လမ်းလျှောက်တတ်ခါစမို့ ခြေလှမ်းသိပ်မခိုင်ချင်သေးပေ။

"ရေချိုးဖို့ပြင်လိုက်တော့မယ်"

"ခဏထိုင်ပါဦး"

ယာယီတဲလေးဖြစ်သောကြောင့် လုံလုံခြုံခြုံမရှိချေ။ သို့သော် အဖြူလွှာပါးပေါ်မှ သနပ်ခါးများကို အမောပြေ နမ်းရှိုက်လိုက်သည်။

"အို … ဘယ်လိုဖြစ်နေတာလဲ။ မျောသားတွေ မြင်ကုန်မှ ဖြင့်"

"မြင်မြင်ပေါ့။ ငါတို့လင်မယားမှန်း အားလုံးသိတယ်"

"ကဲ … ရေချိုးပါ။ မန္တယ်ဝင်းက နင့်အကြိုက် ကြက်ဆီပြန် ချက်ထားတယ်။ ငါကိုယ်တိုင်ချက်ပါ့မယ်ဆိုတာ မရဘူး။ အတင်း တွန်းလွှတ်နေလို့"

"မလုပ်ပါနဲ့ အဖြူလွှာ။ အေးအေးဆေးဆေးနေပါ။ ဟင်း ကောင်းကောင်းစားချင်ရင် ဆိုင်မှာဝယ်စားမှာပေါ့"

"ဒါပေမဲ့ ငါက နင့်မိန်းမလေ"

"အေးလေ … မိန်းမပဲ။ စားဖိုမှူး မဟုတ်ပါ"

"ဟုတ်ပါပြီ။ ကဲ … ပေါ်လိန်ကြီး ရေသွားချိုးတော့ နေစောင်း နေပြီ။ ရွှံ့ချည်းပဲ။ ဩော် … ဒီနေ့ ဘက်ဖိုးခုတ်ခက ရှင်းလိုက်တယ်။



တစ်နာရီကိုးသောင်းနဲ့ ဆယ်နာရီ ကိုးသိန်း"

"ဗက်ဖိုး ငှားခလည်း မလွယ်ပါဘူး။ ဒီတစ်ခါ အမိုက်ကန်မျောရင် ဘက်ဖိုးဝယ်မှန့်တူတယ်"

"ဆင်ကြံ မကြံစမ်းပါနဲ့ နာရဏီရယ်။ မျောလုပ်နေတာက ဘားလုံး အကြွေးတွေချည်းပဲ။ ရင်းနှီးပြီး ယုံကြည်လို့ စက်တွေနဲ့ ဆီတွေ အကြွေးချပေးတာ။ အများရဲ့ယုံကြည်မှုကို အလွဲသုံးစားလုပ်လို့ မရဘူး"

"ဘယ်လောက်ကြံသေးလို့လဲ အကြွေးက"

"သိပ်တော့မများတော့ပါဘူး။ ဆီပေပါဆပြီးလုံးစာပဲ ကျန်တော့ တယ်"

"ဒီတစ်ခါ ရွှေရရင် မင်း လည်ဆွဲကြိုးလေးတော့ ခုတ်ဝတ်ကွာ။ ပြီးတော့ မြို့လည်းပြန်ဦး"

"ဟင့်အင်း … ငါမပြန်ချင်ဘူး နာရဏီ"

မြို့ပြန်ပါဟု ပြောလိုက်တိုင်း အဖြူလွှာ ငြင်းနေကျစကားလုံး ဖြစ်သည်။ အဖြူလွှာ ဘာကြောင့်ငြင်းသလဲဆိုတာ နာရဏီသိသည်။

"ပြန်လိုက်ပါ။ နင် တစ်သက်လုံး ဒီလိုဝေ ဘထဲမှာနေသွားလို့မှ မရတာ။ ပြီးတော့ ကျောင်းလည်း ဆက်တက်ရမယ်"

"ဟင့်အင်း … ငါမတက်တော့ဘူး"

"ငါ့ကို အဲဒီအခွင့်အရေးတော့ပေးပါ အဖြူလွှာရယ်။ ငါက ပညာမတတ်ပေမဲ့ မင်းကိုတော့ ဘွဲ့ရသွားစေချင်တယ်။ ပြီးတော့ ငါတို့ အရင်ကလိုမှ မကျပ်တည်းတော့တာ သားရဲ့ကံလား ဘာလား မသိနိုင်ပေမဲ့ အခုငါတို့ အဆင်ပြေနေပြီလေ။ ဒီနှစ်နှစ်ကျော်အတွင်းမှာ ခုလို တောင်ကောင်း

www.burmeseclassic.com



တဲ့ ရွှေမျှောပိုင်ရှင်ဖြစ်လာပြီး ရွှေလည်းကျတယ်။ ဘာပူသေးလဲ"

"ငါ မပြန်ချင်ဘူး နာရီဏီ"

"ငါ စိတ်မကောင်းဘူး အဖြူလွှာ။ ကလေးကိုလည်း ဒီ
တောထဲမှာ အရပ်လက်သည်နဲ့ဖြစ်သလို အသက်စွန့်မွေးရတယ်။ ငါ့ရ
တွေ နာတယ်။ အဲဒီအချိန်တုန်းကသာ မင်းတစ်ခုခုဖြစ်ခဲ့မယ်ဆို နာရီဏ
ဆိုတဲ့ငါလည်း ဒီလောကကြီးမှာ ရှိတော့မှာ မဟုတ်ဘူး။ ဒါကြောင်
အခု ကိုယ်ဝန်ကို မြို့မှာသွားမွေးပါလို့ ငါတောင်းပန်ပါရစေ"

"ဟင့်အင်း ..."

"ဘာလို့လဲ အဖြူလွှာရယ်"

"တစ်လောကလုံးက ငါ့ကို စွန့်ပစ်ထားကြတဲ့အချိန် နင်တ
ယောက်တည်း ငါ့ဘေးမှာရှိခဲ့တာပါ။ နင်က ငါ့ဘဝပါ နာရီဏီရယ်
နင်ရှိရင် ငါ့ဘဝက ပြည့်စုံနေပါပြီ။ အဲဒီ မျက်လုံးတွေနဲ့ ထပ်မရင်ဆိ
ပါရစေနဲ့"

"ပုန်းနေလို့ ပြီးတဲ့အရာမှ မဟုတ်တာ။ အကယ်၍ နင်ဟို
ကို မပြန်ချင်ရင် ဒီကနေ ဥရုချောင်းအတိုင်း စုန်ပြီး မုံရွာကိုသွားလေ
အိမ်ကြီးဒ မဝယ်ပေးနိုင်သေးပေမဲ့ ငှားပြီးမှတော့ ပြည့်ပြည့်စုံစုံထား
မှာပါ"

"နင်မပါရင် ငါမသွားဘူး။ ငါ့ဘဝမှာ နင်ပဲရှိတာပါ"

"အဖြူလွှာရယ် အဲဒီလို ခေါင်းမမာပါနဲ့။ သွားပါ။ င
နိုင်မာတဲ့ ဘဝကို တည်ဆောက်ကြရအောင်နော်။ လှေတစ်စီးဆိုရင်တော
လှော်တက်ပါမှ လိုရာကို ဦးတည်နိုင်တာလေ။ ငါတို့ ဒီမှာချည်း နေသ



လို့မှ မရတာ။ ပြီးတော့ ငါဒီလို ပြောနေတာ မင်းကို ချစ်လို့ အဖြူလွှာ။
မင်းမရှိရင် ငါမနေနိုင်ဘူး။ ငါ့ဘဝက မင်းပဲ။ ငါက လှေဆို မင်းက
လှော်တက်ပါ။ မင်းမရှိရင် ငါဘယ်လိုလုပ်ခရီးဆက်နိုင်မှာလဲ"

အဖြူလွှာ့ရင်ထဲ ပီတိဖြစ်မိသည်။ ထိုတခဏ၌ပင် နာရဏီ၏
စကားလေးတွေနှင့် အသက်ရှင်သွားချင်စိတ် ဖြစ်ပေါ်လာသည်။

"မေမေ ..."

သားလေးသည် နာရီဏီနှင့် အဖြူလွှာကြား တိုးဝင်လာသည်။

"ဟင် ... ကြည့်စမ်းပါဦး။ မေမေတဲ့ ပီပီသသပဲ"

အဖြူလွှာသည် သားငယ်ကို ပွေ့ချီလိုက်သည်။

"ဗိုက်ထဲက ကလေးက သမီးလေးဖြစ်ရင်ကောင်းမယ်"

"ဘာလို့လဲ"

"ငါ့အတွက်က ဒီသားလေးရှိနေပြီလေ။ မင်းအတွက် အဖော်
လိုတာပေါ့"

"ငါ့ကိုနင် ဘယ်ကတည်းက ချစ်နေတာလဲ"

"ဘာလို့လဲ"

"နင် ချစ်တတ်လိမ့်မယ်လို့ ငါမထင်ခဲ့ဘူး"

"မင်းနဲ့မှာပါ ...။ မင်းတစ်ယောက်တည်းပါပဲ"

"ငါမေးတာ နင်မဖြေသေးဘူးနော်"

"ငါကိုယ်တိုင်ကမှ မသိတာ။ မင်းကို တွေ့ချင်လို့ မင်းရှိတဲ့
နေရာကိုလာတယ်။ ကိုဗညားက မင်းကိုကြိုက်တယ်ပြောရင် ဝမ်းနည်း
တယ်။ ပုချေးက မင်းနားမှာရှိနေတာကို ငါမကျေနပ်ဘူး။ ...အပြင်

www.burmeseclassic.com



မင်းကိုငါ ချစ်နေသလားဆိုတာ ဝေခွဲမတတ်ဘူး။ ဒါပေမဲ့ ခုတော့ ငါ မင်းမရှိရင် မနေနိုင်တော့ဘူး"

ကျေးဇူးတင်ပါတယ် နာရီဇာီရယ်။ ငါ့လို ဒဏ်ချက်များတဲ့ မိန်းကလေးကို မငြိုငြင်ရက်ဘဲ အချစ်ပိုပေးတဲ့အတွက် ငါနင့်ကို ကျေးဇူး တင်ပါတယ်။ လောကကြီးက ငါ့ကို ဘယ်တုန်းကမှ မျက်နှာသာ မပေးခဲ့ ဘူး။ ဒါပေမဲ့ အကောင်းဆုံးလက်ဆောင်တော့ ပေးခဲ့ပါတယ် နာရဇာီရယ်။ အဲဒါ နင်ပါ။ နင်က ငါ့အတွက် လောကကြီးက ပေးလိုက်တဲ့ တန်ဖိုး အရှိဆုံး လက်ဆောင်ပါ ...။

အဖြူလွှာ၏ ဦးခေါင်းလေးသည် နာရဇာီ၏ ရင်ခွင်ထဲ တိုးဝင် ပြီး ဝင်လုလုနေလုံးကြီးကို ငေးကြည့်နေဖြစ်သည်။ အတိတ်ဆိုးများသည် အိပ်မက်တစ်ခုပမာ ထင်ဟပ်ခဲ့ပါပြီ။ အကောင်းနှင့်အဆိုး ဒွန်တွဲနေတတ် တယ်ဆိုသော လောက၏ နိယာမတရားသာ မှန်ခဲ့မည်ဆိုပါက နာရီဇာီ နှင့်အဖြူလွှာတို့သည် အဆိုးကို ကျော်လွန်ပြီးပြီလား။

သို့သော် ကောင်းခြင်းကို လက်ခံဖို့တော့ နှလုံးသားတွေက အဆင်သင့်ဖြစ်နေကြပြီဖြစ်သည်။

ဝင်လုလုနေလုံးကြီး ပျောက်ကွယ်သွားပါက တောက်ပသော လမင်းကြီးထွန်းလင်းလာမည်လေ ...။ သေချာပါသည်။ နေဝင်ချိန်လု သောကြောင့် ညဦးယံသည် သာယာပေလိမ့်မည် ...။ လသာပါစေဟု ဆုတောင်းရင်း ...။

ရသတို့နှင့် ပြည့်စုံပါစေ
မယ်နိုင်